
www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ရင်မြွတ်နိုး

## ချစ်ခြင်းပွဲလိပ်ပြာတေး



ပန်းချီသိန်းဆွေကြည်
2014

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရှင် (မြ-၁၀၀၉၈) (ရွှေခြေသည့်ပုံနှိပ်တိုက်) အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ မတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

ရှင်မြတ်နိုး

ချစ်ခြင်းဆွဲ့လိပ်ပြာတေး/ရှင်မြတ်နိုး။ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ချစ်ခြင်းဆွဲ့လိပ်ပြာတေး


## အခန်း ( ၁ )

အိမ်မှာနေရတာ စိတ်ရှုပ်လွန်းလာ၍ ချစ်ဝန်းရံတစ်ယောက် အပြင်သို့ထွက်လာခဲ့သည်။ လောကကြီးက ဘာတွေလဲ။ ရှုပ်ထွေးနေတာပဲ။ ရံတို့အိမ်တစ်အိမ်တည်း ရှုပ်ထွေးနေတာလား။ အဖေ ကိုကိုကြီး ကိုကိုလေး အရက်သောက်ကြ မူးယစ်ဆေးသုံးစွဲကြ၊ ရန်ဖြစ်ကြနဲ့ အမေက အရုပ်ပဲ။ ရံပဲ ဘာမှမလုပ်တာ။ သူတို့ကိုကြည့်ပြီး ရံ အဲ့ဒီအလုပ်တွေကို မလုပ်ချင်။ စိတ်ရှုပ်တယ်။ ရံဒေါသတွေ ပေါက်ကွဲလာ၍ တွေ့ရာတွေကို တစ်လမ်းလုံးပိတ်ကန်ရင်း လျှောက်လာခဲ့သည်။

"ဂိန် ... ဂိန်"

"ဟာ ... ဒီခွေး ငါ့မျက်စိရှေ့လာနေတယ်၊ ကဲဟာ"

"ဂိန် ... ဂိန်"

"ဂိန်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သေစမ်း"

"ဂိန် … ဂိန်"

ခွေးပိန်လေးတစ်ကောင် ရဲ့ကိုလည်း ပြန်၍ရန်မမူနိုင်တာ သိ၍ ခွေးပိန်ကို လှိမ့်ပိန့်ကန်ပြစ်နေမိသည်။ ရဲဘဝကိုရဲ လုံးဝ မကျေနပ်ဘူး။

"ရဲသမီးရယ်၊ စိတ်တွေကိုထိန်းစမ်းပါ ဒေါသတွေ ဘာဖြစ်လို့ ကြီးနေရတာလဲ"

"ရဲ မိန်းကလေးမဟုတ်ဘူး၊ ဘာဖြစ်လို့ သမီးလို့ခေါ်ရတာလဲ၊ အဖေက သမီးဆိုမုန်းတယ်ဆို … မလိုချင်ဘူးဖြစ်နေလို့ အမေကိုယ်တိုင်ပဲ တော်ပြီဗျာ"

ရဲငယ်ငယ်က ပျော့နွဲ့နွဲ့ အရမ်းကြောက်နေတတ်တာ အဖေကမကြိုက်။

"မင်း ဘာကြောက်နေတာလဲ၊ မနွဲ့စမ်းနဲ့ မင်းကယောက်ျားလေးပဲရဲ့ သတ္တိရှိစမ်းပါကွ၊ ရော့ … အရက်သောက်"

"ကိုခင်ဇော် … ရှင်ဘာတွေလုပ်နေတာလဲ … ရဲ့ကိုတော့ အရက်မတိုက်ပါနဲ့၊ ရှင်ရူးနေလား … "

"မင်းဝင်မပါနဲ့သဗင် … ငါ့မှာ သားတွေပဲမွေးထားတာကွ၊ သမီးမမွေးဘူး"

အမေက ရဲ့ကိုအရက်မသောက်ဖို့တော့ ဂရုတစိုက်စောင့်





ကြည့်ထိန်းကျောင်းပေးခဲ့သည်။ ရဲလည်းမကြိုက်ပါဘူး။ အရက်သမားတွေကိုကြည့်ပြီး စိတ်ပျက်လို့ … အဖေကမိန်းမစိတ်ကို မကြိုက်။ ရဲငယ်စဉ်လေးထဲက ယောက်ျားလေးတစ်ယောက်လိုပဲ ကြီးပြင်းစေခဲ့သည်။

ရဲအခု အသက်ဆယ့်ရှစ်နှစ်ကျော်ပြီ တက္ကသိုလ်ဝင်တန်းလည်းအောင်တယ်။ အမှတ်က ဘယ်လောက်များလည်းဆို အမှတ်အားလုံး ဘာသာတိုင်း လေးဆယ်ကျော်ကျော်လေးပဲရခဲ့၏။ အမေကတော့ အောင်ရင်ပြီးရောတဲ့။ အစ်ကိုနှစ်ယောက်တောင် မအောင်သေးတာတဲ့။ ရဲကတော့ အောင်စာရင်းထွက်ပြီး အမှတ်စာရင်းသိရမှ ကိုယ့်ကိုကိုယ် မကျေမနပ်ဖြစ်နေရသည်။

"တောက် … လုံးဝအသုံးမကျတဲ့ရဲ အောင်ရုံလေးအောင်တယ်တဲ့လား … ယုန်ဖြူလေးက ငါးဘာသာဂုဏ်ထူးနဲ့အောင်တယ်"

ထိုကိစ္စအတွက်လည်း ရဲစဉ်းစားမိတိုင်း ဒေါသတွေဆူဝေပေါက်ကွဲချင်နေတတ်သည်။ ယုန်ဖြူကို သာချင်တာ … ယုန်ဖြူ အထင်ကြီးတာခံချင်တာ။ ယုန်ဖြူလေးကို သူ့လက်ထဲမှာချုပ်ကိုင်ထားနိုင်ရန် ကြိုးစားနေချင်၏။ အိမ်မှာက ဒီလောက်အထိ ဆူညံပွက်လောရိုက်နေတာပဲ။

ယုန်လေးတို့အိမ် ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုံဘာဖြစ်လာတာလဲဟယ် ရှင်ကလည်း အမြဲတမ်းဒေါသ ပေါက်ကွဲနေတာပဲ ရှင့်ကိုယ်ရှင် ထိန်းသိမ်းပါဦး"

"မထိန်းသိမ်းဘူးဟာ ဘာဖြစ်လဲ"

"ယုန်လေးက ရှင့်အတွက်ပြောပြတာပါရုံရယ်၊ ရုပ်လေးက ချောချောနဲ့ ဒေါသတွေက ရှင့်မျက်နှာနီရဲနေပြီ"

ရုံ့အကြည့်တွေက ယုန်လေးထံ ဆတ်ခနဲရောက်သွားကာ ဖြူစင်အေးချမ်းပြီး လုပအိစက်နေတဲ့မိန်းကလေး ဖြစ်နေတဲ့အပြင် ရုံတိတ်တခိုးလေး ရင်ထဲထိ စူးနစ်ချစ်မိနေသူလည်းဖြစ်သည်။

ယုန်လေးတစ်ကောင်လိုပဲ ဖြူစင်ပြီးနူးညံ့လွန်း၏။ ဆံပင် ရှည်ရှည်အိအိ ဖြောင့်ဖြောင့်စင်းစင်းတွေက ကျောပေါ်ဖြန့်ကျ ယိမ်းနွဲ့နေသည်။

"ရုံ"

"ဟင်"

"ဘာကြည့်နေတာလဲ၊ မျက်လုံးကြီးကျွတ်ထွက်မတတ်ပဲ၊ ယုန့်ကို ကိုက်စားတော့မလို့လား"

"ယုန်ဖြူ"

"ပြောလေ"

"မင်းအခု ဆေးတက္ကသိုလ်တက်မှာလား"

"အင်းလေ"





"ရုံ မမိုက်တော့ဘူးနော်"

"ဘာဖြစ်လဲရုံရာ ... အိမ်မှာလည်းတွေ့လို့ရတာပဲ ... ကျောင်းလည်းလိုက်ခဲ့လေ၊ ရှင်က စာပေးစာယူပဲတက်မှာဆို"

"အင်း ..."

"ရုံ သင်တန်းတွေမတက်ဘူးလား"

"မတက်ဘူး"

"ဘာဖြစ်လို့လဲ ရုံရယ်"

"စိတ်ညစ်လို့"

"ဒုက္ခပါပဲဟယ်"

ယုန်လေးကိုချစ်တယ်။ ရုံ့နှလုံးသားထဲအထိ နက်နက်ရှိုင်းရှိုင်းချစ်မြတ်နိုးနေတာ ယုန်လေး ... နင်ယုံရဲ့လား ... ရင်ထဲမှာ မွှန်းကြပ်ကြပ်တင်းတင်းကြီး။ ယုန်လေးနှင့်ရုံတို့ ခင်မင်လာခဲ့ကြတာ ငယ်စဉ်လေးထဲက အတူစား အတူနေ အတူဆော့ကစားလာခဲ့ကြသူတွေပါ။ ယုန်လေးနှုတ်ခမ်းက ထူထူဖူးဖူး။ မျက်ဝန်းလေးတွေက ဝိုင်းဝိုင်းကျယ်ကျယ် မျက်တောင်ကော့လေးတွေခြံရံနေတဲ့ မျက်ဝန်းဝိုင်းရှင်လေးပါ။

"ရုံ ... ရှင်ဘာဖြစ်လာတာလဲ၊ အိမ်မှာ ပြဿနာတွေဖြစ်လာပြန်ပြီလား ..."

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတိထားမှပေါ့ရုံရယ် ... ယုန်ဘာလုပ်ပေးရမလဲ တစ်ခုခု စားမလား ... ယုန်ကော်ဖီဖျော်ပေးမယ်နော်၊ ပေါင်မုန့်မီးကင်ရှိတယ်"

"မစားဘူး"

ယုန်လေးမှာ မိဘတွေမရှိကြတော့ပေ။ အဒေါ်အိမ်မှာကပ်နေရပေမယ့် အဒေါ်ကသားသမီးမရှိ၍ ချစ်ကြသည်။ လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက်ပေးထားနိုင်၏။ အရမ်းချမ်းသာကြီးမဟုတ်ပေမယ့် ရုံတို့ထက်တော့ အဆင်ပြေပြေနေနိုင်ကြသည်။

"ရှင်က ဘာလုပ်ချင်တာလဲ"

"မင်းကို ရုံပြောစရာရှိတယ်ယုန်"

"အင်း ... ပြောလေ ... ဘာစကားတွေမို့လဲ အခုမှလာပြီး စကားနိဒါန်းတွေချီနေတယ်"

ရုံ့စကားတွေကြားလိုက်ရလျှင် ... ယုန်လေးလက်ခံနိုင်ပါ့မလား အမြဲတမ်းအပြုံးလေးတွေနှင့် ခွင့်လွှတ်ပေးတတ်တဲ့ယုန်ဖြူရဲ့အတွက်ဆို စိတ်ပူတတ်ကာ ပျာပျာသလဲလုပ်ဆောင်ပေးရင်း နှစ်သိမ့်အားပေးစကားပြောတဲ့ယုန့်ကို သူလက်လွှတ်ဆုံးရှုံးလိုက်ရမှာ အကြောက်ကြီးကြောက်သည်။

"ယုန်ဖြူ"

"ဟင်"





"ချစ်တယ်"

"ဘာပြောတယ် ... ရုံရယ် ဒီစကားပြောဖို့များ ဒါ ... ဘာများ ထူးဆန်းနေလို့လဲ"

"မင်းလက်ခံလား"

"လက်ခံပါတယ်"

"တကယ်လားယုန်ဖြူ ကိုယ့်အချစ်တွေကို ယုန်ကလက်ခံတယ်နော်"

"အင်းလေ"

"ကိုယ်အရမ်းဝမ်းသာတာပဲ ပျော်လိုက်တာယုန်ရယ်"

"ဟင်"

ရုံက ... ယုန့်ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်လိုက်သဖြင့် ယုန်အထိတ်တလန့်လေးဖြစ်သွားရကာ ရုံ့ရင်ခွင်ထဲကနေ တွန်းဖယ်ရန်းထွက်နေပေမယ့် ရုံကသန်မာစွာ တင်းသထက်တင်းအောင် ပွေ့ဖက်ထားသည်။

"ရုံဘာလုပ်တာလဲ လွှတ်စမ်းပါ ... အဲဒီလိုမလုပ်နဲ့လေ လွှတ်ပါ"

"ယုန် ... ချစ်တယ်၊ မင်းကို ရုံအရမ်းချစ်တယ် ငယ်ငယ်လေးထဲကသံယောဇဉ်ကြီးပြီး ချစ်ရတာပါကွာ"

"အို ... ရုံဘယ်လိုလုပ်လိုက်တာလဲ၊ လူမြင်လို့မကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟယ် ... လွှတ်ပါ၊ ခဏနေရင် အန်တီနှင်း ပြန်လာလိမ့်မယ်နော်”

ရုံတကယ်ဆိုးတယ်။ ယုန့်နှုတ်ခမ်းလေးကို နမ်းရှိုက်လိုက်သဖြင့် ယုန် ... အသံတွေအနူတွေ ပြောင်းပြန်လှန်သွားမတတ်။ ရှက်ကြောက် ထိတ်လန့်တုန်လှုပ်သွားပြီး အနမ်းမိုးတွေက ခပ်ကြမ်းကြမ်း ဒရစပ်ကျရောက်လာ၍ မျက်နှာလေးကိုဘယ်ညာယိမ်းခါ ရှောင်တိမ်းပြစ်နေရသည်။

“မလုပ်နဲ့ရုံ ဖယ်ပါ၊ ရှင်အဲဒီလိုမရမ်းပါနဲ့ ယုန်လေး တောင်းပန်ပါတယ်”

ယုန်အရမ်းကြောက်တယ် ... ရုံ့ကြောင့်လည်း သူစိမ်းယောကျ်ားလေးတွေနှင့် ပတ်ပတ်သက်သက် တရင်းတနှီးစကားပြောဆိုခွင့်မရှိခဲ့။ ရုံ့ကိုပဲ သူငယ်ချင်းမိတ်ဆွေအဖြစ် နေခဲ့ရသူလည်း ဖြစ်သည်။

“ရုံ ... ရုံရယ် တောင်းပန်ပါတယ်၊ ယုန်လေးကြောက်လို့ပါနော်”

“ချစ်တယ်ယုန်လေးရယ် ရုံ့နှလုံးသားတွေ တဆတ်ဆတ်တုန်တဲ့အထိပဲချစ်တယ်၊ အရမ်းချစ်တယ်”

“ရုံဖယ်ပါဦး အဲဒီလိုတွေမလုပ်ပါနဲ့ဟယ်နော်”

ယုန်ကပျော့ညံ့ညံ့ အမြဲတမ်း ရုံစီမံရာနာခံပြီး ရုံထားရာနေ စေရာသွားလာနေထိုင်ခဲ့သည်။ ယုန့်နှလုံးသားတွေ တဆတ်ဆတ်





တုန်ယင်လှိုက်မောစွာနှင့် ရုံရမ်းကားနေမှုတွေအတွက် ရှောင်တိမ်းရန် အင်အားမဲ့နေ၏။ အချစ်ဆိုတာ ဘာလဲဟင် ... ယောကျ်ားလေးတွေနှင့် တစ်ကြိမ်တစ်ခါမျှပင် ထိတွေ့ဆက်ဆံဖူးခြင်းမရှိ၍လား ရုံ့ကိုယုန်နှလုံးသားတွေထဲမှာ ချစ်မိသွားပြီလားပင် မသိတော့။ သူမမျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

“အဟင့် ... ဟင့်”

“ဟင့် ... အဟင့် ... ဟင့်”

“ယုန်ဖြူ”

“ယုန်လေးရယ်”

“ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်စိတ်တွေ ပေါက်ကွဲလွင့်စင်သွားလို့ပါ၊ ယုန့်ကိုချစ်တယ် ... ယုန်တာရောဟင်”

ယုန်ဖြူမဖြေတတ်။ ငိုချင်နေတာပဲသိသည်။ ရုံ့ရင်ခွင်ထဲမှာ ရှိနေဆဲဖြစ်သော ယုန့်ကိုယ်လေးပင် ရုန်းမပစ်နိုင်သေးပေ။ အင်အားတွေလည်းမရှိတော့ဘူး။ ယုန်ရှက်တာရော ... ကြောက်တာရော အားလုံးရောထွေးပူလောင်နေ၏။ ရုံကချစ်လားဟု ... အဖြေကို တတွတ်တွတ်မေးမြန်းနေလေသည်။

“ရုံ့ကိုချစ်တယ်မဟုတ်လား ... ယုန်ဖြူလေး၊ မင်းနှလုံးသားတွေထဲမှာလည်း ရုံ့ကိုချစ်နေပါပြီ”

ယုန့်ထံမှချစ်တယ်ဆိုတဲ့အဖြေကို ရုံကပဲဖြေပြီး အတည်ပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အမှန်အတိုင်းဝန်ခံရရင်လည်း ရုံ့ကိုမမုန်းပါ။ ငယ်စဉ်လေးထဲက ... သံယောဇဉ်ကြီးမားစွာ တွယ်တာနေခဲ့သူတွေပါ။ ဘယ်လိုဆန့်ကျင်နိုင်မလဲ။ ယုန်နဲ့ပတ်သက်ဆက်ဆံခွင့်ရှိသူ ရုံတစ်ယောက်ထဲပါပဲလေ။

"တိတ်တော့ယုန်ဖြူလေး မငိုနဲ့နော်၊ အားမငယ်စမ်းပါနဲ့ကွာ ရုံ့ကိုအားကိုးစမ်းပါ။ ရုံ ဝင်ငွေရအောင်အလုပ်လုပ်မယ်၊ ကြိုးစားမယ် ယုန်နဲ့လက်ထပ်မယ်"

"ဟင်"

"ယုန် သတ္တိရှိစမ်းပါ။ လောကကြီးကိုရင်ဆိုင်ပစ်မယ်၊ ကိုယ်တို့နှစ်ယောက် ဘယ်တော့မှမခွဲကြေးနော်"

ယုန်မသိတော့ဘူး ရုံကယုန့်မျက်နှာလေးအား သူ့လက်တွေနှင့်ချုပ်၍ သူမမျက်ဝန်းလေးတွေထဲ ထိုးဖောက်ဝင်ရောက်တော့မတတ်ပဲ စူးစူးစိုက်စိုက်ကြည့်သည်။ ယုန် ရင်မဆိုင်ရဲ၊ သူမခန္ဓာကိုယ်လေးထဲမှာ လှည့်ပတ်နေတဲ့သွေးတွေ ပွက်ပွက်ဆူလာသလိုပင် ပူနွေးလောင်မြိုက်လာနေ၏။ ရုံကတော်တော်ဆိုးဝါးတာပဲ။ သူမရုန်းမထွက်နိုင်အောင် အနမ်းတွေနှင့်ထပ်ချီနှောင်ပစ်ပြန်သည်။

"ရုံကမိန်းကလေးတစ်ယောက်နော် ယုန်ဖြူလေး ... သမီးဘက်က ဆင်ဆင်ခြင်ခြင်နေထိုင်ပါ။ ယောကျ်ားရှာတွေက ကြောက်စရာကောင်းတယ် ... သူတို့ရဲ့ခံစားချက်တွေကလွန်ကဲတယ်





ပြသနာပဲ"

အန်တီမေပြောတဲ့စကားတွေကို ယုန်ဖြူပြန်၍ကြားယောင်လာသည်။

"ရုံ့မိဘတွေနဲ့လည်း ခင်မင်နေတယ် ... ဒီအရွယ်ရောက်မှ မပတ်သက်နဲ့တော့လို့ မတားချင်ဘူးနော်၊ ယုန်လေး သမီးကအရမ်းလည်းလှတယ်၊ အနာဂတ်လည်းရှိတယ်၊ ဆေးကျောင်းတက်ရတော့မယ်လေ"

အန်တီမေ့စကားတွေက မသိမသာနှင့် ရုံ့ကိုဆက်မပေါင်းနဲ့ ခပ်ခွာခွာလေးနေပါဟု သတိပေးနေသလိုပင် ... ယုန်လေးဘယ်လိုလုပ်ရမလဲ။ ရုံ့ကို ယုန်လေးလည်းချစ်မိသွားပြီလားပဲ။ ရုံ့အပြုံးတွေက ယုန်ဖြူရင်ကိုပူလောင်နေသည်။

"ရုံ"

"ပြောလေ"

"အန်တီနှင်းပြန်လာတော့မယ် ... လွှတ်ပါနော်၊ ရုံပြန်ပါ"

"ယုန်ကြောက်သွားလားကွာ ... မျက်နှာဖြူဖြူလေးက ရဲတွတ်နေတယ် ရှက်လို့လား"

"အင်း"

"ပြန်မယ် ယုန်ဖြူလေးကို ကြောက်၍ထိတ်လန့်သွားအောင် လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်အချစ်ရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူ့နဖူးလေးကို ဖွဖွလေးနမ်း၍ ရံပြန်ထွက်လာခဲ့သည်။ စောစောက အပူသောကတွေပင် လွင့်စင်ပျောက်ကွယ်သွားရပြီး အပျော်တွေ စုပြုံတိုးဝင်လာ၏။ ... ယုန်လေးက မကြာခင် ဆေးကျောင်းသူဖြစ်တော့မှာပါ။ ချစ်ခင်ကြင်နာမယ့်ယောကျ်ားတွေ ဝိုင်းဝိုင်းလည်တော့မယ်။ ရံ တုန့်ဆိုင်းလက်နှေးနေလို့မဖြစ်ဘူး။ သူ့ရင်ထဲကအချစ်တွေကို ဖွင့်ပြောလိုက်ရ၍ကျေနပ်သည်။ ယုန်လေးကလည်းမငြင်းပေ။ ရံပျော်မိနေ၏။

ယုန်ဖြူလေးကို ချစ်ဝန်းရံပဲ ပိုင်ဆိုင်စေရမယ်။ ရံ ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ထားသည်။

❀

အခန်း ( ၂ )

"စောစောက ချစ်ဝန်းရံ ရောက်လာတာလား ယုန်ဖြူ"

"ဟုတ်ကဲ့ ... "

"ဒီကောင်မလေးက စိတ်မချရဘူးနော်ယုန်ဖြူ။ ယောကျ်ားစိတ်မှ ယောကျ်ားစိတ် ဖြစ်နေတာနော်"

ဒေါ်သက်နှင်းကတော့ ... တူမလေးယုန်ဖြူလေးက အရွယ်လည်းရောက်နေပြီ ထွားထွားဖွံ့ဖွံ့နှင့် အသက်နှင့်မမျှ တောင့်တောင့်ဖြောင့်ဖြောင့်စင်းစင်း မိန်းမချောလေးပါ။ ယောကျ်ားလျှာတွေက မလွယ်ဘူး။ ဈေးထဲမှာတောင် ... ရပ်ကွက်ထဲကမိတ်ဆွေတချို့က သတိပေးစကားပြောကြသေးသည်။

"ငယ်စဉ်လေးထဲက ... အတူနေလာကြလို့သာ အန်တီနှင်းမတားဆီးချင်တာ ... တူမလေး သတိထားဆက်ဆံနော်၊ ဒင်းကချစ်တယ်လို့ပြောရင် ဒေါသတကြီးငြင်းပစ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဘာရှင်လဲ ... လုံး၀ အားနာပြီးလက်မခံလိုက်နဲ့ အန္တရာယ် အရမ်းကြီးမားတယ် ... ယုန်ဖြူလေးဘ၀တစ်လျှောက်လုံး ဒင်းက အနှောက်အယှက်ပေးတော့မှာ ... အန်တီနှင်းတူမ ယုန်ဖြူလေးက အရမ်းဖြူစင် သန့်စင်နေတာပါ"

ရုံကယုန်ဖြူ့ကို ချစ်တယ်ဟုပြောပြီး ... နမ်းသွားခဲ့သည်။ ဘုရားရေ ယုန်မှားသွားပြီလား ... ရုံ့ကိုလည်း တစ်စုံတစ်ရာငြင်းဆန် လိုက်ရမှာ ယုန်အားနာခဲ့တာလား။ ဒါမှမဟုတ် ယုန်လေးကြောက် သွားမိတာလား။ အန်တီနှင်းရဲ့အကြည့်ကို ယုန်ဖြူလေး ဘယ်လို ရှောင်တိမ်းရမှန်းပင်မသိတော့သလို ... အန်တီနှင်းကယုန်ဖြူ့အား ရိုးသားဖြူစင်သူဟု သတ်မှတ်ထားသည်။

"ယုန်"

"ရှင်"

"ရုံနဲ့ဝေးဝေးနေပါ၊ အန္တရာယ်ဆိုတာ ကြိုတင်ကာကွယ်ထား ရတာယ်လေ၊ အန်တီက လူကြီးတွေမျက်နှာရှိလို့ပါ၊ လာမပတ်သက်နဲ့ လို့ မပြောပစ်ချင်ဘူး၊ ဘာပဲဖြစ်ဖြစ် ရုံကလည်း အန်တီနှင်းလက်ပေါ် မှာကြီးခဲ့တာပါ"

ရုံ့အဖေကြောင့်ပဲ ... ဦးခင်ဇော်က ရုံ့ကို ယောကျ်ားလေး တစ်ယောက်အဖြစ် စိတ်ဓာတ်ကအစ မာကျောနေစေရန် မွေးက တည်းက လေ့ကျင့်ပေးခဲ့ပြီး ယောကျ်ားလေးအဖြစ် ကြီးပြင်းစေ





ခဲ့သည်။

"သမီးမမွေးချင်ဘူး ... မိဘကိုအရှက်ရစေတယ်၊ ယောကျ်ား လေးဆိုတာ ဒေါင်ကျကျပြားကျကျ ပြဿနာမရှိဘူး၊ ငါဘယ်တော့မှ မချစ်ဘူး ... မနှင်း"

ဒေါ်သက်နှင်းကိုလည်း သမီးမွေးထားတာ ကြပ်ကြပ်သတိ ထားထိန်းကျောင်းတဲ့ သမီးတစ်ကောင် နွားတစ်ထောင်ထိန်းရတာ ခက်တယ်တဲ့။ ချစ်ဝန်းရုံမှာလည်း အပြစ်မရှိပါဘူး။ ရုံ့အဖေ ဦးခင်ဇော်ကိုက အရက်သမား ... အစ်ကိုတွေကရော ရပ်ကွက်ထဲက အော်တော်ကြာလန်တွေပါ။ တူမလေးယုန်ဖြူဖြူ။ တကယ့်ကို ဖြူဖွေး နုဖတ်အိစက်နေအောင် ချောမောတာပါ။ ပညာကလည်း တော် တယ်။ လိမ္မာတယ် ... ကောင်းခြင်းငါးဖြာတွေနဲ့ ပြည့်စုံနေတဲ့ မိန်း ကလေး ... မိမိကတော့ အပြစ်ဆို၍ မြူမှုန်လေးပင် ကပ်တင်ကျန် ရစ်ခြင်းမရှိစေရန် ဒေါ်သက်နှင်း ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ သည်။

"အန်တီနှင်း တူမလေးဘ၀ကို တန်ဖိုးအကြီးမားဆုံးရောက် အောင် မြှင့်တင်ထားချင်တယ်ယုန်ဖြူ၊ ကြားလား ... မကြာခင် တက္ကသိုလ်တက်ရတော့မယ်၊ အန်တီနှင်းရည်ရွယ်ချက်ကြီးကြီးနဲ့ ငွေတွေကို အနှစ်နှစ်အလလ စုဆောင်းထားခဲ့တယ်"

"ဟုတ်ကဲ့"

"ရုံနဲ့ဆက်ပြီး ... ပေါင်းသင်းဆက်ဆံခွင့်မပြုနိုင်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးရယ်၊ ရံ့မိဘတွေကလည်း ဘဝတူ ငယ်သူငယ်ချင်းတွေပါပဲလေ၊ ဒါပေမဲ့ အန်တီနှင်းပြတ်သားရလိမ့်မယ်၊ ရက်စက်တာတော့ မဟုတ်ပါဘူး"

"ဟို ... ဟို ... အန်တီနှင်းရယ် ... ရံ့ကိုတော့ ဘာမှသွားမပြောပါနဲ့နော်၊ ရံ့နဲ့ယုန်လေးက သူငယ်ချင်းတွေပါ၊ မရိုးသားတဲ့စိတ်တွေလည်း မရှိကြပါဘူး၊ ရံ့ဘက်ကလည်း ရိုးရိုးသားသား ခင်မင်ကြတာပါ"

ရံ့ဘက်ကနေ ယုန်ဖြူလေးစိုးရိမ်တကြီး ကာကွယ်ပြောဆိုပေးနေမိသည်။ ရံ့တစ်ခုခုဖြစ်သွားမှာလည်း ယုန်လေးစိတ်ပူမိနေသလို ရံ့ဒေါသတကြီးပေါက်ကွဲမှာလည်း ကြောက်မိ၏။ ရံ့စိတ်ခံတ်ပြင်းထန်ပုံကို ယုန်ဖြူအသိဆုံးပါ။ မိသားစုတွေရဲ့ အရှုပ်အထွေးအပူသောကတွေလည်း ရံ့ကအမြဲတမ်းရင်ဆိုင်ကြုံတွေ့နေရပြီး ခံစားရလွယ်လွန်းသူပါ။ ရံ့အတွက် ယုန်ဖြူလေးစိတ်ပူသည်။

"အင်းလေ ... အန်တီနှင်းကလည်း စိတ်ပူလက်မခြောက်စေချင်ပါဘူးကွယ်၊ သူငယ်ချင်းမိတ်ဆွေတွေပဲဟာ မျက်နှာမပျက်ချင်ဘူး"

"စိတ်ချပါ ... ယုန်ဖြူလေးသိပါတယ်၊ အဲဒီလောက်အထိ ဖြစ်စရာအကြောင်းမရှိပါဘူး အန်တီနှင်းရယ်"

"သမီးလေးယုန်ဖြူ့ကို ယုံပါတယ်ကွယ်၊ လိမ္မာရေးခြားရှိလွန်းတဲ့ကလေးပါ"





ယုန်ငိုချင်မိသလိုလို ... ရင်ထဲမှာ တလှိုက်လှိုက်ဝမ်းနည်းကြေကွဲမှုတွေက ဆတ်ခနဲ ဘယ်လိုယုန်ဖြူ့ရင်ထဲစုပြုံ ရောက်ရှိလာမှန်းမသိတော့။ အန်တီနှင်းရှေ့မှာပင် မျက်ရည်တွေကအုံဖွဲ့ပြုံဆင်းလာတော့မတတ် ဖြစ်နေသည်။

"ယုန်ဖြူလေး သင်တန်းတွေဘာတွေတက်ဖို့လည်း စီစဉ်ရမယ်၊ ဒီနေ့ကစပြီး သမီးလေးကို လူ့လောကထဲဝင်ဆန့်အောင် လုပ်ပေးရတော့မယ်လေ"

ယုန်ဖြူလေးကို ဒေါ်သက်နှင်းတို့လင်မယားက သမီးလေးအရင်းကဲ့သို့ပင် ကျွေးမွေးစောင့်ရှောက်လာခဲ့ကြသည်။ ယောကျ်ားဘာ မနှစ်ကမှကွယ်လွန်သွားတာပါ။ တူမလေးကိုတော့ တန်ဖိုးရှိရှိကြီးပြင်းစေချင်သည်။ ကောင်းမွန်တဲ့အိမ်ထောင်ဖက်နှင့် တွေ့ဆုံစေချင်ခဲ့၏။ ချစ်ဝန်းရံ့ကိုချစ်ပေမယ့် အလိုမလိုက်နိုင်။ ယုန်ဖြူ့ရဲ့ရှေ့ရေးကိုလည်း ကြည့်ရမည်ဖြစ်သည်။

"အန်တီနှင်း ညစာချက်ရဦးမယ်၊ ယုန်ဖြူလေးလုပ်စရာရှိတာတွေလုပ်နော်"

"ယုန်ဖြူ ဝိုင်းပြီးကူညီပေးမယ်လေ"

"အမယ်လေး ... မခိုင်းရက်ပါဘူးအေ ... ညည်းလေးကို မိုးလေးလို့ညပြီးမွေးထားတာပါ"

ယုန်ဖြူကလည်း အန်တီနှင်းရှေ့မှ အမြန်ဆုံးရှောင်ရှားထွက်ခွင်၍ မြန်မြန်လေးပဲ စောဒကတက်မနေတော့ပဲ အိပ်ခန်းထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"အမယ်လေး ... ရုံရယ် ရှင့်ကြောင့်လေ ဘယ်လိုလုပ်ရမလဲ၊ ရှင်နဲ့ယုန်ဖြူ ဘယ်လိုနည်းနဲ့မှ ချစ်သူတွေလိုဆက်ဆံလို့မဖြစ်ဘူး ထင်တယ်ဟာယ်"

ယုန်ဖြူမစဉ်းစားရဲ ရင်တွေပမ်းတွေတုန်လာပြီး ရှက်လို့ မျက်နှာတွေတောင်ထူထူပူပူ ခန္ဓာကိုယ်လေးက ... နွမ်းလျှလျှ နှုတ်ခမ်းလေးက တွေးအမ်းထုံကျင်နေဆဲ ...

"ရှင် ... ကျွန်မတို့နှစ်ယောက် မိတ်ဆွေတွေ၊ သူငယ်ချင်း တွေလိုပဲ နေကြရအောင်ပါရုံရယ်နော်"

ရုံ ... ချစ်ဝန်းရဲ့ ယောက်ျားလေးစိတ်ပေါက်နေသည်။ ရုံက စိတ်ဓာတ်ပို၍ပင် ပြင်းပြလွန်းတာ ယုန်ဖြူအသိဆုံးပါ။ ယုန်ဖြူကိုယ် တိုင်ကပင် ... ရုံ့အပေါ် သံယောဇဉ်တွေကြီးမားလွန်းစွာ ရစ်ပတ် နှောင်ဖွဲ့သွားပြီထင်တယ် ... အန်တီနှင်းက ... သူငယ်ချင်း သံယောဇဉ်ထက် ပိုမိုလွန်ကဲသောအဆင့်ဆိုရင် ... လုံးဝငြင်းဆန်ပစ် ရမယ်တဲ့ ယုန်ဖြူနဲ့ရုံက ဘယ်လိုအဆင့်မျိုးလဲ။ သူမကိုနမ်းသွား၏။ ချစ်တယ်ဆိုတဲ့အဖြေကို အတင်းအကြပ်တောင်းဆိုသွားခဲ့သည်။

"ရှင့်ကိုကြောက်ပါတယ်ရုံ ... သေတော့မယ်ထင်တယ် ယုန်ဖြူတို့သူငယ်ချင်းတွေလိုပဲ ဆက်ဆံကြရအောင်ပါဟယ်"

အရေးထဲ ယုန်ဖြူ Hand Phone လေးကမြည်လာ၍ အထိတ် တလန့်နှင့်ရင်ခုန်သံကြီး ဒိန်းခနဲနေအောင် ဆောင့်တက်မြည်ဟီး





သွားရသည်။ လက်တုန်တုန်ယင်ယင်နှင့် လှမ်းယူပြီးဖွင့်ကြည့်လိုက် တော့ ရုံပဲ ...

"ဟဲလို ... "

"ဟဲလို ... ယုန်ဖြူလား"

ရုံ့အသံကြီးကိုကြားလိုက်ရတာ ယုန်ဖြူ့နားထဲ မိုးကြိုးပစ် လိုက်သံကြီးလိုလို ဆူညံပွက်လောရိုက်သွားသည်။

"ဟဲလို ... ယုန်ဖြူလား ... ဟဲလို"

"အင်း ... "

"ဟာ ... ယုန်ဖြူရယ်၊ မင်းကလည်းကွာ အသံတိတ်နေလို့ အန်တီနှင်းများကိုင်လိုက်တာလားလို့ စိတ်ပူသွားတယ်"

"မဟုတ်ပါဘူးရုံရယ် ... ဟိုလေ ... ဟို အန်တီနှင်းနဲ့စကား ပြောနေမိလို့ပါ ... ဘာ ... ဘာဖြစ်လို့လဲဟင်ရုံ"

"မင်းကြောက်နေတာလား ဘာဖြစ်လို့လဲ၊ မင်းအသံတွေက တုန်ရီနေတယ် ရုံ့ကိုကြောက်နေတာလားယုန်ဖြူ"

"ကြောက် ... ကြောက်တာတော့ မဟုတ်ပါဘူးရုံရယ်၊ ကျွန်မလေ စဉ်းစားမိတိုင်းစိတ်ထဲမှာ တုန်လှုပ်လာတယ်၊ ဟို ... ဟိုလေရုံ"

"ဘာလဲ ... ဘာဟိုလဲ မင်းနဲ့ကိုယ်ကချစ်သူတွေဖြစ်သွားကြ ပြီ မင်းကိုလက်ထပ်နိုင်ဖို့ ကိုယ်အပြတ်ကြိုးစားမယ်နော်ချစ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... အဲဒါကြောင့် မင်းကိုစိတ်မချတာ၊ ကြောက်မနေပါနဲ့ကွာ ... ကိုယ့်ကိုအားကိုးစမ်းပါ ယုန်ဖြူလေးရယ်၊ မင်းအတွက် ကိုယ်အားလုံးတာဝန်ယူနိုင်အောင် ကြိုးစားမယ်၊ ဘာမှစိတ်မပူနဲ့နော်"

ယုန်ဖြူ ဘယ်လိုလုပ်ရမှန်းပင်မသိတော့။ အန်တီနှင်းစကားတွေ ပြန်ကြားယောင်လာမိသလို ... နောင်တရတာမျိုး စိတ်ပူပင်သောကရောက်တာမျိုး ... ခံစားရခက်နေသည် ... ရုံ့ကိုလည်း သူငယ်ချင်းတွေလိုပဲ ဆက်ဆံကြရအောင်လို့မပြောရဲ၊ ပေါက်ကွဲမှုတွေနှင့်ပြည့်သနာ အကြီးအကျယ်ဖန်တီးပစ်မယ့်ရုံပါ။ တစ်ခါတစ်လေ ရုံရဲ့ဒေါသတွေက ... ယောကျ်ားလေးအစစ်တစ်ယောက်ထက်ပင် ပြင်းထန်လွန်းနေတတ်သည်။

"ချစ်"

"ဟင့်"

"ကြောက်မနေနဲ့ ကိုယ်သတိရလာလို့၊ လွမ်းလို့ ... ချစ်လို့"

ယုန်ဖြူနှုတ်ခမ်းသားလေးတွေ တုဆတ်ဆတ်တုန်နေကာ ရုံ့ကိုစကားလေး တစ်ခွန်းတစ်လေပြောဖို့ပင် ဆွံ့အနှုတ်ဆိတ်နေရကာ ငြင်းဆန်ချင်လည်း မပြုရဲ။ ငယ်သူငယ်ချင်းရုံ ထင်ရာစိုင်းနေမှာလည်း စိတ်ပူပင်နေရသေးသည်။

"ချစ်"

"ဟင်"





"ချစ်တယ်လို့ပြော"

"ဘာ"

"ကိုယ့်ကို ချစ်ပါတယ်လို့ပြောလေ၊ ပြောစမ်းပါယုန်ဖြူရယ်၊ ကြားချင်တယ်"

"ဟို ... ဟိုလေ ရုံ"

"ဘာလဲ ... "

"အမယ်လေး ... "

ရုံ အော်ဟစ်လိုက်တာ ... ယုန်ဖြူလန့်အော်မိသွားသည်။ တကယ်ပါပဲ ရွှေရုံထင်တဲ့အတိုင်းပဲ ဒေါသတကြီးနှင့်ပြည့်သနာက စတင်မီးတောက်စပြုလာ၏။ ယုန်ဖြူ ဆက်၍မပြောရဲတော့။

"ယုန်ဖြူ"

"ဟင်"

"ပြောလေ ပြောစမ်းပါ ကိုယ့်ကိုချစ်တယ်လို့ မင်းနှလုံးသားထဲမှာလည်း ကိုယ့်ကိုချစ်နေတယ်မဟုတ်လား၊ ချစ်နေပါတယ် ပြောစမ်းပါ ချစ်တယ်လို့ ဟော့ ... ကိုယ်အေးအေးဆေးဆေးခိုင်းနေတုန်းပြောနော် ... မပြောရင် အခုချက်ချင်းပဲ မင်းဆီလာခဲ့မှာ"

"အမယ်လေး လာတော့မလာပါနဲ့နော် ရုံရယ်"

"ဒါဆိုပြော ... မင်းအဖြေကို ကိုယ်အရမ်းကြားချင်နေလို့ပါ ယုန်ဖြူရာ၊ ကိုယ့်ဘဝရဲ့အင်အားတစ်ခုနော် အရေးကြီးတယ်"

ယုန်ဖြူဘယ်လိုပြောရမလဲ ... မဖြစ်နိုင်ပါဘူးဟု ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အသိတရားတွေရှိနေခဲ့ပေမယ့် အမှန်တရားကို ယုန်ဖြူဖွင့်ဟမပြောရဲခဲ့ ... ရံ့ကိုလည်း သနားတယ်။ အမြဲတမ်းပဲ ရံ့မှာစိတ်ညစ်စရာအပူသောကတွေ ဝိုင်းရံနေတတ်သည်။ ယုန်ဖြူက မိဘတွေမရှိတော့ပေမယ့်လည်း အန်တီနှင်းတို့က သမီးအရင်းလေးလိုကျွေးမွေးထား၍ အပူအပင်ကင်းမဲ့ခဲ့၏။ ရံ့ ဒေါ်သတကြီးရောက်လာပြီး ပြဿနာရှာမှာလည်း ကြောက်ရသည်။

"ဟော့ ... ယုန်ဖြူဖြူ မင်းဘာတွေနှုတ်ဆိတ် တွေဝေနေတာလဲ၊ မင်းစောစောကတော့ ကိုယ့်အချစ်တွေကို လက်ခံထားပြီးသားနော်၊ ပြောလေကွာ ... ပြောစမ်းပါ"

ရံ့ကဒေါ်သတကြီးအော်ဟစ်နေ၍ ယုန်ဖြူပြဿနာတွေကိုလည်း အေးချမ်းသွားစေလိုသည်။ ပြီးတော့လည်း ... ရံ့အပေါ် သံယောဇဉ်ကြီးမားစွာ တွယ်ငြိနေ၍လည်း ယုန်ဖြူဆုံးဖြတ်ချက်ချပစ်လိုက်မိသည်။

"ရံ့"

"ပြောလေကွာ ခပ်မြန်မြန်"

"အင်း ... "

"ဘာအင်းလဲ ... ချစ်ပါတယ်လို့ပဲပြော"

"ဟိုလေ ... ဟို ... ရံ့ကိုချစ်ပါတယ်"

"အား ... OK ... ဒီလိုမှပေါ့ယုံဖြူဖြူရာ၊ မင်းကလေ အရမ်းချစ်စရာကောင်းတယ် ... နာမည်လေးနဲ့လည်း လိုက်ဖက်တယ်





ကိုယ့်ကိုချစ်တယ်နော်"

"ဟိုလေ ... ဟို ရံ့တစ်ခုတော့ရှိတယ်နော်၊ ဟိုလေ ဒီကိစ္စဘယ်သူမှမသိပါစေနဲ့ အန်တီနှင်းသာသိသွားရင် ယုန်ဖြူအဆူခံရမှာပါ"

"ဘာလဲ ... အန်တီနှင်းက ရံ့ကိုအထင်သေးနေတာလား၊ မင်းနဲ့ သဘောမတူဘူးဆိုတဲ့သဘောလား ကန့်ကွက်တယ်ပေါ့လေ၊ ဟုတ်လား ယုန်ဖြူ"

"အဲဒီလိုမဟုတ်ပါဘူးရံ့ရယ်၊ ယုန်ဖြူဖြူတို့က ဘွဲ့မှမရသေးတာ၊ အန်တီနှင်းက သိတဲ့အတိုင်းပဲ ... ယုန်ဖြူကိုမှည့်တစ်ပေါက်တောင် စွန်းထင်းစေချင်တာမဟုတ်ဘူးလေ သိတယ်မဟုတ်လားလို့"

ယုန်ဖြူ့ဘက်က လေသံပျော့ပျော့လေး ပြေအေးအေးလေးနှင့် ချော့မော့ရှင်းပြမှ ရံ့ ငြိမ်သွားပြီး ... အနားယူတော့ဟုပြော၍ ဖုန်းပိတ်ပစ်မှ ယုန်ဖြူအသက်ရှူလို့ ဖြောင့်သွားရကာ ရင်ဝကို လက်လေးနှင့်ဖိထားရသေးပြီး မျက်နှာလေးတွေက ပြုံးကြောင်ဝိုင်းစက်နေဆဲ။

•

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ရှံပြုံးပစ်လိုက်သည်။ ယုန်ဖြူလေးက ဖြူစင်ရိုးသားမှုအပြည့် ကြောက်လည်းကြောက်တတ်သေး။ ရှံ့ကိုလည်း ကလန်ကဆန်မပြုမှုရဲ့၊ ယုန်ဖြူက ချစ်ချစ် မချစ်ချစ်လေ ဘယ်လိုနည်းမျိုးပဲအသုံးပြုရပြုရ အရလှူမယ်။ မင်း ကိုယ့်ရင်ခွင်ထဲမှာပဲ ... ထာဝရရှိနေရမယ် ယုန်ဖြူဖြူ ...

"ဟော့ကောင်ရှံ ... "

"ဟင် ... အဖေ"

"မင်း ဘာထိုင်လုပ်နေတာလဲသားငယ် ... လာစမ်းပါကွာ၊ အဖေ့အတွက် ဖန်ခွက်တစ်လုံးနဲ့ရေယူပေးစမ်းပါ၊ အဖေစိတ်အပမ်းဖြေမလို့ကွ၊ အဖေကတော့ စိတ်ပင်ပမ်းတယ်လေ၊ ဒါလေးနဲ့ အပမ်းဖြေရတာကွ"

အဖေက သူဝယ်လာတဲ့အရက်ပုလင်းကို မြှောက်ပြနေရင်း





ရှံ့ကို ဖန်ခွက်နှင့်ရေယူခိုင်းနေသည်။ ရှံ့ စိတ်ပျက်တယ်။ အဖေကပဲ မိသားစုတာဝန်ကိုကျေပြွန်ပြီး အမေက အသုံးမကျသလိုလို။ အမေ့ကို အော်ဟစ်ဆဲဆိုပြောတော့မည်။ အမေက သားသမီးတွေကြောင့် သည်းခံနေရာကနေ မခံမရပ်နိုင်ဖြစ်လာရင် အဖေနှင့်ပဋိပက္ခတွေ အော်ကြီးဟစ်ကျယ်ဖြစ်ကြမယ်။ မိသားစုစားဝတ်နေရေးအတွက် ဈေးရောင်းရတဲ့အမေ့ကိုလည်း ရှံသနားသည်။

"မသစ္စာရေ ... ဘယ်ရောက်နေလဲ ... ဘာအမြည်းရှိလဲကွ"

ရှံထသွားပြီး ဖန်ခွက်နှင့်ရေကိုယူ၍ ချပေးသည်။ အမေက မီးဖိုခန်းထဲမှာပါ။

"အမေက အမြည်းလုပ်နေပါပြီအဖေ"

"ကန်စွန်းရွက် ကြော်နေတယ်အဖေ"

"ကန်စွန်းရွက် ဟုတ်လား"

"ဟုတ်"

"တောက်"

အဲဒီကစပြီး ကန်စွန်းရွက်ကြော်ပြီဆိုရင် အမေ့လက်ထဲမှာ ပိုက်ဆံမရှိတော့လို့ဆိုတာ အဖေသိသည်။ အမြဲတမ်းအဖေစားဖို့ အမြည်းကိုကောင်းကောင်း အမဲသားဟင်းတို့ ဆိတ်သားခြောက် မီးဖုတ်တို့ ရှာဖွေလုပ်ပေးထားမှကြိုက်သူ ... အမေကတော့ ပိုက်ဆံမရှိတော့ရင် ရှိတာတွေပဲ ကောင်းကောင်းကြော်လှော်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မသစ္စာ"

"ရှင်"

"ဘဲဥလေးနှစ်လုံးလောက်တောင် မရှိဘူးလားကွ"

"မရှိလို့ပါကိုဇော်ရယ် ... ကျွန်မလည်း ဈေးရောင်းမကောင်းလို့ပါ၊ နောက်နေ့ကျရင်တော့ လုပ်ပေးပါ့မယ်"

"မင်းတော်တော်ဆိုးပါလား မသစ္စာ၊ ငါမနေ့ကပေးထားတဲ့တစ်သောင်းရောကွ"

"ရှင့်အတွက်ပဲ လုပ်ပေးနေတာပဲလေ၊ ကျွန်မသုံးတာမှ မရှိတာပဲ မိသားစုအတွက်သုံးစွဲရတာပါ"

အစ်ကိုတွေကလည်း တောင်းကြတယ်။ အလုပ်ကမကောင်း ဝင်ငွေထက် သုံးဖြုန်းသောက်စားနေကြတာက များသည်။

"မင်းကွာ ... တော်တော်အသုံးမကျတဲ့မိန်းမပဲ တစ်ရက်ကိုတစ်သောင်းကုန်အောင် သုံးစွဲပစ်နေရအောင် ... မင်းက သူဌေးကတော်လား"

ပြဿနာက စတင်လောင်မြိုက်စပြုလာလေသည်။ အဖေက ဘဲဥလေးနှစ်လုံးဝယ်နိုင်းတာလေးနှင့် မိန်းမကပိုက်ဆံမရှိဘူးပြောတယ်ဟု အစချီ၍ အမေ့ကို ဆူပူကြိမ်းမောင်းနေတာမဆုံးတော့။ အမေ





ပိုက်ဆံကုန်တာက ရလိုက်အကြွေးတွေလည်းဆပ်ရ သားတွေအတွက်လည်း တောင်းသမျှပေးရသည်နှင့် အဖေ့အတွက်လည်း စားကောင်းသောက်ဖွယ်တွေ ချက်ပြုတ်ကျွေးမွေးရနှင့် ... အမေကုန်နေတတ်သည်။

"မင်းလို မိန်းမကိုယူမိလို့ ငါအရှမ်းနောင်တရတယ်ကွ၊ အသုံးမကျတဲ့မိန်းမ၊ ဦးနှောက်မရှိဘူး စဉ်းစားဆင်ခြင်မှု လုံးဝနည်းတယ်"

"ကိုခင်ဇော် ... ရှင်ပြောတာတွေ လွန်နေပြီထင်တယ်နော်၊ ကျွန်မသည်းခံနေတာ ကလေးတွေမျက်နှာကြောင့်နော် ... ကျွန်မတစ်ဖက်လမ်းက မိသားစုစားဝတ်နေရေးအတွက် ပိုက်ဆံရှာရသေးတယ်၊ အိမ်မှုကိစ္စတွေလည်း ကြေပွန်အောင်လုပ်ရတယ်၊ ရှင်ကနည်းနည်းလေးမှ ညှာတာထောက်ထားမှုမရှိဘူး၊ ကျွန်မကို ဆဲဆိုပြောနေတယ်၊ ကျွန်မကို သေအောင်သတ်နေတာလား"

"ဟုတ်တယ် ... မင်းသေမှအေးမယ်၊ အသုံးမကျတဲ့မိန်းမမသေနိုင်ဘူး ... မသာမ"

"ရှင် ... ရှင် ... လူမှဟုတ်သေးလား ... လူသတ်သမားနဲ့တူတဲ့ယောကျ်ား"

"ဘာကွ"

အဖေ အရက်တစ်ပုလင်းလုံး ကုန်သွားတဲ့အချိန်မှာ သွေးဆိုးလာက ပို၍သောင်းကျန်း ဆူညံပွက်လောရိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပါအမေရာ ... ပြောမနေပါနဲ့တော့ ... နိုင်တာလည်း မဟုတ်ဘဲနဲ့ သည်းခံနေလိုက်ပါ"

အမေ့ကိုအတင်းဆွဲ၍ မီးဖိုခန်းထဲခေါ်လာခဲ့သည်။ အဖေက တော့ ဆဲဆိုသောင်းကျန်းချင်တိုင်း သောင်းကျန်းနေ၏။ အမေငို သည်။

"အမေကိုက ကံဆိုးတာပါရှံရယ် ... ဘယ်ဘဝကအကုသိုလ် တွေလဲ၊ ယောက်ျားရဲ့နှိပ်စက်မှုဒဏ်ကို ဒီလောက်ခံနေရတာ အမေ ထွက်ပြေးချင်တယ် ... ရှံ့ကြောင့်ပါ"

ရှံက ယောက်ျားလေးစိတ်ပေါက်နေပေမယ့် မိန်းကလေး တစ်ယောက်ပါ။ ကိုဇော် ... ရှင်ပဲလေ၊ မိန်းကလေးမလိုချင်ဘူးဆို ပြီး ကျွန်မသမီးလေးကို ယောက်ျားလေးစိတ် အတင်းသွတ်သွင်းပစ် ခဲ့တာပဲ။ ရှင်က မိန်းကလေး ဘယ်ယူချင်မလဲ။ မိန်းမကို အကြောင်း မဲ့နှိပ်စက်ချင်နေတဲ့ယောက်ျားလေ။ ရှင့်သမီးအလှည့်ကျရင် ပြန်ပြီး ဝဋ်လည်မှာ စိုးရိမ်လို့မဟုတ်လား။

"ငါ မိန်းကလေးမမွေးချင်ဘူး၊ ထိန်းကျောင်းရတာ မလွယ် ဘူး၊ မိဘကို အရှက်ခွဲနိုင်တယ်၊ ငါ့မှာ သားတွေပဲရှိစေရမယ်"

ကိုဇော် ... ရှင်က သမီးမိန်းကလေးမွေးရင် ယူရမယ့်တာဝန် တွေကို မယူချင်တာမဟုတ်လား ... အဝတ်အစားကအစ ... ထိန်းကျောင်းရတဲ့ကိစ္စတွေ မလုပ်နိုင်ဘူးလေ။ ရှင်က ရှင့်အရက်ဖိုးနဲ့





ရှင်တစ်ယောက်ထဲ ကောင်းကောင်းစားသောက်ဖို့ပဲ လုပ်ချင်တယ်။ ဒေါ်မေသစ္စာတွေးမိနေရင်း မျက်ရည်တွေက လိမ့်ဆင်းကျလာနေ သည်။ ရှံ့ကိုလည်း သနားတယ်။ သမီးရှံကိုကြည့်မိတိုင်း မိမိမျက်ရည် မဆည်နိုင်ခဲ့။ ရှေ့ရေးအတွက် စိတ်လည်းပူမိ၏။ ဘာဖြစ်လို့လဲဆို တော့ ယောက်ျားအစစ်တစ်ယောက်ရဲ့စိတ်ထက် ပိုမိုပြင်းပြလွန်း နေသည်။

"ယောက်ျားလေးဆိုတော့ အဝတ်အစားလည်း သက်သာ တယ်၊ အလှအပလည်း ပြင်စရာမလိုတော့ဘူးမဟုတ်လား မသစ္စာ ဘယ်လောက်ကောင်းလဲ ... တို့မှာ သားသုံးယောက်ပဲ"

ကိုခင်ဇော် တစ်ကိုယ်ကောင်းသမား အတ္တကြီးလွန်းသည်။ အရက်ပဲအမိက သားသမီးကိုလည်း ဆုံးမသွန်သင်မှုမရှိဘူး။ သားနှစ် ယောက်ကတော့ ကိုခင်ဇော့်လမ်းကြောင်းပေါ်မှာ လျှောက်နေကြ ပြီဖြစ်သည်။

"အဟင့် ... အဟင့် ... အဟင့်"

"အမေရာ ... မငိုပါနဲ့တော့ဗျာ ... ဒီယောက်ျားနဲ့ပေါင်းလာ တာပဲ သည်းခံလိုက်ပါနော်"

"မင်းကြောင့်ပဲရှံ ... အမေစိတ်မချတာ မင်းပဲ"

"ရှံ့အတွက် ဘာပူစရာရှိလဲအမေရာ ... ရှံက လူကောင်းသူ ကောင်းပဲလုပ်မှာ အရက်မူးတာကြီးကိုမကြိုက်ဘူး ... မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဘာမှမလုပ်ဘူးဗျာ၊ စိတ်ချပါ"

ချစ်ဝန်းရံလို့ နာမည်ပေးထားတဲ့ရံက ... တကယ်တော့ မိန်းမချောလေးတစ်ယောက်ပါ။ ငယ်စဉ်က မျက်တောင်ကော့လေးတွေ ရှည်ရှည်ထွက်လာတာ ရှက်လို့ဆိုပြီး ညှပ်ညှပ်ပစ်နေတတ်လို့ ဒေါ်မေသစ္စာတားနေရသည်။ ဒါတောင် ခိုးခိုးညှပ်ပစ်တတ်၏။ နှာတံစင်းစင်းလေး မျက်ဝန်းညို့ညို့နက်နက် ကျယ်ကျယ်လေးများက ဖွဲ့မက်စရာ ကောင်းလွန်းနေသည်။

"အမေ"

"ဟင်"

"ရံ့ကို ဘာဖြစ်လို့ မျက်လုံးပြူးကြီးတွေနဲ့ ကြည့်နေရတာလဲ"

"ဘာမှမဟုတ်ပါဘူး ... ရံ့ကိုလိမ္မာစေချင်တယ် ... အမေ ရပ်တည်နေတာကလေ ရံ့အတွက်ပဲ"

"စိတ်ချပါအမေရာ ... ရံအလုပ်လုပ်မယ်"

"ဟင် ... ဘာအလုပ်လုပ်မှာလဲ ... ရံ တက္ကသိုလ်ဆက်တက်လေ"

"ဘယ်ကပိုက်ဆံနဲ့ တက်ရမှာလဲအမေရာ ... စာပေးစာယူပဲ တက်မယ်၊ ရံအလုပ်လျှောက်မယ် အရေးကြီးတာက ရံ့မှာဝင်ငွေရှိဖို့ ဖြစ်မယ်လေ"

"အမေ့အတွက်လား ... မလိုဘူးနော်ရံ ... အမေဈေးရောင်း





ပြီး ရံ့ကိုဘွဲ့တစ်ခုရစေချင်တယ်၊ အမေထားနိုင်အောင်ကြိုးစားမှာပါ။ အခုတော့ အမေနေမကောင်းဖြစ်သွားလို့ ပိုက်ဆံကပြတ်သွားတာပါ"

ရံ့လိုယောကျ်ားလျာတစ်ယောက်ကို ... ဘယ်အလုပ်ရှင်က ခန့်မှာလဲ။ ရံပညာတတ်ဖို့လိုတယ်။ ပြီးတော့ သင်တန်းတွေဘာတွေလည်း တက်ဖို့လိုအပ်မယ်ထင်တယ်။ မဖြစ်ဘူး ရံ့အတွက် လုပ်ပေးရမယ်။ မိမိ ပေါ့လျော့နေလို့မဖြစ်ဘူး။ အောင်စာရင်း ထွက်ပြီးတာလည်း သိပ်မကြာသေးလို့ ဒေါ်မေသစ္စာကတော့ ငွေရှာဖို့ စဉ်းစားထားသည်။

"အမေကတော့ ... အရက်မူးလွန်ပြီး အိပ်သွားပြီထင်တယ် ရံထွက်ကြည့်လိုက်ဦးမယ်နော်"

"ရံရယ် အမေတော့လေ ခင်းကြောင့်နာကျည်းစိတ်တွေနဲ့ သေပစ်ချင်လာပြီ၊ ဒီဝဋ်ကနေကျွတ်ချင်နေတယ်၊ ရံလေးအတွက်ကြောင့် အမေ ခင်းနဲ့ဝေးရာကို မပြေးနိုင်သေးတာပါ"

ရံအပြင်ထွက်လာတော့ အဖေက ကြမ်းပြင်မှာဆန့်ဆန့်ကြီး အိပ်မောကျနေတာ ဟောက်နေသေးသည်။ အဖေ့အနားမှာဖန်ခွက်ကွဲတွေ အမေ့ကိုဆူဆဲပြီး ပစ်ပေါက်ခွဲနေကျပါ။ စိတ်ပျက်စရာကောင်းတယ်။ ဒါကြောင့်လည်း ယုန်ဖြူ့အဒေါ်က အထင်သေးနေတာ ... ရံတို့မိသားစုဘဝထဲကို ဘယ်သူကဝင်စေချင်မှာလဲ။ ရှင်



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်း၏။ ရုံဘာဆက်လုပ်ရမလဲ ... အမေကတော့ ထုံးစံအတိုင်း မျက်ရည်တွေသုတ်ပြီး အဖေ့အနားက အကွဲအရှတွေနှင့် ပွရှုပ်နေတဲ့စားစရာတွေကို သိမ်းဆည်းနေသည်။

"အမေ"

"ဟင်"

"ရုံအပြင်ခဏသွားဦးမယ်နော်၊ စိတ်မပူနဲ့"

"ဘယ်သွားမလို့လဲရုံရယ် အမေစိတ်ပူတယ်၊ ထမင်းစားပြီးမှ ထွက်လေ"

အမေက ရုံအပြင်ထွက်တိုင်း စိတ်ပူနေတတ်သည် ... ရုံက ပြဿနာ ဘယ်တော့မှမရှာပေ။ ကိုကိုကြီးနဲ့ကိုကိုလေးကတော့ ရန်ဖြစ်တာကများနေ၏။ ရုံက ဆွဲသမား။ သူ့အပြင်ကိုထွက်လာတာ ဦးတည်ရာမဲ့နေသလိုပင် ... ယုန်လေးကိုသတိရပေမယ့် ယုန်ဖြူအဒေါ်က နည်းနည်းတင်းမာချင်နေသည်။ ရုံသိတာပေါ့ ... ယုန်ဖြူနဲ့ ပတ်သက်ဆက်ဆံတာပင် မနှစ်သက်ချင်။ ယုန်ဖြူ့ကိုတွေ့ချင်ပေမယ့် စိတ်ကိုထိန်းချုပ်ပစ်ရသည်။

"ဒီကိစ္စကို ဘယ်သူ့မှမသိစေနဲ့နော်ရုံ၊ အန်တီနှင်းသိမှာလည်း ကြောက်တယ်"

သူရယ်ပစ်လိုက်သည်။ ယုန်ဖြူလေးအကြောင်း စဉ်းစားမိတော့လည်း စိတ်ကပျော်ရွှင်တက်ကြွလာရသလိုပင်။ ယုန်ဖြူလေး





အိမ်နားအထိရောက်သွားပြီးမှ ... အားကစားကွင်းဘက်သို့ ဆက်လျှောက်ခဲ့သည်။

"ယုန်ဖြူလေး ... မင်းကိုတော့ ကိုယ်အရမ်းချစ်တယ်၊ တွေ့လည်းတွေ့ချင်တယ်ကွာ၊ ရင်ထဲမှာ အရမ်းခံစားရတယ်"

ရုံ အားကစားကွင်းထဲအဝင်တွင် ... ရန်ပွဲတစ်ခုဖြစ်နေ၍ ရုံ့ခြေလှမ်းတွေ တုန့်သွားရသည်။ ဘယ်သူတွေဖြစ်နေတာလဲ။ ရုံ သေသေချာချာကြည့်လိုက်တော့ ကိုကိုလေးဖြစ်နေသည်။ သူ့စိုးရိမ်တကြီးနှင့် လှစ်ခနဲ ပြေးဝင်လိုက်၏။ ကိုကိုလေးနှင့်လူတစ်ယောက် ထိုးကြိတ်နေသည်။

"ဟေ့ကောင် ... မင်းဘာစကားပြောတာလဲ ပြန်ပြောစမ်း"

"ခွပ် ... ခွပ်"

"အား"

"ခွပ် ..."

"ကိုကိုလေး"

"ဟင် ... ရုံ"

"တော်ပါတော့ဗျာ ... ဟိုမှာလဲနေပါပြီ"

ကိုကိုလေးထိုးနေတဲ့ကောင်က သေသေချာချာကြည့်လိုက်တော့ ကိုကိုလေးသူငယ်ချင်းဖြစ်နေသဖြင့် ရုံ အံ့ဩသွားရသည်။

"မှတ်ထား ... သူငယ်ချင်းလည်းမရှာဘူး ... မင်းသေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော့်ပါတော့ဗျာ ... အချင်းချင်းတွေပဲ ပြန်မယ်ကိုကိုလေး ဟော့လူ ရလား"

"အား ... ကျွတ် ... ကျွတ်"

"ပြန်မယ်ရှံ လာ ... သွားကြည့်မနေနဲ့ မင်းကိုသူငယ်ချင်း အဖြစ်က ရပ်လိုက်ပြီ ထွီး ... "

ကိုကိုလေးက ဆောင့်ကန်မည်ပြုပြန်၍ ရှံအတင်းဆွဲခေါ် လာရသည်။ ကိုကိုလေးသူငယ်ချင်းကတော့ ... သွေးအလိမ်းလိမ်းနဲ့ ပြဿနာတက်မလားပဲ ...

"ကိုကိုလေးရာ ဘာဖြစ်လို့ကွိုင်ရှာရတာလဲ ... အိမ်မှာလည်း ပိုက်ဆံမရှိဘူးလေ ... အဖေနဲ့အမေတောင် ကြက်ဉနှစ်လုံးဝယ်ခိုင်းတာ မဝယ်လို့ဆိုပြီး အကြီးအကျယ်ဆဲဆိုရန်ဖြစ်ကြပြီးပြီ"

ကိုကိုလေးကတော့ ညီမလေးဖြစ်သူကိုကြည့်ပြီး ဝမ်းနည်းကြေကွဲလာသည်။ ဒီကောင်ဉာဏ်ထွန်းလေ ရှံကိုထိပါးပုတ်ခတ်ပြောလို့ သူ့အသေထိုးပစ်ခဲ့တာပါ။ ရှံ့ကိုမိန်းကလေးလို ကိုကိုလေးလည်းမမြင်မိ။ ယောကျ်ားလေးအဖြစ်ပဲ ကြိုက်တယ်။ အဖေ့လိုပဲလေ။

"ယောက်ဖ မင်းညီမကအရမ်းချောတယ်ကွ၊ မိန်းကလေးဆိုရင် အရမ်းအသုံးဝင်မှာ အခုတော့ ... ယောကျ်ားလျာဖြစ်နေတာ နမြောစရာကောင်းလိုက်တာကွာ"





"ဟော့ကောင် မင်းဘာပြောတာလဲ"

"ယောကျ်ားလျာဆိုတာ ... ဘယ်လိုလုပ်ကောင်းမှာလဲ၊ ဆိုမရောက်ဒီမရောက်နဲ့ မင်းညီမကိုလွှတ်မထားနဲ့နော်"

"ခွပ်"

"ဘာဖြစ်တာလဲကိုလေး မင်းကိုငါက စေတနာနဲ့သတိပေးတာပါ"

"ငါ့မှာ ညီမဆိုတာလုံးဝမရှိဘူး ... ညီပဲရှိတာ"

သူ့ဒေါသတကြီးနှင့် သူငယ်ချင်းဉာဏ်ထွန်းကလည်း ပထမတော့ ခံနေရာကနေပြန်ထိုး၏။ ကိုကိုလေးက ဗလတောင့်၍ ဉာဏ်ထွန်းပဲ ခံရသည်။

"တကယ့်ကို ပြဿနာပဲဗျာ၊ အိမ်မှာအမြဲတမ်း ကွိုင်ပူနေတာပဲ၊ ဟိုလူကတိုင်ရင် ဘယ်လိုလုပ်မလဲ ကိုကိုလေးကိုဘာပြောလို့လဲ"

"ထားလိုက်ပါတော့ မင်းပဲပြဿနာမဖြစ်စေနဲ့ရှံ၊ သတိထားနေကွာ"

"ရှံက အေးဆေးပဲ"

ကိုကိုလေးမျက်နှာပေါ်မှာလည်း ဖူးယောင်ဒဏ်ရာတွေရထား၍ ရှံနှင့်အတူ လမ်းမပေါ်မှာထိုင်နေရပြီး အိပ်ချိန်ရောက်မှပြန်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"မင်းတို့ရန်ပဲဖြစ်နေကြ အသုံးမကျတဲ့သားတွေ ကြည့်စမ်းပါဦး ... ဒဏ်ရာတွေ"

ဒေါ်မေသစ္စာ တွေ့ရမြင်ရတာ စိတ်ထိခိုက်ကြေကွဲစရာတွေပဲဖြစ်နေသည်။ သူ့အဖေနဲ့သားကြီးတို့က ညက ရေချိုးလွန်လာပြီး အိပ်ရာထဲမှာလဲနေကြ၏။ ညကတစ်ညလုံး အော်ဟစ်သောင်းကျန်းနေတာပါ။ သားငယ်က ရန်ဖြစ်လာသည်တဲ့ ...

"မင်းဘာဖြစ်လို့ ရန်ဖြစ်ရတာလဲသားငယ် ... အမေတို့မှာ ပိုက်ဆံမရှိဘူး ဟိုကောင်လေးက ရဲကိုတိုင်ရင် ဘယ်လိုလုပ်ကြမလဲ"

"ဉာဏ်ထွန်းပါ အမေ"

"အမယ်လေး ဒီလောက်ခင်တဲ့သူငယ်ချင်းတွေ မင်းတို့မှုးနေကြတာလား"

"ရဲ့အကြောင်းပြောလို့ပါ အမေရာ"





ဉာဏ်ထွန်းက ရဲ့ကိုပြောတာတွေ အမေ့ကိုလည်း ပြန်မပြောချင်။ အမေက စိတ်သောက ရောက်တတ်သည်။

"ရဲ့ကို ယောက်ျားလျာလို့ ပြောကြပြန်ပြီလား"

"အင်း"

"ပြောလည်းပြောချင်စရာပဲလေ ... မိသားစုက သူများပြောစရာဖြစ်နေတာပဲ"

"အမေကလည်းဗျာ ... ကျွန်တော်တို့မှာ ... ညီအစ်ကိုသုံးယောက်ထဲရှိတာပဲ၊ လူတွေကိုက အတင်းအဖျင်းပြောချင်ကြတယ်လေ"

"မင်းတို့သားအဖတွေကြောင့် ခက်တာပဲကွယ်"

သားတွေကိုယ်တိုင်ကလည်း ... ညီမလေးမလိုချင်ကြ။ ညီလေးပဲ ... မခက်ကြဘူးလား။

"အမေ"

"ဟင်"

"ဒီအကြောင်းတွေ ရဲလုံးဝမသိပါစေနဲ့"

"အေးပါ"

"ကျွန်တော်တို့မှာ ညီလေးပဲရှိတာပါ ... မိန်းကလေးဆိုရင် ယောအ်ရှုပ်တယ်"

"ယောက်ျားလေးစိတ်ပေါက်နေတာကိုက အန္တရာယ်ကိုဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေသလိုပဲသားငယ်ရယ် … မင်းတို့ကအစ်ကိုတွေပဲ ရှေ့ဆောင်လမ်းပြ ကောင်းရမယ်"

"တော်ပြီဗျာ … စိတ်ညစ်ရတဲ့အထဲ အမေကဆူပွက်နေသေးတယ်"

သားငယ် ထသွားသည်။ ခေါ်မေသစ္စာ စိတ်ဆင်းရဲလိုက်တာ ဘယ်လိုလုပ်ရမှန်းပင်မသိတော့ … ရုံ့ကိုမိန်းကလေးစစ်စစ်အဖြစ်ပဲ မြင်တွေ့ချင်နေသည်။ စိတ်ပူရတယ်။ ရင်တွေမီးတောက်မတတ်ပဲ။

"အား … အင်း … မသစ္စာ … မသစ္စာ"

"ရှင် … လာပါပြီ"

ယောက်ျား နိုးလာပြီ။ မနက်စာလည်း မစယ်ရသေးဘူး။ ရုံကလည်းအိပ်နေတုန်းပဲ။ အငယ်ကောင်က တစ်ကိုယ်လုံးကိုက်ခဲနေ၍ ပြန်အိပ်နေသည်။

"မသစ္စာ"

"ရှင်"

"မနက်စာ ဘာဝယ်ထားလဲ"

"မဝယ်ရသေးဘူး"

"ဘာပြောတယ် … ပိုက်ဆံမရှိလို့မဝယ်တာလား … မင်းက စေတနာမရှိလို့ မဝယ်ထားတာလား"

"မဟုတ်ပါဘူး … တစ်မနက်လုံး အလုပ်တွေနဲ့ရှုပ်နေတယ်၊





ရှင့်သားငယ်က ရန်ဖြစ်လာတယ်လေ၊ ဒဏ်ရာတွေနဲ့ ရဲတွေလာလို့ပေါ့"

"ဟုတ်လား … ဖြစ်ပါစေ ခံလာရတာလား … ဒီကောင်တွေ အသုံးမကျဘူး … လက်ဦးအောင်ချခဲ့ရမယ်လို့ ပြောထားတာ"

"ရှင်ကလည်း သားတွေကိုဆိုးမသင့်ပါတယ် … ရန်ဖြစ်လို့ သူများကိုရိုက်ခဲ့ရင်လည်း ထောင်ကျမှာနော်"

"ကျကျကွာ … ယောက်ျားလေးပဲ ထောင့်အပြင်တန်းမရှိဘူး … ကြောက်စရာလား"

ကိုခင်ဇော်ကိုဆက်ပြောနေလျှင် အကုသိုလ်က ပိုများရမည်ဒင်းကမြှောက်ပေးနေသေးသည်။

"ကျွန်မ မုန့်ဟင်းခါးသွားဝယ်ဦးမယ်၊ ရှင်စောင့်ပါဦး"

"သွား … သွားကွာမြန်မြန် မင်းနေးကွေးတယ်၊ ဘာအသုံးမှမကျဘူး"

ပြောပြီ။ ဘယ်လောက်ပဲလုပ်ပေးပါစေ အကောင်းမပြောချင်။ အသုံးမကျဘူးဆိုတဲ့စကားတွေကို အလွတ်ကျက်ထားသည်။ မိမိ ရန်မဖြစ်ချင်၍ ထွက်လာခဲ့၏။ ဈေးသည်ကိုခေါ်၍ အမြန်ဝယ်ရသည်။

"ရော့"

"ပေးစမ်းပါဟာမြန်မြန် … ညက ငါဘာမှမစားရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်ဇော်ကိုပေးပြီး မိမိဈေးရောင်းဖို့ပြင်ရသည်။

"အမေ"

"ဟင် ... ရဲ နိုးပြီလား ... အမေ မုန့်ဟင်းခါးဝယ်ထားတယ်၊ စားလိုက်နော် အမေဈေးရောင်းသွားတော့မယ်"

"အမေ"

"ပြော"

"ရဲ အလုပ်ရှာမယ်"

"ဘာပြောတယ်ရဲ မဖြစ်သေးပါဘူး ...တခြားသူတွေတောင် အလုပ်မလုပ်သေးတာပဲ"

"သူတို့ကသူတို့ပဲ ... ရဲကရဲပဲလေ"

ရဲကတော့ ချစ်သူရှိတယ်အမေ ... ရဲအလုပ်မရှိအကိုင်မရှိ လူပျင်းတော့မဖြစ်ချင်ဘူး။ အမေက သားသမီးတွေကို အလုပ်တွေ အတင်းမလုပ်စေချင်လို့ပေ ...

"ရဲရယ် ... ခဏလေးနားနေစမ်းပါ သင်တန်းတွေတက်လေ အမေပိုက်ဆံရှာပေးပါ့မယ်"

"ရပါတယ်အမေရာ ... ရဲအလုပ်ပဲရှာမယ်အမေ ဝင်ငွေရှိချင်တယ်"

ယုန်ဖြူနှင့် ချစ်သူတွေဖြစ်နေကြပြီဖြစ်၍ ရဲအလုပ်လုပ်ချင်သည်။ မိန်းမတစ်ယောက်အားကိုးလောက်တဲ့ ယောကျ်ားဖြစ်ချင်





နေ၏။ အမေက သင်တန်းတက်ဖို့လည်း စဉ်းစားထားဆိုပြီး ထွက်သွားသည်။ အမေက ဈေးရောင်းတဲ့အလုပ်ကို သားသမီးတွေကို မခိုင်းစေရှာ။ တာဝန်ကျေလွန်းတဲ့အမေဖြစ်သည်။

"ဟေ့ကောင်ရဲ ... ကိုကိုကြီးကိုမုန့်ထည့်ပေးစမ်း"

"ဟုတ်ကဲ့ ကိုကိုကြီး"

"နေဦး ... ငါ့ကို အရက်ပုလင်းယူပေး ... မနက်ခေါင်းကိုက်နေတယ် ... ဖြေရမယ်"

"ဟုတ်ကဲ့"

ရဲကတော့ အစ်ကိုတွေနှင့်စကားမများလို၍ ခိုင်းတာတွေ လုပ်ပေးလိုက်သည်။ ကိုကိုကြီးရသမျှ အရက်ဖိုးနဲ့ပဲကုန်နေခဲ့၏။ အမေက ဈေးရောင်းပြီး ငွေရှာပေးရသေးတယ်။ သားသမီးတွေ စားဖို့ မနက်စာ နေ့လည်စာ ညစာအကုန်စီစဉ်ပေးထားသည်။

"အေ့ ... "

"အေ့ ... အေ့"

"မုန့်ဟင်းခါးမြန်မြန်ထည့်လာစမ်းပါဟ နင်ကလည်း"

"အင်းပါ ... ကိုကိုကြီးကလည်း"

ရဲခပ်သွက်သွက်လေးထည့်ပေးနေသည် ... အဖေက ... စားသောက်၍ အပြင်ထွက်သွားပြီဖြစ်၏။ ကုမ္ပဏီကြီးတစ်ခုမှာ အဖေက အစောင့်ပါ။ အခုတလော ... နံနက်ဂျူတီကျနေ၍ အဖေ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သွားတာဖြစ်သည်။

"မျက်နှာလေးဘာလေး သစ်ပါဦးဗျာ … ကိုကြီးကလည်း"

"မလိုပါဘူး … ရပါတယ်ကွာ၊ ပေးစမ်းပါ ဗိုက်ဆာနေလို့"

ကိုကိုကြီးခိုင်းတာတွေလုပ်ပေးပြီး ရှံလည်း မုန့်ဟင်းခါးစားသည်။ ကိုကိုလေးရော သတိရမိသွား၏။ ညက ဒဏ်ရာတွေနှင့် အမေသိသွားပြီလား။ အမေ စိတ်မကောင်းဖြစ်ရတာတော့ ရှံမကြိုက်။ မုန့်ဟင်းခါးကိုအမြန်စားပြီး ကိုကိုလေးအခန်းထဲ ဝင်လာခဲ့သည်။

"ကိုကိုလေး"

"ဟင်"

"အမေ ဆေးထည့်ပေးထားတာလား"

"ဟုတ်တယ် … အား … တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတယ်ရှံရာ ကျွတ် … ကျွတ် …"

"ဘာစားပြီးပြီလဲ"

"မစားရသေးဘူး"

"အမေ မုန့်ဟင်းခါးဝယ်ထားတယ်လေ၊ ရှံ သွားထည့်ပေးရမလား"

ရှံ … ညီမလေးပါ။ ဒါပေမဲ့ … ကိုကိုလေးတို့မိသားစုက ယောကျ်ားလေးအဖြစ်ပဲ မြင်တွေ့ချင်ခဲ့ကြသည်။ ထို့ကြောင့်ပင်





အဖေကစ၍ မွေးကင်းစလေးထဲက ယောကျ်ားလေးတစ်ယောက်အသွင် သွတ်သွင်းထားလိုက်ကြသည်။

"ဆေးရော ကိုလေး … ရှိလား"

"ဝယ်ပေးဟာ … ကိုလေး ဆေးတော့သောက်ရမယ်"

"အင်း … မုန့်ဟင်းခါးထည့်ပေးပြီးရင် သွားဝယ်ပေးမယ်"

ကိုလေးအတွက် မုန့်ဟင်းခါးထည့်ပေးပြီး … ဆေးဝယ်ဖို့ ရှံအပြင်ထွက်ခဲ့သည်။ လမ်းတွင် ကိုလေးသူငယ်ချင်း ကိုညဏ်ထွန်းနှင့်ဆုံ၍ ရှံသွားပြီးတောင်းပန်စကားပြောရ၏။ သူလည်း မျက်နှာမှာ ဖူးရောင်ဒဏ်ရာတွေနှင့် နာကျင်နေပုံရသည်။

"ကိုညဏ်ထွန်း … ညကအဖြစ်အပျက်အတွက် တောင်းပန်ပါတယ်ဗျာ ဘယ်လိုဖြစ်ရတာလဲ ဒီလောက်ခင်ကြတဲ့သူငယ်ချင်းတွေဟာ"

ချစ်ဝန်းရှံကိုတွေ့တော့ … ညဏ်ထွန်း မိန်းကလေးတစ်ယောက်အဖြစ်ပဲ မြင်နေခဲ့သည် … ရှံ တော်တော်ချောတာပဲ။ ယောကျ်ားလေးစိတ်ဖြစ်နေတာကို ညဏ်ထွန်းနှမျော၍ ပြောမိတာကို ဒီကောင်က ထထိုးတာပါ။ ညဏ်ထွန်းလည်း တော်တော်လေးခံလိုက်ရသည်။

"ကိုလေးအတွက် ဆေးလာဝယ်တာလား"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း တော်တော်ခံလိုက်ရတယ်၊ နာလိုက်တာဟာ"

"နေပါဦး ... ကိုလေးကို ဘာတွေသွားပြောလို့လဲ"

"ဘာမှမဟုတ်ပါဘူးဟာ ... ထားလိုက်ပါတော့"

"ဆေးဖိုး ရှံပေးလိုက်ပါ့မယ်"

"နေပါ ရှံရယ်"

ကိုညဏ်ထွန်းကိုအားနာပြီး ... ရှံ ဆေးဖိုးအတင်းပေးထားခဲ့သည်။ သူငယ်ချင်းမို့ သက်ဆိုင်ရာမတိုင်တာပါ။ တော်သေး၏။ ကိုညဏ်ထွန်းဒဏ်ရာက ပိုများနေသည်။

"သွားပြီဗျာ ... တောင်းပန်တယ်နော်၊ ကိုလေးလည်း ခံစားနေရတယ်၊ အိပ်ရာထဲမှာလေ အချင်းချင်းတွေပဲ"

"ရှံ"

"ဗျာ"

"ဩော် ... ဘာမှမဟုတ်တော့ပါဘူး သွားတော့"

ကိုညဏ်ထွန်းနဲ့ကိုလေးတို့ မိန်းကလေးတစ်ယောက်ကိုများ လုနေကြတာလားပဲ။ မျက်နှာကမသာမယာ ရှံပြန်လာခဲ့သည်။

"ကိုလေး ... ရှေ့ ... ဆေးဆိုင်ကစပ်ပေးလိုက်တာလေ၊ ပြီးတော့ ရှံနဲ့ကိုညဏ်ထွန်း ဆုံတယ်"

"ဘာ"

"ကိုလေးကလည်း ဘာဖြစ်ရတာလဲဗျ ... ဒေါသတကြီးနဲ့"





"ဒီကောင်ဘာပြောလဲ နင် ... နင်လုံးဝအရောမဝင်နဲ့နော်"

"ဘာ့မှမပြောပါဘူး ... ဆေးလာဝယ်တာပါ ကိုလေးရ"

"တောက်"

"တော်ပါတော့ဗျာ ... ဘာတွေများ မုန်းတီးစရာတွေရှိနေကြလို့လဲ ... အရင်က လည်ပင်းဖက်ပေါင်းနေကြပြီးတော့"

"ဒီကောင့်အကြောင်း ဆက်မပြောနဲ့တော့ရှံ ... သစ္စာမရှိတဲ့ကောင် ... လူယုတ်မာ"

"ကေန္တတော့ ကိုလေးရှုံးစားကိုလုလို့လား"

"ဟာ ... ဘာတွေလာပြောနေမှန်းမသိဘူး၊ သွားတော့"

သူ့ကိုယောက်ဖခေါ်လိုက်တာကို ဒေါသဖြစ်၍မဆုံးတော့။ လည်ပင်းညှစ်၍ သတ်ပစ်ချင်နေသည်။ ရှံ့ကိုချစ်တဲ့အကြောင်း အရိပ်အမြွက်တွေပြောနေ၍ ကိုလေးထထိုးပစ်မိခြင်းဖြစ်၏။ ရှံ့ကို ကြည့်၍ တစ်ခါတစ်လေလည်း စိုးရိမ်ပူပန်မှုတွေနှင့် သနားမိသည်။

"မိန်းကလေးက ... မိန်းကလေးသဘာဝပဲ ကောင်းမယ်သားရယ် ... သဘာဝလွန်ကဲသွားနိုင်တယ်၊ အန္တရာယ်ဘယ်လောက်ကြီးလဲ၊ အမေ ဘယ်တော့မှ စိတ်မအေးနိုင်ဘူး၊ အမေက သမီးလေးတစ်ယောက် မွေးထားတာပါ"

အမေနှင့်ကိုကြီးကလည်း ရှံ့ကို ယောကျာ်းလေးပဲ ဖြစ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး"

"ဟင်"

"ဆေးသောက်နော်"

"အင်း"

"ဘာလုပ်ပေးရဦးမလဲ"

"ရို"

"ဗျာ"

"ညဏ်ထွန်းနဲ့ လုံးဝအရောတဝင်မလုပ်နဲ့နော်၊ ဒီကောင်က အကျင့်မကောင်းဘူး"

"ဘာလုပ်လို့လဲ ကိုညဏ်ထွန်းက ကိုလေးလောက်တောင် အရက်မသောက်ဘူး မဟုတ်လား"

"ရို မင်းတော်တော်ပြောရခက်ပါလား ... ငါက မပတ်သက်နဲ့ ဆိုရင် မပတ်သက်နဲ့တော့ကြားလား"

"အင်းပါဗျ ... သူတို့ဟာသူတို့ ဖြစ်တဲ့ပြဿနာကိုများ ဘာတွေလဲ"

ရို အပြင်သို့ ပြန်၍ထွက်လာရင်း ကိုလေးအား မကျေမနပ် ဖြစ်ရသည်။

ရို့ကိုအငယ်ဆိုပြီး မညှာတာချင်ကြ။ ပြောဆိုဆူပူကြချင် ကြသည်။ ဘာတွေလဲ ... ကိုလေးဒေါသဖြစ်တာ နည်းနည်းလွန်မနေ့





ကိုကြီးလောက် ပြဿနာမဖြစ်တတ်သူပါ။

အရေးကြီးတာက ရို့နှင့် ယုန်ဖြူ့ကိစ္စပဲ။ အိမ်မှာရှိနေရင် ဘယ်တော့မှပျော်ရွှင်စရာမရှိဘူး။ ပြဿနာတွေက တစ်နေ့တစ်မျိုး မရိုးစေရ။

ရို အလုပ်လုပ်မယ်။ ချစ်သူ ရှိနေပြီပဲ။ ယုန်ဖြူ့ကို သတိရ လိုက်တာနော်။ တွေ့ချင်ပေမယ့် အန်တီနှင်းက ခဏခဏ ဝင်ထွက် တာမျိုး မကြိုက်ဟန်ပြလာ၍ အရင်ကလောက် မသွားရဲတော့။

ရို အလုပ်တစ်ခုခုလုပ်မှ ဖြစ်မှာပါ။

ဝင်ငွေရှိချင်တယ် ... ပိုက်ဆံတွေစုရမယ် ... ကိုယ့်ချစ်သူကို လက်ဆောင်တွေ ဝယ်ပေးချင်သည်။ အမှတ်တရတွေ ရှိချင်နေ၏။ ဘယ်သွားရမှန်းမသိ၍ လမ်းဘေးပလက်ဖောင်းမှာပဲ ထိုင်မိနေ သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

"ယုန်ဖြူ"

"ဟင် … ရဲ"

"အန်တီနှင်း ဈေးသွားပြီမဟုတ်လား … ကိုယ်ချောင်းနေတာလေ"

"ရဲရယ်"

ယုန်ဖြူ အထိတ်တလန့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရကာ သင်တန်းသွားဖို့ ပြင်ဆင်နေတာဖြစ်၍ ရဲနှင့်မတွေ့ချင်ပဲ ဖြစ်သွားသည်။

"ဟော … ယုန်ဖြူလေး ဒါကဝတ်စားပြင်ဆင်ပြီး ဘယ်လဲ"

"သင်တန်းသွားရမယ်လေရဲ … အန်တီနှင်းက … အတင်းပဲ Speaking သင်ဖို့ သွားအပ်တယ် … ယုန်ဖြူ သွားရမယ်"

ယုန်ဖြူ့အလှအပတွေ ဝတ်စားပြင်ဆင်ထားတော့ ရဲခံစားရ





သည်။ မနာလိုဝန်တိုလည်း ဖြစ်သွားသည်။

"ရဲလည်း လိုက်ခဲ့မယ် … အမေကကိုယ့်ကိုလည်း သင်တန်းတက်ခိုင်းနေတာလေ၊ ကိုယ်လည်းလိုက်စုံစမ်းမယ်"

"ကောင်းတယ်ရဲ … ယုန်ဖြူလည်းအဖော်ရတာပေါ့"

ယုန်ဖြူလည်းတစ်ယောက်ထဲ … အပြင်ထွက်လေ့မရှိ၍ ကြောက်နေတာပါ။ ရဲရောက်လာတော့ အဖော်ရသွားသည်။

"တစ်ယောက်ထဲသွားတဲ့အကျင့် လုပ်စမ်းပါယုန်ဖြူ ဘာဖြစ်လဲ သတ္တိရှိစမ်းပါ"

"အန်တီနှင်းကလည်း အနီးကပ်လိုက်ပြီး မစောင့်ရှောက်နိုင်ဘူးလေ"

"ရဲနဲ့သွားမယ်လေ"

"အန်တီခင်ကတော့ မကြိုက်ဘူးနော်၊ ဒါပေမယ့် ပထမဆုံးနေ့တွေဆိုတော့ ခေါ်ချင်ခေါ်သွားလေ"

"ရဲနဲ့က စိတ်မပူပါနဲ့အန်တီခင် ဘာမှမဖြစ်ပါဘူး"

ဘာမှမဖြစ်ပါဘူးဟုသာ ပြောလိုက်ရတာ ရဲက ယုန်ဖြူ့လက်လေးကို တစ်လမ်းလုံးဆုပ်ကိုင်ထားသည်။ အကြည့်တွေကလည်း စူးစူးရှရှ … ယုန်ဖြူ့ရှက်မိ၏။ ရဲ့ကိုလည်း မဆန့်ကျင်ရဲ။ ဒီကောင်က ဒေါသကုမ္ဘာရလေ … ။

"ယုန်ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ်အလုပ်လုပ်တော့မယ်"

"ဘာအလုပ်လဲ"

"ရှာရဦးမယ်လေ ... ကိုလည်း သင်တန်းတွေတက်ရမယ်၊ ကိုယ်အပြတ်ကြိုးစားမယ်ယုန်ဖြူ မင်းအတွက် ... "

"အမေ့"

ပြောပြောဆိုဆိုနှင့်ရုံက ... သူမပခုံးကို လာဖက်လိုက်ရာ ပတ်ဝန်းကျင်ကိုဖြူးတူးပြဲတဲကြည့်ရင်း ... ရုက်စရာကြီးရုံရာ ဖယ်ဟု ပြောပေမယ့်မရ။ ပိုရှိတင်းကြပ်နေအောင်ဖက်တော့ ယုန်ဖြူမပြော ရဲ။ အသိအကျွမ်းတွေက တစ်ယောက်ယောက်တွေ့သွားမှာလည်း ယုန်ဖြူကြောက်လာမိသည်။

"ယုန်ဖြူဘာဖြစ်နေတာလဲ ... မင်းခန္ဓာကိုယ်လေးက တွန့်နေတာပဲ"

"ပတ်ဝန်းကျင်မှာ ရှက်စရာကြီးရုံရယ်၊ ကျေးဇူးသိက္ခာနဲ့နေစမ်း ပါနော်၊ ယုန်ဖြူရှက်တယ်"

"ဘာရှက်စရာရှိလို့လဲယုန်ဖြူ ... ကိုယ်တို့ကချစ်သူတွေပဲ ဟာ"

"ရုံကလည်းဟယ်"

ယုန်ဖြူကြောက်တတ် ရှက်တတ်တာ ရုံအသိဆုံးပင်။ အိမ်ထဲ





မှာပဲ အနေများသည်။ ရုံက အဲဒါကိုပဲ သဘောကျတာပါ။

"လွှတ်ပါရုံရာ ... တော်ကြာ အန်တီနှင်းတွေ့သွားရင်ခက် မယ်၊ ရုံနဲ့ယုန်ဖြူတို့က သူငယ်ချင်းတွေလို့ ပြောထားတာပါ"

"ကောင်းပါပြီဗျာ ... ယုန်ဖြူလေးရှက်နေရင်လည်း ကိုယ့် ချစ်သူ စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်တော့ပါဘူး"

မလုပ်တော့ပါဘူးသာဆိုတာ ရုံကယုန်ဖြူ့လက်လေးကိုဆွဲ ထားဆဲပင်။ ယုန်ဖြူစိတ်တွေ ကျဉ်းကြပ်လိုက်တာ။ ရုံဒေါသတွေ ပေါက်ကွဲမှာ ... လုပ်ချင်တာတွေလုပ်ပစ်မှာ ယုန်ဖြူစိတ်ပူသည်။ ငယ်ငယ်လေးထဲက အတူတူကစားရင်း ကြီးပြင်းလာကြတာပါ။ သင်တန်းရောက်တော့ ယုန်ဖြူအထဲဝင်သွားသည် ... စိတ်ထဲမှာ အသက်ရှူချောင်သွားရသလိုပင် ...

"သွားပြီနော်ရုံ ရှင်ထိုင်စောင့်နေမယ်မဟုတ်လား"

"အင်း"

"ရုံ"

"ပြော"

"ပြဿနာတော့မတက်စေနဲ့နော် ဒါက သူစိမ်းနယ်မြေလေ"

"သွားစမ်းပါယုန်ဖြူရာ ... မှာတမ်းတွေ ချွေမနေစမ်းပါနဲ့ စိတ်ချ ရုံစောင့်နေမယ်"

ရုံ အပြင်ကနေထိုင်စောင့်နေသည်။ ယုန်ဖြူလေးကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှိးသားဖြူစင်လွန်းနေ၍ စိတ်မချ။ သင်တန်းရှေ့မှာထိုင်နေရင်း ချမ်းသာတဲ့သူဌေးတွေကို အားကျနေမိ၏။ ရုံလည်း ချမ်းသာချင်တယ်။ ယုန်ဖြူလေးကို စည်းစိမ်ဥစ္စာတွေအပြည့်ထားချင်နေမိ၏။ ရုံတို့မိသားစုကတော့ တကယ့်ပြဿနာ ပိုင်းရုံခနေသည်။

"ကောင်မလေးတွေကလည်း ချောနေတာပဲ ... ဒါပေမဲ့ ယုန်ဖြူလောက် မရိုးသားဘူး"

ရုံ့စိတ်ထဲမှာ ယုန်ဖြူလေးအား ပို၍ပို၍ပင် ချစ်ခင်မြတ်နိုးနေသည်။ အလုပ်တွေလျှောက်ရမယ် ... ဝင်ငွေရှာမယ်။ ယုန်ဖြူက အမှတ်တွေများတော့ အမြင့်ဆုံးတက္ကသိုလ်တွေမှာ တက်ခွင့်ရမှာပါ။ ရုံ့ကိုယ်ရုံ ဒေါသဖြစ်ရ၏။ တက္ကသိုလ်ဝင်တန်းဖြေစဉ်က ရုံမကြိုးစားခဲ့တာ နောင်တရလို့မဆုံးပေ။

"အဖေကအရက်သမား ... အစ်ကိုတွေက အလုပ်မလုပ်ဘဲ လက်ကျောမတင်းတဲ့လူတွေ ... အမေကဈေးသည် ... ရုံ့ဘဝမှာ မိန်းကလေးတစ်ယောက် အထင်ကြီးစရာဘာမှမရှိဘူး"

ရုံတွေးမိတိုင်း ကိုယ့်ကိုယ်ကို အားငယ်လာသည်။

"ဟေ့ ... ရုံ မင်းဒီမှာဘာလုပ်နေတာလဲကွ"

"ဟာ ... ကိုညဏ်ထွန်း ... ခင်ဗျားဒဏ်ရာတွေနဲ့ ဘယ်လျှောက်သွားနေတာလဲ ... ကိုလေးတောင် အိပ်ရာထဲမှာလဲနေတာ"





"မင်းအစ်ကိုက ပျော့ပဲ"

ကိုလေးသူငယ်ချင်းနှင့် တွေ့ပြန်ပြီ ... ကိုလေးက ... လုံးဝ မပတ်သက်ရဘူးဟုပြောထား၍ ရုံတွန့်နေသည်။ ရုံထိုင်နေတဲ့စားပွဲမှာဝင်ထိုင်ရင်း ရုံ့အနားတိုးကပ်ထိုင်လိုက်၏။ ရုံ့ပုခုံးကိုလည်း ဖက်သည်။

"ရုံ"

"ဗျာ"

"မင်း ဘာလုပ်နေတာလဲ"

"သူငယ်ချင်းယုန်ဖြူကို စောင့်နေတာပါ"

"ယုန်ဖြူဖြူလား"

"ဟုတ်ကဲ့"

ချစ်ဝန်းရုံဆိုတဲ့ ကိုကိုလေးညီမလေးကို ညဏ်ထွန်းကြိတ်ပြီး ကြိုက်နေသည်။ ထို့ကြောင့်ပင် နောက်ကနေလိုက်လာ၍ အခွင့်အရေးရသည်နှင့် ဝင်ရောပစ်လိုက်၏။ ယုန်ဖြူဖြူကလည်း မိန်းမချောလေးပဲ။ မာနကြီးလွန်း၍ အနားပင်ကပ်မရ။ ညဏ်ထွန်းစိတ်ထဲမှာတော့ ချစ်ဝန်းရုံက ပို၍စိတ်ဝင်စားစရာကောင်းသည်ဟု ထင်မိသည်။

"ရုံ ... မင်းငွေလိုနေလား"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက အကောင်းမေးတာပါ။ မင်းကကောင်မလေးနဲ့တွဲနေတော့ ငွေလိုနေမှာပဲ ... အစ်ကိုကပေးမလို့ပါ"

ရဲရဲ့ပုခုံးလေးကို တင်းသထက်တင်းအောင်ဖက်ထား၍ ရဲဒီလူမဟုတ်တော့ဘူးဟုတွေးမိပြီး အတင်းရုန်းဖယ်ပစ်လိုက်သည်။

"ဖယ်ပါဗျာ ... ခင်ဗျားဆီက ဘာမှမလိုချင်ဘူး သွားတော့"

"ဘာဖြစ်လို့လဲကွ ... မင်းကလည်း ... ငွေမရှိရင် ဘာမှဆက်လုပ်လို့မရဘူးနော်"

ရဲ့လက်မောင်းကိုပါ ဖျစ်ညှစ်လိုက်၍ ရဲဒေါသတွေထိန်းချုပ်မရအောင် ပေါက်ကွဲသွားရကာ ဝုန်းခနဲ မတ်တပ်ရပ်ပစ်လိုက်သည်။

"ခင်ဗျား လွန်လာပြီနော် ... ဘာလုပ်တာလဲ ကျုပ်မကြိုက်ဘူး၊ ထွက်သွားစမ်းဗျာ"

"ဟေ့ ... ချစ်ဝန်းရဲ ... မင်းကဘာကြီးကျယ်နေတာလဲ ယောကျ်ားလျာကများ"

"ဘာပြောတယ်"

ရဲ့မျက်ဝန်းတွေထဲမှာ ဘာမှမမြင်တော့ဘဲ ပြာဝေသွားပြီး ခုန်တစ်လုံးကိုဆွဲပြီး ရိုက်ပစ်ဖို့ပြင်လိုက်တော့ ... ကိုညဏ်ထွန်းက သူငယ်ချင်းသုံးယောက်ပါလာကာ ရဲ့ကိုဝိုင်းထားသည်။

"မင်းအစ်ကိုကလည်း သူငယ်ချင်းမျက်နှာမထောက်ဘူး၊ ငါ့ကို ဆဲဆိုပုတ်ခတ်ပြီးထိုးတယ်၊ ဒါကြောင့် ... နင့်ကို လာလက်စား





ချေတာလေ၊ ချစ်ဝန်းရဲ ... နင်ဘာလုပ်မလဲ"

ကိုညဏ်ထွန်းက ... ကိုလေးပြောတဲ့အတိုင်း လူယုတ်မာပဲ။ ရဲသိလိုက်သည်။ ရဲ့လက်ထဲမှာ ခုန်ကကိုင်ထားပေမယ့် သူတို့ကလေးယောက်တောင် ဝိုင်းအုံနေ၏။ ပတ်ဝန်းကျင်မှာလည်း ရုတ်ရှုတ်သဲသဲနှင့် ဝင်မစွက်ဖက်ရဲကြ ...

"မိန်းမကမိန်းမပဲကွ ... မင်းကိုချစ်လို့ ချစ်တယ်ပြောတာလေ မင်းအစ်ကိုကထိုးတယ်"

ရဲဘာလုပ်ရတော့မလဲ ... သူ့ကိုမိန်းမဟုပြောလိုက်၍ ဘာမှဆိုးစားမနေနိုင်တော့ မျက်လုံးတွေထဲမှာ ပြာဝေမဲမှောင်သွားပြီး ဒေါသတွေက အထွဋ်အထိပ်ရောက်သွား၍ ... လက်ထဲကခုံနှင့်ပိတ်ရိုက်ပစ်လိုက်သည်။

"ခွပ်"

"ဒီကောင် ... ယောကျ်ားလျာကများ ညဏ်ထွန်းအကြောင်းကောင်းကောင်းသိစေရမယ်"

ရဲဘယ်လိုမှ ယှဉ်ပြိုင်လို့ မဖြစ်နိုင်မှန်းသိလိုက်၍ လူအုပ်ထဲတိုးခွေ့ပြေးထွက်လာသည်။

"သူခိုး ... သူခိုး ... ဖမ်းပါ ... သူခိုး"

လူယုတ်မာကောင်ညဏ်ထွန်းက သူခိုးဟုအော်ဟစ်နေ၍ ရဲခြေကုန်သုတ်၍ ပြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ..."

သက်ပြင်းမောကြီးကိုဟူးခနဲ မှုတ်ထုတ်ပစ်လိုက်ရသည်။ ညက်ထွန်းတို့အုပ်စု ကျန်ရစ်ခဲ့၏။ ကားလေးက ဝေါခနဲ ဝေါခနဲ ပြေးနေပြီး ရုံလည်း ခန္ဓာကိုယ်ကိုလျှော့ချပြီး ဆိုဖာနောက်မှီပေါ် မှီပစ်လိုက်သည်။

"ဟော့ ... မင်းက တော်တော်သတ္တိရှိတဲ့ကောင်လေးပဲ လူပုံက ဖြူနွဲ့နွဲ့နဲ့"

"ဗျာ"

ဘေးကအသံကြားမှ ရုံအသိဝင်သွားပြီး ထိုလူကို ဆတ်ခနဲ ကြည့်မိသည်။ ရုံ့အသက်ကိုကယ်လိုက်တဲ့လူ ... သေသေချာချာ ကြည့်လိုက်တော့မှ ရုံတို့ကိုကိုကြီးအရွယ် ဖြူဖြူသန့်သန့် တည်ကြည် ၍ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေသည်။ ရုံ့အသက်ကို ကယ်တင်ခဲ့တဲ့လူပဲ ... မလွယ်ဘူး ... ကိုလေးပြောသလိုပဲ ... ညက်ထွန်းက လူယုတ်မာတစ်ယောက်။ ရုံ့ကို ပေါက်ကရတွေပြော လို့ ကိုလေးထိုးတာဖြစ်နိုင်သည်။

"မင်းနာမည်ဘယ်သူလဲ"

"ရုံ"

"ရုံဟုတ်လား ... နာမည်အပြည့်အစုံကို မေးနေတာလေ"

"နာမည်အပြည့်အစုံ ... ဟာဗျာ ထားလိုက်ပါ၊ ရုံပဲသိထား





လိုက်"

"မင်းအသက်ကို ကယ်တဲ့ခဲ့တဲ့သူကိုတောင် ... မင်းနာမည် အပြည့်အစုံ မပြောပြနိုင်ဘူးလားကွ"

"မသိချင်ပါနဲ့ဗျာ"

"မင်းဘယ်မှာနေလဲ"

"အဲဒါလည်းမသိချင်ပါနဲ့ ခင်ဗျားကူညီတာကိုတော့ ကျေးဇူး အရမ်းတင်ပါတယ်"

ကြည့်လိုက်တာနှင့် ... ကောင်မလေးတစ်ယောက်ဆိုတာ မင်းသိဒ္ဓိသိနေသည်။ ဟိုကောင်ကလည်း ယောကျ်ားလျာဟုအော် ဟစ်ပြောဆိုနေ၏။ တော်တော်လေး ယောကျ်ားမပီသတဲ့ကောင် တွေပဲ ... ရုံ့နာမည်အပြည့်အစုံကို သူကြားထားပြီးသားပဲ ချစ်ဝန်းရုံ။

"ကိုယ့်နာမည်က မင်းသိဒ္ဓိပါ ... သုံးယောက်နဲ့တစ်ယောက် ချတာ မင်းကိုချီးကျူးတယ်"

"အလကားပါဗျာ ... လူယုတ်မာပါ ... သစ္စာဖောက် ... ညွှန့်တော့်အစ်ကိုသူငယ်ချင်းလေ ... မနေ့ညက ကိုကိုလေးက ထိုး ပြီးပြီ"

"ရုံ"

"ဗျာ"

"မင်းက ဒီကိုဘာလာလုပ်နေတာလဲ ... မင်းက ဂျလေဘီ

www.burmeseclassic.com



လား"

"ဟာ ... မဟုတ်ပါဘူး။ ရဲ့ချစ်သူ သင်တန်းတက်နေလို့ စောင့်နေတာဗျ"

"မင်းမှာချစ်သူရှိတယ် ဟုတ်လားရဲ"

"ရှိတယ် ... အရမ်းချောတဲ့ကောင်မလေးတစ်ယောက်ပဲ ယုန်ဖြူဖြူတဲ့"

"ဘာ"

"ခင်ဗျားကလည်းဗျာ လန့်လိုက်တာ ... ဘာလဲဗျ ရဲ့ချစ်သူ က တိရစ္ဆာန်နာမည်ဖြစ်နေလို့လား"

ရဲပြောပြီးမှ ယုန်ဖြူဖြူ့ကိုသတိရမိသွားသည်။ ဘယ်လိုလုပ် ရမလဲ။ ယုန်ဖြူက ပြဿနာမတက်ပါနဲ့လို့ အသေအချာမှာသွားတာ ပါ။

"ကျွန်တော် အဲဒီနေရာပြန်သွားမှဖြစ်မယ် ... ကိုမင်းသိ ယုန်ဖြူသင်တန်းပြီးတော့မယ်၊ ဘယ်လိုလုပ်ရမလဲ ဟိုကောင်ေ ယုန်ဖြူ့ကိုနှောက်ယှက်မှာလည်း စိုးရိမ်ရတယ်"

"ကိုယ်ပြန်လိုက်ပို့ပေးပါ့မယ် မင်းဘာမှစိတ်မပူနဲ့ရဲ တစ်ခု ဖြစ်ရင် ရဲကိုဖုန်းဆက်ပေးမယ်လေ"

"ဟာ ... ရဲကိုတော့ဖုန်းမဆက်ပါနဲ့၊ ထားလိုက်ပါဗျာ အိမ် ကပြဿနာ ရှေ့ရှိတယ်၊ ယုန်ဖြူ့ဆီတော့ ပြန်ပို့ပေးပါ၊ အခြေအ





ကိုစောင့်ကြည့်ရမယ်"

ညဏ်ထွန်းတို့က ယုန်ဖြူ့ကိုပြဿနာရှာမှာလည်း စိတ်ပူမိ သည်။ ကိုမင်းသိဒ္ဓိကိုတော့ အကူအညီတောင်းထားမှဖြစ်မည်။ သူ့မှာကားရှိတယ်။ ကိုသိဒ္ဓိကလည်း အကူအညီပေး၏။ ယုန်ဖြူ သင်တန်းတက်သည့်နေရာကို ပြန်လိုက်ပို့ပေးသည်။

"မင်း မဆင်းနဲ့ရဲ အခြေအနေက မကောင်းဘူးထင်တယ်၊ ဒီကပဲ မင်းကောင်မလေးကို စောင့်ကြည့်ရအောင်ပါ"

"အင်း ... ဟုတ်တယ် အစ်ကိုပြောတာမှန်တယ်၊ ခုံတွေ ကျိုးသွားတော့ အလျှော်ပေးရနိုင်တယ်"

"အလျှော်ကအရေးမကြီးပါဘူးရဲရာ မင်းအတွက်အန္တရာယ် များလို့ စိတ်ပူတာပါကွ"

"ကျေးဇူးပါပဲဗျာ"

"သင်တန်းကမဆင်းသေးပါဘူးကွ စောင့်ကြည့်ရအောင်"

သင်တန်းကမပြီးသေး၍ ရဲလည်း ကိုသိဒ္ဓိကားပေါ်ကနေ ယုန်ဖြူထွက်လာမည့်နေရာလေးအား စောင့်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

ယုန်ဖြူဖြူဆိုတဲ့နာမည်လေးအား ... မင်းသိဒ္ဓိသိနေသည်။ ဒက်ဒီ့သူငယ်ချင်းရဲ့သမီးလေးပါ။

"ရန်ကုန်မှာ ယုန်ဖြူဖြူဆိုတဲ့ကောင်မလေးတစ်ယောက်ရှိနေတယ်၊ ကလေးမ မိဘတွေက ဆုံးသွားကြပြီ၊ ဒက်ဒီသူငယ်ချင်းရဲ့ သမီးလေးဖဲ့ သားနဲ့လက်ထပ်ဖို့ပြောဆိုထားကြတယ်လေ"

ဒက်ဒီက မင်းသိဒ္ဓိနိုင်ငံခြားကနေ ပြန်ရောက်လာချိန်တွင် ပြောခဲ့သည်။ သူလည်း ယုန်ဖြူဖြူဆိုတဲ့နာမည်လေးကိုတော့ သူ စိတ်ဝင်စားမှုတော့ရှိနေ၏။ ကြည့်ဖို့စိတ်ကူးနေချိန်တွင် ... အခုလို ဆုံဖြစ်ကြသည်။

"ရဲ"

"ဗျာ"

"ယုန်ဖြူဖြူဆိုတဲ့နာမည်လေးကတော့ စိတ်ဝင်စားစရာပဲကွ





မင်းနဲ့ချစ်သူဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"ဘာဖြစ်လို့လဲဗျ ... စပ်စုတာလား"

"မေးကြည့်တာပါကွ မင်းကလည်း ချစ်သူသက်တမ်းကြာပြီလားဆိုတာ သိချင်လို့ပါ၊ စိတ်ဝင်စားလို့ပါ"

"အင်း ... နှစ်ရက်ဗျာ"

"ငယ်သူငယ်ချင်းတွေဆို"

"ဟုတ်တော့ဟုတ်ပါတယ်ဗျာ ကျွန်တော်ကဆင်းရဲတော့ ယုန်ဖြူဖြူ့အဒေါ်က သဘောမတူလို့ပါ"

ယုန်ဖြူဖြူက ဖြူစင်တဲ့ကောင်မလေးဖြစ်နိုင်သည် သူလည်း တွေ့ချင်၏။ မင်းသိဒ္ဓိ ဘာဆက်လုပ်ရမှန်းပင်မသိ ... ရဲကတော့ သူ့ကားပေါ်မှာထိုင်နေသည်။ ရဲ့ကိုကြည့်ရတာ နွမ်းပါးပုံပေါ်နေပေမယ့် မိန်းမချောလေးဖြစ်နေ၏။ ပုံစံလေးကိုကြည့်၍ ရယ်ပစ်ချင်သည်။

"ဟော ... ဟိုမှာ ယုန်ဖြူဖြူဆင်းလာပြီဗျာ ကျွန်တော့်ကို ဖုန်းဆက်ခေါ်ပေးစမ်းပါ၊ ယုန်ဖြူ့မှာ ဖုန်းရှိတယ်"

"မင်းမှာရော"

"မရှိလို့ပေါ့ဗျ"

ရဲက ယုန်ဖြူ့ဆီဖုန်းဆက်တိုင်း အပြင်ဖုန်းကနေဆက်တာပါ တိုမင်းသိဒ္ဓိက ဖုန်းခေါ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူ ... ဆက်လျှောက်ခဲ့လေ ကိုယ်ကလမ်းဘေးမှာ ရပ်ထားတဲ့ ကားအဖြူရောင်ကြီးထဲမှာ"

"ဟင် ... ရဲ ဘာတွေဖြစ်သွားရတာလဲ ရှင်က"

"လမ်းမဘက်ကိုကြည့်လိုက် ဟုတ်ပြီ ... ယုန်ဖြူ ... ဒီမှာ"

ယုန်ဖြူက ရဲတို့ဘက်လှမ်းကြည့်လိုက်တော့ လက်ပြခေါ်လိုက်သည်။

"အဲဒါဗျ ယုန်ဖြူဖြူ ... ဘယ်လိုလဲ ချောတယ်မဟုတ်လား"

မင်းသိဒ္ဓိကြည့်လိုက်သည်။ ယုန်ဖြူဖြူတဲ့ ငယ်ရွယ်နုပျိုပြီး ချောမောလှပတဲ့ ကောင်မလေးတစ်ယောက်။ ဆံပင်ရှည်ရှည်တွေက ကျောပေါ်ဖြန့်ချထား၏။ သူနှင့်လက်ထပ်ဖို့ ဒက်ဒီသဘောတူထားတဲ့ ယုန်ဖြူဖြူလား။ နာမည်ကဆန်း၍ နာမည်တူမရှိနိုင်။

"ယုန်ဖြူဖြူ ဒီမှာလေ"

"ရဲ"

"ကျေးဇူးပဲကိုမင်းသိဒ္ဓိ သွားပြီနော်"

"နေဦးလေရဲ မင်းကလည်း မိတ်ဆက်ပေးဦးလေ"

"မလိုပါဘူးဗျာ ... ကျွန်တော်တို့ပြန်ပြီ"

ရဲကတော့ ... ချစ်သူယုန်ဖြူကို သဝန်ကြောင်စွာဖြင့် ... ကိုမင်းသိဒ္ဓိနှင့် မိတ်ဆက်ပေးမနေချင်။ ယုန်ဖြူဖြူအား ကိုမင်းသိဒ္ဓိ စိတ်ဝင်စားနေတာလားဟု ရဲထင်မိသည်။





"ဟေ့ရဲ ... မင်းကလည်း တစ်ခုခုကျွေးပါရစေဗျာ၊ မိတ်ဆွေဖြစ်လေ ... လာပါကွ"

မင်းသိဒ္ဓိ တမင်တားဆီးထားလိုက်သည် ... ယုန်ဖြူဖြူ့အကြောင်းသိချင်တယ် ... မင်းလေးက ... ကိုယ်လက်ထပ်မယ့် ကောင်မလေးလား ...

"ပြီးရော့ဗျာ"

ရဲလည်း ကိုမင်းသိဒ္ဓိက သူ့ကိုကူညီထား၍ စိတ်ကိုလျှော့ပစ်လိုက်သည်။

"ကားပေါ်တက်ကြလေ"

ရဲက ယုန်ဖြူဖြူ့လက်လေးကိုဆွဲ၍ ကားနောက်ခန်းမှာ အတူတူဝင်ထိုင်သည်။ မင်းသိဒ္ဓိ ရယ်ချင်သွားရ၏ ... တော်တော်အဖြစ်သည်းတဲ့ကောင်။ ယုန်ဖြူဖြူကလည်း သံပတ်ပေးထားတဲ့ အရုပ်လေးတစ်ရုပ်လို ငြိမ်ငြိမ်သက်သက်လေးလိုက်လာသည်။

"ယုန်ဖြူဖြူကလည်း ရဲ့ကိုချစ်နေတာပဲလား ... အငြင်းအဆန်မရှိဘူး"

မင်းသိဒ္ဓိတွေးမိသည်။ သူဘယ်လိုဆက်လုပ်ရမှန်းပင် မသိတော့။ ယုန်ဖြူဖြူက ချစ်စရာလေးပဲ။ သဘာဝအတိုင်းသာဆိုရင် ယုန်ဖြူဖြူ့ကို လက်ထပ်မိမှာပဲဖြစ်သည် ... စားသောက်ဆိုင်ကြီးတစ်ခုထဲ ဝင်လာခဲ့၏။ ရဲကတော့ မျက်နှာထားတင်းတင်းလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူဖြူ့လက်လေးကို မလွှတ်တမ်းဆုပ်ကိုင်ရင်း လိုက်လာသည်။

"ထိုင်ကြ ဘာစားမလဲ"

"ခင်ဗျားကြိုက်တာမှာပါ"

မင်းသိဒ္ဓိ ရယ်ချင်နေသည်။ မလွယ်တဲ့ရဲ့ ... နူမည်လေးက ချစ်ဝန်းရံ သူ့အနေနှင့် ယုန်ဖြူဖြူ့ကိုစိတ်မဝင်စားဘဲ ချစ်ဝန်းရံအား စိတ်ဝင်စားမိနေသည်။

"ကဲ ... မိတ်ဆက်ပေးလေကွာ ရဲ"

"ဒါက ကျွန်တော့်ချစ်သူ ယုန်ဖြူဖြူပါ၊ အရမ်းချစ်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်အောင်ချစ်ကြတာပါ၊ ဟိုလေဗျာ ကြားလေသွေးရင်တောင် ဝေးမှာကြောက်တယ်၊ ကျောင်းပြီးတာနဲ့ လက်ထပ်ကြမယ်"

"ရဲဘာတွေပြောနေတာလဲ အားနာစရာကြီး"

"အမှန်ပြောတာပဲယုန်ဖြူ ... ဘာအားနာရမှာလဲ"

ယုန်ဖြူကတော့အားနာပြီး ရှက်လည်းရှက်မိနေသည်။ တကယ်ပဲရဲ မဆင်မခြင် မပြောသင့်ပြောသင့်မစဉ်းစားဘဲ ပြောချင်တာတွေပြောနေတော့သည်။

"ယုန်ဖြူ"

"ဟင်"

"ဒါကကိုမင်းသိဒ္ဓိတဲ့ ကိုယ်နဲ့သိကြတာမကြာသေးဘူးကွ"

ဖိုးလပြည့်စာပေ



ယုန်ဖြူကမော့ကြည့်ပြီး ရှက်ပြုံးရဲရဲလေးတွေဖြန်းသွားကာ မျက်နှာလေးကိုငုံ့ချပစ်သည်။ မင်းကတော့ တကယ့်ကိုဖြူစင်တဲ့ ကောင်မလေးပဲ။

"ယုန်ဖြူဖြူ"

"ရှင်"

"မင်းက ရဲနဲ့တစ်ရပ်ကွက်ထဲနေကြတာလား"

"ဟုတ်ကဲ့"

"ငယ်ငယ်လေးထဲက အတူတူနေကြတာဗျ ... ယုန်ဖြူ့မိဘတွေက မရှိကြတော့ဘူး၊ ယုန်ဖြူငယ်ငယ်လေးထဲက ဆုံးသွားကြတာ အဒေါ်နဲ့နေတာလေ အရမ်းမိန်းကလေးပီသတယ် ... အပြင်ကိုတော့ အခုမှထွက်ခွင့်ရတာ အရမ်းဖြူစင်တယ်"

ဟုတ်ပါပြီ၊ သူနှင့်လက်ထပ်မည့်ယုန်ဖြူဖြူ သေချာသည်။ ဘတ်ဒီက သူ့ကိုလိပ်စာပေးထား၏။ စိတ်မောရပါလား။ ရဲ့ကိုလည်း စိတ်အနှောက်အယှက်ဖြစ်စေရန် မင်းသိဒ္ဓိ မလုပ်လိုပေ။ ရဲ့ကိုလည်း ချားမိနေသည်။

"မင်းတို့စားချင်တာစားကြနော်၊ အစ်ကိုကခင်မင်လို့ပါ၊ ထင်မှတ်ဘဲ မင်းတို့နဲ့မိတ်ဆွေဖြစ်ကြရတာပဲ"

"ယုန်ဖြူ"

"ဟင်"

"ဘာစားမလဲ ... အစ်ကိုက သဘောကောင်းတယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူရန့်ဖြစ်တာကို မသိစေချင်ပေ။ ထို့ကြောင့်ပင် ကိုမင်းသိဒ္ဓိအား ပြောထားရသည်။ ကိုမင်းသိဒ္ဓိကိုလည်း ကလန်ကဆန်လုပ်လို့ မဖြစ်သေးပါဘူး။ သူအလုပ်တစ်ခုရဖို့ အကူအညီတောင်းလို၍ ရဲ့ အခြေအနေအရ လိုက်လျောဆက်ဆံနေရသည်။

"ယုန်ဖြူ အစ်ကို့ကိုအားနာမနေပါနဲ့ ရဲရဲတင်းတင်းနေထိုင်ကြပါ၊ မင်းတို့နှစ်ယောက်လုံးက ဆယ်တန်းအောင်ထားကြပြီလား"

"ဟုတ်ကဲ့အစ်ကို ... ယုန်ဖြူဖြူက ငါးဘာသာဂုဏ်ထူးထွက်ထားတာဗျ"

"ဟုတ်လား"

"ဟုတ်ကဲ့"

ယုန်ဖြူဖြူက ခေါင်းလေးငုံ့ပြီးနေသည်။ နှာတံကစင်းစင်းလေး ... နှုတ်ခမ်းဖူးဖူးလေး ချောမောလှပသည်။ ယုန်ဖြူဖြူ့ကို သူလက်ထပ်ခွင့်ရှိပါတော့မလား။ ဒက်ဒီ့ကို ဘယ်လိုပြောပြရမှန်းပင် မသိ။

"ကျွန်တော်တို့သွားမယ်ဗျာ ... ချစ်သူတွေ လွတ်လွတ်လပ်လပ် တွေ့ချင်သေးတယ်"

သွားပါပြီ ယုန်ဖြူဖြူရာ ကုန်ပါပြီ ... မင်းသိဒ္ဓိ စိတ်တော့ မဆိုးမိ။ ရဲ့ကိုတော့ သူ့စိတ်ထဲမှာ သနားကြင်နာမိနေသည်။

"ကဲပါ ... သွားကြပါကွာ၊ ကိုယ်လိုက်ပို့ရဦးမလား"

"တော်ပါပြီ မလိုတော့ပါဘူး၊ ကျေးဇူးပဲအစ်ကို"





"ရဲ"

"ဗျာ"

"ရော့ ... အစ်ကို့လိပ်စာကဒ်ယူထားလိုက် ... မင်းလိုအပ်ရင် ဆက်လိုက်၊ အားနာစရာမလိုဘူးနော် အချိန်မရွေးဘဲ"

"ဟုတ်"

မင်းသိဒ္ဓိပြန်ထွက်လာခဲ့သည်။ အား ... စိတ်မောစရာပါလား ဒက်ဒီက သူ့ကိုကြည့်ဖို့ပြောထားသည်။ ဆုံလည်းဆုံတတ်ပါတယ်။ ရဲ့မင်းဘယ်လိုကောင်လေးလဲ ယုန်ဖြူကလည်း အေးစက်ပျော့အိအိ ရှိုထားရာရှေ့စေရာသွားနေရတဲ့ဘ၀ ... သူအိမ်ပြန်ရောက်တော့ ဒက်ဒီက ယုန်ဖြူဖြူ့ကိုသွားတွေ့ဖို့ သတိထပ်ပေးနေသည်။

"သား ... မင်းလည်း အရွယ်ရောက်နေပြီလေ၊ ယုန်ဖြူဖြူဆိုတာ ဒက်ဒီလည်းတွေ့ချင်တယ်၊ သူ့ငယ်ချင်းသမီးလေးကို တွေ့ချင်တယ်၊ မသက်နှင်းနဲ့တောင် မတွေ့ကြတာကြာပြီ"

မင်းသိဒ္ဓိ ဘယ်လိုပြောရမလဲ။ ကျွန်တော်နဲ့ယုန်ဖြူဖြူ တွေ့ပြီးပြီလို့ပြောရမှာလည်း နောက်ဆက်တွဲပြဿနာတွေက ရှိနေသေးသည်။

"သားသိဒ္ဓိ မင်းအနေနဲ့ ဘယ်လိုအကြောင်းနဲ့မှရှောင်လွှဲလို့ရနိုင်ဘူးနော်၊ ယုန်ဖြူလေးကို လက်ထပ်ရမယ်"

ဒက်ဒီကတော့ ယုန်ဖြူဖြူ့ကို ငယ်စဉ်လေးကပဲ မြင်တွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်စရာကောင်းတဲ့ကောင်မလေးတဲ့ ...

"ယုန်ဖြူလေးကချောတယ်၊ တော်တော်ချစ်စရာကောင်းတယ်၊ သားတွေ့ရင်ကြိုက်သွားမှာပါ"

သူ ...

ယုန်ဖြူဖြူ့ကိုတွေ့ဖူးပြီးပြီ အချစ်တွေရော ... သူ့ရင်ထဲမှာဖြစ်ထွန်းလာခြင်းရှိလား ... ဒီလောက်ကြီးလည်း မဟုတ်ဟုထင်သည်။

"ဒယ်ဒီလည်းပစ်ထားမိတယ်၊ ယုန်ဖြူ့အမေက ဒက်ဒီ့ကို အများကြီးကူညီခဲ့တာလေ ... ကျောင်းတက်နေတဲ့တစ်ချိန်လုံး ယုန်ဖြူ့အဖေကလည်း ဒက်ဒီ့ကို ငွေကြေးထောက်ပံ့ပေးထားတာပါ"

မင်းသိဒ္ဓိ မင်းတော့သေပြီ။ ဘယ်လိုလုပ်မလဲ ယုန်ဖြူဖြူ့မှာက ချစ်သူရှိနေသည်။

"အခုလောက်ဆိုရင်လည်း ယုန်ဖြူဖြူ ချစ်သူတွေဘာတွေရှိနေပြီထင်တယ်ဒက်ဒီ"

"ဒါကတော့ မတတ်နိုင်ဘူးလေသားရယ်၊ သွားရှာရမှာပဲ မင်းမှာလိပ်စာရှိတာပဲ၊ အင်း ... ဒက်ဒီရှာရမယ်၊ မင်းကတော့ နောက်မှရှာလေ အခြေအနေကို ဒက်ဒီအရင်ဆုံးထောက်လှမ်းမယ် ဒါပေမယ့်နော်သား ... ယုန်ဖြူလေးဘက်ကနေ သားနဲ့လက်ထပ်ဖို့ အခြေအနေရှိရင် မင်းငြင်းဆန်လို့မရဘူး"





ယုန်ဖြူဖြူနှင့် သူတို့ဆုံတွေ့မှုက တကယ်ပဲထူးဆန်းနေရသည်။

"ဒက်ဒီပဲကြည့်ပါဦးဗျာ ... သားကတော့ အိမ်ထောင်ရေးကို သိပ်စိတ်မဝင်စားဘူး"

"မင်းစိတ်မဝင်စားလည်း ... ဒက်ဒီတာဝန်ကျေချင်တယ်၊ ဒက်ဒီတို့ ... စီးပွားရေးလုံးပမ်းနေပြီး ... မေ့လျော့ထားခဲ့တာ ကောင်မလေး ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရမလဲ"

မင်းသိဒ္ဓိက စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေရတဲ့သူဆိုတော့ ကလေးတွေနှင့်တုဖက်ပြိုင်၍ မိန်းကလေးတစ်ယောက်ကို လုမယူလိုပေ။ ပြီးတော့ ရုံကမလွယ်ဘူး ... ယောက်ျားလျာလေးဖြစ်နေသဖြင့် စိတ်ဓာတ်ကပြင်းပြလွန်းနေသည်။

"ကျွန်တော် ယုန်ဖြူ့ကိုလက်ထပ်မယ် ... ဝင်ငွေရအောင်လည်း ရှာချင်တယ်ဗျာ ... ယုန်ဖြူအဒေါ်က ကျွန်တော့်ကို အထင်သေးတယ် ... အရင်ကလောက် ယုန်ဖြူနဲ့ပတ်သက်တာ မကြိုက်သလိုကြီးဗျ"

ရုံပြောတဲ့စကားတွေကို မင်းသိဒ္ဓိကြားယောင်နေသည်။ စိတ်မောစရာပါလားကွာ ... ရုံရယ် ... မင်းဘာဖြစ်သွားမလဲ။ ကိုယ်ကတော့ မင်းကိုသံယောဇဉ်ရှိပါတယ်။ မင်းနဲ့ မိန်းကလေးတစ်ယောက်ကို မလုချင်ဘူး။

"ယုန်ဖြူလေးကို ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဒက်ဒီတို့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရမယ်သားရယ် ... ကလေးမလေးသတင်း ကြားရတာ မကြာသေးဘူး၊ အဒေါ်က ကျွေးမွေးစောင့်ရှောက်ထားတယ်တဲ့"

ဒက်ဒီကတော့ စိတ်ထိခိုက်ကြေကွဲနေသည်။

"သားအိမ်ထောင်ရေးကို ဒက်ဒီမစွက်ဖက်ချင်ပါဘူး၊ ဒါပေမဲ့ သားမှာ ချစ်သူလည်းမရှိသေးလို့ တောင်းဆိုမိတာပါ"

မင်းသိဒ္ဓိကိုယ်တိုင်လည်း ဒက်ဒီဆန္ဒအတိုင်း အိမ်ထောင်ပြုဖို့ ဆုံးဖြတ်ထား၍ သူစီးပွားရေးကိုပဲ အာရုံစိုက်လုပ်နေခဲ့သည်။ မထင်မှတ်ဘဲ ရုံနဲ့ဆုံရတယ်။ သူ့ကားအဖြတ်မှာ ရုံနှင့်လူတစ်စု ပြဿနာ တက်ရာကနေ မင်းလိုယောက်ျားလျာကများဟု အသံကြားလိုက်၍ သူစိတ်ဝင်စားပြီး အကူအညီပေးလိုက်ခြင်းဖြစ်သည်။

"ဒီကောင်က ကိုလေးသုံ့ငယ်ချင်းပါ ... လူယုတ်မာကောင် အသေရိုက်ပစ်ချင်တယ်"

ရုံ့ကိုတော့ သတိရမိနေသည်။ သိဒ္ဓိ ရယ်လည်းရယ်ပစ်ချင်နေ၏။ ဖြူဖြူနွဲ့နွဲ့ကောင်လေးက ယောက်ျားသုံးယောက်နှင့် ယှဉ်ပြိုင်ရန်ဖြစ်နေတဲ့ပုံစံက သိဒ္ဓိမျက်လုံးတွေထဲမှာ ပျောက်ဖျက်ပစ်လို့ မရဖြစ်နေသည်။

❀

အခန်း ( ၇ )

"ယုန်ဖြူ"

"ဟင်"

"မင်းက ဘာကိုရှက်နေတာလဲ"

"ဘာမှမဟုတ်ပါဘူးရုံရယ် ... ရှင် ပေါက်ကရတွေမပြောနဲ့လေ၊ လူတွေရှေ့မှာရှက်စရာကြီး ယုန်ဖြူကမိန်းကလေးလေ"

"ဘာဖြစ်လဲကွာ ... ကိုယ့်ချစ်သူကို ကိုယ်တစ်ယောက်ထဲ ပိုင်ဆိုင်ကြောင်း ကြေငြာထားရတာလေ ဘာလဲမင်းက ဟိုလူကို ရှက်နေတာလား"

"ဟာ ... ရုံကလည်း"

တကယ်တမ်း ဝန်ခံရရင်လည်း ယုန်ဖြူ့စိတ်တွေ ဘာဖြစ်သွားမှန်းမသိ။ ကိုမင်းသိဒ္ဓိကို စိတ်ဝင်စားမိနေသည်၊ မျက်စိထဲမှာ ဘာဖြစ်လို့များ မြင်ယောင်နေမှန်း မသိတော့ပါဘူး။ ရုံ့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေရ၏။ ရုံက ပြဿနာရှာလျှင် အားလုံးအရှက်ကွဲရမည်ဖြစ်သည်။

"ယုန်ဖြူရာ ... မင်းဘာမှစိတ်မပူပါနဲ့ ကိုယ်အလုပ်လုပ်မယ်၊ ဟိုလူလေ ကိုမင်းသိဒ္ဓိ ... သူ့လိုသူဌေးကြီးဆိုရင် ယုန်ဖြူ ပျော်မလား"

ယုန်ဖြူကတော့ ရုံ့ကိုမဆန့်ကျင်ရဲလို့သာ ငြိမ်နေရတာပါ။ စိတ်ထဲမှာတော့ ရှက်ကြောက်ထိတ်လန့်နေရသည်။ ယုန်ဖြူပြန်ချင်နေပါပြီ။

"ပြန်ကြရအောင်နော် ရုံ ... "

"ခဏနေပါဦးကွာ ... ဘယ်လိုဖြစ်ရတာလဲ ... ယုန်ဖြူ မင်းမျက်နှာလေးက ရဲတွတ်နေတယ်၊ ဟား ... ဟား ... ဟား ... မင်းတကယ်ရှက်တတ်တာပဲ"

ယုန်ဖြူ့ပါးလေးကို တို့လိုက်သဖြင့် ... ရှက်တတ်လွန်းတဲ့ ချစ်သူအား ရုံ့နှလုံးသားတွေက နက်နက်ရှိုင်းရှိုင်းအထိ ချစ်မိနေသည်။ ယုန်ဖြူ့ကို စွန့်လွှတ်လိုက်ရမှာ သူအကြောက်ကြီးကြောက်မိနေ၏။ ထို့ကြောင့်ပင် ... ရုံအလုပ်လုပ်ဖို့ စီးပွားရေးလုပ်နန်းတွေလည်း ကြိုးစားလုပ်ကိုင်ဖို့ ဆုံးဖြတ်ထားသည်။

"ခဏလောက်ထိုင်ပြီးရင်ပြန်မှာပါ ယုန်ဖြူရယ်၊ တို့ချစ်သူနှစ်ယောက် လွတ်လွတ်လပ်လပ်တွေ့ခွင့်ရတာမှ မဟုတ်တာဘဲ"





"အန်တီနှင်း မျှော်နေလိမ့်မယ် ရုံရယ် ... ပြန်ကြရအောင်ပါ အမြဲတမ်းတွေ့နေရမှာပဲ တော်ကြာ ... အန်တီနှင်းသိသွားရင် အချုပ်ချယ် ခံရမှာလေ"

ယုန်ဖြူ ပြန်ချင်နေသည်။ ဘာဖြစ်လို့မှန်းမသိ ရုံနှင့်နေရတာ စိတ်တွေနောက်ကျိ ကျဉ်းကြပ်နေသည်။ ချွေးတွေပင် ပျံချင်လာ၏။ ဒါကြားထဲ ရုံက အတင်းဖက်ထားသေးသည်။

"ယုန်ဖြူ"

"ဟင်"

"မင်း ... မင်း ရုံ့အပေါ်သစ္စာမဲ့ဖို့တော့ လုံးဝမစဉ်းစားနဲ့နော် ... ရုံ့အကြောင်း သိတယ်မဟုတ်လား"

"သိ ... သိပါတယ်ရုံရယ် ... ဒါသတွေလည်း အရမ်းမဖြစ်ပါနဲ့ ယုန်ဖြူ ကြောက်လို့သေတော့မယ်"

"ကိုအရမ်းချစ်တယ် ယုန်ဖြူက ရုံ့ဘဝပါ၊ ယုန်ဖြူသာ ကိုယ့်အပေါ်သစ္စာမဲ့ရင် ကိုယ့်ကိုထားခဲ့ရင် ကိုယ်သေပစ်လိုက်မှာ"

"ဟင်"

"မင်း ... သိထားပါ"

"အင်း ... အင်းပါ"

ယုန်ဖြူလည်း ရုံ့ကိုတော့ ဒုက္ခရောက်အောင် မလုပ်လိုပေ။ ယာဉ်စဉ်လေးထဲက တတွဲတွဲ သံယောဇဉ်ကြီးမားစွာ တွယ်တာနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသူတွေပါ။ တစ်ခါတစ်လေတော့လည်း ဘာပဲဖြစ်ဖြစ် ရဲ့ရှေ့ကပဲ ရပ်တည်ကာကွယ်ပေးချင်နေခဲ့သည်။

"ထ ... ပြန်မယ်"

"အင်း"

"မင်းကိုချစ်လို့ ကိုယ်လိုက်လျှောပေးတာနော်"

"အင်းပါ"

"သစ္စာတော့ လုံးဝမမဲ့နဲ့"

"အင်းပါ"

"ယုန်ဖြူ"

"ဟင်"

"ချစ်တယ်"

ယုန်ဖြူ့ဆီက ချစ်တယ်ဆိုတဲ့စကား ... ချက်ချင်းတုန့်ပြန် မကြားရတာတော့ ရဲ မကြိုက်။ ဒေါသဖြစ်ချင်လာပေမယ့် ယုန်ဖြူ အရမ်းကြောက်သွားမှာလည်း မဖြစ်စေချင်၍လက်လေးဆွဲ၍ ပြန်ခဲ့ လိုက်သည်။

"သွားတော့ ယုန်ဖြူ ... "

"ရဲ"

"ဘာလဲ"

"ရှင့်စိတ်တွေကို လျှော့ပစ်ပါ ရဲရယ်နော် ... အကျိုးမရှိပါဘူး





ရန်ကိုရှောင်ပါ"

"အေးပါယုန်ဖြူ စိတ်ချ"

သင်တန်းမှာတက်နေတုန်း အောက်မှာ ရန်ဖြစ်နေတယ်ဆို တဲ့အသံတွေကြား၍ ယုန်ဖြူစိတ်ပူရသေးသည်။ ရဲ့ကို ကောင်လေး တွေက စနောက်ချင်ကြ၏။ ရဲကဒေါသတကြီး တုန့်ပြန်တတ်၏။ ယုန်ဖြူစိတ်ပူရသေးသည်။ သူမ အိမ်ထဲဝင်လိုက်တော့ အန်တီနှင်း က ညစာစားဖို့စောင့်နေ၏ ... အန်တီနှင်းမျက်နှာက အရမ်းကို ဖြူးပျော်ရွှင်လန်းနေသည်။

"ယုန်ဖြူ ရောက်လာတာ အတော်ပဲကွယ် ... အန်တီနှင်း ဝမ်းသာစရာစကား ပြောစရာရှိလို့ပါ"

"ဘာများလဲ အန်တီနှင်း"

အန်တီနှင်းအနားမှာ သူမဝင်ထိုင်လိုက်သည်။

"ယုန်ဖြူ"

"ပြောလေ"

"ညည်းလေးအဖေရဲ့သူငယ်ချင်းလေ ... ကိုမင်းမောင်က ဆက်သွယ်လာတယ်၊ ဖုန်းနဲ့ပါ မတွေ့တာလည်း အရမ်းကြာနေကြ ပြီလေ၊ မနက်ဖြန် သူလာမယ်တဲ့"

"အဲဒါများ ပျော်စရာသတင်းဆိုလို့ ... သူတို့လာတော့ရော ယုန်ဖြူတို့အတွက်ဘာရလာမှာမို့လဲ အန်တီနှင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအဖေကပြောဖူးတယ် ... ကိုမင်းမောင်မှာ သားတစ်ယောက်ရှိတယ်၊ သမီးလေးနဲ့လက်ထပ်ပေးဖို့ စီစဉ်ထားကြတယ်တဲ့"

"ယုန်ဖြူ အိမ်ထောင်မပြုချင်ပါဘူး အန်တီနှင်းရာ၊ ဘာမှမစီစဉ်ပါနဲ့ဦး ... လွတ်လွတ်လပ်လပ်လေး တက္ကသိုလ်တက်ချင်ပါတယ်"

ဘုရားရေ ... ရုံ့ကို ဘယ်လိုလုပ်ရမလဲ။ ယုန်ဖြူ ယောကျ်ားတစ်ယောက်နှင့်လက်ထပ်ရမယ်ဆိုရင် ပြဿနာက မိုးမီးလောင်ပြီပဲ။

"အန်တီနှင်းကတော့ ဝမ်းသာတယ်၊ ယုန်ဖြူလေးဆန္ဒရှိတဲ့အချိန်မှ လက်ထပ်လေ၊ လူငယ်တွေရဲ့ဆန္ဒလည်း အရေးကြီးပါသေးတယ်လေ"

"ယုန်ဖြူ့ကိုတော့ ... အတင်းကြီး အခုမှတွေ့တဲ့ယောကျ်ားတစ်ယောက်နဲ့တော့ စေ့စပ်တာတွေဘာတွေ မလုပ်ပါနဲ့ဦးနော်"

"အေးပါ ... ညည်းလေးမှာရော ချစ်သူရှိလားယုန်ဖြူ"

"ဟင်"

"ယုန်ဖြူ ... ညည်းကိုကြည့်ရတာ ကြောင်တောင်တောင်နဲ့ ချစ်သူတွေဘာတွေ မရှိပါဘူးနော်"

"မရှိပါဘူး ... အန်တီနှင်းကလည်း ယုန်ဖြူက ပညာရေးပဲ





အဓိကထားတာပါ"

အန်တီနှင်းအနားကနေ ယုန်ဖြူ ထထွက်လာခဲ့သည်။

"ယုန်ဖြူ"

"ရှင်"

"ညည်းကိုမေးနေတယ်လေ ညည်းမှာ ချစ်သူရှိနေပြီလားလို့ ဖြေလေ"

"ဖြေပြီးပြီလေ"

"အန်တီနှင်းစိတ်ပူတယ်၊ ညည်းလေးမရိုးသားတော့ဘူးထင်တယ်၊ ဘယ်သူလဲ ... ညည်းရွေးချယ်မှု မမှားဘူးဆိုရင်လည်း အန်တီနှင်းကို ပြောပြပါ ... သဘောတူတယ်"

"ဟာ ... အန်တီနှင်းကလည်း ဘာတွေလာပြောနေတာလဲ ယုန်ဖြူ့မှာ ချစ်သူဘယ်လိုလုပ်ရှိမှာလဲ အန်တီနှင်းအသိပဲလေ"

"ပြီးရောအေ ... ဒါဆိုလည်း လူကြီးတွေစီစဉ်တဲ့သူငယ်လေးကို ကြည့်ပါဦး၊ စဉ်းစားသင့်တယ်ထင်ရင်လည်း လက်ခံလိုက်"

"အင်းပါ"

ယုန်ဖြူအိပ်ခန်းထဲဝင်လာသည်။ သေချင်တာပဲ ရုံ့ကတစ်မျိုး သူ့မှာ ချစ်သူရှိတယ်။ ချစ်ဝန်းရုံ့လေ ... ရုံ့ပဲ ဘယ် ပ်ရမလဲ။ သူမငိုချင်သည်။

"ဖေဖေတို့လူကြီးတွေ စီစဉ်တဲ့လူကလည်း အခုမှဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ရတာလဲ”

ယုန်ဖြူ ငိုချင်သည်။ ရဲကပဲယုန်ဖြူအား အမြဲတမ်းကာကွယ် စောင့်ရှောက်ပေးနေခဲ့သည်။ ရဲ့ကိုတော့ ... ယုန်ဖြူမရက်စက်နိုင် ချစ်သူတစ်ယောက်လို မချစ်နိုင်ပေမယ့် ... သံယောဇဉ်ကတော့ ကြီးမားစွာတွယ်ငြိနေမိ၏။ ယုန်ဖြူ့ရင်တွေ ပူလောင်နေသည် အရေးထဲ ရဲကဖုန်းဆက်နေသေး၏ ... အန်တီနှင်းကြားသွားမှာ ကြောက်ရသည်။

“ရဲ ဘာလဲ ... ရှင် မအိပ်သေးဘူးလားဟင်”

“ယုန်ဖြူ့ကိုသတိရလို့ပါ အခုအပြင်ထွက်ပြီး ဖုန်းဆက်တာ ပါ”

“အမယ်လေး ... အိမ်ခဲပြန်ပါရဲရယ် အိပ်တော့ ယုန်ဖြူစိတ် ပူအောင်မလုပ်စေချင်ဘူး”

“ယုန်ဖြူ”

“ဟင်”

“ရဲ့ကိုချစ်လား”

“ရဲရယ် ... ဒုက္ခပါပဲ၊ အရေးထဲခဏနေရင် အန်တီနှင်းဝင်လာ လိမ့်မယ်၊ ပြဿနာမရှာပါနဲ့ဟာ”

“မင်းကိုမေးနေတာက ကိုယ့်ကိုချစ်လားလို့ မေးနေတာပါ”

“ဒါက နောက်နေ့မေးလည်း မေးလို့ရတာပဲဟာ”





“မရဘူး ... ကိုယ်ကြားချင်တာကို အခုပဲဖြေပါ”

ယုန်ဖြူကလည်းရှက်ပြီး ချစ်တယ်ဆိုတဲ့စကားပြောမထွက်။ ရဲဆိုးတာက ဇွတ်တရွတ်ပြောတတ်တဲ့အကျင့်ကရှိနေ၏။ အန်တီ နှင်းက ဝင်လာသည်။

“တူမလေး ဘယ်သူ့ဆီကဖုန်းလာနေတာလဲ”

“ရဲပါ”

“ဒီအချိန်ကြီး”

ဒေါ်သက်နှင်းကတော့ တူမလေးကို မျက်ခြေပျက်လို့မဖြစ် ဘူး။ စိတ်ထဲမှာ သံသယဝင်လာသည်။ အကြောင်းရှာ၍ တူမလေး သောက်ရန် ကော်ဖီလာပို့၏။ ရဲနှင့်ဖုန်းဆက်၍ စိတ်ကပူပင်သွား သည်။

“ရဲဒါပဲနော် ... ရှင်သင်တန်းတက်မလို့လား ... အင်းပါ ယုန်လေး မနက်ဖြန်စုံစမ်းလိုက်မယ်”

ယုန်ဖြူ ဖုန်းပိတ်ပစ်လိုက်သည်။ အန်တီနှင်းမျက်နှာကို တောင် ယုန်ဖြူမကြည့်ရဲတော့ ...

“ယုန်ဖြူ”

“ရှင် ... အန်တီနှင်း”

“ရဲ့ကို သိပ်ပြီး အရောတဝင်မလုပ်တော့နဲ့နော်”

“ဟုတ်ကဲ့ပါ ... ဒါပေမယ့်လေ ရဲလောလောဆယ် ယုန်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကိုစောင့်ရှောက်နေတာပါ ... ရုံကို ပေါ်တင်ကြီး ကင်းလိုက်လို့ မကောင်းဘူးထင်တယ်"

"ရုံတို့မိသားစုက နည်းနည်းရှုပ်တယ်နော် ... အားလုံး အသုံး မကျတဲ့လူတွေပဲ"

ဒေါ်သက်နှင်း မကြိုက်ဆုံးက ... မိန်းကလေးမွေးထားပြီး ယောကျ်ားလေးစိတ်ဓာတ် ဖွတ်သွတ်သွင်းခြင်းပင်။

"ယောကျ်ားလျာတွေရဲ့စိတ်က ... အရမ်းပြင်းထန်တယ်၊ သဘာဝလွန်လေ"

"အင်းပါ ... ယုန်ဖြူသိပါတယ်"

"ပြီးတော့လေ ယုန်ဖြူ့ကိုချစ်သူအဖြစ် ကြံစည်မယ်၊ သမီး တစ်ဘဝလုံးနစ်မှာပါ"

သမီးတော့ မိုက်မဲပြီးဆိုင်တယ် အန်တီနှင်းရယ် ... ဘာဖြစ် လို့လဲဆိုတော့ ရုံကချစ်သူအဖြစ် အတိအလင်းကြေငြာထားလိုက်ပြီ လေ။

"မိန်းကလေးချင်း အချစ်တော်ထားတာ ... အမုန်းဆုံးပဲ အမိပ္ပာယ်မရှိတာပဲ ... ညည်းကိုတော့ လုံးဝအဖြစ်မခံနိုင်ဘူး"

ယုန်ဖြူငိုပစ်ချင်လာမိသည်။ နှုတ်ခမ်းလေးတွေက တဆတ် ဆတ်ပင်တုန်ယင်လာနေ၏။ ကြောက်လာသည်။

"ယုန်ဖြူကပျော့တယ် ဘာအတွေ့အကြုံမှမရှိဘူး၊ အရမ်း





လည်းနူးညံ့တယ်၊ ပညာရေးမှာလည်း ထူးချွန်တယ်၊ ဘယ်လောက် တန်ဖိုးရှိလဲ"

"ဟုတ်ကဲ့ပါ"

ရုံ့ကို ချစ်လားမချစ်ဘူးလားဆိုတာလည်း ယုန်ဖြူမသိပေ။ အချစ်ဆိုတာလည်း ယုန်ဖြူ တစ်ကြိမ်တစ်ခါမှ မစဉ်းစားမိ။

"အိပ်တော့"

"ဟုတ်ကဲ့"

"ပေး ... ဖုန်း"

"ဟင်"

"ညည်းလေးဆီ ရုံက အကြောင်းမရှိအကြောင်းရှာ ဆက်နေ ဦးမယ်"

ဒေါ်သက်နှင်း တမင် ယုန်ဖြူ့ဆီကဖုန်းကို သိမ်းပစ်လိုက် သည်။ ရုံက ဘာသဘောလဲ။ အိပ်ချိန်အထိ ဖုန်းဆက်ရတာ။ မိမိစိတ် မှာ၏။ ကိုမင်းမောင်လာရင် ယုန်ဖြူလေးကို သန့်ရှင်းမှုတွေကိုပဲ မြင် တွေ့ချင်သည်။

"အိပ်တော့ အနားယူ ... မနက်ဖြန် ကိုမင်းမောင်လာမယ်၊ သူတို့က ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနော်၊ အန်တီနှင်းကို ညည်းအဖေ သေသေချာချာမှာလိုက်တာက သူ့သမီးလေးဘဝ မှည့် တစ်ပေါက်လေးတောင် မစွန်းစေရအောင် စောင့်ရှောက်ပေးထားပါ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အန်တီနှင်းထွက်သွားသည်။ ရုံအိပ်ပြီလား။ ထပ်ဆက်နေရင်တော့ ပြဿနာပဲ။ အန်တီနှင်း ပြစ်ပြစ်ခါခါနဲ့ ယုန်ဖြူ့ကိုယူမယ့် ယောကျ်ားလေးရှင်ဘက်က လာမယ်ဆိုတာပြောလိုက်ရင် ဒုက္ခပါပဲ။ ယုန်ဖြူ အိပ်၍မရ။

"ယုန်ဖြူနော် ... ရုံ့အပေါ်သစ္စာမဲ့ရင် ရုံ့ကိုထားခဲ့ရင် ကိုယ်သတ်သေပစ်မယ်၊ ပေါက်ကွဲပြီပဲ"

ရုံပြောတဲ့စကားတွေကို ယုန်ဖြူကြားနေမိသည်။ စိတ်တွေပူနေ၏။ ရုံတို့မိသားစုကလည်း ပြဿနာတွေ ရန်ပွဲတွေကတခြိမ်းခြိမ်း ...

"ယုန်ဖြူ ဘာဆက်လုပ်ရတော့မလဲရုံ ... အန်တီနှင်းကိုယ်တိုင်က ရှင်နဲ့ပေါင်းတာမကြိုက်တော့ဘူး"

ရုံ့ကိုပြောဖို့လည်းအခက် ... မနက်ဖြန် ဖေဖေ့မိတ်ဆွေတွေလာမယ်တဲ့ ... ယုန်ဖြူလေးကို လာတောင်းမှာပါ။ ဘယ်လိုလူမျိုးတွေလဲ။ ရင်တွေလေးနေသည်။ မဆီမဆိုင် ကိုမင်းသိဒ္ဓိအား သတိရမိနေပြန်၏။ ယုန်လေးဘဝမှာ ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးရတာ ကိုမင်းသိဒ္ဓိတစ်ယောက်ထဲရှိခဲ့ဖူးတာပါ ... သူမ အိပ်မပျော်အောင်ဖြစ်နေသည်။

ခန်း ( ၈ )

ဖေဖေ့သူငယ်ချင်းက ချမ်းသာကြွယ်ဝပြီး ခန့်ညားချောမောဲ့လူကြီးတစ်ယောက်ပင်။ အန်တီနှင်းနှင့်လည်း ခင်မင်ကြသည်။

"မီနှင်း ... နင့်ကို မတွေ့ရတာတောင် ဘယ်လောက်ကြာနေပြီလဲ၊ အဖွားကြီးတောင်ဖြစ်နေပြီပဲ"

"အစ်ကိုကြီးတို့က ပြစ်ထားတာလေ နှစ်တွေအကြာကြီးနှင်းတို့ကို အရေးအရာလုပ်လို့လား"

"ကိုကြီးက နိုင်ငံခြားရောက်နေလို့ပါ၊ အဲဒီမှာ စီးပွားရေးလုပ်နေရတာလေ ... ရောက်ကာစကတော့ အရမ်းရုန်းကန်နေရတယ်နေပါဘူးဟာ"

ဦးမင်းမောင်စိတ်မကောင်းဖြစ်ရတာက ... မီနှင်းတို့ သာမန်လတ်တန်းစားဘဝနှင့် ရုန်းကန်နေထိုင်ရ၍ဖြစ်သည်။ သူငယ်ချင်းဉီကတော့ အဆင်ပြေကြ၏။ အခု ... သမီးလေးယုန်ဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သနားစရာကောင်းနေသည် ... မိမိတို့ဝေးသွားကြစဉ်က ... မိမိ အိမ်ထောင်ကျပြီး ကလေးမရသေးပေ။ ယုန်ဖြူဖြူ အဖေက လူပျို ... ။

"အရင်ကအကြောင်းတွေကတော့ ထားလိုက်ပါတော့ဟာ၊ အခု မိနှင်းတို့တူအရီး ကိုကြီးတို့အိမ်ပြောင်းနေကြမလား၊ ကိုကြီးတို့ မိသားစုက သားအဖနှစ်ယောက်ထဲရှိတာပါ၊ ဘယ်လိုလဲ သမီးလေး အတွက်လည်း စိတ်ချယုံကြည်ရအောင်ပေါ့ဟာ"

ဒေါ်သက်နှင်းကလည်း တူမလေးကို ချမ်းချမ်းသာသာ နေထိုင်စေလိုသည်။ စောစောထဲက ... အစ်ကိုကမှာထားပြီးသားပဲ မင်းမောင်သားနဲ့ပေးစားမယ်တဲ့ ...

"အစ်ကိုကြီးသားရော"

"ရှိပါတယ် ... စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်တယ်လေ၊ ကုမ္ပဏီရှိနေတော့ နောက်မှလာတွေ့လိမ့်မယ်မိနှင်း"

"ဟုတ်ကဲ့ပါ ... ကိုကြီးတို့အရိပ်မှာပဲ မိနှင်းတို့ခိုလှုံရမှာပဲလေ သမီးလေးအတွက်လည်း စိတ်မချရဘူး၊ ဘဝမှာပြည့်စုံတယ်လို့ မရှိခဲ့ပါဘူး"

"ဘာမှမပူနဲ့တော့ အစ်ကိုကြီးစောင့်ရှောက်မယ် သမီးလေး ယုန်ဖြူဖြူက ချစ်စရာလေးပဲ"

ယုန်ဖြူကတော့ စိတ်ထဲမှာမလုံမလဲနှင့် မသက်မသာကြီး





ဖြစ်နေသည်။ ယုန်ဖြူ့ကို ချီးကျူးလေ ကြောက်လေပဲ။ ရှံနှင့်ချစ်သူ တွေအဖြစ်နေထိုင်တာတွေ အန်တီနှင်းပင်မသိ။

"ယုန်ဖြူလေးက အရမ်းလိမ္မာပါတယ်အစ်ကိုကြီးရယ်၊ မိနှင်း ကလေ မှည့်တစ်ပေါက်မစွန်းစေရအောင် ထိန်းသိမ်းစောင့်ရှောက်ထားတာပါ"

"ကောင်းပါတယ်မိနှင်း ... ညည်းတာဝန်ကျေပါတယ် ... မနက်ဖြန်ပဲ အစ်ကိုကြီးတို့အိမ်ကို ပြောင်းလာကြတော့ အိမ်ပြောင်းဖို့ ကိစ္စတွေအားလုံး စီစဉ်ပေးမယ်"

"ကျေးဇူးပါပဲအစ်ကိုကြီးရယ် ... မိနှင်းအခုမှပဲ တူမလေး အတွက် စိတ်အေးရတော့မှာပါ"

ရှံ့ကို ဘယ်လိုလုပ်ရမလဲ ... ပြဿနာအကြီးအကျယ်ရှာ တော့မည်။ ရှံ့ဘဝက သေးသိမ်နုံချာတဲ့ဘဝ။ ချစ်သူလိုမဟုတ်ရင် တောင်မှ ငယ်သူငယ်ချင်းသံယောဇဉ်တွေက ရှိနေသေးသည်။ ယုန်ဖြူတို့ပြောင်းသွားရင် ရှံသေမှာပဲ ... ပြီးတော့လည်း ယုန်ဖြူ လက်ထပ်ရမယ့် ယောက်ျားတစ်ယောက်ရဲ့အိမ်ကိုပါ။

"အန်ကယ်ပြန်မယ်နော်ယုန်ဖြူဖြူ ... သမီး ဘာလိုသေးလဲ ဘာမှအားငယ်စရာမရှိတော့ဘူး၊ သမီးလည်း တက္ကသိုလ်ကျောင်းသူ ကြီးဖြစ်တော့မှာဆိုတော့ ကားမောင်းသင်ရမယ်၊ အန်ကယ်ကား တစ်စီး ဝယ်ပေးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သမီးလေးက တကယ့်ကိုဖြူစင်ရိုးသားတာပဲ မိနှင်း တော်တယ် ..."

ဦးမင်းမောင်က အားပေးစကားတွေပြောပြီး ပြန်သွားသည်။ အန်တီနှင်းကိုလည်း လိုအပ်တာတွေဝယ်ဖို့ ပိုက်ဆံတွေပေးထားခဲ့၏။ ယုန်ဖြူကတော့ မပျော်နိုင်ပေ။ ရဲ့အတွက် စိတ်ပူနေရသည်။

"ယုန်ဖြူ"

"ဟင်"

"သမီးလေးက ... ဘာတွေစဉ်းစားနေတာလဲကွယ် ... ကိုမင်းမောင်က ယုန်ဖြူ့ဖေဖေရဲ့ အချစ်ဆုံးသူငယ်ချင်းပါ၊ ညည်း အဖေထောက်ပံ့ငွေနဲ့ ပညာသင်ရတာလေ၊ စိတ်ပူစရာမရှိတော့ဘူး။ အန်တီနှင်းလည်း ရဲ့ကြောင့်စိတ်ပူနေရာ သမီးယုန်ဖြူကို ဘယ်လိုခွဲထုတ်ရမှန်းမသိဖြစ်နေတာလေ"

"ဒေါ်သက်နှင်းလည်း ငယ်ရာကနေကြီးလာတာပဲ ရဲတစ်ယောက် စိတ်တွေမငြိမ်သက်ဖြစ်လာပြီး တူမလေးယုန်ဖြူ့အား မရိုးသားတော့ဘူးဆိုတာသိသည်။ အတူတူထားလို့မဖြစ်တော့ပါဘူး ယုန်ဖြူလေးက စိတ်သဘောထားနူးညံ့သူလေးဖြစ်၏။ ပေါ်ပေါ်တင်တင်ပဲပြောဖို့ ဆုံးဖြတ်ထားသည်။





"ယုန်လေး ... ပြင်ဆင်ထားတော့ ... ပြောင်းနေကြမယ်၊ အန်တီနှင်းတို့က မိန်းကလေးရှင်လေ အခွင့်အရေးကိုတော့ အသုံးချသင့်တယ်"

ယုန်ဖြူဘာမှမပြောချင် ပြောင်းမယ်ဆိုတော့လည်း ယုန်ဖြူက ငြင်းလို့မှမဖြစ်တာပဲ။ ပစ္စည်းတွေသိမ်းရသည်။

"ယုန်ဖြူရေ"

"ရဲ့အသံ"

ယုန်ဖြူ ထူပူသွားသည်။ အန်တီနှင်း ဘာမှမပြောပါစေနဲ့ဟု ဆုတောင်း၍ပြီး အပြင်ပြန်ထွက်လာသည်။

"ရဲပါလား ... ရဲရောက်လာတာနဲ့အတော်ပဲကွယ်၊ မနက်ဖြန်လောက် အန်တီနှင်းတို့ အိမ်ပြောင်းတော့မယ်"

"ဗျာ ... ဘယ်ကိုပြောင်းမှာလဲ"

"မိတ်ဆွေတစ်ယောက်အိမ်ကိုပါ ယုန်ဖြူ့ကိုစောင့်ရှောက်မယ်ဆိုလို့လေ ... သမီးလေးအဖေရဲ့သူငယ်ချင်းပါ"

အန်တီနှင်းစကားကြောင့် ရဲစိတ်ပူပင်မှုက အထွတ်အထိပ်ရောက်သွားသည်။ အန်တီနှင်းကိုယ်တိုင်က ယုန်ဖြူနှင့်ရဲတို့ နီနီးကပ်ကပ် နေထိုင်တာမကြိုက်ပေ။ ရဲ့ကို သတိပေးထားဖူးသည်။

"ရဲ"

"ယုန်ဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ"

"သူငယ်ချင်းနှစ်ယောက် ... စကားပြောနေကြဦးနော် ... အန်တီနှင်း လိုအပ်တာလေးတွေ သွားဝယ်ရမယ်"

"ဟုတ်ကဲ့"

"ယုန်ဖြူ ... ညည်းသူငယ်ချင်းကို စကားတွေအဝပြောထား နောက်ပိုင်း တွေ့နိုင်တော့မှာမဟုတ်ဘူးထင်တယ်၊ သူများအိမ်မှာ ဆိုတော့ အနေအထိုင်ဆင်ခြင်ရမယ်မဟုတ်လား"

အန်တီနှင်းထွက်သွားမှ ယုန်ဖြူ အသက်ကိုဝအောင်ရှူနိုင်တော့သည်။ တော်ပါသေးရဲ့ သူ့ဒွေးသားနှင့်လက်ထပ်ဖို့ကိစ္စ မပြော၍ ...

"ယုန်ဖြူ"

"ဟင်"

"ဘာတွေဖြစ်ကုန်တာလဲကွ မင်းတို့ ဘယ်ကိုပြောင်းကြမှာလဲ မင်းကိုယ့်ကိုတော့ လိမ်ညာလှည့်ဖြားပြီး ထားခဲ့မယ်မကြံနဲ့နော်"

"ရုံရယ် ... ယုန်ဖြူတောင်းပန်ပါတယ်၊ ပြဿနာတွေကို မရှာပါနဲ့"

"ကိုယ့်ရင်ထဲမှာ ဘယ်လောက်အထိခံစားနေရလဲ ... ကိုယ် သေလိမ့်မယ်"

ရုံဆောက်တည်ရာမရတော့ ပေါက်ကွဲချင်သည်။ ယုန်ဖြူ့ကို





ဘယ်လိုမှ မစွန့်လွှတ်နိုင်တော့။ ဘယ်ကိုပြောင်းကြမှာလဲ။ အန်တီနှင်းက နောက်ထပ်တွေ့ဆုံဖို့ မလွယ်တော့ဘူးဟု ပွင့်ပွင့်လင်းလင်း ပြောနေသည်။

"ရုံ"

"ဘာလဲပြော"

"ယုန်ဖြူတောင်းပန်ပါတယ် ... ကံကြမ္မာကလည်း ဘယ်လိုတွေဖန်တီးလာမလဲဆိုတာ မသိနိုင်ဘူးမဟုတ်လား"

"ဘာကံကြမ္မာလဲ ဆင်ခြေတစ်ခုပဲ ... မင်း ... မင်းကိုယ့်ကို ထားခဲ့လို့တော့ မင်းအသေပဲ"

"အဲဒီလိုတွေမလုပ်ဖို့ တောင်းပန်ပါတယ်နော်၊ ရုံစိတ်လျှော့ပါ"

"တောက်"

ရုံဒေါသဖြစ်ရသည် ... အံသွားလေးတွေကို ဖိကိုက်ထားရင်း ယုန်ဖြူ့ပခုံးနှစ်ဖက်အား တင်းကြပ်စွာလှုပ်ခါရင်း ... ဒေါသတွေကို ထိန်းချုပ်နေရ၏။ ယုန်ဖြူ့မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်နှက်နေသည်။

"ယုန်ဖြူ"

"ဟင်"

"ထွက်ပြေးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ"

"တစ်နေရာရာပေ့ါ"

"ယုန်ဖြူတို့မှာ ပိုက်ဆံမရှိဘူးလေ ... နေစရာလည်းမရှိဘူး ဘယ်ကိုထွက်ပြေးမှာလဲရံ ... အဓိပ္ပာယ်မရှိတာတွေမလုပ်စမ်းပါနဲ့ ရံရယ်"

"မင်း ... မင်း ကိုယ့်အပေါ် သစ္စာမမဲ့နဲ့နော်ယုန်ဖြူ၊ အားလုံး ပြဿနာတွေတက်သွားမယ်၊ မင်းနဲ့ကိုယ် အတူတူသေပစ်လိုက်ကြမယ်"

ရံ့ကို ဘယ်လိုဖျောင်းဖျရမှန်းပင်မသိတော့ ... ယုန်ဖြူသေပစ်ချင်သည်။ လက်ထပ်ဖို့ လူကြီးတွေစီစဉ်ထားတဲ့ ယောကျ်ားတစ်ယောက်ရှိနေတယ်ဆိုတာသိရင် ... ရံကြောက်စရာကောင်းလောက်အောင် ပေါက်ကွဲသွားနိုင်သည်။

"ယုန်ဖြူ"

"ဟင်"

"ကိုယ့်ကိုချစ်လား"

"ရံနဲ့ယုန်ဖြူတို့က ငယ်ငယ်လေးထဲက အတူတူကြီးပြင်းလာခဲ့ကြတာလေ၊ ယုန်ဖြူလည်း သံယောဇဉ်ရှိပါတယ်"

"ဘာပြောတယ်"

"အမေ့"





"ဝုန်း"

"ဟင် ... ရံ"

ယုန်ဖြူ့ခန္ဓာကိုယ်လေးအား ဆောင့်တွန်းပစ်လိုက်၍ နံရံမှာကပ်ပြီး ပုန်လျှက်သားလေး ဖြစ်ကျလဲပြိုသွားသည်။

"ဘာသံယောဇဉ်ရှိတာလဲ ... ပြောစမ်းပါ ... မင်းပါးစပ်ကချစ်တယ်လို့ မင်း ... မင်းလုံးဝမပြောဘူး ... ငှလည်ကြောင်ပတ်နဲ့ မင်း ... မင်းကိုယ့်ကို လျှော့မတွက်ထားနဲ့နော် ယုန်ဖြူဖြူ"

ရံသည်းမခံနိုင်တော့ ... အန်တီနှင်းအကွက်ကို ရံသိနေသည်။ ယုန်ဖြူနဲ့သူ့ကို ခွဲပစ်ဖို့ကြံစည်တာပဲ ... ယုန်ဖြူ ... မင်းကရောကိုယ့်ကို ဘာသံယောဇဉ်တွယ်တာလဲ။ ချစ်တယ်လို့ ဘယ်တုန်းကမှမပြောဘူး ... ရံတို့နှစ်ယောက်ရဲ့ဘဝက အချစ်တွေနဲ့ချီနှောင်ထားမှဖြစ်မယ်။ သံယောဇဉ်လောက်နဲ့တော့ မဖြစ်ဘူး။ ရင်တွေပူလိုက်တာ ...

"အန်တီနှင်းပြန်လာတော့မယ် ... ရံပြန်လိုက်ပါနော် ... တောင်းပန်ပါတယ်၊ ... ရံအပြင်မှာလာတွေ့လို့ရတာပဲ အန်တီနှင်းမသက်ဖြစ်လို့မရဘူး"

"တောက်"

"တောင်းပန်ပါတယ်ရံ ရှိခိုးပြီးတောင်းပန်ပါတယ်"

"ကိုယ် ဘာကိုမှဂရုမစိုက်ဘူးနော် ယုန်ဖြူ ... ကိုယ့်ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းသိတယ်မဟုတ်လား"

"အင်း ... အင်းပါ"

ရဲ့ဒေါသတွေကို ထိန်းချုပ်လိုက်ပြီး ယုန်ဖြူ့အနားကပ်သွားသည် ... ယုန်ဖြူ့အသားလေးတွေ တဆတ်ဆတ်တုန်ယင်နေ၏။ ကြောက်နေသည်။

"ချစ်"

"ရဲ"

"ကိုယ်တောင်းပန်ပါတယ် ကိုယ်အဲဒီလောက်အထိ ယုန်ဖြူ့အပေါ် မကြမ်းတမ်းသင့်ဘူး ... ကိုယ်က ယုန်ဖြူ့ကို အရမ်းချစ်လို့ပါကွာ"

ယုန်ဖြူ့ကိုယ်လေးအား ... ပွေ့ဖက်၍ထူပေးလိုက်သည်။ မျက်ဝန်းလေး ကလည်ကလည်နှင့် ယုန်ဖြူ တောင်းဝန်တိုးလျှိုစွာ ကြည့်နေ၏။ ရဲကြမ်းသွားတယ်။ တကယ်တမ်း ယုန်ဖြူ့ကိုခိုးပြေးမယ်ဆိုရင်တောင် ရဲတာဝန်ယူနိုင်တဲ့အင်အားတွေ မရှိပေ ... ငွေလည်းမရှိဘူး ... နေစရာနေရာလည်း မရှိဘူး။

"ကိုယ်ပြန်ပါ့မယ် ... မင်းကို စိတ်ဆင်းရဲအောင်မလုပ်တော့ပါဘူးကွာ ... ကိုယ်တောင်းပန်တယ်၊ မင်းကို တင့်တင့်တယ်တယ်ထားနိုင်အောင် ကိုယ်ကြိုးစားငွေရှာမယ်"

ယုန်ဖြူကတော့ အသက်ရှူရတာ ပို၍ပင်မွန်းကြပ်လာနေ





သည်။ ရဲနှင့်အတူတူနေဖို့ဆိုတာ မဖြစ်နိုင်ပေ။ ကြောက်တယ် ... ဘယ်လိုရပ်တည်ရင်ဆိုင်မလဲ။ ယုန်ဖြူငိုချင်လာ၏။ ရဲက သူမအား ပွေ့ဖက်ထားသည်။

"ကိုယ့်ကိုမထားခဲ့ပါနဲ့ ယုန်ဖြူလေးရယ်၊ ကိုယ်သေမှာပဲ၊ စိတ်ကူးထဲမှာတောင် ကိုယ်စဉ်းစားလို့မရဘူး ... ကိုယ်ရူးချင်လာတယ်၊ ယုန်ဖြူလေး စိတ်ဒုက္ခရောက်အောင် ကိုယ်မလုပ်တော့ဘူးနော်"

"အင်း"

"ဘယ်လိုအကြောင်းနဲ့မှ အဝေးမခံနိုင်ဘူး ... မင်း ဘယ်ပဲရောက်ရောက် ကိုယ့်ကိုဆက်သွယ်ပါ"

"အင်းပါ ... ရဲရယ်"

ရဲ့ကိုလည်း ... ယုန်ဖြူ သံယောဇဉ်တွယ်ငြိနေမိတာတော့ အမှန်ပါပဲ။ ရဲတစ်ခုခုဖြစ်သွားမှာလည်း စိတ်ပူနေသည်။ ရဲ့ဘဝ လွတ်မြောက်ရာလမ်းစကိုတွေ့သွားပါစေဟု ယုန်ဖြူဆုတောင်းနေမိ၏။ ရင်ခွင်က ယုန်ဖြူ့အတွက် ပူပူလောင်လောင်ကြီးပါ။

"ကိုယ်ပြန်မယ် အချစ်"

"အင်း ... "

"မင်းကိုယ်တိုင်က ပြန်စေချင်နေတာမဟုတ်လား ယုန်ဖြူလား"

"အို ... မဟုတ်ပါဘူးရဲရယ် ... အန်တီနှင်းသိသွားရင် ပိုပြီး



www.burmeseclassic.com

အခက်အခဲအကြပ်အတည်းတွေကို တွေ့ကြုံရမှာလေ”

“OK ... ဒါဆို ကိုယ်ပြန်မယ်၊ မင်းကိုယ့်ကိုပြန်နမ်းပါ”

“ယုန်ဖြူ ရှက်တယ် မနမ်းချင်ပါဘူး ... ရံနမ်းပြီးပြီလေ

ကျေနပ်ပါတော့”

“မရဘူးကွာ ... နမ်း ... ဟော့ ယုန်ဖြူဖြူ ကိုယ်ပြောနေတယ်

လေ နမ်းလို့”

“အင်း ... အင်းပါ”

ယုန်ဖြူတစ်ကိုယ်လုံး မီးတောက်တွေဟပ်နေသလို ပူဖြင်

လွန်းနေသည်။ မျက်လုံးတွေကိုမှိတ်ပြီး ရံ့ပါးပြင်ကိုနမ်းလိုက်ရ

ရံက သဘောကျစွာရယ်မောရင်း ယုန်ဖြူ့ကိုဖက်ထားပြန်သည်

“ကိုယ့်အပေါ် သစ္စာရှိစမ်းပါယုန်ဖြူလေးရယ် ... မင်းက

တင့်တင့်တယ်တယ်ထားနိုင်အောင် ကိုယ်ငွေရှာပြမယ် ... မင်း

အမြန်ဆုံး အတူတူနေနိုင်အောင်လုပ်မယ်”

ရံ ပူးကပ်နေတဲ့ခန္ဓာကိုယ်နှစ်ခုကို ပြန်ခွာပစ်လိုက်သည်

ယုန်ဖြူ့အား စူးစူးစိုက်စိုက်ကြည့်၍ သစ္စာမမဲ့နဲ့နော်ဟု ခပ်ပြတ်ပြတ်

ပြောပစ်လိုက်၏။ ယုန်ဖြူက အင်းတဲ့။ ရံ့စိတ်ထဲမှာ တက်တက်ကြ

ကြွ မရှိလိုက်တာဟု တွေးမိလိုက်ပေမယ့် ယုန်ဖြူ့ကို မြသနာမရှ

ချင်တော့၍ အိမ်လေးပေါ်ကနေမြန်ဆင်းခဲ့သည်။

အခန်း ( ၉ )

“ကိုမင်းသိဒ္ဓိ ... ခင်ဗျားနဲ့ အရမ်းတွေ့ချင်တယ်ဗျာ၊ ရံ အရေး

တကြီး အကူအညီလိုအပ်နေလို့ပါ”

“ဟော့ ... မင်းပဲ ဘယ်တော့မှ သူများအကူအညီမတောင်းဘူး

ဆိုကွ”

“ဟာဗျာ ... အရေးထဲ ကျွန်တော် အခု ခင်ဗျားအကူအညီ

ကို အရမ်းလိုအပ်နေတယ်”

“အေးပါကွာ ... မင်းကိုလည်းခင်တယ် ကိုယ်လာခဲ့မယ်”

“ကျေးဇူးပဲဗျာ”

ရံကတော့ တွေ့နေကျနေရာလေးမှာချိန်းလိုက်သည်။ မထူး

တော့ပါဘူး။ ရံ မဖြစ်မနေ ကိုသိဒ္ဓိရဲ့အကူအညီကို လိုအပ်နေခဲ့သည်။

ယုန်ဖြူနဲ့ရံ ဝေးရတော့မယ်။ ရံခိုးပြေးမှဖြစ်တော့မည်။ ပိုက်ဆံလည်း

မရှိဘူး ... နေထိုင်စရာနေရာလည်း မရှိဖြစ်နေသည် ခဏကြာတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသိဒ္ဓိရောက်လာ၏။ ဒီလူကတိတည်သားပဲ။ ရံလည်း ဘယ်လိုမှမတတ်နိုင်တော့၍ မျက်နှာပူပူနှင့်ပဲတွေ့ဆုံဖို့ ချိန်းလိုက်ရခြင်းဖြစ်သည်။

"ပြော ... မောင်ရင် ဘာအကူအညီတွေ လိုအပ်နေလို့လဲရံ"

"ကျွန်တော်က ဘယ်တော့မှ သူများဆီကနေ အကူအညီတောင်းတတ်တဲ့ကောင်မဟုတ်ဘူးနော် ကိုမင်းသိဒ္ဓိ"

"ဟုတ်ပါပြီကွာ ... မင်းကိုအထင်မသေးပါဘူးရံရာ ... ကိုယ်ပေးနိုင်တဲ့အကူအညီဆိုရင် ပေးမှာပါ"

ရံ မင်းအသည်းကို ကွဲခတ်ခံနေရပြီမဟုတ်လား။ ရံ့ချစ်သူ ယုန်ဖြူက ... သူနှင့်လက်ထပ်ရမည့်ကောင်မလေး ဖြစ်နေသည်။ မင်းသိဒ္ဓိသိပြီးသား ... မနက်ဖြန်တောင် ကောင်မလေးတို့ ပြောင်းလာမည်ဖြစ်၍ ဒက်ဒီက နေရာထိုင်ခင်းတွေ အပြံစားပြင်ဆင်ထားသည်။

"ရံ"

"ဗျာ"

"ပြောလေကွာ"

"ကိုမင်းသိဒ္ဓိ"

"မင်း အားနာမနေပါနဲ့ ကိုယ်တို့က မိတ်ဆွေတွေပဲ"

ရံ့ကို မင်းသိဒ္ဓိသနားသွားသည်။ သေသေချာချာကြည့်တော့လည်း ရံဟာ မိန်းမချောလေးတစ်ယောက်ပါ။ မျက်ဝန်းလေးတွေထဲမှာ ရီဝေညို့မှိုင်းနေသည်။ ရံရယ် ... မင်းက အရမ်းနှမျောစရာကောင်းတယ်ကွာ။ ဘာဖြစ်လို့များ ယောကျ်ားလျာလေးဖြစ်နေရတာလဲ။ ရံ့မျက်နှာလေးကို စိုက်ကြည့်မိတော့ ရံရှက်သွေးလေးတွေရဲရဲဖြာသွား၏။ မင်းမှာ အရက်တရားတွေရှိနေသေးတာပဲ ချစ်ဝန်းရံရာ ... မင်းသိဒ္ဓိရယ်ပစ်လိုက်သည်။

"ပြောလေရံ"

"ကျွန်တော် မိန်းမခိုးချင်လို့ပါ"

"ဘာ"

"ဟာ ... ခင်ဗျားကလည်း အလန့်တကြားအော်လိုက်တာ"

"မဟုတ်ပါဘူးကွာ ... မင်းအသက်အရွယ်ကလေးနဲ့ မိန်းမခိုးမယ်ဆိုတော့ အံ့သြသွားလို့ပါ"

မင်းသိဒ္ဓိ ရယ်ချင်နေသည်။ ရံ ... မင်းကတော့ တကယ်ပဲ။ ကိုယ်တောင် သနားသွားပြီ။ ချစ်ဝန်းရံ ငိုတော့မယ်။ ဟိုနေ့က ရန်ပွဲမှာလည်း ယောကျ်ားလေးတွေကို အံတုပြီး ခုံနဲ့ကောက်ရိုက်တာ ကျားကျားယားယားပဲ ...

"ကျွန်တော့်မှာ ပိုက်ဆံလည်းမရှိဘူးဗျာ ... နေစရာလည်း လိုအပ်နေတယ်"

"နေပါဦးရံရဲ့ မင်းကောင်မလေးကရော မင်းနောက်ကိုလိုက်







www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့လား”

“ယုန်ဖြူကတော့ ကြောက်နေတာပေါ့ဗျာ ... ကျွန်တော်ခေါ်ရင်တော့ လိုက်မှာပဲ၊ ယုန်ဖြူက ကျွန်တော့်အပေါ် သံယောဇဉ်ကြီးပါတယ်”

ယုန်ဖြူဖြူက ... ရံနှင့်အတူကြီးပြင်းလာတော့ ... ရံ့အပေါ် ရိုးသားစွာ သံယောဇဉ်တွယ်နေခြင်းဖြစ်နိုင်သည်။ ရံ့ဘက်ကပဲ အရှုံးအမှူးခံစားနေရတာပါ။ မင်းသိဒ္ဓိ ဘယ်လိုတားဆီးပေးရမလဲ။ ရံ့ကို သနားနေ၏။ ရံတောင်းတဲ့အကူအညီကို မင်းသိဒ္ဓိအတွက် မခက်ခဲပေ။ ဒါပေမဲ့လည်း ကလေးနှစ်ယောက်လုံး ဒုက္ခရောက်ကြမှာ ဖြစ်သည်။

“ယုန်ဖြူ အိမ်ပြောင်းတော့မယ်အစ်ကိုရာ ... ယုန်ဖြူ့အဒေါ်က ရံနဲ့လုံးဝသဘောမတူဘူး၊ ရံတို့က ဆင်းရဲနွမ်းပါးချာတယ်လေ”

ရံကတော့ ... သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်ဆိုတာ လုံးဝထည့်သွင်းစဉ်းစားပုံမရပေ။ သိဒ္ဓိစိတ်မကောင်းဖြစ်ရသည်။ ရံ့မိဘတွေကရော ဘယ်လိုလူမျိုးတွေလဲ။ သိဒ္ဓိ သိချင်လာ၏။ သူဘာလုပ်ပေးနိုင်မလဲ။ ယုန်ဖြူဖြူနှင့်လက်ထပ်ရမယ့်သူက သူဆိုတာသာ ရံသိသွားရင် အခြေအနေတွေက ဆက်မတွေးရဲလောက်အောင်ပင် ရင်မောတယ်ကွာ ... ချစ်ဝန်းရံမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်ဝဲလာတာကပင် ချစ်ဝန်းရံ မိန်းမဆန်နေသည်။





“ခင်ဗျားကူညီပါဗျာ၊ ပိုက်ဆံလည်းချေးပါ ကျွန်တော်အလုပ်လုပ်ပါ့မယ် ဟိုဗျာ ... အစ်ကို့ကုမ္ပဏီမှာဖြစ်ဖြစ်လေ လစာထဲကဖြတ်ပေါ့၊ ကျွန်တော်ကြိုးစားမှာပါ ယုံပေးပါ”

သူ့ကိုတရိုတသေနှင့် အစ်ကိုတဲ့။ ပြီးတော့ လက်အုပ်လေးချီလိုက်သေးသည်။ ယောကျ်ားမဆန်လိုက်တာ ... ငိုမဲ့မဲ့မျက်လုံးလေးတွေက တောင်းပန်ခယနေ၏။ ရံရယ် မင်းသာယောကျ်ားလေးအစစ်တစ်ယောက်ဖြစ်နေရင် အစ်ကိုဘာပဲဖြစ်ဖြစ် ကူညီပါတယ်ကွာ။ အခုတော့ မင်းတို့က ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ ကျော်ကောင်းကြားမကောင်းနှင့် မိန်းကလေးနှစ်ယောက် ဘဝပျက်စရာအကြောင်းဖြစ်နေသည်။

“ကိုယ်ကတော့ ယုန်ဖြူဖြူ့ကို လက်မထပ်ရလည်း ဘာမှမဖြစ်ပါဘူးရံရယ် ... မင်းချစ်သူကို ကိုယ် တကယ်ပဲလုမယူချင်တာပါ”

သိဒ္ဓိတွေးနေမိသည်။ သူ့ရင်တွေခံပြင်းနာကျင်လာရ၏။ ရံ့အတွက်ဖြစ်နေတာကပဲ အံ့ဩစရာဖြစ်သည်။

“ကျွန်တော့်ကိုကူညီပါ ခင်ဗျားကသူဌေးပဲ ဘာမှအခက်အခဲမရှိနိုင်ပါဘူး ... ဒါက အသေးအမွှားလေးပါ၊ ခင်ဗျားပဲ အကူအညီလိုအပ်ရင်တောင်းဆို ... အားမနာဖို့ပြောခဲ့တယ်လေ ... ခင်ဗျားယောကျ်ားပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောခဲ့ပါတယ်ရှံ မင်းတို့နှစ်ယောက်ကို ဘယ်လိုကူညီနိုင်မလဲဆိုတာ စဉ်းစားနေတာပါ"

"ဘာစဉ်းစားစရာလိုလဲဗျ ... ငွေပဲပေးလိုက်ပါ၊ တခြားကိစ္စ ကျွန်တော်တာဝန်ယူတယ်၊ အစ်ကို့ကို လုံးဝမထိခိုက်စေရပါဘူး၊ ရှံ ယောကျ်ားစကားပါဗျာ"

"ရှံ"

"ဗျာ"

"မင်းတို့က အသက်မပြည့်သေးဘူးလေ ... မင်းထောင်ထဲ ရောက်မှာသေချာတယ်ကွ၊ အစ်ကိုလည်း စဉ်းစားနေတာပါ"

ရှံ ငြိမ်သက်သွားသည်။ သူ့အနေဖြင့် အကူအညီပေးလို့ မဖြစ်နိုင်ပေ ... အန့်တီနှင်းအကြောင်းလည်း ရှံအသိဆုံးလေဟု သူပြော တော့ ရှံဆတ်ခနဲမော့ကြည့်၏။ အပူသောကတွေ လွှမ်းနေတဲ့ မျက်နှာလေး မင်းရဲ့အနာဂတ်ကို ကိုယ်မဖျက်စီးပစ်နိုင်ဘူး။ ကိုယ် အမှန် အတိုင်းဝန်ခံရင် ယုန်ဖြူဖြူက ကိုယ့်ရင်ထဲအထိစူးနစ် တိုးဝင်မလာ ဘူး။ မင်းပဲရှံ ... ကိုယ်စတ္တန့်မလပ်စဉ်းစားမိနေသလို စိုးရိမ် ပူပန်နေ ရတာလည်း အံ့ဩစရာကောင်းလောက်အောင် ချစ်ဝန်းရှံ ဖြစ်နေ တယ်။ ရှံက သူ့လက်တွေကို ဆတ်ခနဲဆုပ်ကိုင်လိုက်ရာ လက်ဖျား လေးတွေက အေးစက်စက်။ သူ့ရင်ကို ထိတ်လန့်နာကျင်သွားစေ သည်။





"အစ်ကို ... အကြံပေးစမ်းပါ ရှံဘာဆက်လုပ်ရမလဲ၊ အစ်ကို ပြောတာ မှန်တယ်ဗျ၊ ကျွန်တော် မိုက်ရူးရဲလုပ်လိုက်ရင် မိဘတွေ ရော အားလုံး ဒုက္ခတွေရောက်ကုန်လိမ့်မယ်"

သူ့စကားကို ရှံလက်ခံလိုက်သဖြင့် နည်းနည်းလေးတော့ စိတ်အေးသွားရသည်။ ရှံ မဆိုးပါဘူး။ လူဆိုးလူမိုက်လေးမဟုတ်။

"ကိုယ်အကြံပေးတဲ့အတိုင်း မင်းကလုပ်မှာလားရှံ"

"လုပ်မယ်ဗျာ ဘာပဲဖြစ်ဖြစ် အစ်ကိုတစ်ယောက်ရဲ့စေတနာ လို့ပဲ သတ်မှတ်ပါတယ်၊ ကျွန်တော်အရမ်းရင်ပူနေတယ်ဗျ၊ အစ်ကို မယုံရင် စမ်းကြည့်ပါလား"

"ဟာ ... တော်ပါပြီကွာ"

ရှံက သူ့လက်ကိုဆွဲယူ၍ ရင်ဘတ်နားထိကပ်ဖို့ပြင်လိုက်၍ သိဒ္ဓိ ကြောက်လန့်တကြား ရုန်းဖယ်ပစ်လိုက်ရသည်။ ချစ်ဝန်းရှံ ... မင်းတကယ်ပဲ မင်းကိုယ်မင်း ယောကျ်ားလေးတစ်ယောက်လို့ ထင် မှတ်နေခဲ့တာပဲ။ ယောကျ်ားလေးတွေနဲ့ မင်းဘယ်အထိများ တရင်း တနှီးပေါင်းနေခဲ့လဲ။ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပင် ... သိဒ္ဓိ တခြားစကားတွေ လမ်းကြောင်းလွှဲပစ်ရသည်။

"အစ်ကို အကြံပေးချင်တာတော့ ရှံမင်းစိတ်ကိုဖြေလိုက်ပါ၊ လောလောဆယ် ယုန်ဖြူဖြူက အိမ်ထောင်ပြုသေးတာမှမဟုတ် တာ မင်းတို့တွေ နိုင်ကြသေးတာပဲ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်ဗျ ... ယုန်ဖြူကလည်းပြောတယ် ကျွန်တော် အရမ်းသွေးပူသွားတယ် အစ်ကိုရာ"

"မင်းကို ကိုယ်အကူအညီပေးနိုင်ပါတယ်ရံ ... အခု မင်းငွေ ဘယ်လောက်လိုလဲ ... မင်း အသုံးစရိတ်တွေအတွက်လေ"

"တော်ပါပြီဗျာ ... ကျွန်တော် သူများပိုက်ဆံကို အချောင် မယူချင်ဘူး၊ ရံ့မှာ သုံးစရာလည်းမရှိပါဘူး၊ ရံ အလုပ်ပဲလုပ်ချင်တယ်"

"ဒါကတော့ ကိုယ်လုပ်ပေးနိုင်ပါတယ်၊ ကိုယ့်ရဲ့ကိုယ်ရေး အရာရှိလုပ်မလား"

"ဟာဗျာ ... အရမ်းမြင့်သွားပြီ၊ ကျွန်တော်က အရည်အချင်း မရှိပါဘူး၊ သင်တန်းတွေလည်း မတတ်နိုင်ဘူး ပိုက်ဆံမှမရှိတာ"

"ကိုယ်ပေးမယ်လေ တက်ပေါ့၊ မင်းဘဝအတွက် လိုအပ်တာ တွေလုပ်ပါ၊ မင်းပဲ ယုန်ဖြူဖြူကို တာဝန်ယူချင်တယ်ဆို"

ရံစဉ်းစားနေသည်။ အခုမှ သိကျွမ်းကြတဲ့လူတစ်ယောက်ဆီ ကနေ ငွေကြေးအကူအညီတွေ မယူချင်ပေ။ ရံ့မှာစည်းတော့ရှိတယ် အချောင်သမားစိတ်ဓာတ်ကို ရံအမုန်းဆုံးပင်။ ကိုမင်းသိဒ္ဓိကတော့ လူကြီးလူကောင်းတစ်ယောက်ပါပဲ။ ရံယုံကြည်နေမိသည်။

"ရံ"

"ဗျာ"

"ဘာတွေစဉ်းစားနေတာလဲကွ၊ ကိုယ်က စေတနာနဲ့ပြော





တာပါ၊ မင်းစိတ်ဓာတ်ကို နှစ်သက်လို့ပါ၊ မင်းကထက်မြက်တယ်"

"ကျွန်တော်စဉ်းစားဦးမယ်ဗျာ ... အစ်ကို့ကိုတော့ ယုံပါ တယ်၊ လေးလည်းလေးစားတယ်၊ ကျွန်တော် ပတ်သက်ခင်မင်တဲ့ ပထမဆုံး ယောကျ်ားလေးပဲ"

ရံပေါင်းတာ ယုန်ဖြူပဲ ... တခြားဘယ်သူနှင့်မှ ပတ်ပတ် သက်သက်မရှိခဲ့။ ကိုလေးသူငယ်ချင်းတွေကိုတောင် အရောတဝင် မနေထိုင်ခဲ့။ ဉာဏ်ထွန်းဆိုတဲ့ကောင်က အိမ်ကို အကြောင်းမရှိ အကြောင်းရှာလာပြီး ရံ့ကိုဝင်ရောနေတတ်၍ ရံပို၍ရှောင်သည်။

"ကျေးဇူးပါပဲအစ်ကိုရာ ကျွန်တော့်စိတ်တွေထူပူပြီး ယုန်ဖြူ့ ကို ခိုးပြေးချင်နေတာ၊ ကျွန်တော်တို့နှစ်ယောက်လုံး အသက်ငယ် သေးကြတာပဲ"

"အဲ့ဒါကြောင့် အစ်ကိုပြောတာလေ၊ မင်းစိတ်ခံစားမှုတွေ ပြောင်းထန်စေနဲ့ရံ အမှားကကျူးလွန်ပြီးသွားရင် အဖတ်ဆည်လို့မရ အောင် ပတ်ဝန်းကျင်မှာ အရှက်ရမှာပဲ"

ရံ မျက်တောင်ကော့လေးတွေပိုင်းအုံနေတဲ့ မျက်ဝန်းလေး တွေနှင့် သူ့ကိုမော့ကြည့်သည်။ မဆီမဆိုင် သိဒ္ဓိက ရင်ခုန်နေသည်။

"ကျွန်တော်ပြန်မယ်ဗျာ ... ကျေးဇူးပဲ အစ်ကိုကယ်ပေလို့ ပဲ"

"ရံ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"တစ်ခုခုစားကြရအောင်ပါ မပြန်ပါနဲ့ဦး ... မင်းစိတ်တွေ တည်ငြိမ်တဲ့အထိ အစ်ကိုနဲ့နေရမယ်"

သူလည်း ကိုမင်းသိဒ္ဓိအနားမှာနေရတာ စိတ်သက်သာသလို ပင်။ ရဲ အိမ်မှာနေလို့မရ၊ ယုန်ဖြူတို့ပြောင်းတော့မယ်ဆိုတဲ့အတွေး က ဝင်လာတိုင်း ရူးသွပ်သွားမလားပဲ။

"မင်းဘာစားမလဲ ကိုယ်ကတော့ မင်းစိတ်ပြေလက်ပျောက် ဖြစ်ဖို့ တာဝန်ယူတယ်"

"ကျွန်တော် အရမ်းကလေးဆန်သွားတယ်ဗျာ ... ယုန်ဖြူနဲ့ ဝေးရမှာကို မတွေးရဲဘူး"

ရဲ့မျက်နှာလေးပေါ်မှာ အပြုံးရိပ်လေးတွေက ဝင်းဝင်းလေး တောက်ပလာ၏။ သိဒ္ဓိ စိတ်အေးသွားရသည်။ စားသောက်စရာ တွေကို ချော့မော့ကျွေးနေမိ၏။ ရဲကတော့ ယုန်ဖြူ့အကြောင်းတွေ ပဲ ပြောနေသည်။

"ယုန်ဖြူ့ကို ကျွန်တော်အရမ်းချစ်တယ် ဘယ်လိုအကြောင်း နဲ့မှ အဝေးမခံနိုင်ဘူး၊ ယုန်ဖြူသာ သစ္စာမဲ့သွားရင် ကျွန်တော်ကိုယ် ကိုယ်ကိုယ် သတ်သေပစ်မိမလားပဲ၊ ယုန်ဖြူ့ကိုရော ယုန်ဖြူနဲ့ယှဉ်တဲ့ ကောင်ရော အသေပဲ"

"ရဲ မင်းအဲဒီလိုမျိုးစိတ်တွေရှိနေတာကိုက ... ကြီးမားတဲ့





အန္တရာယ်တွေကို ဖိတ်ခေါ်တာနဲ့အတူတူပဲကွ မလုပ်သင့်ဘူး"

"ကျွန်တော်မှ ယုန်ဖြူ့ကိုမစွန့်လွှတ်နိုင်တာပဲ တခါတလေ အတွေးနဲ့တောင် ကျွန်တော့်ရင်တွေ ပေါက်ကွဲမတတ်ပဲ အရမ်းခံစား ရတယ်ဗျာ"

ရဲရယ် ... မင်းစိတ်တွေကို ပြောင်းလဲပစ်ချင်လိုက်တာကွာ။ စိတ်ပူတယ် မင်းအမှားအယွင်းတွေ လုပ်မိမှာလည်း စိုးရိမ်နေတယ်။ မင်းကိုတော့ ကိုယ့်မျက်စိအောက်မှာပဲ ထားချင်တယ်။ စားစရာ တွေစားပြီး ရဲ့ကိုသူ့ကားပေါ်တင်၍ အေးချမ်းတဲ့အင်းလျားကန် ဘောင်ပေါ် ခေါ်ဆောင်လာခဲ့မိတာပင် သိဒ္ဓိဘက်ကမရိုးသားတာ လား ... သူ့စိတ်က မလုံချင်။ ရဲ့လက်လေးကိုဆုပ်ကိုင်ချင်နေသည်။

"ကျွန်တော် အလုပ်လုပ်မယ်ဗျာ၊ အစ်ကို့ကုမ္ပဏီမှာပဲ အလုပ် ပေးပါ ... ဘာပဲဖြစ်ဖြစ်လေ"

"ရဲ မင်းချစ်သူအတွက်ပဲ စဉ်းစားနေတယ်၊ မင်းမိဘတွေ အတွက်ရော စဉ်းစားမိရဲ့လား"

"အင်း ... အမေ့အတွက်တော့ ကျွန်တော်စဉ်းစားပါတယ်၊ အမေနဲ့အစ်ကိုတွေက ယောကျ်ားတွေပဲ ... ကျွန်တော်တို့မိသားစု အကြောင်း မသိချင်ပါနဲ့ဗျာ အားလုံးကျွိုင်တွေပဲ"

မိသားစုအကြောင်းကိုတော့ ရဲ ပြောမပြပေ။ ရဲ့စိတ်ဓာတ် အချောင်သမားစိတ်ဓာတ်မရှိတာတော့ ... သိဒ္ဓိနှစ်သက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံရာ ... ကိုယ်ကတော့ မယုံနိုင်လောက်အောင်ပဲ ချစ်ဝန်းရံကို စိတ် ဝင်စားမိနေတယ်။ စတွေ့ထဲကပဲကွ ...

"ကျွန်တော် သင်တန်းတွေတက်မယ် ... ကြိုးစားမယ် ... ယုန်ဖြူ့ထက် အရမ်းညံ့ဖျင်းနေလို့မဖြစ်ဘူး၊ အစ်ကိုကူညီမယ်မဟုတ် လား"

"ကူညီမယ်ရုံ ... မင်းဖြစ်ချင်တာတွေ မင်းအနာဂတ်အတွက် လိုအပ်တာတွေအားလုံးပဲကွာ၊ ကိုယ်တာဝန်ယူပေးမယ်၊ မင်းကို ကိုယ့်ကုမ္ပဏီမှာ အလုပ်ပေးမယ်"

"ကျေးဇူးပဲ အစ်ကိုရာ ... သူတော်ကောင်းနဲ့လာတွေ့ရတာ ပဲ ... ကျွန်တော် ဆုံးဖြတ်ထားတယ်ဗျာ၊ ယုန်ဖြူ့ကိုတော့ အရ ယူမယ်"

သိဒ္ဓိ ရင်ကို စူးနစ်နာကျင်သွားစေတဲ့ စကားလုံးတွေဖြ သည်။ မင်းချစ်သူကို ကိုယ်ဘယ်တော့မှ လုမယူဘူး ရုံ၊ ကိုယ့်ဆုံး ဖြတ်ချက်ပဲ ... မင်းဘဝအတွက် လင်းလက်တောက်ပစေမယ့်အရာ တွေအားလုံး ကိုယ်ဖြည့်စွမ်းပေးမယ်၊ မင်းကိုပျော်ရွှင်ရယ်မောနေစေ ချင်တယ်။ ကိုယ် ဘာပဲလုပ်ပေးရ လုပ်ပေးရပါ ချစ်ဝန်းရုံ၊

အခန်း ( ၁၀ )

သိဒ္ဓိကို မြင်လိုက်ရတော့ ယုန်ဖြူ့မျက်ဝန်းလေးတွေ ပြုံး ကျယ်ဝိုင်းစက်သွားရကာ ကြောက်လန့်တကြား မော့ကြည့်သည်။ သူရယ်ပစ်လိုက်၏။ ယုန်ဖြူဖြူ ... မင်းက ချစ်စရာကောင်းပါတယ်။ ရိုးသားဖြူစင်တယ်။ ယုန်ဖြူဖြူ့မျက်နှာပြင်လေးက ပန်းရောင်သွေး ပြေးထပြီး ရှက်နေသည်။

"ရှင် ... ရှင် ... ကိုသိဒ္ဓိ"

"ရှူး ... "

သူ တိတ်တဆိတ်နေရန် အချက်ပြလိုက်ရသည်။ လူကြီးတွေ ကတော့ ပစ္စည်းတွေ နေရာချရင်း အလုပ်ရှုပ်နေကြ၏။ သိဒ္ဓိခြံထဲ ဆင်းလာခဲ့သည်။

"အစ်ကို မင်းသိဒ္ဓိ ... ရှင် ... ရှင် ... "

"မင်းကို စတွေ့ထဲက ကိုယ်နဲ့လက်ထပ်မယ့်သူလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်မိတာ”

“အဲ ... အဲဒါ ... တကယ်လားဟင် ... ”

ယုန်ဖြူဖြူမျက်နှာလေးက သွေးဆုတ်ဖြူရော်ရော် နှုတ်ခမ်းလေးတွေက တဆတ်ဆတ် လက်ညှိုးလေးထိုးပြီး သရဲသဘက်တစ်ကောင်ကို မြင်တွေ့ရသလို အရှက်တွေရော အကြောက်တွေရော ခန္ဓာကိုယ်လေးက ပျော့ခွေယိုင်နဲ့သွားလေရာ သူမ နံရံကို မှီတွယ်ထိန်းသည်။

“ကိုယ့်ကို မကြောက်ပါနဲ့ ယုန်ဖြူ ... အစောကြီးထဲက ကိုယ်သိနေပါတယ်၊ မင်းတို့ကို နားလည်ပေးနိုင်ပါတယ် ... လူကြီးတွေ မရိပ်မိအောင် ဟန်မပျက်နေပါ”

“ရှင်”

“မင်းတို့ချစ်ခြင်းကို မခွဲပါဘူး ယုန်ဖြူဖြူ ... မျက်နှာလေးက ဒီလောက်အထိ ပျက်မနေစမ်းပါနဲ့”

“အို ... ဟို ... ဟိုလေ ... ”

ယုန်ဖြူ ဘာပြောရမလဲ။ ကျွန်မတို့က ကိုမင်းသိဒ္ဓိထင်ထားသလို မဟုတ်ပါဘူးလို့ ပြောလိုက်ရမလား။ အဲဒါဆိုရင်လည်း ရံ့ကို ဘယ်လိုလုပ်ရမလဲ။ သစ္စာမဲ့ရာရောက်သွားမည် ဖြစ်သည်။ စိုးရိမ်ပြီး မလိုလားနိုင်။ ယုန်ဖြူနဲ့ရံ့တို့က ချစ်သူတွေလား အချစ်ဆုံးသူငယ်ချင်းတွေလား လုံးဝခွဲခွဲခြားခြားမသိသေး။





“ယုန်ဖြူဖြူ”

“ရှင် ... ”

“မင်းက ရိုးသားပါတယ်၊ ရံ့လည်း ကောက်ကျစ်စဉ်းလဲတာ မရှိဘူး ... ကိုယ်သိပါတယ်၊ တစ်ခါတလေ ဘဝပေးအခြေအနေကြောင့်ဖြစ်ရတာလေ ... မင်းတို့ရိုးသားဖြူစင်ကြသူတွေပါ”

ကိုမင်းသိဒ္ဓိက လူကြီးလူကောင်းဆန်လွန်းနေသလို ရည်မွန်ပြုံနေသည်။ အသက်အရွယ်အရလည်း တည်တည်ငြိမ်ငြိမ်ခန့် ရုပ်အင်္ကျီအဖြူဆွတ်ဆွတ် လက်ရှည်နှင့်အနက်ရောင်စတိုင်လ်ဘောင်းဘီနှင့်အရုပ်အမောင်းကလည်း မြင့်မြင့်ဆိုတော့ ယုန်ဖြူဖြူ မော့ကြည့်မိသွားတဲ့အထိ စွဲဆောင်မှု အပြည့်ရှိနေသည်။

“လာလေ ယုန်ဖြူဖြူ ... ညှိခန်းမှာထိုင်ကြရအောင်၊ မင်းတ်တော်လေး ထိတ်လန့်နေပုံပဲ ... မျက်နှာပေါ်မှာ သွေးမရှိဘူး။ သွေးမစုပ်ရတာကြာနေတဲ့ သွေးစုပ်ဖုတ်ကောင်မလေး ”

သူ ရယ်မောစရာတွေပြောပြီး ယုန်ဖြူဖြူ စိတ်သက်သာရာ ရန် ခေါ်ဆောင်လာရသည်။ လူကြီးတွေက မရှိကြ။ အန်တီနှင်းလည်း သိဒ္ဓိမမြင်မတွေ့ဘူးသေးပေ။ ယုန်ဖြူဖြူ့လို ချောလှပနေတဲ့ ကောင်မလေး။ ပညာကလည်း ထူးချွန်သူလေးနှင့် န်းရံ့လို ယောကျ်ားမဟုတ် မိန်းမလည်းမဟုတ်တဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လျှာလေးနှင့် သဘောမတူတာလည်း အပြစ်မရှိနိုင်ပေ။ တကယ်လို့
သာ ရူးရူးမိုက်မိုက်နှင့်ခိုးပြေးကြလျှင် ပြဿနာတွေက မဆုံးနိုင်
အောင် အပြင်းစားမီးတောက်တွေ ထတောက်သွားနိုင်၏။ ရဲ့ကို
တားဆီးလိုက်နိုင်တာပဲ သိဒ္ဓိ စိတ်အေးချမ်းသွားရသည်။

"ထိုင် ..."

"ဟုတ်"

"ကိုယ်ပြောပြီးပြီပဲ ... မင်းအနေနဲ့ ကိုယ့်ကိုလက်မထပ်လို့
လည်း ပြဿနာမရှိပါဘူးကွ၊ ကိုယ်ကတိပေးတယ်၊ မင်းတို့ကို
ဘူး"

ရဲရယ် ... ယုန်ဖြူကို သစ္စာမဲ့သူလို့ မစွပ်စွဲပါနဲ့ဟယ်။ ယုန်ဖြူ
လေ ကိုမင်းသိဒ္ဓိကို တွေ့တွေ့ချင်းပဲ ဟိုလေ ... ချစ်မိသွားပြီ
တယ်။ ရင်ထဲမှာ တဒိန်းဒိန်းနဲ့ ယုန်ဖြူ့ခန္ဓာကိုယ်လေး ပူထူရှိန်း
နေတာ ရဲ့နဲ့က ချစ်သူတွေမဟုတ်ပါဘူး။ သံယောဇဉ်ရှိနေရုံလေး
ဟု ရှင်းလင်းပြောပြနေချင်လာခဲ့သည်။

"မင်းတို့ခိုးရာလိုက်ပြေးကြဖို့အထိ ကြံစည်နေကြတ
မဟုတ်လား ယုန်ဖြူဖြူ"

"ရှင် ... ဟိုလေ ... အဲဒါက ..."

"ရဲက ကြံစည်ပြီး ကိုယ့်ဆီ အကူအညီလာတောင်းနေတာ
ကိုယ်ငြင်းပယ်ပစ်လိုက်တယ်၊ မင်းတို့ငယ်သေးတယ်လေ၊ ဒီကိစ္စ





မိုက်ရူးရဲဆန်လို့မရဘူး ယုန်ဖြူဖြူ ... မင်းအနက်တီနှင်းက ပြဿနာ
ဆရာလိမ့်မယ် ... ရဲ့အချုပ်ထဲ ဝင်ရမယ်လေ"

"အဲဒီလို မဟုတ်ပါဘူး၊ ယုန်ဖြူဖြူတို့က ဟိုလေ ... ရဲ့နဲ့က
အချစ်ဆုံးသူငယ်ချင်းတွေပါ"

ယုန်ဖြူဖြူ့စကားကြောင့် မင်းသိဒ္ဓိစိတ်တွေ နည်းနည်းလေး
အလိုက် လျှော့ပါးသက်သာသွားခဲ့သလိုပင်။ ယုန်ဖြူဖြူ့ဘက်က ရဲ့
နှတွေလုပ်ရပ်တွေကို လက်မခံဘဲ ငြင်းဆန်စေချင်မိရသည်။

"မင်းအတွက်ပဲ ချစ်ဝန်းရဲ ... မင်း အဓိပ္ပာယ် မရှိတာတွေ
လျှောက်လုပ်နေမှာပဲ အစ်ကို စိတ်ပူတာပါ"

သူတွေးမိနေတာက ချစ်ဝန်းရဲဘက်ကပဲလေ။ ချစ်ဝန်းရဲနှင့်
တွေ့ဆုံပြီးထဲက သူ ဒီကောင်မလေး အမှားအယွင်းတွေ မလုပ်သင့်
လုပ်ထိုက်တာတွေ လုပ်မိသွားမှာ စိုးရိမ်ကြောင်းကြစွာ တားဆီး
ကွယ်ပေးနိုင်မည့် နည်းလမ်းတွေကိုပဲ စဉ်းစားရှာဖွေနေမိသည်။
ကိုယ်သူပင် စဉ်းစားမရ၊ ချစ်ဝန်းရဲနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှု
က အထွတ်အထိပ်။ မိန်းကလေးဘဝကိုလည်း ပြန်ရောက်စေ
နေခဲ့၏။ ထို့ကြောင့်ပင် ယုန်ဖြူဖြူ့ဘက်က ဆင်ခြင်နေနိုင်ရန်
တိပေးစကားပြောမိနေသည်။

"လူကြီးတွေတော့ ဒီလိုကိစ္စမျိုးတွေ မသိစေချင်ဘူး၊ ရဲ့
တွက်ပဲ ... ကိုယ်တို့ဟန်မပျက် အသာလေးနေကြရအောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလည်း မထိခိုက် မနစ်နာစေချင်ဘူး ယုန်ဖြူဖြူ"

"ဟုတ် ... ဟုတ်ကဲ့ ... အစ်ကိုပြောသလိုပဲနေပါ့မယ်၊ ယုန်
ဖြူ့ကိုလည်း နားလည်ပေးပါနော်"

"စိတ်ချ ... အစ်ကိုအားလုံးသိတယ်၊ မင်းတို့ကို အကာ
အကွယ်ပေးမှာပါ ယုန်ဖြူဖြူ"

ယုန်ဖြူရှေ့ဆက်ပြီး ဘာပြောရမှန်းပင် မသိတော့။ ရဲ့ကို
လည်း ကြောက်ပါတယ်။ ယုန်ဖြူ့ဘက်ကသာ ငြင်းပယ်ပစ်လိုက်
ရင် လူသတ်မယ့်ရဲ၊ စိတ်ဓါတ်ပြင်းထန်ပြီး သဘာဝလွန်ကဲမှုရှိ
သည်ဟု အန်တီနှင်းက ပြောခဲ့သည်။ ရဲ့ကို အန္တရာယ်များတယ်ဖွဲ
ခပ်ခွာခွာနေထိုင်တော့ဟု သတိပေးနေ၏။ ယုန်ဖြူကလည်း ဘာ
ရယ်မဟုတ်ပါဘူး။ ယေသံယောဇဉ်နှင့် ရဲ့ကို ဘာတစ်ခုမှဆန့်ကျ
ဘက် မပြုခဲ့မိ။ ကိုမင်းသိဒ္ဓိနှင့် တွေ့ဆုံမှုက နောက်ကျသွားရပြီဖြ
သည်။

"ဩော် ... သားတောင် ပြန်ရောက်လာပြီပဲ၊ ယုန်ဖြူဖြူ
တွေ့နေတာလား"

"ဟုတ်ပါတယ် ဒက်ဒီ ... ခြံထဲမှာတွေ့ကြတာပါ။ သားက
အိမ်ရှင်ဆိုတော့ မိတ်ဆက်ပြီး ဧည့်ခံနေတာလေ"

"ကောင်းတယ်သား ... ယုန်ဖြူဖြူလေးက ဒက်ဒီ့အချစ်ဆုံ
သူငယ်ချင်းရဲ့သမီးလေးပါ ... ယုန်ဖြူ့အဖေက ဒက်ဒီ့ကို ကျော
သားဘဝတစ်လျှောက် ကူညီပေးနေခဲ့တာလေ"

ဒက်ဒီက အတိတ်အကြောင်းတွေကို မကြာခဏ ပြောပြနေ
တတ်၍ ယုန်ဖြူ့အဖေနှင့် ဒက်ဒီတို့ရဲ့ပတ်သက်ဆက်နွယ်မှုတွေကို
သိဒ္ဓိသိနေခဲ့သည်။ အရိပ်အမြွက်ပြောပြောနေတာက ယုန်ဖြူ့ကို
လက်ထပ်ဖို့ကိစ္စ။ သူငယ်ချင်းတွေ မကြာခဏဆိုသလို အရင်ထဲက
တိုင်ပင်ထားကြတာတဲ့။

"ယုန်ဖြူလေး ... သမီး ... သူက အန်ကယ်မောင့်သား
မင်းသိဒ္ဓိတဲ့၊ စီးပွားရေးလုပ်ငန်းမှာ အောင်မြင်နေပြီလေ ..."

"ဟုတ်"

"ယုန်ဖြူလေးက အရမ်းရိုးသားဖြူစင်တယ်သား ... မိန်းက
လေးပီသတယ်၊ ချစ်စရာကောင်းတယ်၊ တက္ကသိုလ်ဝင်တန်းမှာ
သည်း ငါးဘာသာဂုဏ်ထူးနဲ့အောင်ထားတာလေ"

အန်ကယ်မောင်ကတော့ ယုန်ဖြူ့ကို ချီးမွမ်းပြောဆိုနေ
လိုက်တာ ကိုမင်းသိဒ္ဓိရှေ့မှာ မလုံမလဲနှင့်ထပြီး ဖြေးထွက်သွားချင်
နေသည်။

ရဲနဲ့က ချစ်သူတွေ လင်မယားလိုအထိ ပတ်သက်လိုခဲ့တာ
မဟုတ်ပါဘူးဟု ယုန်ဖြူ ရှင်းပြချင်၏။ ဘယ်လိုလုပ်ရမလဲ ... ကိုမင်း
သိဒ္ဓိလိုယောကျ်ားတစ်ယောက်အား ယုန်ဖြူ ဘယ်လိုလုပ်ငြင်းပစ်
နိုင်မှာလဲ။ ရဲရယ် ... ယုန်ဖြူ့ကို နားလည်ခွင့်လွှတ်ပေးစမ်းပါ။







www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသိဒ္ဓိနဲ့ယုန်ဖြူ လက်ထပ်ချင်ပါတယ်။ သဘာဝအတိုင်းလေးပဲ တဝကို ယုန်ဖြူ ဖြတ်သန်းနေထိုင်လိုလာခဲ့သည်။

"သားနဲ့သမီး ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေကြနော် ... အန် ကယ်မောင်တို့ကိုလည်း မိသားစုလို့ သဘောထားပါ၊ ဘာမှအားနာ စရာမရှိဘူးကွယ်"

"ဟုတ်ကဲ့ ..."

"သားကလည်း ညီမလေးကို ဂရုတစိုက်စောင့်ရှောက်ပေးပါ ပြီးတော့လေ ... ယုန်ဖြူလေးကို သားပဲကားမောင်းသင်ပေးပါ ကျောင်းတက်ရင် ကားတစ်စီး ဝယ်ပေးမယ်"

"ဟုတ်ကဲ့ပါ ဒက်ဒီ ..."

အန်တီနှင်းဆိုတာလည်း ထွက်လာသည်။ စည်းကမ်းကြီးပြီး တိကျပြတ်သားမှုရှိတဲ့ မျက်လုံးတွေကို ပိုင်ဆိုင်ထားသည်။

"မသက်နှင်း ... ဒီမှာလေ အစ်ကိုကြီးသား မင်းသိဒ္ဓိတဲ့၊ သား လည်း မှတ်ထား ... ဒက်ဒီ့သူငယ်ချင်းရဲ့ညီမ သက်နှင်းတဲ့၊ ယုန်ဖြူ လေးကို ကျွေးမွေးစောင့်ရှောက်လာတဲ့ အဒေါ်လေ ..."

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ... အန်တီနှင်းတို့ အကြောင်းကတော့ ဒက်ဒီပြောပြတတ်လို့ သိနေပါတယ်၊ ဒီမှာ ဘာမှ အားနာစရာမရှိပါဘူး"

"အေးပါကွယ် ... အန်တီနှင်းလည်း အသက်ကြီးတော့ တူမ လေးအတွက် စိတ်ပူမိတယ်၊ တူမလေးက ရိုးသားတယ်လေ၊ အန်တီနှင်းက ကျန်းမာရေးမကောင်းတော့ဘူး ... အဲဒါကြောင့် ကိုမင်းမောင် အစီအစဉ်ကို လက်ခံလိုက်ရတာလေ"

"အန်တီနှင်းတို့ အားမငယ်ပါနဲ့ ... အားနာစရာလည်းမရှိပါ ဘူး။ လွတ်လွတ်လပ်လပ်နေကြပါ"

ယုန်ဖြူကတော့ ကြောက်နေပြီ။ ရွှေးတွေပုံချင်လာသည်။ ကိုမင်းသိဒ္ဓိနဲ့မှ ဆုံရတယ်။ သားအဖနှစ်ယောက်လုံး ဖော်ရွေကြပေ ယ့် ယုန်ဖြူ ငိုချင်လာရ၏။ ကိုမင်းသိဒ္ဓိက ယုန်ဖြူနှင့်ရုံ့ကို ချစ်သူ တွေဟု ထင်မှတ်နေသည်။

"ယုန်ဖြူရော လွတ်လွတ်လပ်လပ်နေထိုင်ပါ၊ ဘာမှစိတ်ပူ အားငယ်စရာမရှိပါဘူး၊ အနားယူပါ ... ယုန်ဖြူ့အတွက် လိုအပ်တာ တွေ အစ်ကို အားလုံးလုပ်ပေးမယ်၊ စိတ်မပူနဲ့နော် ..."

"ဟုတ် ..."

ကိုမင်းသိဒ္ဓိတို့သားအဖ ထသွားကြသည်။ ယုန်ဖြူလည်း ပစ္စည်းတွေ နေရာချထားရေးအတွက် အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"ယုန်ဖြူ"

"ရှင် ... အန်တီနှင်း"

"မောင်မင်းသိဒ္ဓိက ဘယ်လောက်လူကြီးလူကောင်းဆန်လဲ၊ ဆောက်ဘုံးပီသလိုက်တာ သမီးရယ် ... မိန်းကလေးတစ်ယောက်





ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မငြင်းသင့်တဲ့ အားကိုးလောက်တဲ့ယောက်ျားပါကွယ်"

ယုန်ဖြူလည်း သိပါတယ်အန်တီနှင်းရယ်။ ယုန်ဖြူ့မှာ ရှိ... နေတယ်။ ရဲ့ကို ဘယ်လိုခွာပစ်ရမလဲဟင်။ ရဲက သောင်းကျန်းမှာ... ပါ။ ပြီးတော့ ... ကိုမင်းသိဒ္ဓိ စိတ်ညစ်ရမယ်။ ပြဿနာတွေနဲ့ အ... ရာယ်တွေ ရင်ဆိုင်ရလိမ့်မယ်။ ကိုမင်းသိဒ္ဓိကို ယုန်ဖြူ မငြင်းပါဘူး... ချစ်သည်။

"ညည်းလေးကို အန်တီနှင်းလေ မှည့်တစ်ပေါက်မှ မစွန်း... ထေးရအောင် ဂရုတစိုက်မွေးမြူလာခဲ့တာ သမီးအဖေရဲ့မှာစကား... ကြောင့်ပဲ ..."

"ဘာအကြောင်းလဲဟင်"

"မင်းမောင် သားမွေးတဲ့သတင်းကြားထားတယ်တဲ့၊ သမီး... လေး အရွယ်ရောက်ရင် လာရှာမှာပဲတဲ့ ... လက်ထပ်ပေးမလို့... လေ"

"ဟင်"

"ယုန်ဖြူ"

"ရှင် ..."

"သမီးလေး ဘာဖြစ်လို့လဲ ... မငြင်းပါနဲ့ကွယ်၊ မျက်နှာပေ... က မသာမယာနဲ့ မောင်မင်းသိဒ္ဓိကို မချစ်လို့လား ..."

"မငြင်းပါဘူး ... ယုန်ဖြူ့အတွက် အကောင်းဆုံးအ...





လက်တွဲဖော်ပါ အန်တီနှင်းရယ် ... ဒါပေမဲ့လေ ... အခုချက်ချင်းကြီးတော့ လက်မထပ်ပါရစေနဲ့ဦး ... စေ့စပ်တာတွေလည်း မလုပ်ပါနဲ့၊ ယုန်ဖြူတို့ ခင်မင်ရင်းနှီးသွားမှဖြစ်မယ်၊ ပြီးတော့လေ ... ကိုမင်းသိဒ္ဓိဘက်က ယုန်ဖြူ့ကို ချစ်နိုင်ပါ့မလား။ ကိုမင်းသိဒ္ဓိရွေးချယ်ပါစေ"

"ဟုတ်ပါတယ်လေ ... မောင်မင်းသိဒ္ဓိဘက်ကလည်း ရွေးချယ်သင့်ပါတယ်၊ အန်တီနှင်း အလောတကြီး မလုပ်ပါဘူး"

"ယုန်ဖြူ အင်ဂျင်နီယာဖြစ်ချင်တယ်၊ တက္ကသိုလ်တက်ချင်သေးတယ်"

"ယုန်ဖြူ ..."

"ရှင်"

"ရဲနဲ့တော့ အကင်းရှင်းဆုံးနေကြပါ၊ အန္တရာယ်ကြီးတယ်၊ အန်တီ့အထင်တော့ ရဲက ယုန်ဖြူအပေါ် မရိုးသားတော့ဘူးထင်တယ်"

"သူငယ်ချင်းတွေပါ သဘောရိုးပါအန်တီနှင်းရယ်"

"ယုန်ဖြူလေးက ရိုးသားတယ်၊ လူ့လောကကြီးအကြောင်း ဘာမှသိရှာတာမဟုတ်ဘူး၊ စိတ်ဓါတ်က ပျော့လွန်းတယ်၊ ရဲ့ကြောင့်တော့ တူမလေး ဘဝလမ်းကြောင်းမှာ ခလုတ်ကန်သင်းတွေ အဖြစ်မခံနိုင်ဘူးနော် ... အခွင့်အရေးက တစ်ကြိမ်ပဲရနိုင်တယ်ယုန်ဖြူ"

ယုန်ဖြူ ငိုပစ်ချင်သည်။ ရဲ့ကြောင့် ခက်ပါတယ်။ ယုန်ဖြူ့ ...



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအဖြစ် ရဲ့ကိုယ်တိုင်ပဲ သတ်မှတ်ထားနေခဲ့သည်။ ငြင်းပယ်ခွင့်မရှိ။ ယုန်ဖြူကိုယ်တိုင်လည်း ငြင်းပယ်ရကောင်းမှန်းပင် မသိခဲ့။ ကိုမင်းသိဒ္ဓိလည်း သိနေ၍ ယုန်ဖြူစိတ်ကမလုံ။

"အင်းလေ ... ယုန်ဖြူလေးကို အနံ့တီနင်း ယုံပါတယ်၊ သမီးတကယ်ချင်တဲ့ တကွသိုလ်တက်ပါ၊ အနံ့တီနင်း ဘာမှပူစရာမရှိတော့ဘူး၊ ယုန်ဖြူလေးက လိမ္မာပြီးသားပါ၊ ကိုယ်ကျင့်တရားကိုလည်း ထိန်းသိမ်းနေတတ်တယ် ... အနားယူတော့ ... ရဲနဲ့ဝေးလာတာ ပျော်စရာကောင်းလိုက်တာနော်၊ ဒီကောင်မလေးကို သနားပေမယ့် မိန်းကလေးက မိန်းကလေးပဲဖြစ်သင့်တယ်၊ ဒင်းတို့တစ်မိသားစုလုံး အဆင့်မရှိကြပါဘူးအေ ..."

ရဲ့အကြောင်း မကောင်းပြောလျှင် ယုန်ဖြူသဘောမကျတတ်ပေ။ ယုန်ဖြူတို့က သံယောဇဉ်တော့ နက်နက်ရှိုင်းရှိုင်းတွယ်ငြိနေခဲ့သည်။ အချစ်ဆိုတာတော့ ယုန်ဖြူ မသိပါဘူး။ ယောကျ်ားတစ်ယောက်ကို တွေ့တာနှင့်စိတ်လှုပ်ရှားလျှင် အချစ်ပဲလား။ ဒါဆို ... သူမစိတ်တွေ စတင်လှုပ်ရှားနွေးထွေးရတာက ကိုမင်းသိဒ္ဓိ။

✿

အခန်း ( ၁၁ )

"ချစ်ဝန်းရဲ့ ... မင်းကိုတစ်ယောက်ထဲ တွေ့ရပြန်ပြီ၊ ဘယ်တနေ့ ပြန်လာတာလဲ ရဲလေး ..."

"တောက် ..."

သူ့ကို ချစ်ဝန်းရဲဟုခေါ်လိုက်တဲ့သူကို ဒေါသတကြီးမော့ကြည့်ပစ်လိုက်တော့ ကိုလေးသူငယ်ချင်း ဥာဏ်ထွန်း ဖြစ်နေပြန်သည်။ ဥာဏ်ထွန်းနဲ့ကို မလွတ်နိုင်။ ရဲ့ကို ရိသဲ့သဲ့လာလုပ်နေတာသိလိုက်၏။ ရဲတစ်ယောက်ထဲ ယုန်ဖြူတို့အိမ်လေးကို အလွမ်းပြေသွားကြည့်ရင်း ပြန်လာခဲ့ခြင်းဖြစ်သည်။

"ယုန်ဖြူလေး အိမ်ပြောင်းသွားပြီလေ ... ငါသတင်းကြားရတာတော့ ယုန်ဖြူလေး ပြောင်းသွားတဲ့အိမ်က ငထောတွေရဲ့အိမ်တဲ့ ... ယုန်လေးကို အဲဒီအိမ်က သူဌေးသားနဲ့လက်ထပ်ပေးတော့မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်ဗျ"

"ချစ်ဝန်းရံရယ် ... မင်းကလည်းကွာ ယုန်လေးဘယ်သူနဲ့ လက်ထပ် လက်ထပ် သဘာဝကျပါတယ်၊ မင်းလည်း လက်ထပ်သင့်ပြီ ... မင်းကိုချစ်နေတဲ့ ကိုဥဘာဏ်ထွန်းနဲ့လေ ... "

သူ့လက်ကိုလာပြီး ဆွဲကိုင်မည့်ဟန်ပြင်နေသဖြင့် ရံဒေါသတွေ ပေါက်ကွဲပြီး လမ်းဘေးမှ အုတ်ခဲတစ်လုံးကို ကောက်ကိုင်လိုက်သည်။

"ခင်ဗျား ထွက်သွားနော် ... လူယုတ်မာကြီး၊ ခင်ဗျားမှာ နှမရှိတာပဲ ... "

"ဝါ့နှမက မင်းလိုယောကျ်ားလျှာမှ မဟုတ်တာ"

"ခင်ဗျား ဆက်မပြောနဲ့တော့နော် ... ပါးစပ်ကိုပိတ်ထားလိုက် ... ကျုပ်လူသတ်ဖို့ ဝန်လေးမှာမဟုတ်ဘူး"

"ချစ်ဝန်းရံ ... မင်းက တော်တော်သတ္တိကောင်းတာပဲ၊ ဖားတုလို့ ခရခုန် အိုင်ပျက်ရုံပဲရှိမှာနော်၊ အချစ်လေး ... "

"တောက် ... "

"မင်းလေးကို ချစ်တယ် ... ဒါကြောင့်လဲ ... ကိုယ်က မင်းအစ်ကိုနဲ့ပေါင်းနေတာလေ ... မင်းက ချောမောလှပတဲ့မိန်းကလေးပါ ချစ်ဝန်းရံရယ်"

"လူယုတ်မာကြီး"





"ဝှီ ... "

"ဒုတ် ... "

"အား ... "

"ဟော့ကောင် ... မင်း ... မင်း ငါ့မလုပ်ချင်လို့ကြည့်နေတာနော် ... သေပေတော့ ... "

"ဝှီ"

"ဒုတ်"

ရံဒေါသတွေ ပေါက်ကွဲသွားရကာ မျက်ဝန်းတွေပြာဝေသွားပြီး နောက်တစ်လုံးကောက်ယူ၍ ထပ်ပစ်လိုက်သည်။ ဥဘာဏ်ထွန်း မှောက်သွား၏။ ရံ ဘာမှစဉ်းစားမနေတော့ဘဲ ပြန်လှည့်ပြေးလာသည်။

"ချစ်ဝန်းရံ ... ကောင်မ ... နင်သိမယ်၊ တစ်နေ့ နင်ဥဘာဏ်ထွန်းအကြောင်း ကောင်းကောင်းသိစေရမယ်"

ရံ ခြေကုန်သုတ်ပြေးလာခဲ့ပြီး အိမ်ရှေ့ရောက်မှ ရပ်ပစ်လိုက်သည်။ လှည့်ကြည့်တော့ နောက်ကလိုက်မလာပေ။ အဖေနဲ့အစ်ကိုတွေ ပြဿနာတက်မှာကြောက်၍ အေးဆေးပဲ အိမ်လေးထဲဝင်လာခဲ့၏။ ရင်ထဲမှာ မွန်းကြပ်နေသလိုပင်။ ကိုမင်းသိဒ္ဓိကိုလည်း သတိရလာမိသည်။

"ရံ ... ဘယ်ကနေပြန်လာတာလဲ၊ အမေ နေမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက် စိတ်ပူနေတာလေ"

"ယုန်ဖြူတို့ ပြောင်းသွားလို့ပါ"

"ဘာပြောတယ် ... ယုန်ဖြူတို့ပြောင်းသွားပြီလား၊ ဘယ်ကို ပြောင်းသွားတာလဲ"

အဖေက အရက်ခွက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်ရင်း အာလေးလျှာလေးကြီးနှင့် မေးနေသည်။ အစ်ကိုနှစ်ယောက်တော့ ငြိမ်သက်နေကြ၏။ ထုံးစံအတိုင်း ရေချိန်ကိုက်နေသည်။

"မိတ်ဆွေတစ်ယောက်အိမ်ပါ အဖေ ... ရုံ့ကိုပြောပြထားပါတယ်"

"ယုန်ဖြူဖြူက စိတ်သဘောထားပြည့်ဝပေမယ့် သူ့အဒေါ် မျက်နှာကြောက တစ်မျိုးပဲ မာချင်တယ် ... ရုံနဲ့မတူမတန်သလို လုပ်သေးလား"

"အဖေကလည်းဗျာ ..."

"ပိုက်ဆံမရှိဘူးဆိုပြီး အထင်သေးလို့တော့ ရုံလုံးဝအောက်ကျမခံနဲ့နော်၊ သူတို့တွေမက ဘာမို့လဲ ... ကြီးကျယ်မနေနဲ့"

အဖေ့ကို မပြောချင်။ အဖေကစပြီး အရက်တွေသောက်နေသည်။ အဖေတို့လုပ်ပုံတွေက လူအထင်သေးစရာပဲ။ ရုံ ဘာမှပြောမနေတော့ဘဲ အမေ့ဆီ ဝင်လာခဲ့သည်။

"အမေ နေမကောင်းဘူးဆို ဖျားတာလား ..."





"အင်း ... ဖျားနေတယ်၊ အမေကတော့ ဒီလိုပါပဲရုံရယ်၊ ဘာမှမဖြစ်ဘူး"

ဒေါ်မေသန္တာကတော့ သားသမီးတွေကို စိတ်အနှောက်အယှက်မဖြစ်စေလိုပေ။ ကြိတ်မှိတ်ခံစားနေခဲ့သည်။

"အမေ ..."

"ဟင်"

"ရုံ အလုပ်ရပြီ"

"ဟုတ်လို့လား ..."

"တကယ်ပါ ... ရုံ့ကို အသိတစ်ယောက်က ကူညီတာပါ၊ သင်တန်းတွေလည်းတက်ဖို့ ငွေရေးကြေးရေး ကူညီမယ်တဲ့"

"အမလေး ဝမ်းသာစရာကောင်းလိုက်တာရုံရယ် ... ဘယ်သူလဲ ..."

"ကုမ္ပဏီပိုင်ရှင် သူဌေးပဲ ... ရုံနဲ့ခင်တယ် ... ရုံကအလုပ်တောင်းလိုက်လို့ ကူညီတာပါ"

"ရုံရယ် ... ဘယ်လိုအလုပ်မျိုးလဲ ပင်ပန်းလား ..."

"သူဌေးရဲ့လက်ထောက်ပါ"

ဒေါ်မေသန္တာကတော့ ရုံ့ကို ငယ်ငယ်လေးထဲက မိန်းကလေးအဖြစ်ပဲ ရပ်တည်နေစေချင်ခဲ့သည်။ ကိုခင်ဇော်ကြောင့်ပါ။ ခင်းက တာဝန်မယူချင်တိုင်း သမီးကို မမွေးချင်။ ယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကဲ့သို့ ကြီးပြင်းစေခဲ့သည်။

"သူ့ဌေးတစ်ယောက်ဆိုရင် မင်းလေးယုံကြည်လေးစား အောင် ပြောဆိုဆက်ဆံနော်ရဲ ... အမေက ရဲ့အတွက်ပဲ စိတ်ပူတာ"

"ရဲ့အတွက် မပူပါနဲ့ဗျာ"

"ယုန်ဖြူပြောင်းသွားပြီလား ... ရဲရော သိရဲ့လား"

"မသိဘူး"

ဒေါ်မေသစ္စာ စိတ်မကောင်းဖြစ်သွားရသည်။ မသက်နှင်းက တစ်မျိုးပဲ။ ရဲ့ဆို မိန်းကလေးအဖြစ် ပြောင်းလဲသင့်တယ်လို့ မကြာခဏ သတိပေးနေတတ်၏။ သူ့တူမနှင့်ပတ်သက်ပြီး ပတ်သက်ဆက်ဆံနေတာ မကြိုက်သလိုကြီးပဲ။

"ရဲလေး ... စိတ်မကောင်းဖြစ်နေတာလား"

"မဖြစ်ပါဘူး အမေရာ ... ရဲနဲ့တွေ့လို့ရပါတယ်"

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့နော်၊ ရဲကြိုးစား ... အလုပ်မှာ အောင်မြင်ရင် ရဲ့ကိုဘယ်သူအထင်သေးရဲမှာလဲ၊ ရဲလေးက လိမ္မာပါတယ်"

အမေကိုယ်တွေ ပူခြစ်နေသည်။ ဆေးခန်းသွားပြပါဆိုတော့ ဆေးဝယ်သောက်ထားတယ်တဲ့။ အမေ ဒီအတိုင်းပဲ။ အမေက အပြင်ကနေ အမေ့ကို ကန်စွန်းရွက်ကြော်ခိုင်းနေ၍ ရဲထွက်လာခဲ့ရသည်။





"အဖေ ရဲကြော်ပေးပါ့မယ် ... အမေက နေမကောင်းဘူး၊ ကိုယ်တွေလည်း အရမ်းပူနေတယ်အဖေ"

"ဘာဖြစ်တာလဲ ... ဒီမိန်းမ အစုတလော မူယာမာယာတွေ များနေတာပါ ... အသုံးမကျတဲ့မိန်းမ၊ သေလည်း မသေနိုင်ဘူးထို့ ..."

"အဖေ"

အမေက အိပ်ရာထဲကနေ ထလာသည်။

"ရဲ ... တော်တော့၊ အမေကြော်ပေးပါ့မယ်၊ ရဲက ဘာလုပ်တတ်လို့လဲ ..."

"အမေ ... ကျွန်တော့်အတွက်ပါ ကြက်ဥကြော်ပေးပါ"

"အေး ... အေး ..."

ကိုကိုကြီးက အလိုက်မသိ။ အမေ့ကို လှမ်းခိုင်းနေသေးသည်။ ရဲ စိတ်ညစ်ရ၏။ အမေက ပြုံးပြုံးပဲ အဖေပြောဆိုနေတာတွေကို သားသမီးတွေအတွက် အမေသည်းခံနေတာ ရဲသိသည်။ ဟိုလူဥာဏ်ထွန်း ဘာဖြစ်သွားပြီလဲ။

သေပြီလား ...

ရဲတွေးမိတိုင်း ဒေါသတွေဖြစ်ရကာ သတ်ပစ်လိုက်ချင်၏။ လူယုတ်မာ ... အစ်ကိုလေးနှင့်ပတ်သက်ပြီး အိမ်လာလျှင်လည်း လူလစ်လျှင်လစ်သလို ရိသဲ့သဲ့ လုပ်တတ်သဖြင့် ရဲတမင် အရော



www.burmeseclassic.com

www.burmeseclassic.com



တဝင်မနေခဲ့။

ပြဿနာ တက်မလားဘဲ။ ရုံစိတ်ပူနေတုန်း သက်ဆိုင်ရာ လူတွေနှင့်ရဲတွေ အိမ်ရှေ့ရောက်လာသည်။

"ချစ်ဝန်းရုံ ရှိလား ... ဒီအိမ်မှာ ချစ်ဝန်းရုံဆိုတာ ဘယ်သူလဲ"

သွားပြီ ... ကွိုင်ပူတာပဲ။ အဖေက ရုံ့ကိုကြည့်သည်။ အမေ လည်း ထွက်လာပြီး ထိတ်ထိတ်ပြာပြာနှင့် မေးနေ၏။ ရုံကတော့ လုပ်ရဲလျှင် ခံရဲရမည်ဟု တွေးထားလိုက်သည်။

"ကျွန်တော်ပါ"

"မင်း ဥဒါန်းထွန်းဆိုတဲ့လူကို အုတ်ခဲနဲ့ထုခဲ့တယ် မဟုတ် လား"

"ဟင် ..."

ကိုကြီးနှင့်ကိုလေးလည်း ဒယီးဒယိုင်နှင့်ထလာကြသည်။ အဖေက ရုံ့ရှေ့မှကာလိုက်၏။ ရုံကတော့ မကြောက်ပါဘူး။ လူယုတ် မာကို အသေသတ်ပစ်ရမှာဖြစ်သည်။

"ကျွန်တော် ထုခဲ့တယ် ..."

"ရုံ ဒီကောင် မင်းကိုဘာပြောပြန်ပြီလဲ ... စော်ကားတာ မဟုတ်လား ... ကိုလေးနဲ့ရှင်းမယ်"

"နေစမ်းပါ ကိုလေးရာ ... ရုံ့ပြဿနာပါ၊ ရုံပဲရှင်းမယ်"

"ဥဒါန်းထွန်း မိဘတွေတိုင်ထားတာက ချစ်ဝန်းရုံကိုပါ၊ အ





အစ်ကိုနဲ့ရန်စရှိလို့ နှုတ်ဆက်လိုက်တာနဲ့ ခဲကောက်ပြီး ထုတာတဲ့ တော်တော်လေး ကွဲသွားတယ်"

"ဒီကောင် ကျွန်တော့်ညီမကို အမြဲတမ်း ရိသဲ့သဲ့လုပ်နေတာ ဗျ ... အရှက်တကွဲဖြစ်အောင် လုပ်ချင်တယ်"

"သူက မိန်းကလေးလား ..."

"ဗျာ ..."

ကိုလေး ဘယ်လိုဖြေရမှန်းပင် မသိတော့။ ရုံမျက်နှာက ရဲရဲ တွတ်နေသည်။ သူ စကားမှားသွားတာပါ။ ရုံက ဒေါသတွေပေါက် ကွဲပြီး နံရံအားလက်သီးနှင့် ခပ်ပြင်းပြင်းထိုးပစ်လိုက်၏။ အမေက ဆွဲထားရသည်။

"စခန်းကို ခေါ်သွားရလိမ့်မယ်၊ အားတော့နာပါတယ်ဗျာ၊ ဆေးရုံက တော်တော်များနေတယ်၊ အာမခံလည်း ရှာထားကြပါ"

"ရုံ့ကို မဖမ်းပါနဲ့၊ သူ့အစား ကျွန်တော်လိုက်ပါ့မယ်"

"မရပါဘူး ... ချစ်ဝန်းရုံက တရားခံလေ"

"အဖေရော အစ်ကိုတို့ရော ဖယ်ကြပါ၊ ရုံ့ပြဿနာ ရုံရှင်းပါ့ မယ် ... ရုံ သတ္တိရှိပါတယ်၊ ကျွန်တော်ပြောချင်တာက ပြဿနာ ဆယ်မရှာကြဖို့ပဲ"

"ကောင်းတယ်ရုံ ... မင်းပဲလိုက်သွား၊ သတ္တိရှိစမ်းပါ၊ လုပ်ရဲ ရင် ခံရဲရတယ်၊ မင်း ယောက်ျားပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်ဇော် ... ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ရဲကလေ ရဲက ... "

"မင်း မငိုနဲ့ ... ရဲက သေရွာသွားတာမှ မဟုတ်တာ၊ ရဲ့ကို ချက်ချင်းအာမခံရအောင်လုပ်မယ်"

အဖေနှင့်အစ်ကိုတွေ ဒေါသပေါက်ကွဲမှာကို မလိုလား၍ ရဲ အေးအေးဆေးဆေးပင် လိုက်လာခဲ့သည်။

"အမေ ... ရဲ့အတွက် စိတ်မပူနဲ့၊ ရဲ့သတ္တိရှိပါတယ်၊ ရင်ဆိုင်ရဲတယ်၊ ရဲ ဖြေရှင်းမယ်"

"ရဲ ..."

"ဘာမှမဖြစ်ဘူး၊ သူက ရန်စတာပါ။ သက်သေရှိတယ် ... ရဲ့ကို ကူညီမယ့်သူရှိပါတယ် အမေရာ"

ကိုမင်းသိဒ္ဓိရှိတာပဲ။ တခါက လက်ဖက်ရည်ဆိုင်မှာ ရဲ့အရှက်သိက္ခာကျဆင်းစေရန် ရိသဲ့သဲ့ပြောဆိုပြုမူခဲ့ဖူးသည်။

"အမေ မပူနဲ့ ... ဒီကောင်ဥာဏ်ထွန်းတောင် ပြန်ပြီး ထောင်ကျသွားစေရမယ်"

ရဲတွေခေါ်ဆောင်ရာနောက်သို့ ရဲလိုက်လာခဲ့သည်။ အဖေ ငိုသံကို သူကြားလိုက်ရ၏။ အံသွားတွေကို တင်းကြပ်စွာ ဖိကိုက်ထားသည်။

ရဲစခန်းရောက်တော့ ရဲ့အား အချုပ်ခန်းထဲ ထည့်ပစ်လိုက်





၏။ ရဲ့ကိုစစ်ဆေးတော့ ဥာဏ်ထွန်းရန်စတဲ့အကြောင်းတွေပြော၍ ရဲကိုယ်တိုင် တိုင်ချက်ပြန်ဖွင့်သည်။

"လောလောဆယ်တော့ ဥာဏ်ထွန်းက ဆေးရုံမှာပဲ၊ သူ့ကိုလည်း ဖမ်းရမယ် ... မင်းမှာသက်သေရှိလား ချစ်ဝန်းရဲ"

"ရှိပါ"

သူ့ကို ချစ်ဝန်းရဲဟု ခေါ်နေတာကြီးကို မနှစ်သက်မိ။ ရဲက ဒိန်းမမှ မဟုတ်တာ။ ရှက်လည်း ရှက်မိသည်။ ဒေါသတွေ ပေါက်ကွဲစွာ အံတကြိတ်ကြိတ်။ မတတ်သာတဲ့အဆုံး ကိုမင်းသိဒ္ဓိဆီ ဖုန်းဆက်လိုက်ရ၏။ ရဲ သေချင်တယ်။ ဘာတွေလဲ မြေနိမ့်ရာ လှံစိုက်တာလား။ ရဲ့တို့မိသားစုအပေါ် စော်ကားချင်တဲ့သူတွေက များနေသည်။

"ရဲ ..."

"ဟင် ... ကိုမင်းသိဒ္ဓိ"

"ထတော့ ... မင်းကလည်းကွာ တကယ်သတ္တိရှိတာပဲ၊ ယ် အာမခံလုပ်ပြီးပြီ ... မင်းအပြစ်မဟုတ်ပါဘူး ရဲ ... ထ ..."

ကိုမင်းသိဒ္ဓိကို မြင်လိုက်တော့ ရဲ့အားတက်သွားသည်။ ရဲ့က်ကိုဆွဲပြီး ကားဆီသို့ ခေါ်ဆောင်လာခဲ့၏။ ခင်ဗျားနဲ့မိတ်ဆွေရတာ ရဲ ကံကောင်းတယ်ဗျာ။ ကျေးဇူးပဲ ... စိတ်ထဲက ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်ကို လိုက်ပို့ရမလားရုံ"

"ဗျာ"

"မင်းတို့အိမ်ကို ကိုယ်လည်းသိရတာပေါ့၊ ရုံရာနော် ..."

"ဟာ မလိုက်ပါနဲ့ ... ရုံတို့အိမ်ကို ခင်ဗျားလိုက်လာရင် စိတ်ညစ်သွားလိမ့်မယ်၊ အားလုံးအမှုးသမားတွေကြီးပဲ"

"ရုံရာ ... မင်းကလဲ ဘာမှစိတ်ပူစရာမရှိပါဘူး၊ မင်းကိုလည်း အစ်ကို အထင်မသေးပါဘူး၊ ကူညီချင်တာလေ"

ခေါ်သွားလိုက်တာပဲ ကောင်းပါတယ်လေ။ တိုမင်းသိ အကူအညီရဖို့ကလည်း လိုအပ်နေသေးသည်။ ဥဒဏ်ထွန်းရဲ့ ဇော ကားမှုအတွက် ရုံ့ရဲ့တစ်ဦးတည်းသောသက်သေပဲ။ မတတ်နိုင်ဘူ လေ။ ရုံ့မိသားစုအကြောင်း သိသွားတော့လည်း ကောင်းတာ လိုက်ဗျာဟု ပြောလိုက်သည်။

"ရုံမိသားစုက ဘာမှအထင်ကြီးစရာမရှိဘူးနော် အစ်ကို၊ အိ ကလည်း အစုတ်အနုတ်ပါ၊ ဒါကြောင့်လည်း ယုန်ဖြူတို့အဒေါ် သဘောမတူတာ"

မင်းသိဒ္ဓိကတော့ ရုံ့ကိုသနားမိသည်။ ယုန်ဖြူဖြူနှင့် လ ထပ်ရမယ့်သူက သူဆိုတာ ရုံသိသွားရင် ဘယ်လိုများဒေါသတ တုန့်ပြန်မလဲဆိုတာ မတွေးရဲတော့။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်ဝန်းရုံ အကူအညီတွေ အကာအကွယ်တွေ ပေးနေရတာ သိဒ္ဓိကျေ





သည်။

မင်းကို ကိုယ်က ဘယ်လိုအကြောင်းနဲ့မှ အထင်မသေးပါဘူး ချစ်ဝန်းရုံရာ။ ယုန်ဖြူ ပြောပြထားလို့ မင်းတို့မိသားစု အကြောင်း အစ်ကိုသိထားပါတယ်။ မင်းမှာ အပြစ်မှမရှိတာဘဲ။ ဥဒဏ်ထွန်းဆိုတဲ့ကောင် ချစ်မယ်ဆိုလည်း ချစ်ချင်စရာ။

ယောကျ်ားလေးတစ်ယောက်ကဲ့သို့ ဟန်တွေ မာန်တွေ တင်းထားပေမယ့်လည်း နှာတံစင်းစင်းလေး မျက်တောင်ကော့ကော့လေးတွေ ဝိုင်းရံထားတဲ့ မျက်ဝန်းလေး၊ နှုတ်ခမ်းထူထူအမ်းအမ်း နီနီထွေးထွေးလေးတွေက ချစ်ဝန်းရံအား မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ဖုံးကွယ်ငြင်းဆန်၍မရနိုင်သော သက်သေအထောက်အထားတွေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ရုံ ... အမလေး ပြန်လာပြီလား၊ ရုံ့အဖေနဲ့အစ်ကိုတွေ အာမခံရှာနေကြတယ်၊ မြန်လိုက်တာရုံရယ် ... အမေ စိတ်ပူနေတာ"

ရုံ့ကိုမြင်တော့ ရုံ့အမေက မျက်ရည်တွေကျလာပြီး ဖက်ငိုသည်။ ရုံက မတုန်မလှုပ် အပြုံးမပျက် ဘာမှမဖြစ်သလိုလို။ ရုံ့မိသားစုဘဝက ဆင်းရဲနုံချာလွန်းတာ မင်းသိဒ္ဓိ တွေ့နေရ၏။ ရင်ထဲမှာနာကျင်လာရသည်။ မင်းကို လုံးဝအထင်မသေးပါဘူး ချစ်ဝန်းရုံရေး ဘဝပေး ကံကြမ္မာအရပဲလေ။

"ဒါက ရုံပြောတဲ့ ဦးမင်းသိဒ္ဓိပါအမေ ရုံ့ကိုကူညီတာပါ"

"ကျေးဇူးပါပဲ သူဌေးရယ် ... ရုံကလေ ပြောပြထားပါတယ်၊ အမလေး ... သူဌေးကူညီလို့ပဲ၊ အာမခံပေးမယ့်လူတောင် ရှာမရသေးဘူးထင်တယ်၊ ဟိုသားအဖတွေ ခုထိရဲစခန်းမရောက်ကြသေး





ဘူးထင်တယ်"

"စိတ်မပူပါနဲ့တော့ အန်တီရယ်၊ ရုံအတွက် ကျွန်တော် အားလုံးလုပ်ထားပြီးပါပြီ ... ဉာဏ်ထွန်း ဇော်ကားတာတွေလည်း တိုင်ချက်ဖွင့်ထားပါတယ်၊ ဒီကောင်တောင် ပြန်အဖမ်းခံရမှာပါ"

"မောင်မင်းကြီးသား ကယ်လို့ပဲ ... ရုံ့ကိုစောင့်ရှောက်ပေးပါ။ ရုံက လိမ္မာပါတယ်ကွယ် ... ဘဝပေးအခြေအနေကြောင့်ပါ"

သူဌေးက ခန့်ညားချောမောလိုက်တာဟု ဒေါ်မေသစ္စာတွေးမိနေသည်။ သန့်ပုံ့ဖြူစင်လတ်ဆတ်နေတာပဲ။ ရုံ့အသက်နဲ့ ဘယ်လောက်မှမကွာ။ မိမိသားအလတ် အရွယ်ပဲ။ ငယ်ငယ်ရွယ်ရွယ်နှင့် သူဌေးလေးဖြစ်နေသည်။

"အစ်ကို ပြန်တော့မှာ ... ကျွန်တော်တို့အိမ် သိပြီပဲ"

"ရုံ"

"ဗျာ"

"ရော့ ... ဖုန်း ... မင်းအတွက်ပါ။ လိုအပ်ရင် အဆက်အသွယ်လုပ်လို့ရတာပေါ့"

"ဟာ မယူပါဘူးဗျ ... နေပါစေ၊ ရုံ့ကိုဆက်သွယ်လို့ရတဲ့ ရပ်ကွက်ထဲက ဖုန်းနံပါတ်ပေးပါ့မယ်"

"ရုံရာ ... မင်းကလဲ အစ်ကို့ကို ဘာအားနာစရာရှိလို့လဲ၊ မင်းယူထားလိုက်ပါ ... အစ်ကို့အတွက် ဘာမှအပန်းမကြီးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းယူထားလိုက်ပါ၊ မင်းက မကြာခင် အစ်ကိုလက်ထောက်ဖြစ်တော့မှာပဲ ... အလုပ်ရှင်ဆီက ဖုန်းလောက်တော့ ယူထားပါ"

ရုံ မယူချင်။ သူစိမ်းဆီကနေ ဘာအထောက်အပံ့မှ မလိုချင်ပါဘူး။ ရုံ့မှာ မာနရှိသည်။ ကိုယ့်အစွမ်းအစနဲ့ပဲ ငွေရှာချင်သည်။ ကိုမင်းသိဒ္ဓိ မြန်မြန်ပြန်သွားစေရန် ဖုန်းကို လက်ခံထားလိုက်မှ အဖေနဲ့အစ်ကိုတွေ ပြန်လာရင် ရစ်ကြဦးမည်။ ရုံ အားနာလာ၍ အမြန်ဆုံး ပြန်စေသည်။

"ရုံ မင်းဘာမှ အားနာစရာမလိုဘူးနော် ... အစ်ကိုက မင်းကိုခင်တယ်၊ အကူအညီပေးချင်တယ်၊ အစ်ကို့အပေါ် မာနမထားပါနဲ့"

"ဟုတ်ကဲ့ပါ"

"မနက်ဖြန် မင်း အစ်ကို့ကုမ္ပဏီကိုလာခဲ့ ... အစ်ကို့လိပ်စာကဒ်ပေးထားခဲ့မယ်၊ မင်းအတွက် လိုအပ်တဲ့သင်တန်းတွေအပ်ဖို့လည်း လုပ်ရမယ်"

"ကျေးဇူးပါပဲ အစ်ကိုရာ"

"ရုံ ..."

"ဗျာ"

"မင်းကိုမှာချင်တာက ဒေါသကို ထိန်းချုပ်ဖို့ပဲ၊ အစ်ကို့စကားတွေကို နားထောင်ပါ၊ မင်းရန်မဖြစ်သင့်ဘူး ... ကိုယ့်အဆင့်ကို





ကိုယ်တိုင်မြှင့်တင်ပေးရတယ်ကွ"

"ရုံ့ကို ဆုံးမပေးပါ သူဌေးရယ် ... စောင့်ရှောက်ပေးပါ၊ သူ့အတွက် သူဌေးပဲဆုံးဖြတ်ပေးပါ၊ အဒေါ်တို့မှာ ငွေကြေးလည်းမရှိပါဘူး"

"စိတ်ချပါ အန်တီ ... ဒါဆို ခွင့်ပြုပါဦး၊ မနက်ဖြန် ဆက်ဆက်လာခဲ့နော် ရုံ"

"ဟုတ်"

ကိုမင်းသိဒ္ဓိ ကားကြီးထွက်သွားတော့ ရပ်ကွက်ထဲကလူတွေ ထွက်ကြည့်ကြသည်။ ရုံ ရှက်မိသလိုလို။ အမေကတော့ ကျေနပ်ပျော်ရွှင်နေ၏။ စောစောက အမေတို့ကိုစပ်စုပြီး မဲ့ရွဲ့ပြီး အတင်းအဖျင်းတွေပြောနေကြတာတဲ့။ အဖေနှင့်အစ်ကိုတွေ ပြန်ရောက်လာကြသည်။

"ဟင် ... ရုံက ပြန်ရောက်နေပြီပဲ၊ သူဌေးတစ်ယောက်က အာမခံပြီး အကူအညီပေးထားတာဆို၊ အဖေတို့ အာမခံလည်းခေါ်မရဘူး၊ တောက် ... ရပ်ကွက်ထဲကလူတွေ တစ်ယောက်မှမလိုက်ကြဘူး၊ ခင်ဇော်တို့မိသားစုကို အထင်သေးနေကြတာကွ"

"တော်ပါတော့ ကိုခင်ဇော်ရယ် ... အကျယ် အကျယ်မဖြစ်ပါနဲ့၊ ရုံလည်း လွတ်လာပြီပဲ ... သူဌေးက ကူညီတာလေ"

အမေက သူဌေးကူညီတာဆိုတော့ အဖေနှင့်အစ်ကိုတွေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွေက အပြုံးတွေတောက်ပသွားကာ စိတ်ဝင်တစား အနားကို တိုးကပ်လာကြသည်။

"ရဲ ဘယ်သူလဲ ... ရဲနဲ့ဘယ်လိုသိကြတာလဲ အဖေ့ကိုပြောစမ်း"

"ဒီလိုပဲ တွေ့ဆုံကြပြီး ခင်မင်နေကြတာပါအဖေ၊ ဟိုတစ်နေ့က ဥဒေါင်ထွန်း စော်ကားပြောဆိုနေတာ ပြဿနာဖြစ်တော့ ကိုမင်းသိဒ္ဓိပဲ ဝင်ကူညီတာပါ"

"ကောင်းတယ်ကွာ ... အဖေတို့ ကံဇာတာတက်လာပြီပဲ၊ ဥဒေါင်ထွန်းဆိုတဲ့ကောင်ကိုတောင် ပြန်ပြီးဖမ်းရမယ်တဲ့၊ စခန်းက ပြောလိုက်တယ်"

"ဥဒေါင်ထွန်းဆိုတဲ့ကောင် နောက်တစ်ခါထပ်ပြီး ရဲ့ကိုစော်ကားရင် ကိုလေး အသေသတ်ပစ်မယ်"

"တော်ကြပါတော့ကွယ် ... ပြဿနာတွေ ထပ်မရှာကြပါနဲ့တော့ ရဲ့ကိုလည်း သနားကြပါဦး ..."

"အမေကလည်း ရဲ့ကို သနားလို့ပေါ့၊ ရဲ့ကိုစော်ကားတာတော့ ကိုလေး လုံးဝမခံနိုင်ဘူး၊ အသက်ချင်း လဲပစ်မယ်"

ကိုလေးက ကြိမ်းမောင်းနေသေးသည်။ အဖေက အမူးပြေသွားပြီဆိုပြီး ကိုကြီးအား အရက်ဝယ်ခိုင်းနေသေး၍ အမေပိုက်ဆံထုတ်ပေးလိုက်ရ၏။ အဖေ့စကားဆိုရင် အမေ နည်းနည်းလေးမှ





မဆန့်ကျင်ရဲ။ ဒီလောက်ဖြည့်စွမ်းပေးနေတာတောင် အဖေက အသုံးမကျတဲ့မိန်းမ မင်းကိုယူမိတာ မှားသည်ဟု ဆဲဆိုအပြစ်တင်နေတတ်သည်။

"ရော့ သားကြီး ... မင်းအဖေကို ဝယ်ပေးလိုက်၊ သားတို့ကတော့ ဆက်မသောက်ကြပါနဲ့တော့ကွယ်၊ တစ်ခုခုအန္တရာယ်ကြုံရမှာ အမေ စိတ်ပူတယ် ... ကိုယ့်ကိုကူညီမယ့်သူက မရှိဘူး"

ကိုကြီး ထွက်သွားသည်။ ကိုလေးက ကြိမ်းဝါးနေသည်။ အဖေကတော့ ထုံးစံအတိုင်း အမေ့ကို မရစ်ရလျှင် ရပ်ကွက်ထဲကလူတွေကိုအော်ကြီးဟစ်ကျယ် ဆဲဆိုနေ၏။ ရဲ စိတ်ပျက်တယ်။ လောကကြီးက ဘာတွေလဲ။ ခံပြင်းတယ်။ ကိုမင်းသိဒ္ဓိက ဒေါသကို ထိန်းပါလို့ မှာထားတဲ့ စကားတွေက ရဲ့စိတ်ရဲ့ပေါက်ကွဲမှုတွေကို ထိန်းချုပ်နိုင်စွမ်းတော့ ရှိနေသည်။

"ကျွန်တော် သေချင်တယ်ဗျာ ... ရှက်လည်းရှက်တယ်၊ အစ်ကိုသိဒ္ဓိ ... တောက် ..."

ရဲ ဆက်မတွေးချင်တော့။ မိသားစုဝင်တွေရဲ့ စရိုက်ကို မတွေ့သွားတာဘဲ ရဲ စိတ်သက်သာနေရသည်။

"ကလေး မင်းဘာမှအားနာမနေနဲ့နော် ... အစ်ကို့ကို မင်းရဲ့ မိသားစုဝင် အစ်ကိုတစ်ယောက်လိုပဲ သဘောထားနော် ... ဟုတ်လား"

www.burmeseclassic.com



"ဟုတ်ကဲ့ပါဗျာ ... ရုံလည်း မတတ်နိုင်တော့ဘူး။ အစ်ကိုပဲ အားကိုးစရာရှိတာလေ"

"အိုကေ"

ကိုမင်းသိဒ္ဓိကလည်း ရုံ့ကိုဆိုရင် အမြဲတမ်း တက်တက်ကြွကြွ ကူညီသည်။ လမ်းမှာ ရုံပခုံးလေးကိုဖက်တော့ ရုံ ထူးထူးခြားခြားပင် တုန်လှုပ်ချောက်ချားသွားရသဖြင့် ဘာတွေလဲဟ ရုံက ယောက်ျားလေးပဲ စိတ်ကိုဖြေရသည်။

"မင်းက မိန်းကလေးတစ်ယောက်ပဲ ချစ်ဝန်းရုံ ... မင်းကို ချစ်တယ်၊ မင်း မိန်းကလေးတွေကို စိတ်ဝင်စားရမှာ မဟုတ်ဘူးကွ၊ ယောက်ျားတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ပြီး လက်ထပ်ရမှာ"

"တောက်"

"ဝုန်း"

ဥာဏ်ထွန်း ပြောလိုက်တဲ့စကားတွေကို ပြန်ကြားယောင်လာပြီး ဒေါသတွေက ငယ်ထိပ်အထိ ရောက်သွားသည်။ စားပွဲခုံကြီးကို ဝုန်းကနဲထုပစ်မိသည်။

"ရုံ ဘာဖြစ်တာလဲ ... ဒေါသတွေကိုဖြေလိုက်ပါ၊ အမေ စိတ်ပူလို့ ရင်တွေကွဲတော့မယ် ... ရုံ့ သူဌေးကလည်း ဒေါသတွေ ထိန်းချုပ်ဖို့မှာသွားတယ်လေ၊ ရုံလေး အလုပ်ဝင်ရတော့မှာပါ"





"အမေ"

"ရုံရယ်"

"ကျွန်တော်တို့ဆင်းရဲလို့လား ... လူတွေက အထင်သေးပြီး စော်ကားကြတာ"

အမေနဲ့အစ်ကိုတွေက အရက်သမားတွေဖြစ်နေလို့လား။ ရုံ့ စိတ်တွေ မခံစားနိုင်အောင်ဖြစ်နေသည်။ ရုံ စီးပွားရှာရမယ်။ အစ်ကိုသိဒ္ဓိ အကူအညီကိုတော့ မလွှဲမသွေ ယူရမည်ဖြစ်သည်။ တကယ်ဆို ရုံက တစိမ်းယောက်ျားတွေရဲ့ ငွေကြေးအထောက်အပံ့ လက်မခံချင် ပါဘူး။

"ရုံ့စိတ်ကို ထိန်းပါ၊ အခု ... အမှုကလည်း ဖြစ်ရပြီ၊ ဘာပဲဖြစ်ဖြစ် ရုံဘက်ကပဲ အမှုကိုကြေအေးပေးလိုက်ပါ"

"ကျွန်တော့်ကို ဒီလောက်စော်ကားနေတာပဲ အမေရာ၊ သတ္တိမကြောင်စမ်းပါနဲ့၊ ရုံ ရင်ဆိုင်မယ် ဘာကြောက်စရာရှိလဲ ... ဒီလိုကောင်မျိုးကို ကောင်းကောင်းပညာပေးရမယ်"

ရုံက မိန်းကလေးပါဟု ဒေါ်မေသစ္စာ ပြောမထွက်။ သနားစရာကောင်းလွန်းတဲ့ သမီးလေးပါ။ ဖခင်ကြောင့် ရှင့်တရားခံပဲ ဘိုခင်မောင်။ ရှင် မိန်းကလေးကို မယူချင်တာလေ။ သမီးကိုမွေးထဲက ဒေါ်မေသစ္စာကိုတောင် ရန်လုပ်ပြီး သားတစ်ယောက်လို အတင်းအကြပ် သွတ်သွင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်း အမေနဲ့အစ်ကိုတွေကို မေ့ထားလိုက်တော့ … ရဲ့ ဘဝကိုပဲ ထူထောင်စမ်းပါ"

"ရဲ့ သိပါတယ်၊ ရဲ့ဘဝကို ထူထောင်မယ်၊ လူတွေကို ကျွန်တော် မုန်းတယ် အမေ"

"ဒီလိုပဲကွယ် ဘဝပေးကံလေ … အမေဆိုရင် ဘယ်လိုလုပ်မလဲ၊ ဘဝပေးပဲ … သူ့ငွေးက ကူညီနေတုန်း သမီး လက်ခံပါ"

ဒေါ်မေသစ္စာ စိတ်ပူနေတာက သမီးချစ်ဝန်းရံရှေ့ရေးပင်။ စိတ်ပူတယ်။ သမီးက မိန်းကလေးသဘာဝဖြစ်သွားလျှင် လှပချော မောသူလေးဖြစ်သည်။ နှမျောစရာ။

"ရဲ့ အိပ်တော့ … မနက်ဖြန် ရုံးအလုပ်သွားရမယ် မဟုတ်လား"

ရဲ့ အိပ်စက်ဖို့ပင် မျက်ဝန်းတွေက ကြောင်နေသည်။ အမေ ပြန်ထွက်သွား၏။ အဖေ ဟောက်သံပင်ကြားနေရသည်။ ရဲ့အိပ်စက်ဖို့ စိတ်ကိုလျှော့ပစ်ပြီး မျက်ဝန်းလေးတွေကို မှိတ်ပြစ်စဉ် ကိုသိဒ္ဓိ ထံမှ ဖုန်းလာ၏။ ရဲ့ရင်တွေ အထိတ်တလန့် ဖြစ်သွားသည်။

"ရဲ့"

"ဗျာ"

"အိပ်ပြီလား"

"အင်း"





"မင်း ဘာတွေတွေးနေတာလဲ ရဲ့ … "

"ကျွန်တော့်ဘဝအကြောင်းတွေပါ၊ လောကကြီးထဲမှာ ကျွန်တော်တို့ဘဝ အစော်ကားခံနေရတာ … အမေက ကြေအေး ပေးလိုက်တဲ့၊ ကျွန်တော်က ရင်ဆိုင်ချင်တယ်၊ သတ္တိရှိတယ်၊ ဘာ ကြောက်စရာရှိလဲ … ကျွန်တော့်ဘက်ကနေ အစ်ကိုရပ်တည်ပေး ယ် မဟုတ်လား"

"ရဲ့"

"ဗျာ"

"မင်း ဘာမှမပူနဲ့၊ အစ်ကိုအားလုံးတာဝန်ယူပါတယ်၊ မင်း ဘက်က ရပ်တည်ပေးပါ့မယ်ကွာ"

သိဒ္ဓိလည်း အိပ်မရ။ သူစဉ်းစားနေတာက ရဲ့အကြောင်းပဲ။ ရဲ့စိတ်မကောင်းဖြစ်နေမှာ အားငယ်နေမှာ ဘာကြောင့်မှန်းမသိဘဲ သိဒ္ဓိ စိတ်ပူနေသည်။

"မင်းအမှုအတွက် မစဉ်းစားနဲ့ရဲ့ … မနက်ဖြန် အစ်ကို့ကုမ္ပဏီ ဆီသာ လာခဲ့ပါ"

"ဟုတ်ကဲ့"

"အမှုအတွက်ကတော့ အစ်ကိုပဲစီစဉ်မယ်၊ ရဲ့အမေပြောသလို ဲ့ အမှုကြေအေးလိုက်တာက အကောင်းဆုံးပဲ"

"ကျွန်တော်ကတော့ အစ်ကိုစီစဉ်တာတော့ လက်ခံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ကျွန်တော့်ဘဝမှာ အစ်ကိုပဲအားကိုးရာရှိတာပါ"

"မင်း အားငယ်မှာလည်း အစ်ကိုစိတ်ပူနေတယ်၊ အစ်ကို

ကနေ အကူအညီယူတာတွေအတွက် မင်းဘာမှ အားနာစရာမရှိ

နော် ရဲ ..."

"ဟုတ်ကဲ့ပါ"

"အိပ်တော့နော်"

"ဟုတ်"

"မင်း အလုပ်ကြိုးစားရင် ကြိုးစားသလောက် အောင်မြင်နို

ပါတယ်၊ အစ်ကိုက လုပ်ငန်းတွေ ထူထောင်ပေးမှာပါရဲရာ"

"ကျေးဇူးတင်ပါတယ် အစ်ကို ... ကျွန်တော်တို့မိသားစုဘ

ကို ပြောင်းပစ်ချင်ပါတယ်"

"စိတ်ချပါ ... အစ်ကို ကူညီမယ်၊ မင်းအိပ်ရေးဝအောင်အိ

မနက်ဖြန် အစ်ကို့ကုမ္ပဏီကို လာခဲ့နော်"

"ဟုတ်"

မင်းသိဒ္ဓိ ဖုန်းပိတ်လိုက်ရသည်။ လွမ်းဆွတ်တမ်းတနေသ

ပင်။ မင်းသိဒ္ဓိ ဘယ်လိုတွေဖြစ်သွားမှန်းပင် မသိတော့။ ယုန်ဖြူ

ကို လက်ထပ်ဖို့ ယုန်ဖြူ့ဘက်ကနေ အချိန်စောင့်ခိုင်းထား၍ သိ

စိတ်အေးနေရသည်။

"ကိုယ် ဖုန်းပိတ်လိုက်ပြီ၊ အတွေးတွေကိုဖြတ်တော့ မင်းအိ





စက်တော့ ... စိတ်ပေါ့ပေါ့ပါးပါးနဲ့ နှစ်နှစ်ခြိုက်ခြိုက်အိပ် ... "

"ဟုတ်"

ရဲ့အား အိပ်စက်ဖို့ပြောနေပေမယ့် သိဒ္ဓိကိုယ်တိုင် မျက်လုံး

တွေကြောင်နေသည်။ ရဲ့ကို ဘယ်လိုအကာအကွယ်ပေးရမလဲဆို

တာ သူစဉ်းစားနေ၏။ ယုန်ဖြူနှင့်က ချစ်သူတွေလား။

"ယုန်ဖြူတို့ လက်ထပ်ဖို့စဉ်းစားစေချင်ပါတယ်၊ ကိုမင်းသိဒ္ဓိ

ချစ်နိုင်ဘဲနှင့်တော့ လက်မထပ်စေချင်ဘူး"

ယုန်ဖြူက ပြောခဲ့သည်။ ကိုယ်မချစ်နိုင်ဘူး ထင်ပါတယ်။

ယုန်ဖြူဖြူ။ ယုန်ဖြူဖြူ အကြောင်းကို သူနည်းနည်းလေးမှ ထည့်ပြီး

စဉ်းစားမိပေ။ ရဲ ... သူစဉ်းစားနေတာက ချစ်ဝန်းရဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ကျွန်တော့်ချစ်သူ ယုန်ဖြူဖြူ ပြောင်းသွားတာ၊ ကျွန်တော် အရမ်းခံစားရတယ်အစ်ကိုရာ ... ဘယ်ကိုပြောင်းသွားမှန်းမသိတာ ကိုက ပြင်းပြင်းပြပြ ခံစားနေရတယ် ... အရမ်းတွေ့ချင်တယ်"

ယုန်ဖြူဖြူ ရှိနေတဲ့နေရာကို ဖွင့်ပြောဖို့အတွက် သိဒ္ဓိ လုံးဝ သတ္တိမရှိဘဲ ဖြစ်နေသည်။ ရဲ မှန်းတီးသွားမှာ ကြောက်နေခဲ့၏ ရဲက သူ့ကို ရန်သူတစ်ယောက်လို သတ်မှတ်သွားမှာ စိုးရိမ်ပူပန် နေသည်။

"ကျွန်တော်တွေ့ချင်နေတယ်၊ ယုန်ဖြူက ကျွန်တော့်ဆီမှာ ဖုန်းရှိနေတာ မသိဘူး"

"ယုန်ဖြူဖြူ့မှာ ဖုန်းရှိတယ် မဟုတ်လား ရဲ ... "

"ရှိတယ် ... ပိတ်ထားတယ်ဗျာ၊ ယုန်ဖြူ့အဒေါ်က ကျွန် တော်နဲ့ဆက်သွယ်လုပ်တာ မကြိုက်လို့ဖြစ်လိမ့်မယ်"





သိဒ္ဓိစိတ်တွေ မလုံမလဲနှင့် ရဲ့ကိုလည်း မိန်းကလေးတစ် ယောက်အပေါ် စိတ်ခံစားမှုလွန်ကဲနေတာတွေ မရှိစေချင်။ ယုန် ဖြူဖြူက ရဲ့ထက် မိန်းကလေးပီသလွန်းကာ ချောမောနေပေမယ့် သိဒ္ဓိနှစ်သက်မြတ်နိုးမိနေတာက လူဆိုးလေး ချစ်ဝန်းရံဖြစ်နေတာ သူ့နှလုံးသားတွေကိုပင် မယုံနိုင်။ ဒက်ဒီက ယုန်ဖြူဖြူနှင့် လက်ထပ် ဖို့ကိစ္စ ပျက်သွားမှာစိတ်ပူသည်။

"သားဘက်က အချိန်မဆွဲစေချင်ဘူး။ မိန်းကလေးကတော့ အားငယ်ရှက်ရွံ့စိတ်တွေ ရှိနေမှာပဲ ... သားကပဲ ဂရုတစိုက် ရင်းနှီး နွေးနွေးထွေးထွေး ဆက်ဆံပေးပါသား"

"ယုန်ဖြူ့မှာလည်း ချစ်သူတွေဘာတွေ ရှိနေမလား ဒက်ဒီ ရာ ... သူ့ဆန္ဒအတိုင်းပဲ အချိန်နည်းနည်းလေး ပေးလိုက်ပါ၊ ယုန် ဖြူ တက္ကသိုလ်ကို လွတ်လွတ်လပ်လပ် တက်ပါစေဦး"

သိဒ္ဓိပြောထားရသည်။ ယုန်ဖြူနှင့်လက်ထပ်ဖို့ သူ့မှာဆန္ဒ မရှိ။ ဒက်ဒီနှင့်အန်တီနှင်းကို အားနာလို့ပါ။

"ဟေ့လူ"

"ဟင် ... "

"အသံတိတ်သွားလို့ ဖုန်းချပစ်လိုက်ပြီလားလို့ပါ"

"မပိတ်ပါဘူးရဲ ... ပြော ... "

"ကျွန်တော်က အလိုက်ကန်းဆိုးမသိဖြစ်နေပြီလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မွန်းကြပ်နေလို့ပါ၊ ရင်ဖွင့်ချင်တယ် ... ”

“ရှုရယ် ... အစ်ကိုပြောထားပြီးပြီပဲ၊ ဘာမှအားနာစရာမရှိဘူးလို့ ပြောထားတယ်လေကွာ ... ပြော ... ”

“ကျွန်တော်ပြောရင်တော့ ယုန်ဖြူ့အကြောင်းပဲလေ ... ကျွန်တော် တွေ့ချင်တယ် ... ကျွန်တော် အလုပ်ဝင်တော့မယ့်အကြောင်းလည်း ပြောပြချင်တယ်၊ ကျွန်တော့်အမှုကိစ္စတွေရော အစုံပဲဗျာ ... ”

“ဟုတ်ပါပြီ ရှု ... မင်းဆန္ဒတွေကို အကုန်ဖြည့်ဆည်းပေးပါ့မယ်၊ ယုန်ဖြူ့ဖုန်းနံပါတ်ပြော အစ်ကိုဆက်သွယ်ပေးမယ်”

“ကျေးဇူးပဲဗျာ”

“ရှု ဘာမှစိတ်မပူနဲ့ မင်းအိပ်တော့လေ ... ဘာတွေပူနေရတာလဲ၊ ယုန်ဖြူ့ကို အစ်ကို့ကားနဲ့မြေလှန်ပြီး ရှာပေးမယ်၊ ကျေနပ်လား”

“ကျေးဇူးအကြီးကြီးတင်တာနော် ... ကမ္ဘာကြီးလောက် ဟား ... ဟား ... ဟား ... ”

ရှုရယ် ... မင်းကိုယ်မင်း တကယ်ပဲ ယောကျ်ားလေးတစ်ယောက်လို့ ထင်မှတ်နေတာလား ချစ်ဝန်းရှု၊ ညကြီးသန်းခေါင်တိုင်တောင် ရှုမအိပ်သေးဘဲ သိဒ္ဓိထံ ဖုန်းဆက်နေသေး၏။ ယုန်ဖြူဖြူက သိဒ္ဓိတို့အိမ်မှာရှိနေတာကို ရှုသာသိရင် ... အစ်ကို့နှလုံးသားတွေ





မီးလောင်နေပြီ။ မင်းအမုန်းတွေကို လုံးဝမခံယူနိုင်ဘူးကွ။ သူ့အိပ်ခန်းက အေးစိမ့်စိမ့် သူက ခန္ဓာကိုယ်တစ်ခုလုံး ချွေးစို့တက်လာချင်သည်။

“ရှုရေ ... မင်းကြောင့်ပဲကွာ၊ မင်းကို ယုန်ဖြူဖြူနဲ့တွေ့နိုင်အောင် အစ်ကို စီစဉ်ပေးပါ့မယ်”

သူ အိပ်စက်ဖို့ပင် အတော်လေး ကြိုးစားနေရသည်။ မနက်မိုးလင်းတော့ ဒက်ဒီက ယုန်ဖြူဖြူအား ကုမ္ပဏီကိုခေါ်ဆောင်သွားဖို့ ပြော၏။ ယုန်ဖြူ့ကိုခေါ်ပြီး ကုမ္ပဏီကို လာခဲ့သည်။

“ယုန်ဖြူ”

“ရှင် ... အစ်ကို ... ”

“ကိုယ့်ကုမ္ပဏီမှာ ရှုအလုပ်ဝင်လိမ့်မယ်”

“ဟင်”

“ယုန်ဖြူနဲ့အစ်ကို အတူတူနေတာ ရှုမသိစေချင်ဘူး”

“ဟုတ်ကဲ့ပါ အစ်ကို ... ”

“ယုန်ဖြူနဲ့အစ်ကိုတို့ မထင်မှတ်ဘဲ တွေ့ဆုံကြတာလို့ ပြောရမယ်၊ အစ်ကို့အနေနဲ့ ယုန်ဖြူနဲ့လက်ထပ်ရမယ့် ယောကျ်ားတစ်ယောက်အဖြစ် ရှုကို အသိမပေးချင်ဘူး”

“ယုန်ဖြူလည်း ဘယ်လိုလုပ်ရမှန်းတောင် မသိဘူး အစ်ကို ရှု ... ရှုကိုကြောက်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ယုန်ဖြူ့စိတ်တွေက ထူးဆန်းစွာ ပြောင်းလဲသွားခဲ့ရတာ ဘယ်သူမှ မသိပေ။ အစ်ကို့ကို ချစ်နေပြီ။ ယုန်ဖြူ ဘယ်လိုလုပ် တော့မလဲ။ ရဲ့ကိုတော့ သံယောဇဉ် တွယ်ရတာပါ။ အစ်ကိုသိဒ္ဓိ တော့ ချစ်တယ်။ ချစ်သူလို။ ယုန်ဖြူနှင့်ရဲ့တို့ကိုလည်း ချစ်သူတွေ အစ်ကိုက ထင်နေသည်ကိုလည်း ရှင်းပြရခက်နေသည်။

“မင်းနဲ့တွေ့ချင်နေတယ် ယုန်ဖြူ … အစ်ကို စားသောက် ဆိုင်မှာ ချိန်းထားတယ်”

“ဟုတ်ကဲ့”

ရဲက စားသောက်ဆိုင်မှာထိုင်၍ စောင့်နေသည်။

“ယုန်ဖြူ”

“ရဲ”

“အစ်ကိုနဲ့ဘယ်ကနေ တွေ့လာကြတာလဲ”

“လမ်းမှာလေ … မထင်မှတ်ဘူးကွာ၊ ရဲ မင်းအတွက် ထ ကောင်းတာပဲ”

“ကျေးဇူးအများကြီးတင်တယ်ဗျာ … နော် အစ်ကို …”

“မင်းတို့ အေးအေးဆေးဆေးစကားပြောကြနော်၊ စား သောက်ကြ၊ ငွေကြေးလည်းမပူနဲ့၊ အစ်ကိုရှင်းပေးထားခဲ့မယ်”

“ကျေးဇူးကတော့ ကမ္ဘာကြီးထက်တောင် ကြီးသွားပြီဗျာ”

ယုန်ဖြူကတော့ ရဲနှင့်တွဲသွားတွဲလာချစ်သူတွေလို နေထိုင်





ဖို့ ရှက်လာမိသည်။ ဆန့်ကျင်စကားတွေလည်း မပြောရဲ၊ ငြိမ်နေမိ၏။ ရဲ့အကြည့်တွေက စူးရဲနေသည်။

“ယုန်ဖြူ”

“ဟင်”

“ယုန်ဖြူ့ကို အရမ်းသတိရတယ်၊ ယုန်ဖြူရော … ကိုယ့်ကို မေ့နေပြီလားကွာ၊ ပြောစမ်းပါဦး …”

ယုန်ဖြူ့လက်ဝါးပြင်လေးကို ဆုပ်ကိုင်လိုက်တော့ လက်လေးက ရေထွက်နေသလို အေးစက်နေသည်။ ယုန်ဖြူ ကြောက်နေတာလား။ သွေးရောင်လွှမ်းနေတဲ့ ယုန်ဖြူ့မျက်နှာလေးက အရင်ကလို တက်ကြွလန်းဆန်းမနေပေ။ ရဲ စိတ်ပူသွားသည်။

“ရဲ”

“ပြော …”

“အန်တီနှင်းက ယုန်ဖြူ့ကိုသိပ်ပြီး အလစ်မပေးတော့ဘူး၊ အရမ်းထိန်းချုပ်နေတယ်၊ အဲဒါကြောင့်လေ … ခဏခဏတွေ့လို့ တော့မရဘူးထင်တယ်”

“ကိုယ် ကြိုးစားမယ်၊ ယုန်ဖြူနဲ့လက်ထပ်ဖို့လေ”

ယုန်ဖြူ စိတ်ညစ်တယ်။ ရဲနှင့်မိတ်ဆွေသူငယ်ချင်းတွေလိုပဲ ပတ်သက်ဆက်ဆံချင်နေသည်။

“ကိုယ် အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားမယ်၊ ကိုယ် ဒီဗိုင်နာသင်တန်းတက်မယ် ... အဝတ်အထည်တွေ ချုပ်လုပ်မယ်၊ အစ်ကိုသိဒ္ဓိက ကူညီမယ်တဲ့၊ မင်းအတွက်ပါ ယုန်ဖြူ ... "

ယုန်ဖြူ ငိုချင်သည်။ ရဲ့အချစ်တွေကိုလည်း ယုန်ဖြူဥပေက္ခာမပြုနိုင်။ ငယ်သူငယ်ချင်းဘဝလေးကိုလည်း ပျက်စီးသွားမှာ ယုန်ဖြူမလိုလားမိ။ အစ်ကိုသိဒ္ဓိကိုလည်း ယုန်ဖြူ့နှလုံးသားက တိတ်တခိုးလေးကြိတ်၍ ချစ်မိနေပြီဖြစ်သည်။

"ကိုယ့်အပေါ်တော့ လုံးဝသစ္စာမမဲ့နဲ့နော် ယုန်ဖြူ ... မင်းကို မတွေ့ရလို့ ကိုယ်သေတော့မယ်၊ အခု ကိုယ်နဲ့ဥာဏ်ထွန်း အမှုဖြစ်နေကြတယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကိုယ့်ကို ရန်စလို့လေ၊ ရဲစခန်းတောင် ရောက်တယ်"

"ရဲရယ် ... ဘာဖြစ်လို့ ယောကျ်ားလေးတစ်ယောက်နဲ့ယှဉ်ပြီး ရန်ဖြစ်ရတာလဲ ... အချုပ်ထဲဝင်ရတာ မရှက်ဘူးလား"

"ဘာပြောတယ် ယုန်ဖြူ"

ယုန်ဖြူ့စကားကြောင့် ရဲ အံ့ဩတုန်လှုပ်မိသွားသလို နာကျင်ခံစားသွားရသည်။ ယောကျ်ားလေးတစ်ယောက်နဲ့ယှဉ်ပြိုင်ပြီးတော့တဲ့ ... ယုန်ဖြူ့ကို ဒေါသတကြီး ကြည့်မိပြီးမှ သူ့စိတ်တွေကို လျှော့ပစ်ရသည်။





"ယုန်ဖြူ ပြန်တော့မယ် ... ရှင် ကြိုးစားပါရဲ၊ အရာရာကို ဒေါသတကြီး မတုန့်ပြန်သင့်ဘူးနော်ရဲ ... ဆင်ခြင်ပါ"

"နေဦး ယုန်ဖြူ ... "

"မနေတော့ဘူး အန်တီနှင်းက ဆူလိမ့်မယ်၊ ယုန်ဖြူက သူများအိမ်မှာကပ်နေရတာပါရဲ၊ အရှုပ်အထွေးတွေဖြစ်အောင် မလုပ်သင့်ပါဘူးဟယ် ... ယုန်ဖြူ့ကို နားလည်ပေးပါနော်"

ယုန်ဖြူ ဆက်မနေချင်တော့ဘူး။ ရဲ ပြဿနာတွေ ရှာလွန်းတယ်။ ရဲက မိန်းကလေးပါ။ ယောကျ်ားတစ်ယောက်လို ပြုမူနေထိုင်တာကို ယုန်ဖြူ မနှစ်သက်တော့။ ယုန်ဖြူ သစ္စာမဲ့တာလားမဟုတ်ပါဘူး။ ရဲနှင့်က မိန်းကလေးချင်းပဲ ... ယုန်ဖြူလည်း အချစ်ဆိုတာကို ရဲနှင့်မခံစားမိ။ အစ်ကိုသိဒ္ဓိနဲ့ကျမှာပါ။

"ပြန်မယ်"

"ယုန်ဖြူ"

"ယုန်ဖြူ ဘယ်လိုမှ ဆက်နေလို့မရဘူး"

ယုန်ဖြူ ထလိုက်သည်။ ရဲက လက်ကိုဆွဲထားသေး၏။ သူမ ထွက်ပြေးချင်သည်။

"မင်းနေတဲ့ လိပ်စာကိုပေးပါ ယုန်ဖြူ ... "

"မသိချင်ပါနဲ့ရဲ ... လောလောဆယ်တော့ တွေ့လို့မဖြစ်သေးဘူး၊ ဖုန်းလည်း အန်တီနှင်း သိမ်းထားတယ် ... ယုန်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရဦးမှာပါ ... သွားမယ်"

ယုန်ဖြူက ထွက်သွားတာ ရဲ့ကိုပင် လှည့်မကြည့်တော့။ ရဲလည်း လိုက်ချင်တဲ့ဆန္ဒမရှိ ပြန်ထိုင်လိုက်သည်။

"ယုန်ဖြူ မင်းပြောင်းလဲသွားတာလား၊ မင်းသစ္စာမဲ့ချင်တာလား ... မင်းဘာလဲ"

"ဝုန်း ... "

ရဲ ဒေါသတွေပေါက်ကွဲပြီး စားပွဲမျက်နှာပြင်အား ထုပစ်လိုက်သည်။

"မင်း ဒီလိုအချိုး ချိုးလို့ရမလား ယုန်ဖြူ ... မင်းပြောင်းလဲသွားပြီ၊ မင်းသူဌေး ဖြစ်သွားပြီလား၊ ရဲ့ကို ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ဝုန်း"

"ဝုန်း"

"ဒီမှာ ကျေးဇူးပြုပြီး ခုံတွေကို မထုပါနဲ့"

"ဘာပြောတယ်ကွ ... မင်းက ဘာလဲ၊ ငါ့ကို အလျှော်အစား မလုပ်နိုင်ဘူးထင်လို့ လာတားနေတာလား ... ထုတယ်ကွာ"

"ဝုန်း"

"ဝုန်း"

"ခင်ဗျား ဆက်လုပ်နေရင် ကျွန်တော်တို့ လုံခြုံရေးခေါ်လိုက်





ရမလား"

"ခေါ်ကွာ ... ခေါ်လိုက်၊ ထုတယ် ... ဘာဖြစ်လဲ"

"ဝုန်း"

"ဝုန်း"

ရဲ ဒေါသတွေပေါက်ကွဲချင်တိုင်း ပေါက်ကွဲကာ ဆိုင်ကလူတွေနှင့် ပြဿနာဖြစ်ပြီး သောင်းကြမ်းပစ်သည်။ ရဲ့ကိုဖမ်းချုပ်ဖို့ လုပ်နေတုန်း ကိုမင်းသိင်္ခရောက်လာ၏။ ဆိုင်ကလူတွေ ငြိမ်သွားသည်။

"လာပါကွာ ရဲရာ ... ကိုယ်တောင်းပန်ပါတယ်၊ ပြန်ကြရအောင်ပါ"

ကိုမင်းသိင်္ခက ရဲ့အား အတင်းချုပ်၍ ကားဆီသို့ ပြန်ခေါ်လာသည်။

"ရဲ ဘယ်လိုဖြစ်တာလဲကွာ ယုန်ဖြူဖြူရော ... "

"တောက်"

"မင်းကို အစ်ကိုပြောထားတယ်လေ၊ အရာရာ ဒေါသကို ရှေ့မထားရဘူးလို့ ... "

"အစ်ကို"

"ရဲ"

"ယုန်ဖြူပြောင်းလဲသွားပြီဗျ ... လုံးဝ သစ္စာမရှိတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ရက်စက်သွားတယ်”

ယုန်ဖြူဖြူ ဘာကြောင့်ပြောင်းလဲသွားရတာလဲ။ ရံ ဒေါသ တွေထွက်ပြီး မြင်မြင်သမျှကို ခြေထောက်နှင့်ကန်ကြောက်ပေါက်ကွဲ နေသည်။

“ယုန်ဖြူ ... မင်းရဲ့အပေါ် ဒီလိုဆက်ဆံလို့မရဘူး၊ မင်း ဘာကောင်နဲ့ပဲတွေ့တွေ့ ရံကတော့ လက်လျှော့မယ်မထင်နဲ့”

မင်းသိဒ္ဓိ စိတ်တွေမလုံမလဲနှင့် နည်းနည်းလေးတော့ လန့် သွားသည်။ ယုန်ဖြူ ဘာဖြစ်လို့များ ရုတ်တရက်ကြီး ပြောင်းလဲရ တာလဲ။ အလိုက်အထိုက်နေဖို့ ပြောထားဇ၏။ ရံကတော့ ရှုးရှုးရှဲရှဲ နှင့် သူ့ နှစ်သိမ့်ချော့မော့ထားရသည်။

“ယုန်ဖြူ ... ချစ်သူရသွားပြီထင်တယ်၊ ယုန်ဖြူနေတဲ့အိမ်က သူဌေးသားထင်တယ်ဗျ ... ပြောင်းသွားတဲ့လိပ်စာမေးတော့လည်း မပြောဘူး၊ ရံကို သစ်စိမ်းချိုး ချိုးပစ်တာပဲ အစ်ကို ... ရံ ဘယ်လိုလုပ် ရမလဲ”

“နေပါဦးရံရာ ... ဒေါသကို ထိန်းချုပ်စမ်းပါကွာ၊ မင်းကလဲ ယုန်ဖြူမှာလည်း တကယ်ပဲ အခက်အခဲတွေရှိချင်ရှိနေမှာပေါ့”

“တောက် ... ယုန်ဖြူ ... မင်း သစ္စာမဲ့ပြီး ယောကျာ်းတစ် ယောက်ကို လက်ထပ်လို့ကတော့ နှစ်လောင်းပြိုင်ပဲ”

ရံရယ် ... အစ်ကိုပါကွာ။ ယုန်ဖြူဖြူနဲ့ လက်ထပ်မယ့်





ယောကျာ်းတစ်ယောက်က အစ်ကိုသိဒ္ဓိပါ။ ဘယ်လိုလုပ်ရမလဲ ... မင်းအမုန်းတွေကို အစ်ကိုလုံးဝ မခံယူနိုင်ဘူး။ ယုန်ဖြူဖြူ့ကို အစ်ကို ဘယ်လိုအကြောင်းနဲ့မှ လက်မထပ်ဘူး။ အပြတ်သားဆုံး ငြင်းပစ် မှာပါရံ၊ ကားပေါ်မှာ ရံမျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး မျက်ရည် တွေ စီးကျလာတာ မိန်းကလေးဆန်နေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



အတင်းအကြပ် သတ်မှတ်နေခဲ့တာပါ အစ်ကိုသိဒ္ဓိရယ်။

"ရဲ့ကို ယုန်ဖြူ အလိုက်အထိုက်လေး ဆက်ဆံပေးပါ"

"အစ်ကို ... "

"ဘာပဲဖြစ်ဖြစ် ရဲ့အတွက် အစ်ကိုနဲ့ယုန်ဖြူ အချိန်ယူကြရအောင်ပါ"

အစ်ကိုသိဒ္ဓိက ဘာကြောင့်လဲ။ ရဲ့ကိုအရေးတယူရှိပြီး စိုးရိမ်ပူပန်နေ၍ ယုန်ဖြူစိတ်ပူသည်။ အစ်ကို့ကို ယုန်ဖြူလက်ထပ်ချင်၏။ ယုန်ဖြူ့ဘဝမှာ အစ်ကိုကပဲ မှီခိုအားထားရာ ဖြစ်နေ၏။ ယုန်ဖြူ ငိုချင်သည်။

"မင်းဘက်ကပဲ ကိုယ်နဲ့လက်ထပ်ဖို့ အချိန်ဆွဲပေးထားပါ ယုန်ဖြူဖြူ ... "

"ဟုတ်"

အစ်ကိုဆန္ဒတွေကို ယုန်ဖြူ ဆန့်ကျင်ပြီး လက်ထပ်ပွဲကို အတင်းအကြပ်အလျင်အမြန် မလုပ်လိုပေ။ ရဲ့နှင့်က ချစ်သူတွေအဖြစ် အစ်ကိုက သိထားနေသည်။ လူကြီးတွေ သိသွားမှာလည်း ယုန်ဖြူကြောက်၏။ ရှက်၍ အစ်ကိုနှင့်လက်ထပ်ဖို့ မပြောရဲပေ။ အစ်ကို့ဆန္ဒအတိုင်းပဲ ဖြစ်စေသည်။

"ရဲ့ဘဝကို သဘာဝအတိုင်းပြန်ဖြစ်နိုင်တဲ့ အခြေခံအချက်တွေ ရဲ့မှာရှိနေပါတယ်"



အခန်း ( ၁၄ )

"ယုန်ဖြူ ... မင်းအနေနဲ့ ရဲ့ကို မဆန့်ကျင်သင့်ဘူး၊ ရဲ တစ်ခုခုဖြစ်သွားနိုင်တယ်၊ ရဲ့စိတ်ခံစားမှုကို မင်းနားလည်ပါတယ်၊ မင်းနဲ့ငယ်ငယ်လေးထဲက အတူတူနေထိုင်ခဲ့ကြတာလေ"

အစ်ကိုသိဒ္ဓိက ရဲ့ဘက်မှာရပ်တည်နေတာ ယုန်ဖြူ ခံစားနေရသည်။ အစ်ကို့ကို ယုန်ဖြူချစ်နေမိပြီ ဘယ်လိုလုပ်ရမလဲဟင်။ ရဲ့ကို ယုန်ဖြူမရက်စက်ချင်ပါဘူး။ သံယောဇဉ်ကြီးမားစွာ တွယ်တာခဲ့တာတော့ အမှန်ပါပဲ။

"ရဲ့ စိတ်ခံစားမှုက သဘာဝလွန်နေတယ်၊ ကိုယ်တို့သိထားတာပဲ အခုတောင် အမှုရှိသေးတယ်၊ ကိုယ် တောင်းပန်တာပါ ယုန်ဖြူ ... "

ကျွန်မက ယုန်ဖြူလေ။ အစ်ကို့ကို ချစ်မိနေတာကရော ဘယ်လိုလုပ်ရမလဲ။ ကျွန်မတို့က ချစ်သူတွေ မဟုတ်ပါဘူး။ ရဲ့က



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ဘာဖြစ်လို့များ ရဲ့ကို မိန်းကလေးတစ်ယောက် ဖြစ်စေချင်ရတာလဲ ယုန်ဖြူ မမေးရဲ ငြိမ်သက်နေရသည်။

"ရဲ့ကို မင်းလည်းချစ်တယ် မဟုတ်လား ယုန်ဖြူ"

အစ်ကိုကရောဟု မေးချင်သည်။ ယုန်ဖြူ နှုတ်ခမ်းလေး စေ့ကပ်နေ၏။ ကျွန်မ ချစ်တာက အစ်ကိုပါ။

"ကိုယ်တို့ပတ်သက်မှုကိုလည်း မင်းအချိန်မတန်သေး အသိမပေးစေချင်ဘူး"

"ဟုတ်"

ယုန်ဖြူ ဘာပြောရမလဲ။ ဟုတ်ကဲ့ဟုပဲ ပြောမိနေသည်။ ရဲ့နှင့် တရင်းတနှီးနေထိုင်မိတာ ယုန်ဖြူနောင်တရလာ၏။ မဖြ သင့်ဘူးဆိုတာ ယုန်ဖြူသိပေမယ့် အစ်ကိုနှင့်တွေ့ဆုံရတာ ယုန်ဖြ ကြေကွဲရသည်။

"အစ်ကို ကုမ္ပဏီသွားမယ်၊ ယုန်ဖြူ့ကို ညနေပြန်လာရင် ကားမောင်းသင်ပေးမယ်နော်"

"ဟုတ်"

သိဒ္ဓိ ပြင်ဆင်ပြီး ကုမ္ပဏီသို့ ထွက်လာခဲ့သည်။ သူ့ရင်တွေ နေ၏။ ရဲ့ကြောင့်ပဲ ... ရဲ့အလုပ်ဝင်တော့မည်။ ဒီဇိုင်နာသင်တန်း လည်း တက်ဖို့ ပြင်ဆင်ထားနေသည်။

"ရဲ့ စီးပွားရေးကိစ္စတွေမှာ အောင်မြင်ချင်တယ်၊ သူဌေးဖြ





ချင်တယ်ဗျာ ... ယုန်ဖြူ့အတွက်ပဲ ယုန်ဖြူ့အပေါ် သဘောတူတဲ့ အထိ ကြိုးစားရမယ် အစ်ကို"

ရဲ့ပြောတဲ့စကားတွေအားလုံးမှာ ယုန်ဖြူ့အတွက်ပဲဖြစ်နေသည်။ သူ့နှင့်လက်ထပ်မှာကိုလည်း သိဒ္ဓိ လုံးဝမသိစေလိုပေ။ သူ ကြောက်သည်။ ရဲ့အမုန်းတွေကို မခံယူနိုင်။ ကုမ္ပဏီရောက်တော့ သူ့ရုံးခန်းမှာ ရဲ့ စောင့်နေသည်။

"ဒီမှာ အစ်ကို့ကို စောင့်နေပါဆိုလို့ပါ"

"အင်း ... အစ်ကို ဖုန်းဆက်နေထားတာလေ၊ ရဲ့ ကြောင်နေမှုန်းစိုးလို့ပါကွာ၊ စောင့်နေရတာ ကြာပြီလား"

"ဟင့်အင်း ... ဒီမှာအစ်ကို ကျွန်တော့်ကိုယ်ရေးရာဇဝင်ပါ၊ အစ်ကို ဖြည့်ခိုင်းထားလို့ပါ"

"ဟုတ်လား"

ရဲ့ပေးတဲ့ ကိုယ်ရေးရာဇဝင်ဖောင်အား သိဒ္ဓိယူကြည့်လိုက်တော့ နာမည်က ချစ်ဝန်းရဲ့ဟု ထည့်ထားပြီး ကျားမနေရာတွင် ကျားတဲ့။ သိဒ္ဓိ ရယ်ချင်သွားရသလို သနားကြင်နာမှုတွေလည်း ဖြစ်သွားသည်။

"ဘာလိုသေးလဲ အစ်ကို ..."

"အင်း ... ပြည့်စုံပါတယ် ... မင်းနဲ့အစ်ကို့ကြားမှာ ကိုယ်ရေးရာဇဝင်က သိပ်အရေးမကြီးပါဘူးကွာ ... ယုံကြည်မှုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်ဘဝမှာ အစ်ကိုက မိတ်ဆွေစစ်
ပါ ... အစ်ကို အားပေးကူညီလို့ ကျွန်တော့်ဘဝလမ်းကြောင်း ဖြောင့်
တန်းရတာလေ"

ရံ့ မင်းကို ယောကျ်ားလေးတစ်ယောက်အဖြစ် အစ်ကို
မတွေ့ချင်ဘူးကွာ။ မိန်းကလေးအဖြစ် မင်းတန်ဖိုးမြင့်နိုင်ပါတယ်
ရံ့က ချော့မော့လှပသူဖြစ်သည်။ ယုန်ဖြူ့ထက်တောင် စွဲဆောင်မှု
နေ၏။ သိဒ္ဓိရင်ထဲအထိ စွဲနစ်ချစ်ခင် နှစ်သက်မိသည်။

"မင်း ထိုင်ဖို့ စားပွဲက ဟိုမှာနော်ရံ့ ... မင်းအလုပ်တွေ
တဖြည်းဖြည်းလေ့လာပါ၊ သင်တန်းကတော့ ပိတ်ရက်တွေ စီစဉ်
ထားတယ်၊ မင်းလခအတွက် သုံးလစာ အစ်ကို ကြိုထုတ်ပေးမ
ဘယ်လိုလဲရံ့ ..."

"ဗျာ"

"မင်း အံ့သြနေလားရံ့ ... အစ်ကိုက မင်းကို ခင်မင်တယ်
ကူညီချင်တယ်၊ မင်းအားနာစရာတော့ မရှိဘူးနော် ... အစ်ကိုနဲ့
ကြားမှာ ဘာအတားအဆီးမှ မရှိစေချင်ဘူးကွာနော်"

သူ ရံ့ပခုံးလေးကို ဖက်ထားလိုက်ရာ ရံ့ကိုယ်လေး တွ
ကြို့သွားသည်။ ရံ့ရဲ့ မိန်းကလေးစိတ်ပဲ။ မျက်နှာလေးပေါ်မှာ သွေး
ယောင်ဖျော့ဖျော့လေး လွှမ်းသွား၏။ သိဒ္ဓိ သဘောကျသွားသည်။

"ရံ့"





"ဗျာ"

"မင်းကို စတွေ့တွေ့ချင်းပဲ အစ်ကိုချစ်သွားမိတယ်"

"ဗျာ"

ရံ့က ရှန်းထွက်သည်။ သိဒ္ဓိ တမင်လုပ်တာပါ။ ရံ့စိတ်တွေကို
သဘာဝအတိုင်း ဖြစ်စေချင်သည်။

"ညီလေးတစ်ယောက်လိုပါ၊ မင်းတစ်မျိုးမထင်နဲ့ ... အစ်ကို့
က ရိုးသားပါတယ်၊ အစ်ကိုက ဥဘတ်ထွန်းလို စိတ်ဓါတ်
အောက်တန်းကျတဲ့လူ မဟုတ်ဘူး"

"ကျွန်တော် သိပါတယ်ဗျာ"

ရံ့ ရှန်းထွက်ပစ်ချင်ပေမယ့် အားနာမိလို့ပါ။ ဥဘတ်ထွန်းလို
တ်မာတဲ့ကောင် မဟုတ်တာတော့ အစ်ကို့ကို ယုံပါတယ်။ အစ်ကို
လူကြီးလူကောင်းဆန်ပါတယ်။ ရံ့အကြောင်းတွေလည်း အစ်ကို
သိနေသည်။

"မင်း ကြိုးစားစမ်းပါရံ့ ... တက်တက်ကြွကြွနေပါ"

"အစ်ကို"

"ပြော"

"ယုန်ဖြူနဲ့တွေ့ချင်သေးတယ်၊ ကျွန်တော် သေသေချာချာ
ချင်တယ် ... ယုန်ဖြူ ချစ်သူအသစ်တွေ့သွားပြီလား ဟို ...
န်ဖြူနေတဲ့အိမ်ကလေ အဲဒီသူဌေးသားထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒါတွေ စဉ်းစားမနေစမ်းပါနဲ့ ရဲလေးရာ၊ မင်း ကြိုး စားနေပြီပဲ"

ယုန်ဖြူ့အတွက် ခံစားနေရတဲ့စိတ်တွေ လျှော့ပါးစေချင် သည်။ သိဒ္ဓိ တဖြည်းဖြည်း ရဲ့စိတ်တွေ ပျော့ပြောင်းစေရန် သူဆန္ဒ ရှိနေသည်။

"ရဲရယ်"

သူ့စိတ်ထဲကနေ ရဲ့ကို ညည်းညူတမ်းတနေမိလေသည်။ ရဲ့ကို ချစ်နေမိပြီလား သိဒ္ဓိစဉ်းစားမရ။ ရဲကတော့ မျက်နှာရဲရဲလေး နှင့် ခေါင်းလေးငုံ့ထား၏။ ရဲ အနေကြပ်နေမှာစိုး၍ သူ့လက်တွေကို ရုန်းဖယ်လိုက်သည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ၊ နိုင်းစရာရှိတာခိုင်းနော်၊ ဘာမှ အားမနာပါနဲ့ ... အစ်ကိုပြောသလိုပဲဗျာ၊ ကျွန်တော်နဲ့အစ်ကို ကြားမှာ အားနာစရာမလိုပါဘူးဗျာ ... နော်"

ရဲ ဘယ်လိုဖြစ်မှန်းမသိ။ အစ်ကိုက ဖက်တာကို တုန်လှုပ်နေ သည်။ ရှက်မိသလိုလို အစ်ကို့ကို ရဲရဲတင်းတင်း ဆက်ဆံသင့်၏။ ရဲ ကိုယ်တိုင်က ရှက်နေသည်။

"မင်းက လောလောဆယ်တော့ အစ်ကို့အတွက် ကော်ဖီ တစ်ခွက်လောက် ဖျော်ပေး ..."

"ဟုတ်ကဲ့"





ရဲ တောင်းဘီအရှည်နှင့် တီရှပ်အဖြူရောင်လေးကို ဝတ်ဆင် ထားတာ ယောက်ျားလေးနှင့်တူနေသော်လည်း တင်းရင်းတဲ့ခန္ဓာ ကိုယ်အောက်ပိုင်းလေးကြောင့် မိန်းကလေးဆိုတာ သိသာနေ သည်။

"အစ်ကိုက ဘာကြိုက်လဲ"

"ချိုပေါ့"

"အိုကေ"

သူငေးမောကြည့်မိနေသည်။ မင်းအရမ်းလှတယ် ... ကိုယ် လုံးလေး တောင့်တောင့်တင်းတင်းလေး။ မင်းမိန်းကလေးပဲ ဖြစ် သင့်တယ်။ အစ်ကို ရင်ခုန်တယ်ကွာ ... မင်းကိုမှ ချစ်မိသွားပြီ။ ယုန်ဖြူ့ကိုတောင် သိဒ္ဓိ ခံစား၍မရ။ ယုန်ဖြူဖြူ ပြောင်းလဲသွားရ တာ သူ့ကိုချစ်၍ ဖြစ်နိုင်သည်။ ယုန်ဖြူဖြူနှင့် လက်မထပ်နိုင်ဘူး။ ရဲ့ကို သနားတယ်။ ရဲ့ဘဝကို အမှားအယွင်း အတိမ်းအစောင်း မဖြစ် စေချင်ဘူး။

"အစ်ကို"

"ဟင်"

"ဘာတွေစဉ်းစားနေတာလဲဗျ ... ဒီမှာကော်ဖီ"

"ဪ ... အေးကွာ"

"အဟဲ ... ကျွန်တော်က အိမ်မှာကောင်းကောင်းမွှန်မွှန်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်စရာလုပ်တတ်တာ မဟုတ်ဘူးနော်၊ မြည်းကြည့်စမ်းပါ"

"ကောင်းပါတယ်ကွာ ... မင်းဒီလောက်တော့ ရှိမှာပေါ့။ အစ်ကိုက မင်းကို ခွင့်လွှတ်ပေးထားပါတယ်"

"ကျေးဇူးပဲဗျာ"

ရုံက သူ့စားပွဲမှာသွားပြီး ထိုင်သည်။ သိဒ္ဓိအကြည့်က သူ့စာရွက်စာတမ်းတွေကိုကြည့်ရမည့်အစား ရုံဆီပဲ ရောက်နေတတ်သည်။

"အစ်ကို"

"ဟင်"

"ကျွန်တော် သန့်စင်ခန်း သွားချင်တယ်"

"သွားလေ ... သွား ... "

ရုံ အခန်းအပြင်ဘက်ကို ထွက်လာမှ စိတ်ထဲမှာ မွန်းကြပ်နေတာတွေ ပျောက်သွားရသည်။ အစ်ကိုက ဘာလဲ ... ရုံ့ကိုကြည့်နေတာလား။ ရုံ မလုံမလဲ ... အခုတလော ရုံစိတ်တွေ ဖောက်ချင်လာ၏။ အစ်ကိုသိဒ္ဓိနှင့်တွေ့ရတာ ရင်တုန်နေသည်။

"ကောင်လေး"

"ဗျာ"

"ဘယ်သွားမလို့လဲ"

"ဪ ... ဟုတ်တယ်ဗျ။ ကျွန်တော် သန့်စင်ခန်းသွားမလို့"

"မန်နေဂျာ ဖုန်းဆက်တယ် မင်းကိုလမ်းပြပေးဖို့"





"ဗျာ"

"မင်းသွားနေတာက ဆန့်ကျင်ဘက်ဖြစ်နေလို့"

"ဟုတ်လား"

"ဒီဘက်မှာပါ"

ရုံလည်း တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ဘူးတဲ့ တုန်ရီတုန်လှုပ်မှုတွေဖြစ်ပေါ်နေသည်။ ယုန်ဖြူနဲ့တောင် ရုံဒီလောက်အထိ မခံစားခဲ့ရ။ အချစ်ဆိုတာ ဘာတွေလဲ ... အစ်ကို့ကို ရုံ့ အစ်ကိုတစ်ယောက်လိုပဲ ခင်မင်သည်။ သန့်စင်ခန်းထဲဝင်လာ၏။ စိတ်တွေလှုပ်ရှားလွန်း၍ မှန်ရှေ့မှာရပ်ပြီး စိတ်ကိုငြိမ်သက်အောင် လုပ်ရသေးသည်။

"ရုံ မင်းဘာတွေဖြစ်နေတာလဲ ... မင်းက ဘယ်သူလဲ၊ ယောကျ်ားလေးတစ်ယောက်လေ ... "

အစ်ကိုက ဥာဏ်ထွန်းအမှုကို ကြေအေးစေသည်။ ရုံလည်း အလျှော့ပေးလိုက်၏။ အစ်ကို့စကားတွေကို ရုံနားထောင်လိုခဲ့၏။ စိတ်တွေ ငြိမ်သက်သွားမှ ရုံ ကြိုးစားရသည်။

"အစ်ကိုရာ ... ရုံ့အနေရ ကြပ်လိုက်တာဗျာ၊ အစ်ကိုကလဲ ကျွန်တော့်ကို ဂရုစိုက်လွန်းနေတာကိုးဗျ"

ရုံ ရပ်နေရသေးသည်။ ရုံ သန့်စင်ခန်းဝင်ဖို့တောင် အစ်ကိုက ဂရုတစိုက် ရှိလွန်းနေ၏။ ဖုန်းဆက်ထားသည်။

"အစ်ကိုက ဂရုစိုက်လွန်းတော့ ကျွန်တော် တကယ်ပဲမနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး"

ကျွန်တော် ပြန်ထွက်သွားဖို့တောင် မဝံ့မရဲနဲ့ဗျာ။ အစ်ကိုရှေ့မှာနေရတာ ဘာဖြစ်နေမှန်းကို မသိဘူး။ အသက်ရှူလို့တောင် မဝဘူး၊ မွန်းကြပ်ကြပ်ကြီးဗျာ။ တကယ်ပဲ ... သန့်စင်ခန်းထဲတွင် ရံရပ်နေမိသည်။

"ဟော့ကောင်လေး ... မင်းဘာလုပ်နေတာလဲ"

"ဗျာ ... ဟာ အမလေး ... လန့်လိုက်တာ၊ ခင်ဗျား ဘာကိစ္စဝင်လာရတာလဲ ... ထွက် ... "

"မင်းကို ဆရာကသွားကြည့်ခိုင်းလို့ပါကွ၊ မင်းကလဲ ဘာဖြစ်တာလဲ ... ယောကျ်ားလေးချင်း အော်လိုက်တာ ... "

"ဗျာ"

"ဗျာမနေနဲ့ ... မန်နေဂျာက မင်းကြာနေလို့စိတ်ပူပြီး ငါ့ကို အကြည့်ခိုင်းတာပါ"

"ဟာဗျာ"

ထိုလူ ထွက်သွားသည်။ အစ်ကိုရာ ... ဒီလောက်ကြီး ရံ့ကို စောင့်ရှောက်ပေးနေရင် ကျွန်တော် မနေတတ်တော့ဘူး။ အိမ်သာကတော့ ယောကျ်ားအိမ်သာ မိန်းကလေးအိမ်သာ ခွဲခြားထားသည်။ ရေချိုးခန်း၊ သန့်စင်ခန်းက သပ်သပ်စီ၊ ရံက ယောကျ်ားလေးအခန်းထဲပဲ ဝင်ခဲ့တာပါ။ သူ ပြန်ထွက်လာခဲ့သည်။





"လုပ်ငန်းခွင်ဝင်ရတော့လည်း မလွယ်ပါလား"

အစ်ကိုက ရံအခန်းထဲဝင်လာတော့ အစ်ကိုက စိတ်ပူလိုက်တာရံရာ ... မင်း ကြာလို့တဲ့။

"မင်းက အလုပ်ဝင်တာ မကြာသေးဘူးလေကွာ၊ ပြဿနာဖြစ်မှာစိုးရိမ်လို့ အစ်ကို ကြည့်ခိုင်းတာပါ"

ရံက ယောကျ်ားလေးသန့်စင်ခန်းထဲ ဝင်မယ်ဆိုတာ သိဒ္ဓိ သိလိုက်သည်။ ယောကျ်ားလေးတွေနှင့် ပြဿနာတက်မှာစိတ်ပူမိနေ၏။ ရံ့ကို ယောကျ်ားလေးအဖြစ်ပဲ ကုမ္ပဏီမှာ သိထားစေသည်။ စက္ကန့်မလပ် ချစ်ဝန်းရံအတွက် သိဒ္ဓိ စိတ်ပူပန်ပြီး ကာကွယ်စောင့်ရှောက်ပေးနေမိ၏။ မတတ်နိုင်တော့ဘူး ရံရာ ... မင်းဘဝအတွက်ပါကွာ။ မင်းနဲ့မှ ဆုံမိခဲ့ကြတာပဲလေ။ ရံလည်း စိတ်ကျဉ်းကြပ် ရှက်ရဲရဲလေးဖြစ်နေတာ ရံ့မျက်နှာလေးက သိသာနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

"ရော့ အမေ ... ဒါက ရုံလုပ်အားခကို သုံးလခထုတ်ပေးလိုက်တာပါ။ အမေသုံးလို့ ရတယ်လေ"

"အမလေးရုံရယ် ... များလိုက်တာ၊ ဒါတွေက ဘာတွေလဲ ရုံ့သူဌေးက သဘောကောင်းလှချည်လား"

ရုံ့ကို ဒေါ်မေသစ္စာ မျက်လုံးပြူးကြီးတွေနှင့်ကြည့်မိပြီး မိမိတို့ဘဝမှာတော့ ဒီငွေက အများကြီးဖြစ်နေသည်။

"ရုံ ... ဒီငွေတွေက ရလာတာရိုးသားဖြူစင်ပါတယ်နော်"

"ဖြူစင်ပါတယ် အမေရာ ... ရုံ့လခတွေပါ။ ကျွန်တော်ကကားခလည်း မလိုဘူး၊ သူဌေးက ကားအကြို့အပို့ရှိတယ်၊ ဝန်ထမ်းဖယ်ရီပါ အမေ"

"ဟုတ်လား"

သူဌေးက သမီးကိုများ ကြိုက်နေတာလား။ သမီးလေးက





မိန်းမချောလေးပါ။ ဘယ်လောက်နှမြောဖို့ကောင်းလဲ။ ဒင်းအဖေကြောင့်ပဲ ...

"အဖေနဲ့အစ်ကိုတွေကိုလည်း ဟင်းကောင်းတွေချက်ကျွေးပါ အမေရာ ... ရုံ နောက်ဆို စီးပွားရေးသမားဖြစ်အောင် ကြိုးစားမှာပါ။ မပူပါနဲ့တော့ ... "

"သူ့တော်ကောင်း သူဌေးနဲ့ တွေ့ပေလို့ပေါ့ရုံရယ် ... ဘာပဲဖြစ်ဖြစ် အမေကတော့ ရုံ့ကို စိတ်ပူတယ်"

"ရုံက ဘာပူစရာရှိလို့လဲအမေ ... ယောကျ်ားလေးပဲ၊ ထောင်အပြင် တန်းမရှိပါဘူး"

"ဘာပြောတယ် ရုံ ... "

"ရုံ့ကို မပူဖို့ပြောတာပါ။ ကိုကြီးနဲ့ကိုလေးပဲ ပူရတာ၊ အရက်တွေသောက်တာများနေတယ်၊ ကိုလေးက ဆေးပါချတာလေ အမေ"

ကိုကြီးနဲ့ကိုလေးကို စိတ်ပူတယ်။ အဖေကလည်း ငွေရှာတာက နည်းနည်းပါးပါ။ အရက်သောက်နေတာက များသည်။ အမေ့ကို ပြဿနာရှာပြီး ဆဲဆိုအပြစ်တင်စကားတွေပြောနေတာ ရုံ မနှစ်သက်မိ။ အမေ့ကို သနားနေမိ၏။ အမေ ပိုက်ဆံမရှာစေရတော့ဘူး။ ဈေးမရောင်းဖို့ ပြောရသည်။

"ရုံ ဝင်ငွေရနေပြီ၊ အမေ ချွေချွေတာတာလေး သုံးစွဲပါ၊ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲနီရှာတဲ့မိသားစုကို ရဲ စီးပွားရှာပြီး မြင့်တင်မယ်"

"ရဲရယ် ..."

သားယောက်ျားလေးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ရဲက မိသားစုအပေါ် ညာတာသံယောဇဉ်ကြီးသည်။

"ရဲရယ် ... မိသားစုအတွက်လည်း ကြည့်တာပေါ့၊ ရဲအတွက်လည်း ကြည့်နော် ..."

"ဟုတ်ကဲ့ပါ"

ရဲ အမေ့အနားကနေ ထွက်လာခဲ့သည်။ ယုန်ဖြူအတွက်လည်း အလှပြင်ပစ္စည်းတွေ ဝယ်ထား၏။ ပေးမလို့ပါ။ ရဲတွေ့ချင်ဆုံးက ယုန်ဖြူကိုပင်။

"မင်း ပြောင်းလဲသွားတာလား ယုန်ဖြူ ... မင်းမှာချစ်သူအသစ်တွေ့နေပြီလား ... ဘယ်သူလဲ ..."

ယုန်ဖြူ ချစ်သူတွေ့သွားပြီး ရဲ့အပေါ် သစ္စာမဲ့ရင်တော့ အသေပဲ။ နှစ်လောင်းပြိုင် ဖြစ်သွားစေရမယ်။ ရဲအတွေးနှင့်ပင် ဒေါသတွေပေါက်ကွဲချင်သည်။ ယုန်ဖြူက ပြောင်းသွားတဲ့လိပ်စာလည်း မပေးပေ။ သက်သက်သစ္စာမဲ့ပြလိုက်တာပဲ။ ဟုတ်ပါတယ် ယုန်ဖြူမှာ ချစ်သူတွေ့နေပါပြီ။ ယုန်ဖြူတို့နေသွားတဲ့ အိမ်လေးကို ရဲအလွမ်းပြေသွားကြည့်နေသည်။

"ကိုယ် မင်းကိုချစ်တယ် ယုန်ဖြူ ... မင်းနဲ့လုံးဝမခွဲနိုင်ဘူး





ကိုယ့်အပေါ် သစ္စာမမဲ့ပါနဲ့ကွာ"

ရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစို့စွတ်လာသည်။ ရင်တွေပူနေတယ်။ ရဲ ချမ်းသာအောင် ကြိုးစားချင်တယ်။ ယုန်ဖြူ့အဒေါ်က သဘောကျစေရန်ပါ။ ကိုမင်းသိဒ္ဓိကို အကူအညီတောင်းဖို့ စဉ်းစားထားသည်။ ရဲ ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထား၏။ ကမ္ဘာအနှံ့မြေလှန်ပြီး ယုန်ဖြူ့ကိုရှာချင်သည်။

နောက်နေ့ကုမ္ပဏီကို ရောက်တော့ ရဲ လက်ဆောင်ပစ္စည်းတွေနှင့် အစ်ကိုသိဒ္ဓိကို အကူအညီ တောင်းရ၏။ မတွေ့တွေ့အောင် ရှာပေးဖို့ဖြစ်သည်။

"အစ်ကိုတောင် ကံကောင်းလို့ ယုန်ဖြူဖြူနဲ့တွေ့ရတာပဲ ရဲ ... ထပ်တွေ့ဖို့မလွယ်ဘူးထင်တယ်"

"ရဲ သေတော့မယ် ... ရင်တွေ အရမ်းပူတယ်ဗျာ၊ အသည်းတွေ မီးလောင်နေပြီ၊ ပြာဖြစ်တော့မယ် အစ်ကိုရာ"

"ရဲ"

"ဗျာ"

"မင်းဘဝမှာ ယုန်ဖြူက အရေးကြီးလား၊ မင်းဘဝချမ်းသာကြီးပွားဖို့က အရေးကြီးလားရဲ"

မျက်နှာလေးကို သိဒ္ဓိစေ့စေ့လေး ကြည့်မိသည်။ အနက်ရောင်ဂျင်းဘောင်းဘီအရှည်နှင့် အဖြူဆွတ်ဆွတ်ပေါ်မှာ ကြယ်သီး

www.burmeseclassic.com



အနက်လေးတွေ ချယ်သထားတဲ့ ရှပ်အင်္ကျီကို ဝတ်ဆင်ထားတာ မြင့်မားတဲ့ အရပ်အမောင်းနှင့် ကားစွင့်သော တင်ပါးက တင်းတင်းရင်းရင်း။ ယောကျ်ားလေးတစ်ယောက်ကဲ့သို့ ဘယ်လောက်ပဲ ဟန်ပန်တွေ တင်းနေပါစေ မျက်တောင်ကော့လေးတွေ ဝိုင်းရံနေတဲ့မျက်ဝန်းလေးတွေက စွဲမက်စွာ မိန်းမဆန်လွန်းနေသည်။

"ဖုန်းဆက်တော့လည်း ပိတ်ထားတယ်ဗျာ၊ ကျွန်တော် အရမ်းခံစားနေရတယ် အစ်ကိုရာ"

"မင်း မေ့ပစ်ရမယ် ... မင်းဘဝအတွက် လုပ်စရာတွေက အများကြီးလေ၊ မင်းသင်တန်းတက်ရဦးမယ်၊ မင်း ဒီလိုအသည်းကွဲနေရင် ဘယ်လိုလုပ်မလဲရဲ"

"ဟုတ်တော့ဟုတ်ပါတယ် အစ်ကိုရာ ... ရဲလေ ပထမဆုံးလုပ်အားခနဲ့ရတဲ့ ပိုက်ဆံနဲ့ ယုန်ဖြူ့ကို လက်ဆောင်ပေးချင်လို့ပါ"

သိဒ္ဓိကတော့ ရဲအတွက် စိတ်မကောင်းတွေ အကြီးအကျယ်ဖြစ်ရသည်။ ယုန်ဖြူရှိတဲ့နေရာကို သိဒ္ဓိသိနေ၏။ ထုတ်ဖော်မပြောရ။

"မင်း ကြိုးစားစမ်းပါကွာ၊ မင်းဘဝအတွက်ပဲ စဉ်းစားပါ၊ မင်း စီးပွားရှာနေမှာလား အသည်းကွဲနေမှာလား ... ချစ်ဝန်းရဲ ..."

"အဲဒီနာမည်ကြီး မကြိုက်ဘူးဗျာ၊ မခေါ်စမ်းပါနဲ့"

"အေးပါ ရဲရာ ..."

ရဲရယ် ... မင်းကို မိန်းကလေးအဖြစ်ပဲ မြင်တွေ့ချင်တယ်





မင်းကိုချစ်တယ် ရဲ၊ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ပတ်သက်ဖို့တောင် အချိန်မရခဲ့ဘူး။ ကိုယ်စီးပွားရေးပဲ လုပ်ချင်နေခဲ့တာပါ။ ယုန်ဖြူ့ကိုလည်း သိဒ္ဓိ မချစ်နိုင်။ ဒက်ဒီ ဘယ်လောက်ပဲ တိုက်တွန်းပါစေ ငြင်းပယ်မည်ဖြစ်သည်။

"ရဲ ကိုယ့်ကိုစားစရာတစ်ခုခု စီစဉ်ပေးပါဦး"

"ကော်ဖီလား အစ်ကို ..."

"အပြင်ထွက်စားမယ်ကွာ၊ မင်းလည်းစိတ်တွေ မွန်းကြပ်နေတာ မဟုတ်လား"

"ကျွန်တော့်အတွက် ခေါင်းထဲထည့်မစဉ်းစားပါနဲ့ဗျာ၊ အလုပ်တွေရှိသေးတာပဲ"

ရဲ အလုပ်မှာ တာဝန်မကြေမှာတော့ စိုးရိမ်မိသည်။ သူ့ဘဝအတွက်ပဲ လောလောဆယ်ကြည့်ရမယ်။ ယုန်ဖြူ့ကို မရှာတော့ပါဘူး။ သူ့ဖုန်းနံပါတ် ပေးထားခဲ့တာပဲ။

"အစ်ကို ယုန်ဖြူဖြူ့ကို ရှာပေးပါဦးမယ်၊ မင်းစိတ်ဖြောင့်ဖြောင့်နဲ့ အလုပ်ကိုလုပ်စမ်းပါ"

"ဟုတ်ကဲ့ အစ်ကို ..."

"မင်း အပြင်မှာထွက်မစားချင်ရင် အစ်ကို့ကို ခေါက်ဆွဲပြုတ်ပေးပါ"

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရှဲ့ကို တမင် မိန်းကလေးစိတ်တွေဝင်လာစေရန် သိဒ္ဓိ အိမ်မှု ကိစ္စတွေကို မသိမသာ ခိုင်းစေနေရသည်။ ရှဲ့က ဥာဏ်တော... ကောင်းပါတယ်။ အလုပ်မှာလည်း နည်းနည်းလေးသင်ပေးတာနှင့် များများတတ်နေ၏။ သင်တန်းလည်း လိုလေသေးမရှိအောင် ကြိုး စားသင်သည်။

"ကျွန်တော်ကတော့ သိပ်မလုပ်တတ်ဘူးဗျာ၊ အစ်ကို ကြည့် ပါဦး ..."

"ရှဲ့ ဘာပဲလုပ်ပေးလုပ်ပေး အစ်ကိုကြိုက်ပါတယ်၊ အစ်ကို... ချေးမများတတ်ဘူးလေ ရှဲ့"

"အစ်ကိုကတော့ တကယ့်ကို ပြည့်ဝတဲ့သူပဲ"

ကိုမင်းသိဒ္ဓိကိုတော့ ရှဲ့ သံယောဇဉ်ကြီးမိနေသည်။ အစ်ကို က ရှဲ့အပေါ် ကောင်းတယ်။ အစ်ကိုရှိနေလို့ ရှဲ့စိတ်လွတ်လပ်ပေါ့ပါး... ရတာပါ။

"မင်း လေ့ကျင့်ဖို့အတွက် အစ်ကို စက်ဝယ်ပေးမယ်"

"ကျွန်တော့်အတွက် များနေပါပြီ အစ်ကိုရာ ... တော်... တော့"

"အစ်ကို့အတွက် ရှဲ့ကိုပေးတဲ့ငွေက ဘာမှမပြောလောက်... ဘူးရှဲ့ ... အားနာစရာ မလိုပါဘူးကွာ"

ရှဲ့ကို လိုအပ်တာတွေ သိဒ္ဓိဖြည့်စွမ်းပေးချင်သည်။ အမြဲတမ်း





ဒေါသတွေနဲ့ပေါက်ကွဲနေတတ်တဲ့ရှဲ့စိတ်ကို ပျော့ပြောင်းစေလို၏။ သူ့ကိုလည်း သူဌေးဆိုပြီး ရှဲ့ကလိုအပ်တာထက်ပို၍ ဖြားယောင်း သွေးဆောင်ခြင်းမရှိ။ ဖြူစင်တဲ့ကောင်မလေးပါ။ ရှုံးဆင်းတော့ ရှဲ့ ကိုသင်တန်းကို လိုက်ပို့တာ ရှဲ့က လက်မခံပေ။

"ကျွန်တော် သွားပါ့မယ်၊ လိုက်မပို့ပါနဲ့ ကိုသိဒ္ဓိ ... စိတ်မပူ ပါနဲ့"

"ရှဲ့"

"ဗျာ"

"မင်းကိုပြောချင်တာကလေ ဒေါသကိုထိန်းချုပ်ဖို့ပဲ ... ပြဿနာမရှာပါနဲ့ကွာနော် ..."

"ဟုတ်ကဲ့ ... စိတ်ချပါ အစ်ကို ..."

ရှဲ့ကို ဆုံးမစကားတွေပြောပြီး သူစိတ်မချပေမယ့် ပြန်လာ ခဲ့သည်။ အိမ်ရောက်တော့ ဒက်ဒီက ယုန်ဖြူဖြူ့ကိုကားမောင်းပေး ဖို့ ပြောသည်။ သူစိတ်မပါ။ ခဏလောက် အနားယူ ရေချိုးသန့်စင် ပြီး ယုန်ဖြူ့ကို ကားမောင်းသင်ပေးဖို့ ထွက်လာသည်။

"ယုန်ဖြူ"

"ရှင် ..."

"မင်းအနေနဲ့ ရှဲ့ကို တစ်ကြိမ်တစ်ခါလောက်တော့ တွေ့သင့် တယ် ... အခု ရှဲ့ ဝင်ငွေရလို့ မင်းကိုလက်ဆောင်ပေးမလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူ မတွေ့တော့ဘူး အစ်ကို ... ပြီးတာတွေ ပြီးပါစေတော့၊ အန်တီနှင်းကလည်း မပတ်သက်စေချင်ဘူးလေ"

"ယုန်ဖြူ"

"ယုန်ဖြူ ဆုံးဖြတ်ပြီးပါပြီ ... ယုန်ဖြူ့ဘဝရှေ့ရေးအတွက်ပဲ ဆုံးဖြတ်တာပါ"

ရဲ့အတွက် သိဒ္ဓိ စိတ်ပူမိသည်။ နှုတ်ခမ်းလေးတွေ အမြဲတမ်း တင်းစေ့ကပ်ထားတဲ့ ဒေါသအိုးမလေးပါ။ ယုန်ဖြူ ဘာကြောင့် ဒီလို ဆုံးဖြတ်လည်းဆိုတာ သိဒ္ဓိ သိနေသည်။

"ယုန်ဖြူ့အတွက်ပဲ စဉ်းစားမယ်အစ်ကို၊ ရဲနဲ့ဘယ်လိုလုပ်ရမလဲ ... ရဲ့အပေါ် ယုန်ဖြူ သံယောဇဉ်ပဲရှိတာပါ၊ အချစ်ဆိုတာ မရှိပါဘူး၊ ယုန်ဖြူ့အနာဂတ်မှာ ရဲက အနှောက်အယှက် အဟန့်အတားပါ"

"တော်ပါတော့ ယုန်ဖြူရာ"

သူ ...

ယုန်ဖြူ့အား ကားမောင်းသင်ပေးနေပေမယ့် ရင်မခုန်မိ။ လက်တွေကိုင်တာတောင် သိဒ္ဓိ ခံစားမှုက အေးစက်နေသည်။

"အစ်ကို"

"ပြော ... "

"ကျွန်မ ချစ်မိနေတာက အစ်ကိုပဲ"





"ဘာ ... "

"ရဲ့ကိုသိပ်ပြီး မပတ်သက်စေချင်ဘူး"

"ဘာပြောတယ် ယုန်ဖြူ ... "

"ရဲ့စိတ်က ဒေါသတွေနဲ့ ယုန်ဖြူ လက်ထပ်ရင် နှစ်ယောက်လုံးကို လိုက်သတ်မှာပါ ယုန်ဖြူ ကြောက်တယ် ... အစ်ကို့ကုမ္ပဏီမှာ ရဲ့ကို မထားပါနဲ့တော့"

"မင်း ရက်စက်လိုက်တာယုန်ဖြူ ... ရဲ့က မင်းချစ်သူလေ၊ မင်း အစောကြီးထဲက ငြင်းပါလား ... မင်းလက်ခံခဲ့ပြီးမှ ... "

"ယုန်ဖြူ မသိဘူး ... ရဲက အတင်းအကြပ်တောင်းဆိုနေလို့ ယုန်ဖြူ ငြိမ်သက်နေမိတာပါ"

"ခဏလောက်လေးပါ ... မင်းကို အချိန်နည်းနည်းလေး တောင်းဆိုတာပါ ... ရဲ့အပေါ် အရမ်းကြီး ရက်စက်လို့မဖြစ်ဘူး ယုန်ဖြူ"

"ယုန်ဖြူ မပတ်သက်ချင်တော့ဘူး အစ်ကို ... သူက ပြင်းထန်တယ်၊ လက်ထပ်ဖို့အထိ ကြံစည်နေတာပါ ... ယုန်ဖြူ့ဘဝမှာ"

"တော်ပြီ ယုန်ဖြူ ... တော်ပါတော့ကွာ ... အစ်ကိုတောင်းပန်ပါတယ်၊ အစ်ကိုဘက်က ယုန်ဖြူနဲ့လက်ထပ်ဖို့ မဖြစ်နိုင်သေးဘူး"

"အစ်ကို ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ရဲ့အတွက် အချိန်ပေးရမယ်၊ ရဲ့စိတ်တွေပြောင်းလဲဖို့အတွက်ပါ"

အစ်ကိုသိဒ္ဓိက ဘာဖြစ်လို့များ ရဲ့ဘက်က ရပ်တည်ပေးနေရတာလဲ။ အစ်ကို မရိုးသားတော့ဘူးထင်တယ်။ စတွေ့ထဲက အစ်ကို သံယောဇဉ်ရှိတာက ရဲပဲ။

"ယုန်ဖြူ့ဘက်ကတော့ အစ်ကိုနဲ့လက်ထပ်ဖို့ အဆင်သင့်ပါပဲ ... ယုန်ဖြူ့ဘဝအတွက် အစ်ကိုကပဲ အားကိုးရာပါ"

သိဒ္ဓိဘက်ကတော့ လုံးဝယုန်ဖြူနှင့်လက်ထပ်ဖို့ မဖြစ်နိုင်ပေ။ ငြင်းပယ်မှာပဲ ဖြစ်သည်။ ကိုယ်ချစ်တာက ချစ်ဝန်းရဲ့ သေချာတယ်။ ကိုယ် ရဲ့ကိုပဲ ချစ်တယ်။

"ပြန်ကြရအောင် ယုန်ဖြူရာ"

"ဟုတ်"

အစ်ကိုရယ် ... ယုန်ဖြူ့မှာ အစ်ကို့ကိုချစ်ခွင့်မရှိတော့ဘူးလားဟင် ... ရဲကို သံယောဇဉ်တွယ်မိတာပဲရှိတာပါ။ လက်ထပ်ဖို့အထိတော့ ယုန်ဖြူ ကြောက်သည်။

"အစ်ကို ယုန်ဖြူ ဘာလုပ်ပေးရမလဲ ... အစ်ကို့ဆန္ဒအတိုင်း ယုန်ဖြူလိုက်လျှောပေးပါ့မယ်"

အစ်ကိုသိဒ္ဓိ မုန်းတီးသွားမှာလည်း ယုန်ဖြူ ကြောက်မိသည်။ အစ်ကို့ကို ချစ်တယ်။ ချစ်သူ ချစ်မိသွားတာပါ။





"ယုန်ဖြူ"

"ရှင်"

"မင်းပြောတာမှန်တယ်၊ အစ်ကိုလည်း မင်းအနေနဲ့ရဲ့ကို မေ့စ်လိုက်ဖို့ ထောက်ခံတယ်"

အစ်ကို့စကားကို ယုန်ဖြူ လုံးဝသဘောမကျမိပေ။ ရဲ့ကို န်ဖြူပဲ စွန့်လွှတ်စေပြီး အစ်ကိုကရော ...

"ရဲ့ကိုသနားတယ် ... အစ်ကိုစောင့်ရှောက်ချင်တယ်၊ ယုန် နားလည်ပေးပါ"

ယုန်ဖြူ နားလည်ပေးဖို့ကလွဲပြီး ဘာတတ်နိုင်တော့မှာလဲ။ န်ဖြူ ဆန့်ကျင်ငြင်းဆန်ဖို့ သတ္တိမရှိပေ။ အစ်ကိုကရော ယုန်ဖြူ့ နားလည်ပေးပါလား။ ရဲကသာ ယုန်ဖြူ့ကို ချစ်သူအဖြစ် ာင်းအကြပ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယုန်ဖြူ ဘယ်လိုလုပ်ရ ။ အစ်ကို့ကိုချစ်တယ် ... ကျွန်မ အားကိုးချင်ပါတယ်အစ်ကို။

✽

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

“ဟင် အစ်ကိုသိဒ္ဓိ ကျွန်တော့်ကို လာကြိုနေတာဗျာ”

“ဟုတ်တယ်ရဲ ... မင်းကိုစိတ်မချတာတော့ မဟုတ်ပါဘူး အစ်ကိုလည်း ပျင်းနေလို့ပါ”

ယုန်ဖြူ့ကို အမြန်ဆုံးပြန်ပို့ပြီး သိဒ္ဓိအပြင်ပြန်ထွက်လာ သည်။ ရဲ့အတွက် သူအမြဲတမ်း စိတ်ပူနေရတာပါ။ စိတ်ကမဖြောင့် ရဲ့ကို ပြဿနာရှာချင်တဲ့ကောင်တွေကလည်း ရှိနေသေး၏။ သိ လာကြိုမိသည်။

“ဘယ်လိုလဲ ... မင်းအဆင်ပြေရဲ့လား ရဲ ... ”

“ပြေပါတယ် အစ်ကို ... ”

“အစ်ကိုတို့ တစ်ခုခုသွားစားကြရအောင်ပါ ရဲ ... ပြီးတော့ မင်းအိမ်အထိ အစ်ကိုလိုက်ပို့ပေးမယ်လေ”

ရဲ မငြင်းချင်။ အစ်ကိုသိဒ္ဓိက ရဲ့ဘဝအတွက် မရှိမဖြစ်လို့အ





တဲ့ မိတ်ဆွေပါ။ ရဲ့ဘဝတိုးတက်အောင်မြင်ရေးအတွက် အစ်ကိုသိဒ္ဓိ ပဲ လုပ်ဆောင်ပေးနိုင်မှာပါ။

“ထိုင်လေရဲ ... မင်းဘာစားမလဲ”

“ကျွန်တော်က အကောင်းစားတွေသိပ်မစားဖူးပါဘူး ... အစ်ကိုပဲ မှာပါ”

“ကောင်းပြီလေ ... အစ်ကို မှာပေးမယ်”

ရဲ့ လိုက်လာ၍ သိဒ္ဓိ ပျော်ရွှင်ရသည်။ ရဲ့အတွက် အစား ကောင်းကောင်းတွေ မှာမိ၏။ ရဲ စားသည်။ ရဲက ယောကျ်ားလျှာ လေးဖြစ်ပေမယ့် ယဉ်ကျေးသူပင်။ ဘယ်လိုပဲနေနေ သူကတော့ ရဲ့ကို နှစ်သက်သည်။

“အပြန်ကျရင်လည်း မင်းအိမ်အတွက် အစ်ကိုဝယ်ပေးလိုက် မယ်ရဲ ... ”

“ဟာ ... အဲဒါတော့ မလုပ်ပါနဲ့ ကျွန်တော် လုံးဝလက်မခံ ဘူး ... အစ်ကိုထောက်ပံ့ထားတာတွေက အရမ်းများနေပြီ ... ကျွန်တော့်လောက်ပဲ တော်ပါပြီဗျာ ... နော်”

“အစ်ကို့ကို အားနာလို့လား ရဲ”

“အားနာလို့တော့ မဟုတ်ပါဘူး အစ်ကိုရာ ... ရဲက စည်း ကမ်းလေးနဲ့လုပ်ချင်တာပါ၊ သူများဆီက အချောင်ယူချင်တဲ့စိတ် တွေ မဝင်စေချင်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



ရံ့စိတ်ဓာတ်ကို သူနှစ်သက်မိသည်။ အဆင့်အတန်းရှိနေ၏။ ရံ့မျက်နှာလေးအား မသိမသာ တိတ်တခိုးလေး ကြည့်မိနေသည်။

"ကောင်းပါပြီရံရာ ... မင်းသဘောပါပဲ၊ အစ်ကိုက မင်းစိတ်ဆိုးမှာ အထင်လွဲမှာ စိတ်ပူတယ်ရံ"

"အစ်ကို့ကို ကျွန်တော်က ဘာဖြစ်လို့စိတ်ဆိုးရမှာလဲ၊ ကျွန်တော့်ကျေးဇူးရှင်ပါ ... ကျွန်တော့်ဘဝရဲ့ ကယ်တင်ရှင်ပါ"

"အစ်ကိုက ကံကြမ္မာကိုကြောက်တယ် ရံ ... တစ်ခါတလေ အစ်ကိုက ကံဆိုးတတ်တယ်ကွ၊ မင်းနဲ့ရန်သူဖြစ်ရမှာ အစိုးရိမ်ဆုံးပဲလေ"

ရံက ဆတ်ခနဲ မော့ကြည့်သည်။ သူ့အကြည့် ခပ်စူးစူးရဲရဲနှင့် ရင်ဆိုင်မိသွားပြီး ဖျတ်ခနဲ ပြန်ငုံ့ပစ်လိုက်၏။ ရံရယ် ... အစ်ကိုတော့ ရံ့ကို အရမ်းချစ်မိနေပြီကွာ။ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားချင်တယ်။ မင်းနှုတ်ခမ်းလေးက ဖူးဖူးလေး နမ်းပစ်ချင်တယ်။ မင်းကို အမြဲတမ်း တွေ့မြင်ချင်နေတယ်။ ဘယ်လိုလုပ်ရမလဲ ရံ ... ။

"မင်းလုပ်ချင်တဲ့ဆန္ဒတွေအားလုံး အစ်ကိုဖြည့်စွမ်းပေးမယ် ရံ ... လက်ခံပေးပါ"

"အစ်ကို"

"ပြော ... "

ကျွန်တော့်ရင်ထဲက ဆန္ဒတွေ ဝေ့တက်လာသည်။ ဒုက္ခပါ





ပဲကွာ။ ယုန်ဖြူက မတွေ့ချင်တော့။ ရံနှင့်တွေ့ရင်လည်း ရံဘယ်လောက်အထိ စိတ်ဝေဒနာတွေ ခံစားရမလဲ။ မင်း ရင်ကွဲမှာတွေးရဲ့။

"ယုန်ဖြူ့ကိုမှ မတွေ့တော့တာလေရံ ... ယုန်ဖြူ ရှောင်နေတာလည်း ဖြစ်နိုင်တာပဲ ... အစ်ကိုလည်း ရှာနေပါတယ်"

ယုန်ဖြူဖြူက အစ်ကို့ဆီမှာပါ ရံရယ်။ အစ်ကိုနဲ့အတူတူရှိနေပါတယ်။ ယုန်ဖြူ့စိတ်တွေ ပြောင်းလွဲသွားပြီကွ။ သူမက အစ်ကို့ကို ချစ်နေပါတယ်လို့ ဖွင့်ဟထားခဲ့တယ်။ အစ်ကိုနဲ့လက်ထပ်ခွင့်ကို ငြင်းပယ်နိုင်ပါဘူးတဲ့။

"မင်းဘဝ ကြီးပွားတိုးတက်အောင် အရင်ဆုံးလုပ်ကွာ ... အရေးအကြီးဆုံးပဲ"

"ဟုတ်ကဲ့"

ရံ မင်းခံစားရလဲ ခဏပါကွာ။ မင်းအရမ်းစွဲလမ်းနေရင် မင်းဘဝတစ်ခုလုံး ရင်းပြီးထိခိုက်နစ်နာရမှာလေ။ ညစာစားပြီးတော့ လေညင်းခံဖို့ ကန်တော်ကြီးစောင်းမှာ ကားရပ်လိုက်သည်။

"အစ်ကို ... ကျွန်တော် ဒီနေရာမှာတော့ မနေချင်ဘူး၊ အတွဲတွေနဲ့ ... "

"သူတို့ဟာသူတို့ သပ်သပ်နေတာပဲရံရာ"

"ကျွန်တော် ရှက်တယ်ဗျ"

ရံ မိန်းကလေးဆန်သည်။ ကားပေါ်ကပင် မဆင်းတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်ရ၏။ ရုံဆီမှာ မိန်းကလေးဆန်တဲ့စိတ်တွေ ရှိနေသေးလို့ပါ။

"ရုံ"

"ဗျာ"

"မင်း အိမ်ကို မနက်ဖြန်မနက် စက်တွေပို့ပေးလိုက်မယ်၊ မင်းလက်ခံနော်"

"ဟုတ်ကဲ့ပါ အစ်ကိုရာ ... ကျွန်တော့်အတွက် လိုအပ်နေတာပဲ၊ ကျွန်တော့်အခက်အခဲတွေ အတော်များများ အစ်ကိုပဲဖြေရှင်းပေးနေတာပါ ... ကျွန်တော် ဒီကျေးဇူးကို မမေ့ပါဘူး"

"အစ်ကိုက မင်းကို ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူးရုံရာ၊ မင်းအတွက် အကူအညီပေးချင်တာ သက်သက်ပါကွ"

သူ ...'

ရုံ့ပခုံးလေးကို ဖက်လိုက်သည်။

အစ်ကို့မှာ ယုတ်မာကောက်ကျစ်တဲ့စိတ်တွေ အကြံအစည်တွေမရှိပါဘူးရုံရာ။ မင်းကိုတော့ မိန်းကလေးစိတ်တွေ ဝင်စေချင်တယ်။ နူးညံ့သိမ်မွေ့စေချင်လို့ပါ။

"ရုံ ပြန်မယ် အစ်ကို ... အချိန်တောင် တော်တော်လေးနောက်ကျနေပါပြီ ... အမေ စိတ်ပူတတ်တယ်ဗျ"

ရုံ ပခုံးပေါ်က အစ်ကိုသိဒ္ဓိလက်ကို မသိမသာ ဖယ်ချပစ်မိ





သည်။ အစ်ကိုက ရုံအပေါ် မရိုးသားတာတော့ မဖြစ်နိုင်ပါဘူး။ ရုံ့ကို ယောက်ျားလေးတစ်ယောက်အဖြစ်ပဲ သိထားသည်။

"ကျွန်တော် ရင်ခုန်နေတယ်ဗျာ ... ယုန်လေးနဲ့နေရတာနဲ့တောင် မတူဘူး"

ရုံ တွေးနေမိသည်။ အစ်ကိုနှင့်နေထိုင်ရတာ စိတ်မလုံတော့။ ရှက်မိနေသလိုလို ပျော်မိသလိုလို။ သူဌေးတစ်ယောက်ထံမှ ချူယူတာမျိုးတော့ ရုံ လုံးဝအဖြစ်မခံနိုင်ပါဘူး။

"ပြန်မယ်ဗျာ"

"အေးပါ ရုံရာ"

သိဒ္ဓိ ရယ်ချင်သည်။ ရုံ ရှက်နေ၏။ မီးရောင်အောက်မှာ မျက်နှာရဲရဲလေးက သိသိသာသာကြီးပဲ။ အသံတွေတောင် တုန်ယင်နေသည်။ ရပ်ကွက်ထဲရောက်တော့ ရုံက အိမ်အထိ လိုက်ပို့မပေးဖို့ ပြောသည်။

"ရပါပြီ အစ်ကို ... ပတ်ဝန်းကျင်က သိပ်စိတ်ဝင်စားမှာ စိုးရိမ်တယ် ... အစ်ကို ပြန်တော့"

"အေးပါကွာ ... "

ရုံ ကားပေါ်ကနေဆင်းပြီး ရပ်ကွက်ထဲ သုတ်ခြေတင်လျှောက်သွားလေသည်။ သိဒ္ဓိ ပြုံးပစ်လိုက်မိ၏။ ရုံ မင်းအပြုအမူလေးတွေက ချစ်စရာကောင်းတယ်ကွာ။ ရုံက ဆင်းရဲပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အသားအရည်က ဖြူဝင်းအိစက်နေသည်။

"ဒီမှာ"

"ဟင်"

"ကျွန်တော်တို့အုပ်စု အသုံးလိုနေပါ အစ်ကိုရာ ... ပိုက်ဆံ

လေး ဘာလေးပေးပါ"

ရပ်ကွက်ထဲက ကောင်လေးတစ်စု အရက်တွေလည်းမူးနေ

ပင်။

"အစ်ကို့အကြောင်းကို ကျွန်တော်တို့ကြားပါတယ် ...

ကိုဥဒါန်းကိုရွှေ ကြေအေးပေးခဲ့တာတွေ၊ ချစ်ဝန်းရုံကို ထော

ပံ့ပေးကမ်းနေတာတွေ အစ်ကိုက သူဌေးမဟုတ်လား"

"အေးကွာ ... အစ်ကိုက မင်းတို့ရပ်ကွက်ကိုလာတာ ပြဿ

နာကို အေးချမ်းစေဖို့ပါ၊ ကဲကွာ ... မင်းတို့ဘယ်လောက်လိုလဲ"

"ကျွန်တော်တို့ လိုအပ်သလောက် အစ်ကိုပေးမှာလဲ မဟု

ပါဘူး ... ကျွန်တော်တို့က ချစ်ဝန်းရုံမှမဟုတ်တာဘဲ ... ပေး

သလောက်ပဲပေးပါ"

သူ ရပ်ကွက်ထဲကို လှမ်းကြည့်လိုက်တော့ ရုံကပြန်လှ

လာတာတွေ့လိုက်ရသည်။ သူဘာမှ စဉ်းစားမနေတော့ဘဲ ကော

လေးတွေကို ပိုက်ဆံတစ်သိန်း ပေးလိုက်သည်။

"သွားကြတော့ကွာ ... အစ်ကို တောင်းပန်ပါတယ်၊ မင်း





အကူအညီလိုရင် နောက်မှ ဆက်သွယ်လိုက်ကြ ... ရုံ့ကိုတော့ မနှောက်ယှက်ကြပါနဲ့"

"စိတ်ချ အစ်ကို ... စိတ်ချ၊ ရုံက ကျွန်တော်တို့ရပ်ကွက်ထဲကပါ၊ ကိုဥဒါန်းကိုတောင် ကျွန်တော်တို့အုပ်စုက မကျေမနပ်ဖြစ်နေကြတာ ... ရုံ့ကို ခင်ပါတယ်"

"သွားကြတော့"

"ဟုတ်"

ကောင်လေးတွေ ထွက်သွားတော့မှ ရုံအနားရောက်လာသည်။

"ဟိုကောင်တွေ အစ်ကို့ကို ဘာလုပ်တာလဲ"

"မဟုတ်ပါဘူးကွာ ... အစ်ကိုက မိတ်ဆက်တာပါ၊ ရုံတို့ရပ်ကွက်သားတွေဖြစ်နေလို့လေ၊ မိတ်ဆွေဖြစ်ထားသင့်တယ်မဟုတ်လား ... ရုံ့အတွက်ပါ"

ရုံ အိမ်ရောက်ကာနီးမှ ရပ်ကွက်ထိပ်ကို ပြန်ကြည့်လိုက်တော့ အစ်ကိုသိဒ္ဓိကားနားမှာ ရပ်ကွက်ထဲကကောင်တွေ ဝိုင်းနေ၍ ရုံ စိတ်ပူပြီးပြန်လှည့်လာခဲ့ခြင်း ဖြစ်သည်။

"မင်းပြန်ဝင်လေရုံ ... အစ်ကို့အတွက်မပူပါနဲ့၊ ဒီကောင်တွေ ပြဿနာရှာရင် အစ်ကိုက ရဲတွေကိုခေါ်လိုက်မှာပါ"

"ဒီကောင်တွေက ရုံ့ကိုတော့ ပြဿနာမရှာပါဘူး၊ ရုံနဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ဆိုင်ထိုင်နေကျပါ၊ ညဆိုရင်တော့ အရက်မူးတတ်တယ်"

ဒီကောင်တွေက ရပ်ကွက်ထဲမှာ ရဲ့ကို ဘယ်တော့မှ ပြဿနာမရှာကြ။ ခင်မင်နေကြသူတွေပါ။ ဥဇ္ဇဏ်ထွန်းတစ်ယောက်ခဲ ယုတ်မာသည်။

"မင်း ဝင်တော့ရဲ"

"အစ်ကို အရင်ပြန်ဗျာ"

"သွားပါ ... အစ်ကိုဖုန်းဆက်မယ်၊ မင်းဝင်သွားတာနဲ့ အစ်ကို ပြန်ပြီ"

"အရေးအကြောင်းရှိရင် ရဲ့ဆီဖုန်းဆက်နော် ... အစ်ကိုရော [illegible] လည်းရှိတယ်၊ ချက်ခြင်းပြန်လာခဲ့မယ်"

"အေးပါရဲရာ ... မင်းပဲသွားစမ်းပါကွ"

ရဲ ပြန်ဝင်သွား၍ သူကားစက်ကို နှိုးထားရင်း ရဲပျောက်သွား[illegible] တဲ့အထိ စောင့်ကြည့်နေမိသည်။ သူ့ကို စိုးရိမ်တကြီးဖြစ်နေတဲ့ရဲ့ မျက်ဝန်းလေးတွေကို သူနှစ်သက်မြတ်နိုးနေရ၏။ ကားကို ဖြ[illegible] မောင်းလာခဲ့သည်။ ဒက်ဒီက ညှို့ခန်းမှာထိုင်စောင့်နေ၏။ ယုန်[illegible] နှင့်လက်ထပ်ဖို့ကိစ္စ ဒက်ဒီပြောတော့မည်ဟုပင် သိနေသည်။

"သား"

"ဒက်ဒီ"

"မင်းဘယ်ကနေ ပြန်လာတာလဲ ... ထိုင်ပါဦး သားရယ်"





ဦးမင်းမောင်စိတ်ထဲတွင် သားသိဒ္ဓိ အမူအယာတွေ အပြုအမူတွေအားလုံး ပြောင်းလဲနေသည်ဟု ထင်မိလာသည်။ သားစီးပွားရေးလုပ်ငန်းတွေကို မိမိလုံးဝ ဝင်မစွက်ဖက်ခဲ့။ ကုမ္ပဏီကိုတောင် သွားကြည့်တာ မဟုတ်ပေ။

"ဒက်ဒီ မအိပ်သေးဘူးလား"

"သားကို ဒက်ဒီပြောစရာရှိတယ် ... မင်းအနေနဲ့ ယုန်ဖြူဖြူ အပေါ် စိတ်ဝင်စားမှု မရှိသလိုပဲကွာ ... ဒက်ဒီ စိတ်ပူတယ်၊ ယုန်ဖြူဖြူလေးကို မင်းမလွဲမသွေ လက်ထပ်ဖို့ ပြောချင်တာပါ"

"ယုန်ဖြူဖြူကိုယ်တိုင်က နောက်ဆုတ်ထားချင်သေးတာပါ ဒက်ဒီ ... ကျောင်းကို လွတ်လွတ်လပ်လပ် တက်ချင်သေးလို့ထင်တယ်"

"ယုန်ဖြူဖြူက မိန်းကလေးလေးသား ... ဒက်ဒီတို့အိမ်မှာ ထပ်နေရတော့ မျက်နှာငယ်ရှာနေမှာပဲ ... မသက်နှင်းလည်း အိမ်မှုကိစ္စတွေ ဝိုင်းလုပ်ပေးနေလို့ ဒက်ဒီ မနဲတားနေရတယ် သားရယ်"

ဦးမင်းမောင်ဆန္ဒက လူကြီးချင်းစေ့စပ်ထားလိုသည်။ ယုန်ဖြူလေးကို မိမိသဘောကျမိနေ၏။ ရိုးသားဖြူစင်သူလေးပါ။ သားအပေါ်လည်း အတင်းအကြပ် ဣန္ဒြေသိက္ခာမဲ့အောင် အရယူခြင်း မရှိပေ။

"ယုန်ဖြူဖြူလေးက မိန်းကလေးပီသတယ်၊ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ထူးချွန်တယ်၊ ရုပ်ရည်လေးလည်းချောတယ်၊ ဒက်ဒီကျေးဇူးရှင် သူငယ်ချင်းရဲ့ သမီးလေး လက်ထပ်ပွဲ မဖြစ်မှာဒက်ဒီ စိတ်အပူဆုံးပဲကွ"

"ဒက်ဒီ"

"ဟင်"

"သားအမှန်အတိုင်း ဝန်ခံရရင်လေ ယုန်ဖြူဖြူ့ကို သားချစ်လို့မရဘူးဖြစ်နေတယ်"

"ဟော ..."

မတတ်နိုင်တော့ဘူး။ သူ ပွင့်ပွင့်လင်းလင်းပဲ ပြောပစ်လိုက်သည်။ ယုန်ဖြူဖြူနှင့် လက်ထပ်တာ အလျင်အမြန် မပြုချင်ပေ။

"ကျွန်တော့်အနေနဲ့ ယုန်ဖြူဖြူက စိမ်းနေသေးတယ် ဒက်ဒီ အချိန်တွေလိုအပ်တယ် ... ကျွန်တော့်ကို နားလည်ပေးပါ"

"မင်း ယုန်ဖြူဖြူ့ကို လက်ထပ်ဖို့သဘောတူတယ် မဟုတ်လား"

"လောလောဆယ်တော့ မဖြစ်နိုင်သေးဘူး ဒက်ဒီ"

"ဘာပြောတယ် သား ..."

"ကျွန်တော် အလုပ်တွေ အရမ်းများနေပါတယ် ... ယုန်ဖြူဖြူ့ကိစ္စတွေ မစဉ်းစားချင်သေးဘူး"

ဒက်ဒီ့စကားကို သူ့ဆက်နားမထောင်လိုတော့ပေ။ ယုန်ဖြူဖြူ ဘယ်လောက်ပဲချောမောလှပပြီး တန်ဖိုးကြီးမားနေပါစေ သူချစ်မြတ်နိုးမိတာက ချစ်ဝန်းရုံပဲ။





"မင်း ငြင်းလို့မရဘူးနော် သားသိဒ္ဓိ ... မင်းမလွှဲမသွေ ယုန်ဖြူဖြူနဲ့လက်ထပ်ရမယ် ... အဲဒါကို မင်းရှောင်လွှဲလို့မဖြစ်ဘူး၊ မင်းခေါင်းထဲမှာ ထည့်ထားရမယ်"

သိဒ္ဓိ အပေါ်ထပ်ကိုပဲ တက်လာခဲ့သည်။ ကျွန်တော် ယုန်ဖြူဖြူ့ကို လုံးဝလက်မထပ်နိုင်ဘူး ဒက်ဒီ။ သူငယ်ချင်းရဲ့ကျေးဇူးတွေကို တခြားနည်းနဲ့ပဲ ဆပ်လိုက်ပါတော့။ သိဒ္ဓိရင်ထဲမှာ ချစ်ဝန်းရုံပဲရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ကျွန်မတို့သမီးလေးကို ယောက်ျားလျှာလေးအဖြစ် တ[illegible] သက်လုံးနေထိုင်စေမှာလား ကိုခင်ဇော်ရယ် ... သမီးမိန်းကလေးပဲ"

"မသစ္စာ ... မင်းက ရံ့ကိုဗမ်းပြပြီး ဘာလုပ်ချင်တာလဲ၊ [illegible] က အရက်သမားဆိုပေမယ့် အရက်သိက္ခာရှိတယ်ကွ၊ ရံ့ယောက်ျ[illegible] လေးပဲ"

"ကျွန်မက ပြောပြတာပါ၊ သမီးပြဿနာတွေဖြစ်ဖြစ်နေ[illegible] ပါ"

"ငါ့မှာ သားတွေပဲရှိတယ်၊ ယောက်ျားလေးပဲ ငါသဘော[illegible] တယ် ... မင်းဝင်မရှုပ်နဲ့"

"ပြီးပါရော့တော်"

ဒွေးဆီက လစာတွေကြိုတင်ရတာကို မပြောပြရဲ၊ ရံ့လာ[illegible] ပြောရမယ်။ ဒွေးဆီက ပစ္စည်းတွေ လက်မခံဖို့ပါ။





"ဟိုသူဌေး ကူညီတာက ကူညီတာပဲ မသစ္စာ ... ငါကျေးဇူးတင်တယ်၊ ဒါပေမဲ့ ... ငါ့သားရဲ့ ဘယ်တော့မှ မိန်းကလေးမဖြစ်စေရဘူး"

ဒေါ်မေသစ္စာ ဘာမှဆက်မပြောချင်တော့ဘဲ အိမ်အောက်ဆင်းလာခဲ့သည်။

"မသစ္စာ ... ရံ့ ဘယ်တွေသွားနေတာလဲ၊ အချိန်ကိုလည်းကြည့်ဦးလေ"

"သင်တန်းတက်နေတာပါ၊ ဒီဇိုင်နာသင်တန်းလေ ... ရှင့်ကိုပြောပြထားတာပဲ"

ကိုခင်ဇော် ဘာမှပြောမနေတော့ဘဲ အိပ်ရာထဲဝင်သွား၍ ဒေါ်မေသစ္စာ စိတ်အေးသွားရသည်။ ရံ့ မလာသေးပါလား။ ရှင်ကတော့လေ ဖခင်တာဝန်သာ မကျေတာ စကားကြီးစကားကျယ်တွေပြောနေတယ်။ ရှင့်ကြောင့် ... သားတွေလည်း အရက်သမားတွေဖြစ်ကြတာ၊ လက်ကျောမတင်းကြဘူး။ ရံ့ကို ထွက်စောင့်နေစဉ် လမ်းထဲသို့ ရံ့ဝင်လာသဖြင့် စိတ်အေးသွားရသည်။

"ရံ့ ... အမလေး ... အမေ စိတ်ပူလိုက်တာ၊ ညည်းအဖေ အိပ်သွားလို့ တော်သေးတယ်"

ရံ့ကို ဒေါ်မေသစ္စာကြည့်ပြီး စိတ်ထဲမှာ အမြဲတမ်းပဲ မသက်မသာဖြစ်ရသည်။ သမီးလေးပဲဖြစ်စေချင်ပါတယ်။ အမေ့သမီးလေးက ချစ်စရာလေးပါ။ မိန်းမချောလေးပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘာကြည့်နေတာလဲ ... စိတ်မသက်မသာဖြစ်နေတာလား၊ ရုံကို စိတ်ပူမနေပါနဲ့ စိတ်ချပါဗျာ"

"ရုံ"

"ဗျာ"

"ခဏအမေတို့ခြံထဲမှာပဲ ထိုင်ကြရအောင်"

"အင်း"

အမေနှင့်ရုံ ခြံထဲမှာ ထိုင်မိကြသည်။

"ညည်းအဖေက သူဌေးဆီက အကူအညီတွေယူနေတာ အလွန်အကျွံ မယူမိဖို့ပြောနေတယ်၊ ရုံ့ကို သတိပေးထားချင်လို့ အမေ စောင့်နေတာပါ"

"မနက်ဖြန်တော်င် သူဌေးက အပ်ချုပ်စက် ပို့မလို့တဲ့၊ ရုံ လေ့ကျင့်ဖို့ပါ"

"ရုံ့အဖေက မသက်ာဖြစ်နေတယ်၊ အရှက်တွေ သိက္ခာတွေကို ထည့်ပြောနေတယ်လေ ... ဒင်းက ဘာများအထောက်အပံ့ပေးနိုင်လို့လဲ"

"အပ်ချုပ်စက်တစ်လုံးလောက်ကတော့ ရုံ့အတွက်လိုအပ်ပါတယ်အမေ ... ရုံ ပြောပါ့မယ်"

"ကိုခင်ဇော်ကလေ ကျေးဇူးတရားမသိဘူး၊ ဒင်းက ရုံ့အတွက် အာမခံတောင် ရှာနိုင်လို့လား"

"တော်ပါတော့ အမေရာ ... ထားလိုက်ပါ ... အဖေက ဒီ





အတိုင်းပဲလေ၊ ရုံ တာဝန်ယူပါတယ်"

"ရုံလေး စိတ်သောကရောက်မှာကိုလည်း အမေစိတ်ပူတယ် ဒါသတွေကို ထိန်းနော် ... ရုံ လှမ်းရမယ့်လမ်းက ဖြောင့်ဖြူးနေပြီမဟုတ်လား"

"ရုံ သိပါတယ်"

အမေနှင့်ရုံ အိမ်လေးပေါ်တက်လာခဲ့သည်။ အဖေ့ဟောက်သံက ကြားနေရ၏။ အဖေက အမေ့ကို အမြဲတမ်းရစ်နေကျ။ အမေ ဆယ်လောက်ပဲအကောင်းဆုံး တာဝန်ကျေပါစေ။ အဖေ ကျေနပ်ဟာမရှိခဲ့။ အစ်ကိုတွေလည်း အိပ်နေကြသည်။

"ရုံ့အတွက်များ တစ်ယောက်မှပူပန်မှု မရှိကြဘူး၊ သောက်ယ် စားမယ် အိပ်မယ်"

"တစ်သက်လုံး အမေရင်ဆိုင်ရမှာပဲလေ ... ကြိုးစားမယ် အဖေနဲ့အစ်ကိုတွေကို ဘာမှပြောမနေပါနဲ့တော့ အမေရာ"

"ရုံ ညစာစားပြီးပြီလား"

"ဟုတ်"

"သူဌေးနဲ့လား"

"ဟုတ်"

ရုံ အခန်းလေးထဲဝင်လာခဲ့သည်။ အစ်ကို့ကို ရုံစိတ်ပူနေမိ လွန်နေပြီလား။ အိပ်လို့မရ၊ အိပ်ရာထဲဝင်နေစဉ် အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ရုံလှူးလိုမ့်နေစဉ် အစ်ကို့ဆီက ဖုန်းလာ၏။ ရုံ ပျော်သွားသည်

"ရုံလား … အစ်ကိုပြန်ရောက်ပြီကွာ၊ မင်းစိတ်အေးတော့

"အစ်ကို ဖုန်းဆက်တာကြာနေလို့ ကျွန်တော် ရင်ပူနေတာ ပါ"

"အိပ်တော့ ကလေး … စိတ်ပူပင်တာတွေ မရှိစမ်းပါနဲ့ကွာ မင်းအရွယ်ရင့်သွားလိမ့်မယ် … မေ့ပစ်လိုက်"

"ဟုတ်ကဲ့"

အစ်ကိုက ဖုန်းပိတ်သွားသည်။ ရုံ စိတ်အေးသွားရသည်။

"တော်ပါသေးရဲ့ဗျာ … အစ်ကို ပြန်ရောက်သွားလို့"

ရုံ ဖုန်းပိတ်ပြီး နှုတ်ခမ်းလေးက ပြုံးယောင်သမ်းသွားသည် ရင်ထဲမှာ အေးချမ်းသွားရသလိုပင်။ အစ်ကိုက အလိုက်အထို ပေါင်းတတ်ပါတယ်။ အစ်ကို့ကြောင့် တစ်ခါတလေ ယုန်ဖြူ တောင် မေ့ချင်နေ၏။ ရုံ နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်စက်သွားသည်။

"ရုံရေ … ရုံ … မင်းဆီကို အပ်ချုပ်စက်ပို့လိုက်ပြီ … ထ ဦး"

အမေက အတင်းလာနှိုး၍ ရုံ လူးလဲထလိုက်ရသည်။

"ရုံ … ထပါဦး … မင်းအဖေက ပြဿနာရှာဦးမယ်၊ မင်း ကုမ္ပဏီကတဲ့"

"ဟုတ်ကဲ့"





ရုံ ထလိုက်သည်။ ရုံထတာ နေတောင်အတော်မြင့်သွားတာ ပဲဖြစ်၏။ တစ်ညလုံး အစ်ကို့အကြောင်းတွေပဲ စဉ်းစားနေမိ၍ဖြစ် သည်။

"မန်နေဂျာ ပို့ခိုင်းလိုက်တာပါ ရုံ …"

"ဟုတ်ကဲ့ ကျေးဇူးပဲ … ထားခဲ့ပါ"

"ရုံ လက်မှတ်ထိုးပေးလိုက်ပါ"

"ဟုတ်ကဲ့"

အစ်ကိုသိဒ္ဓိအမိန့်နှင့် ရုံ နာမည်အပြည့်အစုံကို ဘယ်သူမှ မခေါ်ရဲကြပေ။

"ရုံ"

"ဗျာ … အဖေ"

"ဒီဟာတွေက ဘာတွေလဲ"

"သင်တန်းအတွက် လိုအပ်တဲ့ပစ္စည်းပါအဖေ၊ ရုံ လခကြို ထုတ်ပြီး ဝယ်တာပါ"

အဖေက အရက်သာသောက်တာ ကိုယ်ကျင့်တရားတော့ ကောင်းသည်။

"ယောကျ်ားတစ်ယောက်ဆီကနေ ချုပြီးယူတာမျိုးတွေ အဖေ မကြိုက်ဘူးနော်၊ ဆင်းရဲတာ ဂုဏ်ရှိတယ်"

"ကျွန်တော့်မှာ ဒီလိုမျိုးအကျင့်တွေမရှိပါဘူးအဖေ …



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချင်းပဲ"

"ကောင်းတယ် ... အဖေက ရံ့ကို ရိုးသားမှုရှိစေချင်တယ် အရက်သောက်တာ နာမည်သိပ်မပျက်ဘူးနော်"

"ဟုတ်ကဲ့"

အမေကတော့ အဖေကို ဘာမှမပြောရဲ၊ အစ်ကိုပို့လိုက်တဲ့ အပ်ချုပ်စက်က ရံ့အတွက် လိုအပ်တဲ့ပစ္စည်းဖြစ်သည်။

"မင်းက အပ်ချုပ်ချင်တာလား ရံ ... တခြားအလုပ်တွေ အများကြီးရှိပါတယ်"

"ရံက ဒီဇိုင်နာဖြစ်ချင်တာပါ ... အထည်ချုပ်လုပ်ငန်းထူ ထောင်မလို့"

"မင်းဟာက မိန်းမဆန်လိုက်တာ၊ အဖေတော့ လုံး၀ သဘောမကျပါဘူး"

အမေက အဖေ မမြင်အောင် မျက်စောင်းထိုးသည်။ ရံကလဲ ၀ါသနာပါတယ်။ အဖေ မျက်နှာသစ်ပြီး အပြင်ထွက်သွား၏။ အမေ က သက်ပြင်းမောကြီးကို မှုတ်ထုတ်သည်။

❀

အခန်း ( ၁၀ )

"ယုန်ဖြူ ... တူမလေး၊ ညည်းကို မောင်သိဒ္ဓိက အရေးတယူ ရှိရဲ့လားကွယ်၊ အန်တီ စိတ်ပူတယ်"

"အချိန်တော့ပေးရမယ် အန်တီနှင်းရယ် ... အစ်ကိုက စီးပွားရေးပဲ စိတ်ဝင်စားတာထင်တယ်"

"ကိုမင်းမောင်က လူကြီးတွေပဲ အတင်းအကြပ်စီစဉ်ရမယ် တဲ့၊ အချိန်မဆွဲချင်ဘူးတဲ့လေ ... လူငယ်တွေကို မေးမြန်းစရာမလို ဘူးတဲ့လေ"

"မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ယုန်ဖြူရဲ့ ... သမီးလေးက အပြစ်ဆိုလို့ မြူမှုန်လေးတစ်မှုန်လောက်တောင် စွန်းထင်းမှုမရှိတဲ့ အရိုးသား အဖြူစင်ဆုံး မိန်းကလေးပါ"

ရံကြောင့်ပါ ... ယုန်ဖြူနှင့်ရံကို ချစ်သူတွေအဖြစ် အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြလိုက်လျှင် ယုန်ဖြူ ရှက်လို့သေမှာပဲ။

"ယုန်ဖြူ"

"ရှင်"

"ရုံနဲ့ပတ်သက်မှုရှိသေးလား"

"မရှိပါဘူး"

"ရုံက ယောက်ျားလျှာ ... လုံးဝမပတ်သက်နဲ့၊ ရုံကိုကြည့်ရ တာ တူမလေးအပေါ် မရိုးသားဘူးလို့"

အစ်ကိုက ရုံ့ကြောင့် ယုန်ဖြူအပေါ် အေးစက်နေတာလား ရုံ့ဖုန်းနံပါတ်ကို ယုန်ဖြူသိနေသည်။

"လူကြီးတွေ အတင်းအကြပ်ဇွတ်ပေးရမှာပဲ၊ တူမလေးရှေ့ရေး အတွက် ရှက်မနေနိုင်တော့ဘူးလေ ..."

မောင်မင်းသိဒ္ဓိက တူမလေး ယုန်ဖြူ့အပေါ် အေးစက်နေ သည်။ စိတ်ပူရ၏။ သမီးယုန်ဖြူလောက် ဖြူစင်တာရှိမလား ဒေါ်သက်နှင်း ဂရုတစိုက်စောင့်ကြည့်နေရ၏။ လူကြီးချင်းပဲ ဇွတ်စ မယ်။ လက်ထပ်ပွဲလည်း အမြန်ဆုံးစီစဉ်ပေးရမည်။

"ယုန်ဖြူလေး မနက်ဖြန် ကျောင်းတက်ရမယ် ... ရုံလာ တွေ့ရင် လက်မခံနဲ့၊ နည်းနည်းလေးတောင် အဆက်အသံမလုပ်နဲ့ ကြားလား ... အန္တရာယ်ပဲ၊ ယောက်ျားမဟုတ်၊ မိန်းမလည်းမဟုတ် နဲ့ ဒုက္ခပေးမှာ"





ယုန်ဖြူ ချစ်သူရည်းစားမထားရဲတော့ဘူး။ ရုံက သတ်ပစ်မှာ တဲ့။ ယုန်ဖြူ ဘယ်လိုလုပ်ရမလဲ။ ယုန်ဖြူ ချစ်မိနေတာက အစ်ကို။

"ယုန်ဖြူ့ကို စိတ်ချပါ အန်တီ၊ အစ်ကိုနဲ့ကိစ္စ အတင်းအကြပ် ကြီး မလုပ်စေချင်ဘူး၊ အချိန်တွေ ရှိပါသေးတယ်"

အစ်ကိုက ယုန်ဖြူ့ကိုမုန်းတီးသွားမှာလည်း ကြောက်သည်။ အစ်ကိုဆန္ဒက ယုန်ဖြူ့ဆန္ဒပါ အစ်ကိုရယ်နော်။ နောက်နေ့ ယုန်ဖြူ ကျောင်းစတက်ရတော့ သံလျှင်နည်းပညာတက္ကသိုလ်ကို အစ်ကိုက လိုက်ပို့သည်။

"အစ်ကို ... ယုန်ဖြူ နောက်နေ့ဖယ်ရီနဲ့သွားပါ့မယ်"

"ရတယ် ယုန်ဖြူ ... အစ်ကိုလိုက်ပို့တာ အပန်းမကြီးပါဘူး၊ မင်း ကားမောင်းကျွမ်းကျင်တော့ ကားနဲ့ပဲသွားလေ၊ ဒက်ဒီက ကား တစ်စီး ဝယ်ပေးလိမ့်မယ်"

"အစ်ကို"

"ပြော"

"ရုံနဲ့မပတ်သက်တော့တာ ယုန်ဖြူ့ကို နားလည်ပေးပါနော်၊ အန်တီနှင်းက မကြိုက်ဘူး"

ယုန်ဖြူ့နှလုံးသားတွေထဲမှာ အစ်ကိုရှိနေပါပြီ။ အစ်ကို့ကို ချစ်သည်ဟု ဆက်မပြောရဲ။ အစ်ကို့မျက်နှာက ကြည်လင်ဝင်းပနေ သဖြင့် ယုန်ဖြူ စိတ်အေးရ၏။ အစ်ကို့အချစ်တွေကို ယုန်ဖြူပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရယူချင်သည်။

"ညနေ အစ်ကိုလာကြိုမယ်၊ မင်းလိုအပ်တာပြောနော်၊ အစ်ကို့ကို အားမနာပါနဲ့"

"ဟုတ်"

ယုန်ဖြူအား သူတမင် ဂရုတစိုက် အရေးတယူလုပ်ပြနေမိသည်။ လူကြီးတွေကို ဖိအားပေးပြီး သူနှင့်လက်ထပ်မှာ စိတ်ပူမိနေ၏။ ရုံ့ကိုပဲ ချစ်တယ်။ တခြားဘယ်လိုမိန်းကလေးမျိုးကိုမှ သိဒ္ဓိ လက်မထပ်နိုင်ပါဘူး။

"မင်း ရဲ့လား ယုန်ဖြူ ... မင်းကတော့ ကျောင်းမှာထင်ပေါ်ကျော်ကြားမှာပါ၊ အရမ်းလှလို့ ..."

"အစ်ကိုကလဲ"

"ရုံ့အကြောင်း ခေါင်းထဲမထည့်နဲ့တော့၊ အင်းလေ ... မင်း ဘဝအတွက် မိန်းကလေးတစ်ယောက်ကိုတော့ ဘယ်ရွေးချယ်ချင်ပါ့မလဲ"

ဘုရားရေ ... အစ်ကိုက ဒီလိုစကားတွေပြောလာတာ ယုန်ဖြူ အံ့သြလို့ မဆုံး။ အစ်ကို့စိတ်တွေ ပြောင်းလဲသွားပြီထင်တယ်။ ယုန်ဖြူ ... တအံ့တသြ မော့ကြည့်မိသွားသည်။

"အစ်ကို သွားပြီ"

"ဟုတ်"





"ကျောင်းဆင်းရင် ဖုန်းဆက်လိုက်နော် ယုန်ဖြူ"

"အစ်ကို မအားရင်လည်း ယုန်ဖြူ ဘတ်စ်ကားနဲ့ပြန်ပါ့မယ်နော်"

"ကောင်မလေး ... စကားမများနဲ့ အစ်ကိုလာကြိုမယ်"

"ဟုတ်"

သိဒ္ဓိ ပြန်ထွက်လာခဲ့ပြီးမှ စိတ်မောသက်သာသွားသည်။

"ဟူး ... ရုံ့ရေ မင်းအတွက်က ယုန်ဖြူ့ကို အလိုက်အထိုက် ဆက်ဆံနေရတာပါကွာ"

သိဒ္ဓိ သတိရနေတာက ချစ်ဝန်းရုံပဲ။ မနေ့က အပ်ချုပ်စက် ပို့လိုက်တာ အဆင်ပြေရဲ့လား။ ရုံ ကြိုက်ရဲ့လား။ ယုန်ဖြူနှင့်ရုံ့ကိုလည်း မတွေ့စေလိုတော့ပေ။ ချစ်ဝန်းရုံရဲ့ စိတ်တွေကို မိန်းကလေးစိတ် ဝင်စေချင်သည်။ ကုမ္ပဏီကို ကားဒလကြမ်းမောင်းပြီးပြန်လာခဲ့၏။ ရုံ့ကိုတွေ့ချင်တယ်။ ရုံ့မျက်နှာလေးကို သူအမြတ်တနိုးကြည့်ချင်နေသည်။ ကုမ္ပဏီရောက်တော့ လုံခြုံရေးဝန်ထမ်းက MD အဘော ကြီး ဘာလာလုပ်တာလဲတဲ့။

"MD ဘယ်ကနေ ပြန်လာတာလဲ၊ အမောတကောနဲ့ ကုမ္ပဏီ မှာ ဝန်ထမ်းတွေတစ်ယောက်မှ မရောက်ကြသေးဘူးလေ၊ စော သေးတယ်"

"ရုံရော"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ချစ်ဝန်းရံလေ"

"စောသေးတယ်လေ MD အခုမှ ခုနစ်နာရီပဲရှိသေးတယ် သန့်ရှင်းရေးတွေတောင် မဝင်ကြသေးဘူး"

"ဟာ ... ဟုတ်သားပဲ ... ကိုယ် မနက်အစောကြီး သံလျှင် ဘက်ထသွားပြီး ဝင်လာခဲ့တာ စောသေးတာပဲ၊ ရတယ် ... ကိုယ့် အခန်းမှာပဲ လုပ်စရာအလုပ်တွေလုပ်မယ်၊ အလုပ်တွေအများကြီး လို့ ဝင်လာတာလေ"

"ဟုတ်ကဲ့ ဝင်ပါ အမ်ဒီ"

သိဒ္ဓိ ရုံးခန်းထဲ ဝင်လာပြီးမှ သူ့စိတ်တွေ မလုံမလဲနှင့် ရုံလာ ပြီလားဟုလည်း ကယောင်ကတမ်း မေးမိနေပြီး လုံခြုံရေးဝန်ထမ်း တစ်မျိုးထင်မလားဆိုပြီး ထူပူနေသည်။

"ရုံရာ တကယ်ပဲကွာ ... အစ်ကိုတော့ ရူးပြီကွ၊ တကယ် အစ်ကို အိမ်ပြန်ရမှာ၊ ကုမ္ပဏီကို ကိုယ်အမြဲတမ်း ဆယ်နာရီမှလာ တတ်တာပါ"

သူ ...

ရယ်ပစ်သည်။

ရုံထိုင်တဲ့စားပွဲလေးက ပိုင်ရှင်ကင်းမဲ့စွာ ငြိမ်သက်နေသည်

"အစ်ကို လွမ်းနေတယ်ရုံ ... တစ်စက္ကန့်လေးတောင် အခ





မေ့ပစ်လို့မရဘူးကွာ"

ဝန်ထမ်းတွေရောက်လာဖို့အချိန်ကို သိဒ္ဓိစောင့်နေရတာ ကြာမြင့်သည်ဟုထင်မိနေသည်။ သန့်ရှင်းရေးတွေကိုလည်း မဝင်စေ ။ ရုံ့လှုပ်ရှားမှုလေးတွေကို သူထိုင်ကြည့်လိုနေ၏။ စာရင်းတွေကို ကြည့်သည်။

"ဖုန်းဆက်ခေါ်လိုက်ရင် ကောင်းမလားပဲ ... ကိုယ်လွမ်းနေ ပြီ ရုံရာ"

ရုံ့ဆီ ဖုန်းဆက်ရန်လည်း သိဒ္ဓိ တွန့်နေသည်။ သူစိတ်က လုံမလဲ။ ကိုယ် အရမ်းကလေးဆန်နေပြီထင်တယ်။ သူစီးပွားရေး လွဲပြီး ဘာကိုမှ စိတ်မဝင်စားခဲ့။ ကောင်မလေးတွေဆို ဝေလာ သေးပဲ။ မင်းကြောင့်ပဲ ရုံ။

"အလုပ်တွေလည်း စိတ်မဝင်စားဘူးကွာ ... မင်းနဲ့တွေ့ချင် တယ်၊ စကားတွေပြောချင်နေတယ် ... မင်းဘာတွေလိုအပ်နေလဲ ကိုယ်မေးချင်တယ်"

သိဒ္ဓိတစ်ယောက်ထဲ စာရွက်တွေကို လှန်လှောနေရင်း အချိန်တွေ စောင့်နေရတာ အရှည်ကြာဆုံးပဲ။ နာရီကို အကြိမ်အရေ အတွက် ဘယ်လောက်မှန်းမသိတော့ မော့ကြည့်မိနေသည်။

"ကျွိ"

"ဟင် ... ရုံ ... ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ရုံဟုထပြီး နှုတ်ဆက်လိုက်ရာ ဝင်လာသူက သူ့လက်ထောက် ကိုမြသာ ဖြစ်နေသည်။

"ကိုမြသာ ... ဘာလာလုပ်တာလဲ၊ ခင်ဗျား အသံမပေး ဘာမပေးနဲ့ ..."

"ကျွန်တော် အပြင်မှာ အမ်ဒီကိုဝင်လာမယ်လို့ပြောနေတာ အသံမကြားလို့ တံခါးဖွင့်ဝင်ကြည့်တာပါ"

"ဒီမှာ ကိုယ်အလုပ်တွေအများကြီးလေ ... အာရုံက အလုပ်မှာစူးနစ်နေတာ"

"အမ်ဒီ"

"ပြော"

"အစောကြီးရောက်လာတယ်လို့ပြောတယ်၊ ကျွန်တော် အထက်ကိုတင်ဖို့ စာရွက်စာတမ်းတွေ လက်မှတ်လာထိုးတာလား"

"အေး ... ဟုတ်တယ်"

"ပေးပါ ... အရေးကြီးတယ် ... ကျွန်တော် ဆယ်နာရီ အရောက် သွားတက်ရမယ်လေ"

"ဟာ ... ဟုတ်သားပဲ ကိုမြသာ၊ ကိုယ် လက်မှတ်မထိုးရ သေးဘူး၊ တခြားအလုပ်တွေမှာ စိတ်ကဝင်စားနေလို့ပါ၊ မနေ့က ပြောထားတာပဲ ... ကိုယ်အိမ်မှာ ကျန်ခဲ့ပြီ"

"ဗျာ"





"အိမ်မှာယူပြီး လက်မှတ်ထိုးထားတာ၊ မနက်အစောကြီး အလုပ်ကိစ္စနဲ့ အပြင်ထွက်ခဲ့ရလို့လေ ... မေ့နေတယ်"

ရုံ့ကိုတွေ့ချင်စောနှင့် အိမ်ပြန်မနေတော့ဘဲ ကုမ္ပဏီသို့ တန်းဝင်လာခဲ့မိတာပါ။ ယူစရာရှိတာတွေ မေ့လျော့သွားရသည်။

"ကျွန်တော် သွားယူလိုက်မယ် အမ်ဒီ ... ရပါတယ်၊ လက်မှတ်ထိုးပြီးသား မဟုတ်လား၊ အမ်ဒီ အဖေရှိတာပဲ၊ ပေးပါ အမ်ဒီ အခန်းသော့ ..."

"ဟာ မင်းပြောမှပဲ ကိုယ့်အခန်းမပိတ်ခဲ့မိဘူး၊ သော့ယူသွားစရာမလိုတော့ဘူး ... စားပွဲပေါ်မှာရှိတယ်"

"အမ်ဒီ လက်မှတ်ထိုးခဲ့တာရော ဟုတ်တယ်နော်"

ကိုမြသာ အမေးကြောင့် သူတွေတွေဝေဝေနှင့် စဉ်းစားရသွားသည်။

"လက်မှတ်ထိုးခဲ့ပါတယ်"

ကိုမြသာ ထွက်သွားသည်။ အမလေးကွာ ချစ်ဝန်းရုံရေ ... မင်းကြောင့်ပဲ တကယ့်ကို အူတူတူကွာ။ ကိုယ် ဘာတွေဖြစ်နေရတာလဲ။ နာရီကိုမော့ကြည့်လိုက်မိတော့ ဆယ်နာရီ။ ရုံရောက်လာတော့မှာပဲ။ တံခါးဝကို အကြည့်တွင် တံခါးဆီမှ ကျီဆိုတဲ့အသံကြားလိုက်ရာ ရုံဟုဝမ်းသာအားရ ဆီးကြိုဖို့ပြင်ပြီးမှ သူ့စိတ်တွေကို အချိန်မီ ထိန်းချုပ်၍ စာရင်းတွေကိုပဲ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို အစောကြီးရောက်တယ်ဆို၊ ကျွန်တော် နောက်ကျ
သွားတယ်"

"ရတယ်ရဲ ... ကိုယ်လည်း အလုပ်ကိစ္စရှိလို့ အပြင်ထွက်ရင်
အစောကြီးဝင်လာတာပါ၊ ဘယ်လိုလဲ ... မနေ့က မင်းဆီပို့လိုက်တဲ့
အပ်ချုပ်စက် အဆင်ပြေလား"

"အဆင်ပြေတယ်၊ ကြိုက်လည်းကြိုက်တယ် ... ကျေးဇူးပဲ"

ရဲ မင်းကိုမြင်လိုက်ရတာ ကိုယ့်ရင်ထဲကို အပျော်တွေစီးဝ
လာသလိုပဲ၊ ရှင်လန်းတက်ကြွနေသည်။

"အစ်ကို ဘာစားပြီးပြီလဲ"

"ကော်ဖီ ဖျော်ကွာ ... မင်းရော ..."

"ကျွန်တော့်ရင်တွေ ပြည့်နေတယ်"

"ဟင် ဘာဖြစ်လို့လဲရဲရ"

သူ ...

ယုန်ဖြူဖြူကြောင့်ဆိုတာ ရဲမပြောချင်၊ အစ်ကို့ကိုလည်
အားနာမိသည်။

"ထားလိုက်ပါတော့ဗျာ"

"မင်း ဘာဖြစ်လို့လဲရဲ ... နေမကောင်းဘူးလားကွ"

သူထလာပြီး ရဲ့နဖူးကို အသိမဲ့စွာ သွားစမ်းမိသည်။ ကိုယ်
လေးက အေးစက်နေ၏။ ရဲက ကြောင်ငေးငေးလေးဖြင့် သူ့ကိုေ





ကြည့်သည်။

"မင်း ... ကိုယ်တော့မပူပါဘူး၊ အိမ်မှာ ပြဿနာရှိလို့လား"

"မရှိပါဘူး အစ်ကို"

ရဲစိတ်တွေက ဘယ်လိုမှဖြေသိမ့်လို့မရအောင် ယုန်ဖြူဖြူကို
သတိရနေသည်။ တွေ့ချင်တဲ့ဆန္ဒတွေက ပြင်းပြနေ၏။ ရဲရဲ့ကြိုးစား
နေမှုတွေကို ယုန်ဖြူသိစေရန် ပြောပြချင်သည်။

"ရဲ"

"ဗျာ"

"ယုန်ဖြူ့ကြောင့်လား"

"ဟာဗျာ"

"မင်းမျက်နှာလေး ညှိုးရော်ရော်နဲ့ အစ်ကိုသိပါတယ်၊ မင်း
င်ထဲမှာ ဘယ်လိုခံစားနေရလဲဆိုတာလေ"

"ထားလိုက်ပါဗျာ ... ဒီနေ့ ယုန်ဖြူကျောင်းတက်ရမယ်ထင်
ယ်၊ ဘယ်တက္ကသိုလ်ရောက်လဲ ရဲ စုံစမ်းချင်တယ် ... ယုန်ဖြူက
မှတ်ကောင်းတော့ သူဝါသနာပါတာလည်း အင်ဂျင်နီယာလေ၊
ှော်ဘီနဲ့သန်လျင်နည်းပညာတက္ကသိုလ် တစ်ခုခုပဲထင်တယ်"

ရဲ့မျက်ဝန်းတွေက ဆွေးဆွေးမြည့်မြည့် ကြေကြေကွဲကွဲနှင့်
န်ဖြူရှိနေတဲ့နေရာကို သိနေတဲ့သိဒ္ဓိ ထူထူပူပူနှင့်ဖြစ်သွားသည်။

"ယုန်ဖြူရှိနေတဲ့နေရာကို အစ်ကိုသိပါတယ်ရဲရာ ... ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းမတွေ့ပါနဲ့တော့ မေ့ပစ်လိုက်ပါ ... ယုန်ဖြူ ပြောင်းလဲနေပြီကွ"

သိဒ္ဓိ စိတ်ထဲကပဲ ရေရွတ်ပြောမိနေသည်။ ရုံ့ကို သနားနေမိ၏။ မင်းစိတ်တွေ သဘာဝအတိုင်း ပြောင်းလဲပါတော့ချစ်ဝန်းရုံ့ကိုယ် ဘာလုပ်ပေးရမလဲ။ ရုံက ထသွားပြီး ကော်ဖီဖျော်နေ၏ကားစွင့်သော ခန္ဓာကိုယ်လေးကို သိဒ္ဓိတွေ့မြင်နေရသည်။

ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်းလေး နေစမ်းပါလားချစ်ဝန်းရုံ။

❀

အခန်း ( ၁၉ )

"ရုံ"

"ရှာ"

"ဒီညနေ အစ်ကိုနဲ့ညစာ ထွက်စားကြမယ်လေ"

"ကျွန်တော် ပြန်ရမယ် ... အဖေက မကြိုက်ဘူး၊ ကျွန်တော်ကို မျက်ခြေမပြတ် ကြည့်နေလို့ပါ"

သူ့ဒွေးနှင့် အရောတဝင် ချူစားမှာကို အဖေကြောက်နေသည်။ အစ်ကိုသိဒ္ဓိနှင့်လည်း ရုံ နှစ်ယောက်ထဲသွားလာတာတွေ မလုပ်ချင်။ အဖေ ပြဿနာရှာမှာလည်း စိတ်ပူ၏။ အဖေက အရက်ကို အလွန်အကျွံသောက်လေ သွေးဆိုးလေပဲ။

"မင်း ယုန်ဖြူကို မတွေ့ချင်ဘူးလားရုံ"

"ရှာ ... ယုန်ဖြူ ဟုတ်လား ... "

"မင်းကိုသနားလို့ပါ ... ယုန်ဖြူတက်တာ သန်လျင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သိုလ် ဖြစ်နိုင်တယ်လေ ... အစ်ကို လိုက်ပို့ပေးမယ်"

"ဟာ ... ဒါဆိုရင်တော့ ကျွန်တော် လိုက်မယ်ဗျာ၊ ကျေးဇူးပဲ ... အစ်ကိုလိုက်ပို့ပေးမယ် မဟုတ်လား"

ရံ ...

မင်းကတော့ကွာ ...

ယုန်ဖြူဖြူဆိုတာနဲ့ မင်းမျက်နှာကဝင်းပပြီး တက်ကြွသွားတာပဲ။

"မင်းအဖေက မင်းနောက်ကျသွားရင် ပြဿနာမတက်တော့ဘူးလား"

"ကျွန်တော် ယုန်ဖြူကို အရမ်းတွေ့ချင်နေတယ် ... ရင်တွေပူလို့ပါ"

ယုန်ဖြူနှင့်တွေ့ရမယ်ဆိုရင်တော့ ဘာတွေပဲဖြစ်ဖြစ်ဗျာ ရံ တွေ့ချင်တယ်။ ယုန်ဖြူ့ကို အရမ်းလွမ်းနေပြီဗျ၊ ရံမရှက်နိုင်။ ရှုံးဆင်းနေပြီဖြစ်၍ ရံ အစ်ကို့လက်ကို ဆုပ်ကိုင်ပြီး တောင်းတောင်းပန်ပန် ပြောနေမိသည်။

"ကဲ ... လာပါကွာ ... မင်းကိုပျော်ရွှင်စေချင်တယ်၊ ယုန်ဖြူနဲ့တွေ့ပြီးရင်တော့ အစ်ကိုနဲ့ညစာ လိုက်စားရမှာနော်"

"စားမယ်ဗျာ ... ဒီည ကျွန်တော့်မှာ သင်တန်းလည်းမရှိဘူး၊ အစ်ကိုနဲ့နေမယ် ... ကျွန်တော်လည်း ရင်ဖွင့်လို့ရတာပေါ့





ယုန်ဖြူ့အကြောင်းတွေပေါ့"

"အိုကေ"

သူ့အတွက် ပြဿနာက ပိုပြီးကြီးထွားသွားနိုင်ပေမယ့် မတတ်နိုင်တော့ဘူး။ ယုန်ဖြူနဲ့မှားပြီး ရံ့ကိုဆွဲထားလိုက်သည်။ ကိုယ်လည်း မကောင်းတဲ့အကြံအစည်တွေ ကြံစည်နေမိပြီထင်တယ်ရံ။

"မင်းကို ကိုယ်ကျောင်းရှေ့မှာရပ်ပေးမယ် ... ပြီးရင် ကိုယ် ခပ်လှမ်းလှမ်းမှာ စောင့်နေမယ် ... မင်းလာခဲ့"

"ဟုတ်ကဲ့"

ရံကတော့ ယုန်ဖြူ့ကိုတွေ့ဖို့အတွက် စိတ်တွေလှုပ်ရှားနေသည်။ ရံ တွေ့ချင်တယ်။ ယုန်ဖြူ့အတွက် ရံ လခနှင့်ဝယ်ထားတဲ့ လက်ဆောင်ပစ္စည်းတွေယူလာခဲ့၏။ ရံ ပြာယာခတ်ကာ ယုန်ဖြူနှင့် တွေ့ရင်တောင် ရံ ဆွံ့အသွားနိုင်သည်။

"မင်း ဒီကနေစောင့်နေနော် ... ယုန်ဖြူ တက်ရင်ထွက်လာသိမှာမယ် အစ်ကိုထင်တာပဲ ... ယုန်ဖြူ ဒီကျောင်းမှာပဲတက်မှာပါ ရဲ"

ရံကတော့ ကားပေါ်ကဆင်းပြီး ယုန်ဖြူ့ကို စောင့်နေသည်။ အတန်းပြီးတော့ ကျောင်းသားကျောင်းသူတွေ အားလုံးထွက်လာကြသဖြင့် ရံမျက်လုံးပြူးမျက်ဆံပြူးနှင့် ယုန်ဖြူ့ကို ရှာမိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှထွက်လာသူက ယုန်ဖြူ။ ခြေလှမ်းတွေက မလှမ်းချင်သလို လှမ်းချင်သလိုလို။

"ယုန်ဖြူ"

"ဟင် ... ရှံ"

ရှံ လာမယ်ဆိုတာ အစ်ကို ဖုန်းဆက်ထား၍ ယုန်ဖြူသိထားသည်။ ရှံ့ကိုလည်း ယုန်ဖြူ တွေ့ချင်ပါတယ်။ မိတ်ဆွေသူငယ်ချင်းလိုပဲလေ။

"ယုန်ဖြူရယ် ... မင်္ဂလာမင်းရက်စက်တယ်ကွာ၊ ကိုယ်လေ ရှုံးတော့မယ် ... ဒီမှာ ကိုယ်ပထမဆုံးရတဲ့ လခနဲ့ဝယ်ထားတာ"

"ဘာတွေလဲ"

"အလှပြင်ပစ္စည်းတွေလေ ... နင့်အတွက် နင်က အလှမပြင်တတ်ဘူးဆိုပေမယ့် အခုတက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီလေ"

"ကျေးဇူးပဲ"

အစ်ကို့ကြောင့်ပါ။ အစ်ကိုဆန္ဒတွေနှင့် ဆန့်ကျင်ပြီး ယုန်ဖြူ ဘာမှမလုပ်နိုင်လို့ပါ။ အစ်ကို ယုန်ဖြူ ငိုချင်သည်။

"ယုန်ဖြူ"

"ဟင်"

"ချစ်တယ်"

ယုန်ဖြူ့လက်လေးကို ရှံက ဆတ်ခနဲ ဆွဲကိုင်လိုက်တော့





ယုန်ဖြူက အထိတ်တလန့်လေး ရုန်းဖယ်ပစ်သည်။ ပြီးမှ အစ်ကိုက အလိုက်အထိုက် ဆက်ဆံပေးပါတောင်းဆို၍ ဆက်မရုန်းတော့။ ရှံရယ် ... ယုန်ဖြူ့ကိုလေ နားလည်ပေးစမ်းပါ၊ ယုန်ဖြူ အစ်ကိုနဲ့ လက်ထပ်ပါရစေ။ ရှံလက်ထဲကနေ ရုန်းဖယ်ပစ်ချင်သည်။

"ကိုယ့်ကို မရက်စက်ပါနဲ့ ယုန်ဖြူရယ် ... ကိုယ်သေသွားနိုင်တယ်"

"ယုန်ဖြူ့အခေါ်အကြောင်းလည်း ရှံသိတာပဲ ... မျက်စိအောက်ကကို အပျောက်မခံဘူး ရှံ"

"ကိုယ် အလုပ်လုပ်နေပြီ၊ သင်တန်းတွေလည်း တက်နေတယ်၊ ယုန်ဖြူနဲ့လက်ထပ်ဖို့လေ"

အမလေး ... ယုန်ဖြူ သေမြစ်ချင်ပါတယ်။ ကျွန်မက ရှင်နဲ့တွေ့နေတုန်းက ယုန်ဖြူဖြူ မဟုတ်တော့ဘူးရှံ၊ လက်ထပ်ရမယ့်ယောက်ျားက ရှိနေပြီ။

"ချစ်"

"ဟင်"

"ရှံ မကြာမကြာ လာတွေ့မယ်နော် ယုန်ဖြူ ... "

"ခဏ ခဏတော့ လာတွေ့လို့မဖြစ်ဘူးထင်တယ်ရှံ ... အန်တီနှင်းကလေ ရှံနဲ့ထပ်မပတ်သက်ဖို့တောင် ပြောနေတယ်၊ အဲဒီလိုသာ ရှံနဲ့တွေ့နေရင် ကျောင်းထုတ်ပစ်မယ်တဲ့၊ ယောက်ျားပေး



www.burmeseclassic.com

www.burmeseclassic.com



စားမယ်တဲ့”

“ဘာပြောတယ် … မင်း … မင်း ယောက်ျားယူဖို့တော့ လုံးဝမစဉ်းစားနဲ့နော်၊ နှစ်လောင်းပြိုင်ပဲ … မင်း … မင်းနေတဲ့အိမ်က သူဌေးသားနဲ့ဘာညာလား … လူကြီးတွေဘာတွေမရဘူးနော် ယုန်ဖြူ”

ယုန်ဖြူ လက်ထပ်ရမယ့်ယောက်ျားက အစ်ကိုသိဒ္ဓိဟု ပြောပစ်ချင်သည်။ အစ်ကိုက လုံးဝမပြောရဘူးဟု ပြောထား၍ ဖြစ်၏။ အစ်ကို့ကိုလည်း တွေ့နေရသည်။

“ကိုယ်လေ အစ်ကို့ကားကို အကူအညီတောင်းပြီး လာခဲ့တာ … နောက်ဆို ကိုယ်တစ်ယောက်ထဲပဲလာမယ် ယုန်ဖြူ”

အစ်ကိုရယ် … ရှင်က ရံ့အတွက်ပဲ ဂရုတစိုက်ရှိနေသလိုပဲနော်။ အစ်ကိုက ဖုန်းလှမ်းဆက်သည်။ ရံ့ကို အလိုက်အထိုက် ဆက်ဆံပေးပါတဲ့။ ကိုယ့်ကို မသိချင်ယောင်ဆောင်နေပေးပါတဲ့။ အစ်ကိုက ရံ့ကိုချစ်နေပြီလား။ မဖြစ်နိုင်ပါဘူး။ ရံ့က ယောက်ျားလျှာပဲ။

“အစ်ကိုဆီ သွားကြမယ် … ကိုယ်တို့ရုပ်ရှင်ကြည့်ကြမလား ယုန်ဖြူ”

“မဖြစ်သေးဘူးထင်တယ် … ယုန်ဖြူက သူများအိမ်မှာနေရတာလေ”

“ယုန်ဖြူ”





“ဟင်”

“ငြင်းတာလား”

“မဖြစ်နိုင်လို့ပါရံ့ … အန်တီနှင်းက အချိန်အတိအကျစောင့်နေမှာပါ”

“မင်းကို အခုပဲကားတင်ပြီး ခိုးပြေးလိုက်မှာနော် ယုန်ဖြူ”

“ရံ့ … ရှင် အရမ်းအတွက်ကြီးလွန်းတယ်၊ ယုန်ဖြူ့ကို ငဲ့ညှာထောက်ထားပါဦး … အလုပ်အကိုင်မရှိ ပညာသင်ကြားတဲ့အရွယ်တွေလေ၊ ရှင့်မှာ ဘယ်တော့မှ ဆင်ခြင်တုံတရား လုံးဝမရှိဘူး”

ယုန်ဖြူ ဒေါသတကြီး အော်ဟစ်ပစ်မိသည်။ ဒေါသတွေပေါက်ကွဲချင်လာ၏။ ယုန်ဖြူအပေါ် ရက်စက်ကြတယ်။ အစ်ကိုသိဒ္ဓိက ယုန်ဖြူတို့အနား ပြေးလာသည်။

“ဘာဖြစ်တာလဲ ယုန်ဖြူ … ”

“မသိဘူး မသိဘူး … ယုန်ဖြူ ဘာမှမသိတော့ဘူးပြန်မယ်”

“ယုန်ဖြူ”

ယုန်ဖြူ ဒေါသတကြီး အော်ဟစ်ပြီး ဘတ်စ်ကားပေါ်တက်ပြေးသွားသည်။

“မင်း ဘာတွေသွားပြောလဲ ရံ့ … ”

“ယုန်ဖြူ ပြောင်းလဲသွားပြီအစ်ကို … သူ့ကို နားလည်ပေးပါလို့ တောင်းဆိုနေတယ်၊ ယုန်ဖြူ သူဌေးသားနဲ့လက်ထပ်တော့မယ်ထင်တယ်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ရံ့အသားတွေက တဆတ်ဆတ်တုန်နေသည်။ မျက်နှာကို လက်ဝါးနှင့်အုပ်၍ လမ်းမကြီးပေါ်မှာ ထိုင်လိုက်၏။ ကိုသိဒ္ဓိက ရံ့လက်ကိုတွဲ၍ ထူမသည်။

"ရံ ထပါ ... အစ်ကိုတို့ပြန်မယ်၊ သူများနယ်မြေမှာကွာ"

ရံ့ကိုတွဲပြီး ကားပေါ်တင်သည်။

"မင်းကို ယုန်ဖြူနဲ့မတွေ့သင့်တော့ဘူးလို့ ပြောခဲ့တာပဲ၊ မင်းဘဝက ယုန်ဖြူက အရေးကြီးနေတာလား ... မင်းရှေ့ရေးရော မင်းမိသားစုအတွက်ရော အားလုံးပျက်စီးပြစ်မှာလားကွာ"

ကားပေါ်မှာထိုင်စေပြီး ရံ့ပခုံးလေးကို သိဒ္ဓိဖက်လိုက်သည်။ ယုန်ဖြူကို အသေအချာဖုန်းဆက်မှာထားခဲ့၏။ ရံ့ကို အလိုက်အထိုက်ဆက်ဆံလိုက်ပါလို့ သိဒ္ဓိ အသေအချာမှာထားခဲ့သည်။

"ရံ ပြန်ကြစို့ကွာ"

"ယုန်ဖြူ သစ္စာမဲ့သွားပြီ ... ရံ့အပေါ် ရက်စက်သွားပြီ၊ သစ္စာမဲ့သွားပြီ ... ယုန်ဖြူ ဒီလိုလုပ်လို့မရဘူး၊ ကျွန်တော် လူသတ်ဖို့ဝန်မလေးဘူးနော်"

"ရံ မင်းဘာတွေလုပ်ချင်နေရတာလဲ ... မင်းကို အစ်ကိုပြောထားတယ်လေ၊ ဒေါသတွေကို လျှော့ပစ်ဖို့"

"ကျွန်တော် ... လုံးဝသည်းမခံနိုင်တော့ဘူး၊ ယုန်ဖြူ့ကို ကျွန်တော် မခွဲနိုင်ဘူး အစ်ကို ... ကျွန်တော် ဘာလုပ်ရမလဲ ... အသည်းတွေ ဟက်တက်ကွဲတော့မယ်"





"ရံ ပြန်မယ် ..."

"ကျွန်တော် မပြန်ဘူး၊ ယုန်ဖြူ ဘယ်မှာနေလဲ ... ကျွန်တော် မြေလှန်ပြီး ရှာချင်တယ်"

"တော်ပါတော့ကွာ"

သူက အေးချမ်းမလားလို့ ယုန်ဖြူနှင့်တွေ့ဆုံပေးခဲ့သည်။ ပြဿနာကတက်ပြီ။ ရံ ငိုနေ၏။ မိန်းကလေးအကျင့်စရိုက်ပဲ။ ရံ့ပခုံးလေးကို သိဒ္ဓိ တင်းတင်းကြပ်ကြပ်လေး ဖက်ပစ်လိုက်သည်။

"မငိုပါနဲ့ရံ ... အစ်ကိုက မင်းပျော်မလားလို့ပါ၊ ယုန်ဖြူ ပြောင်းလဲသွားပြီဆိုရင်လည်း မင်းမေ့ပစ်လိုက်သင့်တယ်"

"လုံးဝ မမေ့နိုင်ဘူး အစ်ကို ... ရံသေပစ်ချင်တယ် ... ကျွန်တော် ဖြေလို့မရဘူး"

"ပြန်ကြမယ်ရံ ... နောက်မှ ပြောကြတာပေါ့ကွာနော်"

ရံ မျက်နှာလေးကို ဆွဲမော့ပစ်လိုက်တော့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်နက်နေသည်။ ယောက်ျားလေးမဆန်လိုက်တာရံရာ။ ယုန်ဖြူအား သိဒ္ဓိ ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားရသည်။

"မငိုပါနဲ့ကလေးရယ် ... မင်းရဲ့အနာဂတ်က လှပချောမွေ့နေပါပြီ ... အစ်ကို ကူညီနေတယ်လေ"

ရံ့စိတ်တွေ ပေါက်ကွဲလွင့်ထွက်၍ အစ်ကို့ရင်ခွင်ထဲ မှီတွယ်ရှိုက်ပစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူ ရက်စက်တယ်၊ ရံ့အပေါ် သစ္စာမဲ့ရက်တယ်၊ ကျွန်တော် အရှမ်းခံစားရတယ်ဗျာ"

ရင်ခွင်ထဲက ချစ်ဝန်းရံ့ နှစ်သိမ့်အားပေးသလို ရံ့ကျောပြင်လေးကို ပွတ်သပ်ချော့မော့နေမိသည်။ မင်းက မိန်းကလေးတစ်ယောက်ပါ ရံ့ရယ်။ အစ်ကို့ရင်ခွင်ထဲမှာပဲ နေစမ်းပါကွာ။ မင်း ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို အစ်ကိုဖြေရှင်းပေးချင်ပါတယ်။

"တိတ်တော့ရံ့ ... အစ်ကိုတို့အေးချမ်းတဲ့နေရာလေးတစ်ခုကို သွားကြမယ်၊ ရန်ကုန်ရောက်အောင် အမြန်မောင်းကြမယ်"

ရံ့ကိုဖက်ထားပြီး ကားကိုမောင်းနေသည်။ အမှောင်ထုကတော့ ပတ်ဝန်းကျင်ကို လွှမ်းမိုးလာနေ၏။ ရံ့ ရှိုက်သံလေးက တိတ်ဆိတ်ငြိမ်သက်နေသည်။ ကားလေးက လေကိုခွင်း၍ ရန်ကုန်ဦးတည်လာနေသည်။

"ရံ့ ပျော်ပျော်နေစမ်းပါကွာ ... အစ်ကိုက မင်းကိုပျော်ရွှင်စေချင်တယ်"

"အစ်ကို"

"ရံ့ ... မင်းဘဝကို ထူထောင်ချင်တယ်ဆို၊ မင်း သတ္တိရှိမယ်၊ မပျော့ညံ့စမ်းပါနဲ့"

ရံ့ စိတ်ပျော့သွားလို့မဖြစ်ဘူး။ အစ်ကိုပြောတာ ဟုတ်တယ်။ ရံ့ဘဝ အရှုံးပေးလို့မဖြစ်ဘူး။ သူဌေးသားကိုတွေ့တော့ ယုန်ဖြူ





ပြောင်းလဲသွားတာပဲဖြစ်သည်။

"ယုန်ဖြူက သူဌေးသားကိုတွေ့လို့ သစ္စာမဲ့သွားတာပဲ ကျွန်တော် ခံပြင်းတယ်ဗျာ"

"ကဲပါကွာ ... အစ်ကိုတို့ သီချင်းသွားဆိုကြမယ်၊ မင်းစိတ်တွေကို ဖြေစမ်းပါ"

"ရံ့ ပြန်မယ်အစ်ကို"

"မင်းစိတ်ထဲမှာ ဒေါသတွေရှန်လိုနေတာတွေ ထင်ရာစိုင်းတဲ့စိတ်တွေ လျှော့ပစ်လိုက်ပါကွာ ... အစ်ကို့စကားတွေကို နားထောင်ပါ ရံ့ရာ"

ရံ့ ခေါင်းလေးကို သူ့ရင်ခွင်ထဲအပ်ကာ ဆံပင်လေးတွေကို ဖွဖွပွတ်သပ် နှစ်သိမ့်နေမိသည်။ ရံ့ ငြိမ်သက်နေ၏။ မင်းတစ်ခုခု မှားအယွင်းဖြစ်သွားမှာကိုတော့ အစ်ကို တားဆီးရလိမ့်မယ်။ ခံကွက်ထိပ်သို့ ပြန်ပို့ပေးလိုက်သည်။

"အစ်ကို ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ... သွားပါတယ် ... ယုန်ဖြူ့ကို ရံ့မေ့ပစ်ဖို့ပဲ ကြိုးစားပါတော့မယ်"

"ရံ့"

"ပြောပါ အစ်ကို ... "

"အိပ်တော့ ... ပြဿနာတွေကို မရှာပါနဲ့ကွာ၊ အစ်ကို စိတ်သို့သေတော့မယ် ထင်တယ်"

"ကျွန်တော် မှားပါတယ်ဗျာ ... အစ်ကိုလည်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်သောကတွေ ခံစားရပြီ"

"ရှံရယ်"

ရှံ့ခန္ဓာကိုယ်လေးကို သိဒ္ဓိသတိကင်းလွတ်သွားသလို ...

ဖက်ထားပစ်လိုက်မိသည်။

"အစ်ကို နာကျင်နေရတယ် ... ရှံ့ကို အစ်ကိုပျော်ရွှင်စေ...

တာပါ။ ရှံ မငိုပါနဲ့ ... ကြေကွဲမငနေစမ်းပါနဲ့"

ရှံ့မျက်နှာလေးကို သူ့လက်နှစ်ဖက်နှင့်ညှပ်ယူ၍ မော့...

သည်။ မျက်တောင်ကော့လေးတွေ တဖျတ်ဖျတ်ခတ်ရင်း မျက်...

လေးတွေ အရည်လဲ့နေ၏။ ရှံ နှုတ်ခမ်းလေးကို နမ်းပစ်ချင်ပေ...

သူ့စိတ်တွေကို ထိန်းချုပ်ထားလိုက်သည်။

"နောက်ထပ် မငိုနဲ့တော့နော် ရှံ ... မင်းမျက်ဝန်းတွေ...

မှာ မျက်ရည်တွေပြည့်နေတာ အစ်ကို မတွေ့ချင်တော့ဘူးကွာ။ ...

အပြုံးလေးတွေပဲ ထာဝရ မြင်ချင်တယ်"

သူ အကြာကြီး ဖက်ထားပြီးမှ ရှံက ရုန်းထွက်ပြီး ကား...

မှ ဆင်းသွားသည်။ လှည့်မကြည့်တော့။

❀

အခန်း ( ၂၀ )

"ရှံ ... မင်းဘာယ်တွေသွားနေတာလဲ၊ မိဘတွေ စိတ်ပူနေတယ်၊ မင်းထင်ရာစိုင်းနေတာလား"

"မဟုတ်ပါဘူး အဖေ ... ယုန်ဖြူနဲ့တွေ့နေလို့ပါ"

"ယုန်ဖြူ ... ဟုတ်လား၊ မင်းကို မပတ်သက်ချင်လို့ အသိမပေးဘဲ ပြောင်းသွားတာလေ"

အဖေ မူးနေပြီ။ ရှံလည်း နောက်ကျသွားတယ်။ ယုန်ဖြူ့ကြောင့်ပါ။ ရှံ့စိတ်တွေက နာကျင်ကြေကွဲရသည်။

"မိသစ္စာ ... အသုံးမကျတဲ့မိန်းမ၊ ကိုယ့်သမီးကို မစောင့်ရှောက်နိုင်ဘူး"

"အဖေ"

"ဒါကြောင့် ... ငါက မိန်းကလေးမမွေးချင်တာပဲ"

"ရှင်ဘာတွေပြောနေတာလဲ ... ရှင်ပဲ ဖွတ်ကြီးယော...



www.burmeseclassic.com

www.burmeseclassic.com



လေးအဖြစ် ပြောင်းလဲခဲ့တာလေ၊ ကျွန်မကို ဘာဖြစ်လို့လာပြော
နေရတာလဲ”

“ဟိုသူဌေးက ဘာလဲ … စေတနာနဲ့လား၊ ရဲ့ကို တော်ကြာ
အပျော်ကြံသွားရင် ဘယ်လိုလုပ်မလဲ”

“ရှင်နော် … ဘာတွေပြောနေတာလဲ၊ အဲဒီသူဌေးက စော
ရောက်နေလို့လေ … ဥဒေါင်းထွန်းဆိုတဲ့ကောင်ရဲ့ လက်စာ မမိတ
ဘဲ”

“တော်ပါတော့ဗျာ … ရဲ့ တောင်းပန်ပါတယ်၊ ရဲ့က တန်ဆ
ခံလေ”

ရဲ့ အော်ဟစ်ပစ်လိုက်၍ အဖေနှင့်အမေ ငြိမ်သက်သွားသည်
ရဲ့ မကြားချင်။ ဘာမိန်းကလေးလဲ ယောကျ်ားလေးလဲ။ ကျွန်တေ
သေပစ်ချင်တယ်ဗျာ။

“မသစ္စာ … မင်းတာဝန်ရှိတယ်၊ ရဲ့ကို မင်းလွှတ်မထား

“တော်ပါတော့ရှင် … ”

ရဲ့ အိပ်ခန်းလေးထဲ ပြေးဝင်လာခဲ့သည်။ ငိုရမလား။ ပေါ
ကွဲလွင့်စင်ပစ်ရမလား။ ယုန်ဖြူကလည်း ရဲ့ကို အထင်သေးနေ
အဖေကရော ဘာလဲ …

“ရဲ့ မင်းကယောကျ်ားနော်၊ အချောက်မဟုတ်ဘူး … ငေ
ညိုမနေနဲ့ မင်းအရက်သွားဝယ်ပေး … သောက်မလား”





ရဲ့ ငယ်စဉ်လေးထဲက အဖေရဲ့ပုံစံခွက်ထဲ ထည့်သွင်းခြင်း
ခံရသည်။

“ရဲ့က မိန်းကလေးပါ … ဒင်းက မဟုတ်တာတွေလျှောက်
လုပ်ချင်နေတယ်၊ အဓိပ္ပာယ်မရှိတာဘဲ”

အမေက မိန်းကလေးဘဝပဲ သဘောကျသည်။

“ဟေ့ကောင်ရဲ့ … မင်း ယောကျ်ားလား မိန်းမလား”

“မိန်းမ”

“ဖြန်း”

“အား”

အဖေ့လက်က ရဲ့တင်ပါးပေါ် ပြင်းထန်စွာကျရောက်လာ
ခတ်သည်။ ဘဝက မိန်းကလေးစိတ်ထက် ယောကျ်ားစိတ်တွေက
လွှမ်းမိုးသွား၏။ ရဲ့က ယောကျ်ားလေး။

“မင်းသတ္တိမကြောင်နဲ့ အရက်သောက်စမ်း … ယောကျ်ား
လေးဘဝက မြတ်တယ်၊ ယောကျ်ားလေးဆိုတာ ထောင်အပြင်
နေမရှိဘူး”

အဖေ့ကြောင့်ပဲ ရဲ့ ယောကျ်ားလေးဖြစ်ခဲ့ရသည်။ ပြီးတော့
ခု အဖေက မိန်းကလေးဆိုပြီး စိတ်ပူနေပြန်၏။ ဒေါသဖြစ်လိုက်
သည်။

“မင်းကို ပျော်ရွှင်စေချင်တယ် ရဲ့ … ပြုံးနေစမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသိဒ္ဓိ ရင်ခွင်ထဲမှာ ရုံမှီဝင်ဖက်တွယ်လိုက်ရတဲ့တစ်ခဏတာမှာ ရုံရင်တွေ ငြိမ်းချမ်းသွားခဲ့ရသည်။

"ရှင် ယုန်ဖြူကို နားလည်ပေးစမ်းပါရုံ … အန်တီနှင်းက ယုန်ဖြူ့ဘဝရှေ့ရေးအတွက် ရုံနဲ့မပတ်သက်စေချင်တော့ဘူး"

ယုန်ဖြူ့ဘဝရှေ့ရေးအတွက်က ဘာကိုပြောတာလဲ။ ရုံ ဘာတွေ နားလည်ပေးရမှာလဲ။ ယုန်ဖြူ လက်ထပ်ချင်တာက သူဌေးသားပဲ။

"မင်းဘဝကို မိန်းကလေးတစ်ယောက်အတွက်နဲ့ အနစ်မွှန်းခံတော့မှာလားရုံ … အဓိက ဘာလဲ၊ မင်းသူဌေးဖြစ်ဖို့လေ၊ မစဉ်းစားတော့ဘူးလား ရုံရာ"

အစ်ကိုက ရုံဘဝရဲ့ကျေးဇူးရှင်ပါ။ လမ်းပြပါ။ မီးအိမ်ရှင်လေး အစ်ကို ရင်ခွင်ထဲမှာ နေရတဲ့အဖြစ်တွေကို ရုံစဉ်းစားမိတိုင်း ရင်တွေ လှုပ်ခုန်တုန်ယင်နေရသည်။

"ဘာတွေလဲဗျာ … လောကကြီးက ရုံ့အတွက်ပြောင်းပြန် ကြီးလား ဓောက်ထိုးကြီးလား"

"အား"

"ဝုန်း"

"ဒိုင်း"

"ရုံ ဘာဖြစ်တာလဲ … စိတ်ကို ထိန်းချုပ်စမ်းပါ။ ရုံက လိမ္မာ





ပါတယ်၊ အမေ့ကို သနားပါဦး"

အမေက ပြေးဝင်လာသည်။ အဖေက အခန်းဝမှာလာရပ်၏။ ရုံ့စိတ်တွေ ထိန်းချုပ်လို့မရအောင် ပေါက်ကွဲသွားသည်။

"အဖေ … ကျွန်တော် အရက်သောက်ချင်တယ်၊ ကျွန်တော့် ရင်တွေ ကွဲအက်နေပြီဗျ … ရုံ အရက်သောက်ပါရစေ"

ရုံ အခန်းထဲကနေ ပြန်ထွက်လာပြီး အရက်ခွက်ကို ကိုင်လိုက်တော့ အဖေက အတင်းဝင်ဆွဲသည်။

"မင်း အရက်မသောက်ရဘူးရုံ … အဖေ မှားသွားပါတယ်၊ အဖေက သားသမီးတွေအပေါ် တာဝန်မကျေဘူး၊ ရုံ့ဘဝကို ဖျက်စီးတာ အဖေပါ"

ဦးခင်ဇော် ရင်တွေနာကျင်ရပြီး သမီးရုံကို ဆွဲယူပွေ့ဖက်ထားသည်။

"အဖေ အရက်မသောက်တော့ဘူး၊ ဒီညကစပြီး အရက်ဖြတ်မယ်၊ မသစ္စာ ကိုယ့်ကိုခွင့်လွှတ်ပါကွာ … ကိုယ်အရက်တွေ သောက်သောက်ပြီး မိသားစုတာဝန်ကို ရှောင်လွှဲဖို့ လုပ်နေတာပဲ"

"ကိုခင်ဇော်ရယ် … ကျွန်မ ဝမ်းသာလိုက်တာရှင်၊ ပြီးတော့လေ … ရုံ့အတွက် ရှင်အမြင်တွေ ပြောင်းသွားတာ ဝမ်းသာပါတယ်"

ဒေါ်မေသစ္စာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ ဝမ်း

www.burmeseclassic.com



သာလိုက်တာနော်။ အဓိက သမီးလေး ချစ်ဝန်းရံပဲ။ မိန်းကလေး အဖြစ် ကြီးပြင်းစေချင်တာ ကြာပြီ။

"ရံ ... အဖေ တောင်းပန်ပါတယ်ကွာ၊ အဖေ တာဝန်ယူပါ့မယ်၊ အဖေလေ သားတွေကိုရော ရှေ့ဆောင်လမ်းပြမဖြစ်ခဲ့ဘူး"

အဖေ့ရင်ခွင်ထဲမှာ ရံ တသိမ့်သိမ့်ရှိုက်ငိုပစ်ချင်သည်။ အဖေ အရက်မသောက်တော့ဘူးဆိုတာလဲ ရံကျေနပ်ပျော်ရွှင်ရ၏။ အဖေ ဂရုတစိုက်မရှိခဲ့။ နည်းလမ်းပြတာလည်း မရှိခဲ့။ အရက်သောက် မိန်းမကို ဆဲဆို၊ မိသားစုအပေါ် စိတ်သောကတွေပဲ ပေးနေခဲ့သည်။

"တကယ်တော့ ရံက မိန်းကလေးပါ၊ အဖေမွေးလာတာ သမီးလေးပဲ ... အဖေ တာဝန်မယူချင်လို့ ဖြစ်ထားလို့ရတဲ့ ယောကျ်ားလေးအဖြစ်ပဲ ပုံစံသွင်းဖြစ်လိုက်တာပါ"

ဦးခင်ဇော်ကြောင့် သမီးလေးချစ်ဝန်းရံဘဝ တောင်မကျ မြောက်မကျနှင့် ပြဿနာတွေပဲ ရင်ဆိုင်နေခဲ့ရသည်။ မိမိစိတ်က သမီးအဖြစ် သတ်မှတ်နေခဲ့မိပြီး ယောကျ်ားတစ်ယောက်ဆိုကနေ မြူဆွယ်ချူယူနေတာကို လက်မခံနိုင်ခဲ့။ ယုန်ဖြူဖြူလို ဖြူစင်ပြီး တန်ဘိုးရှိစေချင်တာပါ။

"အဖေ့ကို ခွင့်လွှတ်ပါ၊ တကယ်တော့ ရံက လိမ်မာတယ်၊ မိသားစုအပေါ် ငဲ့တယ်၊ အဖေက စိတ်မမှန်တာပါ ... ရံ့ဘဝကို ဖျက်ဆီးပစ်ခဲ့တာ"





"အဖေ"

"ပြောပါ"

"ရံ ဘာဆက်လုပ်ရမလဲ၊ ရံ့ဘဝကို ဘယ်လိုဆက်ပြီး လျှောက်လှမ်းရတော့မလဲ"

"မိန်းကလေးအဖြစ်ပဲ နေထိုင်ပါ သမီးရယ် ... တဖြည်းဖြည်း ပြုပြင်ပါတော့ ... "

"အဖေရာ"

ရံလည်း ယောကျ်ားလေးတစ်ယောက်ကဲ့သို့ နေထိုင်ရတာ အခက်အခဲတွေနှင့် ရင်ဆိုင်လာရသည်။ အစ်ကို့ကြောင့် ပြောင်းလဲ ဖြစ်ချင်နေမိ၏။ ယုန်ဖြူ့ကိုလည်း ရံ့နားလည်ပေးချင်နေသည်။

"သမီးနာမည်က ချစ်ဝန်းရံပါ ... တဖြည်းဖြည်း မိန်းကလေး အဖြစ်ပဲ ပြောင်းလဲသွားပါတော့၊ အဖေတို့ ဒီရပ်ကွက်ထဲကနေ ပြောင်းကြမယ်၊ အဖေ အိမ်ရောင်းမယ် ... "

"ကောင်းတယ် ကိုခင်ဇော် ... ကျွန်မလည်း ဒီကနေ ပြောင်းချင်ပါပြီ ... ရံ့အတွက်လေ"

အဖေက ရံ့ကို နှစ်သိမ့်ပေးပြီး အံမေ့ပခုံးကိုဖက်၍ ပြန်ထွက် သွားတော့ ရံ ရင်အေးသွားရသည်။ ကိုဥာဏ်ထွန်းတို့ကလည်း ရံ့ ကို အခဲမကြေကြသေးပေ။

"ရံ အိပ်တော့ ... သမီးက လိမ္မာပါတယ်၊ သမီးဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပစ်သင့်ပါပြီ"

ကိုကြီးရော ကိုလေးရော ပြန်မလာကြသေးပေ။ အဖေက သားတွေပဲဖြစ်စေချင်ပေမယ့် ဆုံးမသွန်သင်နိုင်ခြင်းမရှိ။ အရက်သမားတွေ ဆေးသမားတွေ ဖြစ်နေကြသည်။

"ရုံသာ သမီးလေးဆိုရင် အစ်ကိုတွေလည်း ဒီလောက်အထိ ဆိုးသွမ်းပေတေနေကြမှာ မဟုတ်ဘူးကွယ်"

ထောင်အပြင် တန်းမရှိဘူးဟု ကြွေးကြော်နေတဲ့အဖေ။ အစ်ကိုကြီးက အချုပ်ထဲမကြာခဏ ရောက်တတ်သည်။ ကိုလေးလည်း ရောက်တာပဲ။ အစ်ကိုရေ ရုံသတိအရဆုံးက အစ်ကို့ကိုပါ။

"ကလေးရယ် ... မငိုပါနဲ့ အစ်ကို မမြင်ရက်လို့ပါကွာ"

အစ်ကိုသိဒ္ဓိနှင့်ဆုံတွေ့ပြီးထဲက ရုံ့စိတ်တွေ နူးညံ့ပျော့ပြောင်းလာခဲ့ရသည်။ ရုံ မိန်းကလေးတစ်ယောက်အဖြစ် နေထိုင်ရမှာကိုတော့ ရုံ မခံ့မရဲ ရှက်သည်။ နောက်နေ့ ကုမ္ပဏီသွားတော့ အဖေက ပထမဆုံး အမေက ရုံ အဖေပြောတာတွေခေါင်းထဲမထားနဲ့။ ရုံက လိမ္မာပြီးသားပါ။ သူဌေးကို အဆင်ပြေသလို ဆက်ဆံနော်တဲ့။ အဖေ့စိတ်တွေ ပြောင်းလဲသွားတာကိုက ရုံ့အတွက် ပျော်ရွှင်စရာ စိတ်ချမ်းသာစရာ ဖြစ်သည်။

"ရုံ သွားတော့မယ်အဖေ ... သူဌေးက ရုံ့ကို စေတနာနဲ့ ကူညီတာပါ။ အဖေ စိတ်မပူပါနဲ့"





"အဖေက ချုစားတာမျိုးတော့ လက်မခံဘူးရုံ၊ ယုန်ဖြူဖြူလို ရုံ့ဘဝလေး ဖြူစင်စေချင်တယ်"

"ဟုတ်ကဲ့ပါ အဖေ"

"အဖေ အရက်မသောက်တော့ဘူး၊ မိသားစုကိုပြန်ပြီး တာဝန်ယူမယ်"

"အရက်ဖြတ်ရင် အဖေ့ကျန်းမာရေး ထိခိုက်မလားဘဲ၊ နည်းနည်းတော့ သောက်ပါအဖေ"

ရုံ့ကိုသာ မိန်းကလေးအဖြစ် ကြီးပြင်းစေခဲ့လျှင် မိမိလည်း ဒီလောက်အထိ တာဝန်မဲ့မှာမဟုတ်။ ညက ရုံအချိန်နဲ့ပြန်မလာတာရော အရက်သောက်မယ်ဟုပြောပြီး ပေါက်ကွဲနေတာရော တုန်လှုပ်ချောက်ချားသွားသည်။

"အဖေ့ကြောင့်ပါ ... ရုံ့ဘဝတစ်လျှောက်လုံး လူတွေရဲ့ရှုံ့ချအတင်းပြောစရာ ဖြစ်ခဲ့ရတယ်"

"အဖေရယ် ... အရက်မသောက်တာထက် အမေ့အပေါ် ကြင်နာပါ၊ အပြစ်တွေ မရှာပါနဲ့ အဖေရော အမေရော အသက်ကြီးပါပြီ"

"အဖေ ကတိပေးပါတယ်၊ ရုံ့အတွက် အဖေအကောင်းဆုံး ရပ်တည်ပေးချင်ပါတယ်"

ရုံ ပျော်ပြီး ကုမ္ပဏီကို တက်တက်ကြွကြွ လာခဲ့သည်။ လေး



www.burmeseclassic.com

www.burmeseclassic.com



လောဆယ်တော့ ရုံမိန်းကလေးလို မဝတ်ချင်ပါဘူး။ စီးပွားရေးအောင်မြင်အောင် ကြိုးစားမယ်။ ပြီးမှ ဒီကနေပြောင်းရွှေ့ရမည်ဖြစ်၏။ ဘဝသစ်ကို ပြန်စမယ်။ အစ်ကိုတွေလည်း ဘဝမှာတင့်တင့်တယ်တယ်ရပ်တည်နိုင်အောင် ရုံလုပ်ပေးမယ်။ ကုမ္ပဏီထဲဝင်ကာနီးမှ ရုံ့ခြေလှမ်းလေးတွေ တုန့်သွားသည်။

"ဒုက္ခပါပဲ အစ်ကိုသိဒ္ဓိနဲ့ ဘယ်လိုရင်ဆိုင်ရမလဲ ... ရုံရှက်လိုက်တာ"

အခုတလော အစ်ကိုသိဒ္ဓိနှင့်တွေ့ရတိုင်း ရုံ ရှက်နေသည်။ မျက်နှာလေး ထူပူနေရ၏။ အစ်ကိုကြောင့်လည်း ရုံ တစ်ယောက် မိန်းကလေးစိတ်တွေ ဝင်နေရသည်။

"ရုံ"

"ဗျာ"

"မင်းဆရာလေ ... ဒီနေ့ ခွင့်ယူထားတယ်"

"ဗျာ ... ဘာဖြစ်လို့လဲ"

"မင်းဆီ ဖုန်းဆက်မယ်ထင်ထားတာ"

"မဆက်ဘူး ... ဆရာနေများ မကောင်းလို့လား ကိုမြသာ"

"မသိဘူးကွ"

အစ်ကိုသိဒ္ဓိ ဘာဖြစ်လို့များ ကုမ္ပဏီကနေ ခွင့်ယူရတာလဲ။ ရုံ မဆီမဆိုင် စိတ်ပူပန်နေသည်။





"မင်းဆီကို ဖုန်းဆက်မယ်ထင်တာပဲ ရုံ ... အမ်ဒီဆီကို ငါသွားမယ်၊ မင်းလုပ်စရာရှိတာတွေ လုပ်ထားလိုက်"

"ဟုတ်"

အစ်ကို ဘာဖြစ်လို့လဲ။ ရုံ့ဆီပင် အကျိုးအကြောင်း မဆက်ပေ။ အစ်ကို နေနိုင်တယ်။ ရုံကို ရက်စက်တယ်ဗျာ။

"ရုံ ငိုချင်နေတယ် အစ်ကိုရာ ... ရုံလေ တစ်နာရီ တစ်စက္ကန့်လေးတောင် အစ်ကိုနဲ့မတွေ့ရရင် မနေနိုင်တော့ဘူးထင်တယ်"

ရုံ ငိုချင်သည်။ မိန်းမဆန်လိုက်တာ အစ်ကိုနှင့်တွေ့ပြီးထဲက ရုံစိတ်က ပျော့ပြောင်းနူးညံ့လာရကာ မိန်းမစိတ်တွေ ဝင်လာသည်။

"ရုံ အရင်ထဲက မိန်းကလေးတစ်ယောက်လိုပဲ နေခဲ့ရင်ကောင်းမှာပဲ ယုန်ဖြူလို့လေ ..."

ယုန်ဖြူ ... ရုံလေ မင်းကို ကိုယ်ချင်းစာမိသွားပြီထင်တယ်။ မင်းယောကျ်ားတစ်ယောက်ကိုပဲ လက်ထပ်ချင်မှာပါ။

"ယုန်ဖြူ ... ရုံလေ ... မင်းကို မနှောက်ယှက်တော့ပါဘူးကွာ ... မင်း အရမ်းပျော်သွားမှာပဲ"

ညနေ ကုမ္ပဏီ ပိတ်လျှင် ယုန်ဖြူနှင့်သွားတွေ့ဖို့ ဆုံးဖြတ်ထားသည်။

"မင်းကို သူငယ်ချင်းအဖြစ်ပဲ ကိုယ်ဆက်ဆံတော့မှာပါ၊ ကိုယ် မိန်းကလေးအဖြစ် ဘဝကိုဆက်ပြီး ရှင်သန်နေထိုင်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့မယ် ယုန်ဖြူ"

ယုန်ဖြူ ပျော်ရွှင်သွားမလားဘဲ။ မင်းကို ချစ်သူအဖြစ်ကနေ စွန့်လွှတ်လိုက်ပြီ။ ရံလေ ... ရံ ... ။

"အစ်ကို့ကြောင့်ပါ ယုန်ဖြူ ... အစ်ကို့ရဲ့ အကြင်နာတွေ ကြောင့်ထင်တယ်"

ရံ့စိတ်တွေ ပြောင်းလဲသွားပြီဖြစ်ကြောင်း ယုန်ဖြူကို ပြော ပြချင်နေသည်။

အခန်း ( ၂၁ )

"ယုန်ဖြူနဲ့စေ့စပ်မယ် ... ဒက်ဒီကတော့ စိတ်အေးချင်နေပြီ စေ့စပ်ပွဲကို အသိအမှတ်ပြုရုံလေးပဲ လုပ်ကြမယ်သား"

"ဒက်ဒီ ... "

"မင်းဆင်ခြေပေးစရာ မလိုဘူး သိဒ္ဓိ ... ညှို့သည်တွေ ဖိတ်ထားပြီးပြီ"

"ဗျာ"

သိဒ္ဓိ အံ့သြသွားသည်။ သူ့ကို အသိမပေးဘဲ ဒက်ဒီစီစဉ်လိုက်သည်။ ညှို့သည်တွေပါ ဖိတ်ထား၍ သူငြင်းမရ။ ယုန်ဖြူ ... မင်း တောင်းဆိုမှုပဲ။ မင်းကြောင့် ... ရံ့ကို ဘယ်လိုပြောရမလဲ ယုန်ဖြူ လက်ထပ်မယ့်ယောက်ျားက သူဖြစ်နေတာကို မခံစားနိုင်။

"ဒက်ဒီ့စကားကို မင်းလက်ခံပါ၊ ဒက်ဒီ သေချိန်နီးပါပြီ၊ ယုန် ဖြူလေးနဲ့သားကို လက်ထပ်ပေးဖို့ကိစ္စက ဒက်ဒီရဲ့အပြင်ပြဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒပဲ”

“ဒက်ဒီရာ”

သူ ဘယ်လိုမှ မတတ်နိုင်တော့။ ဒက်ဒီ စီစဉ်တာတွေကို သိခ္ဓါ လက်ခံလိုက်ရသည်။ ရုံသာသိသွားရင် ဆက်မတွေးရဲတော့။ သူ ကုမ္ပဏီကိုလည်း မသွားတော့။ ရုံနှင့်မျက်နှာချင်းဆိုင်ရမှာကို ထိတ်လန့်တုန်လှုပ်နေမိသည်။

“ဒက်ဒီ့သဘောပဲဗျာ”

သူ ငြင်းပယ်လို့မှမရတော့တာ။ ဒက်ဒီ ဖိတ်ထားတဲ့ဧည့်သည် တွေ အများကြီးမဟုတ် အိမ်နီးနားချင်းတွေပဲ။

“ယုန်ဖြူ”

“ရှင် ... အစ်ကို”

“စေ့စပ်တာကတော့ ထားလိုက်ပါတော့ကွာ၊ ဒါပေမဲ့ ... မင်းလက်ထပ်ဖို့အထိတော့ ဆက်မတောင်းဆိုပါနဲ့ သတို့သားမရှိဘဲ မင်းလက်ထပ်ရလိမ့်မယ်”

“အစ်ကို ... ယုန်ဖြူ့ကို ဘာဖြစ်လို့မချစ်နိုင်ရတာလဲ၊ ဆင်းရဲလို့လား ပြောပါဦး ... ”

“မဟုတ်ဘူး ယုန်ဖြူ ... မင်းသိအောင်ပြောပြမယ်၊ ကိုယ် ယုန်ဖြူကို မချစ်ဘူး”

“ရှင်”





“ကိုယ့်ဘဝတစ်လျှောက်လုံး လက်တွဲဖော်က ကိုယ်ချစ်မြတ်နိုးတဲ့သူပဲ ဖြစ်စေရမယ်”

“အစ်ကို ရက်စက်တယ် ... ဘာကြောင့်လဲ ... ရုံကြောင့်လားဟင် ... ရုံက ယုန်ဖြူ့ချစ်သူဆိုတာ အစ်ကိုလက်ခံနေတာလား မဟုတ်ပါဘူး ... ရုံက အတင်းအကြပ် သတ်မှတ်ခဲ့တာပါ”

“မင်းကိုယ်တိုင် အရင်က မငြင်းခဲ့ဘူးလေ ယုန်ဖြူ”

“ယုန်ဖြူလေ ... ယုန်ဖြူ ဘာမှမသိခဲ့တဲ့ သူငယ်ချင်းသံယောဇဉ်နဲ့ပါ အစ်ကိုရယ် ... ရုံနဲ့ယုန်ဖြူ အလွန်အကျွံတွေ ဘာမှ ဖြစ်ခဲ့ကြပါဘူး အစ်ကို ယုံပေးပါ”

“အဲဒီကိစ္စကို ကိုယ်သိပ်ပြီးစိတ်မဝင်စားဘူး ယုန်ဖြူ ... မင်း ပြောချင်တာသိပါတယ်၊ ဒါပေမဲ့လေ ... ကိုယ်မချစ်နိုင်ဘူး၊ ကိုယ့်ကို ခွင့်လွှတ်ပေးပါ ယုန်ဖြူ”

ယုန်ဖြူ အချိန်မပေးချင်ပေ။ အစ်ကိုနှင့်ရုံ နီးစပ်သွားမှာကိုလည်း စိုးရိမ်သည်။ အစ်ကို့ကို ယုန်ဖြူ ချစ်မိနေ၏။ အစ်ကို့ကို ယုန်ဖြူ ပိုင်ဆိုင်ထားချင်လို့ပါ။ စည်းစိမ်ချမ်းသာတွေကြောင့် မဟုတ်ပါဘူး အစ်ကိုရာ။ အချစ်ကြောင့်ပါ ... အစ်ကိုက ယုန်ဖြူရဲ့ ချစ်ဦးသူပါ။

“ကိုယ်ပြောတဲ့စကားတွေကို မင်းသတိထားပြီး မှတ်ထားချင်တယ် ယုန်ဖြူဖြူ ... လက်ထပ်ပွဲကိုတော့ အလျင်စလို လုပ်လို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူ အစ်ကို့ကိုချစ်တယ်၊ ပိုင်ဆိုင်ထားချင်တယ်၊ မဖြစ်မနေ အစ်ကို့ကို ယုန်ဖြူ လက်ထပ်ရမှာပဲ"

အစ်ကို့ကိုလည်း ယုန်ဖြူ ပြတ်ပြတ်သားသား ပြောပစ်လိုက်မိသည်။ ယုန်ဖြူဘက်ကနေ အစ်ကို့ကို ဘယ်လိုအကြောင်းနဲ့မှ စွန့်လွှတ်မှာမဟုတ်ဘူးနော်။ စေ့စပ်တာလည်း ယုန်ဖြူ အတင်းအကြပ်တောင်းဆိုခဲ့သည်။

"ကျွန်မကို အစ်ကိုက သံယောဇဉ်တွယ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး အန်ကယ်ဖေဖေ ... လူကြီးချင်း စေ့စပ်ထားပေးပါ"

ယုန်ဖြူရဲ့ တောင်းဆိုမှုကြောင့် အန်ကယ်ဖေဖေက အစ်ကို့ကို အသိမပေးဘဲ စီစဉ်သည်။ ယုန်ဖြူ မပျော်နိုင်။ အစ်ကို့အချစ်တွေကို ယုန်ဖြူ မရနိုင်၍ဖြစ်၏။ ဘာပဲဖြစ်ဖြစ် စေ့စပ်ထားတာလည်း အစ်ကို့ကို ယုန်ဖြူ တစ်ဝက်ပိုင်ဆိုင်တာပဲ။

"မင်းကိုယ့်ကို လက်ထပ်လည်း မင်းပျော်ရွှင်မှုတွေ မရနိုင်ဘူး ယုန်ဖြူ ... ကိုယ့်နှလုံးသားကို မင်းလွှမ်းမိုးဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"အစ်ကိုရယ် တော်ပါတော့ ... ယုန်ဖြူ ကံကြမ္မာပါပဲလေ အစ်ကို ပြုသမျှ ယုန်ဖြူ နုပါ့မယ်၊ အစ်ကိုထားရာနေ စေရာကိုယုန်ဖြူ သွားပါ့မယ် ... အစ်ကိုဆန္ဒအတိုင်း ပြုမူနေထိုင်ပါ"

"တကယ်ပါပဲကွာ"





သိဒ္ဓိ ဆောက်တည်ရာမရအောင်ဘဲ နာကျင်ရသည်။ သူ့ ချစ်ခင်နိုးရတာက ချစ်ဝန်းရံ၊ စေ့စပ်ပွဲကတော့ သိပ်ပြီးအကြီးအကျယ် မဟုတ်ပေ။ ယုန်ဖြူကတော့ ချောမောလှပတဲ့သတို့သမီးလောင်းပါပဲ။ ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်တွေက အရမ်းလိုက်တဲ့ နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်သည်တဲ့။

"မင်္ဂလာဧည့်ခံပွဲကိုလည်း မကြာခင် စီစဉ်မှာပါ၊ ကျွန်တော် အသက်ကြီးပြီလေ၊ သားအတွက် လုပ်ပေးစရာရှိတာတွေကို မြန်မြန်ဆုံး လုပ်ပေးခဲ့ချင်ပါတယ်"

ဒက်ဒီက ကြေညာလိုက်သဖြင့် သိဒ္ဓိ တုန်တုန်လှုပ်လှုပ်ကြီး ဖြစ်နေသည်။ ယုန်ဖြူက မျက်နှာထားတည်တည်လေးနှင့် ရင်ဆိုင်နေ၏။ သိဒ္ဓိ လက်မခံနိုင်ဘူး။ ကန့်ကွက်ဖို့ကလည်း သူ့ဂုဏ်သိက္ခာ ရှိသေးသည်။

"လိုက်ဖက်ပါတယ်ဗျာ ... လှပချောမောတဲ့ မိန်းကလေး ကိုခင်ဖေရဲ့သား မိန်းမရကံကောင်းတယ်"

ယုန်ဖြူက တကယ်လည်း ချောမောလှပသူလေးပါ။ ချစ်ခင်းရံလိုတော့ ညို့ယူဖမ်းစားနိုင်စွမ်းမရှိ။ အချစ်ဆိုတာ နည်းနည်းလေးမှပင် သူ့နှလုံးသားကို မလှုပ်ခတ်နိုင်။ ယုန်ဖြူ့ကို လက်ထပ်လို့ ဖြစ်ဘူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာပါ။ အစ်ကို ငြင်းရင်မှမယ် ... မင်းနဲ့အဝေးမခံနိုင်လို့ပါကွာ။ အစ်ကို ရင်ကွဲတော့မယ်။ နာကျင်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ အစ်ကို တကယ်ပဲ ရုံ့ကိုမစွန့်လွှတ်နိုင်ဘူး။

"အစ်ကိုက ရုံ့ကို အားနာနေတာလားဟင်၊ ဘာဆိုင်

ရုံက မိန်းကလေးပါ ... ယုန်ဖြူဘယ်လိုမှ ဘဝတစ်သက်လုံး

တွဲနေထိုင်လို့ရမှာလဲ"

ယုန်ဖြူပြောတာလည်း မှန်နေသည်။ မင်းမှာ အပြစ်မျိုး

မယ့် ကိုယ့်နှလုံးသားက မင်းကိုလက်မခံဘူး။ ရုံလေ ချစ်ဝန်း

လက်ခံနေတယ်။

"ယုန်ဖြူ အရမ်းချစ်တယ် ... အစ်ကို့ကိုချစ်တယ်၊ ယုန်

အပေါ် မရက်စက်ပါနဲ့ အစ်ကိုရယ်"

ယုန်ဖြူက သူ့ရင်ခွင်ထဲတိုးဝင်ဖက်တွယ်လာသည်။ သူတွေ

ဖယ်ပစ်မိ၏။ မနက်ဖြန် ကုမ္ပဏီသွားဖို့ပင် မျက်နှာပူမိသည်။

ဈေးစပ်တာ ကုမ္ပဏီက ဝန်ထမ်းတွေကိုပင် သူ့အသိမပေးရဲပေ။

"ယုန်ဖြူ ... မင်းစိတ်ကူးယဉ်မနေပါနဲ့တော့ကွာ၊ ကိုယ့်

ထဲမှာ မင်းမရှိဘူး၊ မင်းကိုလည်း လုံးဝမချစ်နိုင်ဘူး၊ မင်းကိုလည်

ဘယ်လိုအကြောင်းနဲ့မှ လက်မထပ်ဘူး"

သိဒ္ဓိ ခပ်ပြတ်ပြတ်ပဲပြောပြီး အပြင်ထွက်လာခဲ့သည်။ ကား

ကို ဦးတည်ရာမဲ့မောင်းနေ၏။ ယုန်ဖြူက ကျွန်မကလည်း အစ်

ကို မဖြစ်မနေ လက်ထပ်ယူမည်ဟု အော်ပြောခဲ့သည်။

"ရုံရယ် ... မင်းကို အရမ်းတွေ့ချင်တာပဲ၊ အစ်ကို ရူးသွ





ာမယ်ထင်တယ်"

သူ ...

ရုံဆီ ဖုန်းဆက်ဖို့ သတ္တိမရှိ၊ ကုမ္ပဏီကို အကြောင်းမဲ့မသွား

လည်း ရုံ့ကို ဘယ်လိုဖြေရှင်းရမလဲ။

"ယုန်ဖြူဘက်ကလည်း အစ်ကိုကို မလွှဲမသွေ လက်ထပ်မှာ

"

ယုန်ဖြူ့စကားသံတွေကြောင့် သူ့စိတ်တွေ မွန်းကြပ်လာ

ဘားတစ်ခုသို့ ထွက်လာခဲ့ပြီး အရက်သောက်နေမိသည်။

"ရုံရေ ... အစ်ကိုတော့ ဘယ်လိုမှမင်းနဲ့အဝေးမခံနိုင်ဘူး

ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် အစ်ကို့ဘေးနားမှာ နေပေးစမ်းပါ

ယုန်ဖြူနှင့်လက်ထပ်မယ့်သူက သိဒ္ဓိဆိုတာသာ ရုံသိသွား

သိဒ္ဓိ ဆက်ပြီး မစဉ်းစားရဲတော့။ သူ့ရင်တွေ ကွဲအက်ပျက်စီး

သို့ ရောက်သွားနိုင်သည်။ အရက်က တစ်ခွက်ပြီးတစ်ခွက်။ ပြီး

... ရဲဆေးတင်၍ ရုံ့ဆီ ဖုန်းဆက်မိသွား၏။ ရုံ့အသံလေးကြား

ပြင်းလောင်မြိုက်နေတဲ့ ရင်က အေးချမ်းသွားသည်။

"ရုံ ... ချစ်ဝန်းရုံ"

"အစ်ကို ... အစ်ကိုသိဒ္ဓိလား၊ အစ်ကိုဘာဖြစ်လို့ ကုမ္ပဏီကို

ရတာလဲ၊ ရုံလေ ... ယုန်ဖြူ့ကျောင်းကိုလည်း သွားသေးတယ်

ဖြူလည်း ကျောင်းမတက်ဘူး၊ ရုံဆွေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

အစ်ကို့အသံက အရက်မူးနေသံကြီးဟု ရုံ သံသယဝင်သည်။ အစ်ကို ဘာတွေဖြစ်နေတာလဲ။ ယုန်ဖြူ့ကို မင်းလက် ချင်တဲ့ယောက်ျားကို လက်ထပ်ပါ။ ရုံ နားလည်ပါပြီ။ သူငယ် ရယ်ဟုပြောဖို့ ယုန်ဖြူ့ကျောင်းကို လိုက်သွားတာ ယုန်ဖြူမေ မတက်ပေ။

"ရုံ တွေ့ချင်တဲ့လူနှစ်ယောက်လုံးက မရှိကြဘူး၊ တိုက် ဆိုင်ဆိုင်နော် အစ်ကို ..."

"ရှိ"

"ပြောပါ အစ်ကို"

"မင်းကိုလွမ်းလို့ ဖုန်းဆက်တာပါ၊ မင်းအသံလေးကို ချင်တယ်၊ အစ်ကို့ရင်ထဲမှာ မင်းကိုပြောချင်တဲ့စကားတွေက အ ကြီးပဲရုံ"

"အစ်ကို အရက်တွေမူးနေတာလား၊ အစ်ကိုဘယ် ကုမ္ပဏီကို ဘာဖြစ်လို့မလာတာလဲ"

"ရုံ"

"ဗျာ"

"မင်း ယုန်ဖြူဖြူ့ကို အရမ်းချစ်တာလား၊ ဟိုကွာ ... ဖြူ့ကိုမှမရရင် သေပစ်ချင်လောက်အောင်ပေါ့၊ လူ့လောက မှာ မနေချင်လောက်အောင်ကွာ"





"အစ်ကိုရာ ... ရုံလည်း အဲဒီကိစ္စ အစ်ကို့နဲ့ပြောစရာတွေရှိပါတယ်"

"ပြောလေ"

"အစ်ကို မူးနေပြီထင်တယ်၊ မနက်ဖြန်ကုမ္ပဏီကို အစ်ကို လာမယ် မဟုတ်လား"

"အင်း"

"တွေ့မှပြောမယ်လေ ... အစ်ကို အရမ်းမူးနေပြီထင်တယ်၊ အစ်ကို ဘယ်ရောက်နေတာလဲ၊ ကလပ်မှာလား"

"အင်း ... ကောင်မလေးတွေနဲ့ကွ၊ ရုံလာမလား"

အစ်ကိုသိဒ္ဓိက ကောင်မလေးတွေနဲ့ဟု ပြောလိုက်၍ ရုံ နည်းနည်းလေးတော့ သဝန်ကြောင်သွားသည်။ နှုတ်ခမ်းလေးလည်း စု ထော်သွားချင်လာရ၏။ အစ်ကို ဘယ်တုန်းက ရှုပ်ပွေခဲ့လို့လဲ။

"ရုံ ... မင်း အစ်ကိုမေးတဲ့မေးခွန်းကို အတိအကျဖြေပါကွာ၊ မင်းရင်ထဲက ခံစားချက်ကို အစ်ကို မှန်မှန်ကန်ကန် သိချင်တယ်"

အစ်ကိုမေးခွန်းကို ရုံလည်း တိတိကျကျဖြေချင်တာပါ။ ရုံ ရင်ထဲက ပြောင်းလဲသွားတဲ့စိတ်ခံစားမှုကို အစ်ကိုတစ်ယောက်ထဲ ကိုပဲ သိစေချင်သည်။

"ဟော့ ရုံ ... ဖြေလေကွာ"

"ရုံ အမှန်အတိုင်းဖြေမယ်နော်၊ အစ်ကိုမူးနေရင် နောက်နေ့ မမှတ်မိတော့ရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကထပ်ပြီး သတိပေးပေါ့ ရုံရာ"

အစ်ကို ဘာကြောင့် အရက်တွေကို အလွန်အကျွံသောက်နေရတာလဲ။ အစ်ကိုသိဒ္ဓိ အရက်သောက်တာ ကလပ်တက်တာတွေ လုပ်တာ ရုံ တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးပေ။

"အစ်ကို ... အခု ရုံလေ ယုန်ဖြူကို သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်ခင်မိတော့တယ်"

"ဘာပြောတယ်ကွ"

"ရုံလေ ယုန်ဖြူ့ကို သွားတွေ့တာ ယုန်ဖြူကို နားလည်ပါတယ်ဆိုတဲ့စကားပြောချင်တာပါ ... ယုန်ဖြူ့ဆန္ဒအတိုင်းပဲ ချစ်သူထားခွင့်ရှိတယ်၊ လက်ထပ်ချင်တဲ့ယောကျာ်းတစ်ယောက်ကိုလည်း လက်ထပ်နိုင်တယ်၊ ရုံ လုံးဝမနှောက်ယှက်တော့ပါဘူး သူငယ်ချင်းရယ်လို့ သွားပြောပြမလို့ပါ"

"ဟော့ ရုံ ... မင်း ... မင်း ... "

"တွေ့မှပြောမယ် ... အစ်ကို အရက်တွေထပ်မသောက်ပါနဲ့တော့၊ အစ်ကိုက လူကြီးလူကောင်းပါ၊ ပြန်ပါတော့ ... ရုံစိတ်ပူနေအောင် မလုပ်ပါနဲ့"

ရုံ ပြောတဲ့စကားတွေကြောင့် သိဒ္ဓိ သောက်ထားမိတဲ့အရက် အရှိန်တောင် ဒီကရီလျော့ကျသွားသည်။ ယုန်ဖြူ့ကို သူငယ်ချင်းလို့ပဲ သတ်မှတ်လိုက်ပါပြီတဲ့လား။ ယုန်ဖြူ လက်ထပ်မှာ အစ်ကိုဆိုရင်ရော ...





"ရုံရေ ... မင်းစကားတွေက အစ်ကိုရင်ကို မအေးချမ်းစေနိုင်ဘူးထင်တယ်၊ အစ်ကိုကြားချင်တဲ့အဖြေ ဖြစ်နေပေမယ့် အစ်ကို ပျော်ရွှင်မနေနိုင်ဘူးကွ"

သူ ထပြန်လာခဲ့သည်။ အရက်သောက်တာများသွားတယ်ဆိုပေမယ့် ဟာန်မပျက်ပေ။ ယုန်ဖြူဖြူနဲ့ လူကြီးချင်း စေ့စပ်လိုက်ပြီးရုံ။ မကြာခင် ... ဒက်ဒီက လက်ထပ်ပွဲအတွက် စီစဉ်တော့မှာပါ။ သူ အိမ်ကိုပြန်ရောက်လာသည်။

"အစ်ကို အရက်တွေဘာဖြစ်လို့ အရမ်းသောက်လာရတာလဲ ယုန်ဖြူ စိတ်ပူနေတာပါ ... အိပ်မရလို့ အပြင်ကို ထွက်စောင့်နေတာပါ"

ယုန်ဖြူဖြူ ... မင်းဘာအချိုး ချိုးတာလဲကွ။ မင်းနဲ့ငါ စေ့စပ်ထားတာပဲရှိတာ။ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ကို ပိုင်စိုးပိုင်နင်း လာမလုပ်စမ်းနဲ့။

"ဖယ်စမ်းပါ ယုန်ဖြူဖြူ ... ကိုယ့်အတွက် မင်းစိတ်ပူစရာအကြောင်း ဘာမှမရှိဘူးနော်"

သူ အရမ်းမူးနေပြီထင်သည်။ ယုန်ဖြူ့ကို တွန်းဖယ်ပစ်ပြီး ဧည့်ခန်းထဲ ဝင်လာခဲ့၏။ ယုန်ဖြူ လိုက်လာသည်။

"အစ်ကို ... အစ်ကိုသိဒ္ဓိ ဒုက္ခပါပဲ ... "

အစ်ကိုသိဒ္ဓိ ခန္ဓာကိုယ်က ရပ်တည်နိုင်မှုပင် မရှိတော့။ ပေါ်ထပ်အိပ်ခန်းဆီ ဒယိမ်းဒယိုင်နှင့် လဲပြိုကျမတတ်။ လှမ်းတက်



www.burmeseclassic.com

www.burmeseclassic.com



သွားနေ၍ ယုန်ဖြူ ဖေးမဖိတွယ်ပြီး လိုက်ခဲ့ရသည်။

"ရံ ... ချစ်ဝန်းရံ ... မင်းကိုချစ်တယ်၊ ကိုယ့်နှလုံးသားထဲမှာ မင်းပဲရှိနေတယ်ရံ ... အစ်ကို မင်းကိုဘယ်လိုအကြောင်းနဲ့မှ လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူးကွာ"

အစ်ကို့ဆီက ညည်းညူသံကြောင့် ယုန်ဖြူ့ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားသည်။ အသိကင်းမဲ့နေတဲ့အချိန်မှာပင် ယုန်ဖြူ့ လက်ကို ခပ်ကြမ်းကြမ်းဆွဲဖယ်ပစ်ပြီး အိပ်ရာပေါ် ပြစ်လှဲချသည်။ ယုန်ဖြူထင်တဲ့အတိုင်းပဲ အစ်ကိုသံယောဇဉ်တွယ်နေတာက ရံရဲ ယုန်ဖြူ ဘယ်လိုလုပ်ရတော့မလဲဟင်။ အစ်ကို့ကို ယုန်ဖြူလည်း မစွန့်လွှတ်နိုင်ပါဘူး။ ချစ်တယ် အစ်ကိုရယ် ... ရံက ယုန်ဖြူချစ်တဲ့ သူကို လုယူသွားတော့မလို့လား။ အစ်ကိုဘက်ကပဲ ရံကိုကြိတ်ပြီး ချစ်နေတာဖြစ်နိုင်သည်။ ရံကယောက်ျားလေးစိတ်က အပြည့်။ ချစ်တာက ယုန်ဖြူ။





အခန်း ( ၂၂ )

ဇွေစပ်ကြောင်းလမ်း ပြီးစီးခြင်း မောင်မင်းသိဒ္ဓိနှင့်မယုန်ဖြူ ဖြူ ...

"ဟင်"

ရံ့မျက်ဝန်းတွေက ဖြူးကျယ်ဝိုင်းစက်သွားရကာ သတင်းစာ ကြော်ငြာကို အသေအချာကြည့်မိသည်။ အစ်ကိုနှင့်ယုန်ဖြူလား၊ အစ်ကို့နာမည်နှင့်အတူ ကုမ္ပဏီကလည်း တူနေ၏။ မနေ့ညက အစ်ကိုရော ယုန်ဖြူရော ပျောက်နေခဲ့၏။ သေချာပါတယ် ... အစ် ကိုရယ်။ ရံ့အပေါ် ရက်စက်လိုက်တာ။ ရံ လမ်းမှာ ဂျာနယ်ဆိုင်မှာ ရပ်ပြီး သတင်းစာဖတ်မိတဲ့အချိန်တွင် တွေ့လိုက်ရခြင်းဖြစ်သည်၊

"အစ်ကိုနဲ့ယုန်ဖြူလား ... အစောကြီးထဲက အစ်ကိုနဲ့ယုန် ဖြူ အတူတူနေထိုင်ကြတာလား"

ယုန်ဖြူ ပြောင်းသွားတဲ့သူဌေးအိမ်ဆိုတာ အစ်ကိုသိန်္ဒြင်



www.burmeseclassic.com

www.burmeseclassic.com



အိမ် ဖြစ်နိုင်သည်။ ယုန်ဖြူ ကြိုက်နေတဲ့သူဌေးသားက အစ်ကိုမင်း သိဒ္ဓိ။

"ရဲ ရင်ကွဲပြီထင်တယ်၊ ရဲ ဘာဖြစ်လို့များ ဒီလောက်အထိ ကံဆိုးမိုးမှောင်ကျရတာလဲ"

ရဲ မိန်းကလေးဘဝကို နှစ်သက်မြတ်နိုးပြီဆိုမှ အစ်ကို့ကို ရဲ ချစ်မိသွားပြီဆိုမှ ကံကြမ္မာက ရက်စက်စွာ မုန်တိုင်းထန်ခဲ့ရသည်။ ရဲ ဘယ်လိုလုပ်ရမလဲ။ အစ်ကို့ကုမ္ပဏီကို ရဲမသွားချင်တော့။ အလုပ်ကနေ ထွက်ချင်သည်။

"မင်းကို ပြောစရာတွေအများကြီးပဲရှိတယ် ရဲ ... အစ်ကို့ ရင်ထဲမှာ ပြည့်ကြပ်နေတယ်"

အစ်ကို ညက အရက်တွေသောက်နေတာ ယုန်ဖြူနဲ့စေ့စပ်လိုက်ရလို့လား။ ရဲ့ကြောင်တောင်တောင် အူတူတူနှင့် လမ်းဘေးမှာ ရပ်နေမိသည်။

"ရဲ ရူးပြီထင်တယ် အစ်ကိုရာ ... ကျွန်တော် အရမ်းခံစားနေရတယ်၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ ... ကျွန်တော့်ရင်ထဲက ရှည်မှန်းချက်တွေ မျှော်လင့်ချက်တွေ ပြိုကျပျက်စီးတော့မယ်"

အဖေလည်း အရက်မသောက်တော့ မိသားစုဘဝလေး ပြန်ပြီး တည့်မတ်လာတော့မယ်ထင်တယ်ဗျာ။ အဖေက မိန်းကလေး တစ်ယောက်ဘဝကို နေထိုင်ရန် ခွင့်ပြုထားခဲ့သည်။

ဖိုးလပြည့်စာပေ



"အစ်ကိုကြောင့်ပါ ... ရဲစိတ်တွေ ပြောင်းလဲသွားတာ‌ေ. အစ်ကို့ကိုချစ်တဲ့စိတ်တွေကြောင့်ဗျာ"

ရဲ ကုမ္ပဏီကိုသွားဖို့ ပြင်ဆင်ပြီး အပျော်တွေနဲ့လာတာပ ယုန်ဖြူကို နားလည်ပေးဖို့ ရဲပြင်ဆင်ထားပြီးကာမှ အစ်ကိုသိဒ္ဓိက ဘယ်လိုရင်ဆိုင်ရမလဲ။ မျက်နှာပူနေသည်။ အစ်ကိုကလည်း ရဲ့ကို ချစ်နေတယ်ဟု ထင်မိခဲ့သည်။

"မင်း ဘာဖြစ်နေတာလဲရဲ ... အစ်ကိုက မင်းကျေးဇူးရှင်ပဲ ယုန်ဖြူက မင်းသူငယ်ချင်း၊ မင်းကြည်ဖြူလိုက်စမ်းပါ ... မင်း မိန်း ကလေးအဖြစ် ပြောင်းလဲသွားပြီဆိုတာ ဘယ်သူ့ကိုမှ အသိပေးစရာ မလိုတော့ဘူး ချစ်ဝန်းရဲ"

ရဲ့ကိုယ်ရဲ့ အားပေးပြီး ကုမ္ပဏီကို ရောက်လာခဲ့သည်။ လက် ထောက်မန်နေဂျာကို မြသာက ရောက်နှင့်နေ၏။ အမ်ဒီတော့ မပြောမဆို ကောင်မလေးတစ်ယောက်နှင့် စေ့စပ်လိုက်ပြီဟု အော် ဟစ်ပြောဆိုနေသည်။

"ယုန်ဖြူဖြူတဲ့ နာမည်လေးက ဆန်းသလို အရမ်းလည်း လှပချောမောတယ်"

ရဲ မသိချင်ယောင်ဆောင်ပြီး အမ်ဒီရုံးခန်းထဲ ဝင်လာခဲ့သည်။ ဟုတ်ပါတယ်လေ ... အစ်ကိုက ယုန်ဖြူနဲ့လိုက်ဖက်တာပဲ တင် တယ်ပါတယ်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးရှိတဲ့ ငယ်သူငယ်ချင်း သမီးလေးတဲ့၊ မနေ့က ကုမ္ပဏီကို ရောက်မလာတာ ဧစ္စပ်ပွဲရှိလို့တဲ့"

အေးစိမ့်စိမ့် အဲကွန်းလေက သူ့ကိုထွေးပေးလိုက်ပေမယ့် ရင်က မီးတောက်တော့မတတ် ပူလောင်နေသည်။ ရံ ကျေနပ်ပါတယ် အစ်ကို။ ယုန်ဖြူနဲ့အစ်ကို့ကို ရံနားလည်မှုပေးတာပါ။ စိတ်တွေကို ထိန်းချုပ်ပစ်လိုက်သည်။

"ရံက စိတ်ခတ်ကြံ့ခိုင်တဲ့သူပါ၊ အစ်ကိုနဲ့ယုန်ဖြူ့ကို အပြုံးတွေနဲ့ပဲ ဂုဏ်ပြုပါ့မယ်"

ရံ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

"မင်း မငိုပါနဲ့ရံ ... မင်း ပြုံးနေတာပဲ အစ်ကိုတွေ့ချင်တယ်၊ မင်းပျော်ပျော်နေစမ်းပါကွာ ... မင်းအတွက် အစ်ကို လိုအပ်တာတွေ ဖြည့်စွမ်းပေးချင်တယ်"

အစ်ကို့စကားတွေက အလိမ်အညာတွေပဲ မဟုတ်လား။ ရံ့ကို ပြုံးနေစေချင်တယ်ဆို။ ရံ ယောက်ျားလေးအဖြစ် နေထိုင်တာ အစ်ကိုလာပြီး ဝေဒနာတွေပေးခဲ့တာပဲ။ ရံ ထိုင်ခုံမှာ မှီတွယ်၍ထိုင်မိသည်။

"ရံ"

"ဟင် ... အစ်ကို"

"မင်း အားလုံးသိသွားပြီလားကွာ"

ဖိုးလပြည့်စာပေ



အစ်ကို့မျက်ဝန်းတွေက ရိုဝေစိုစွတ်၍ ညှိုးနွမ်းပင်ပန်းနေပုံဖြစ်နေသည်။ ရယ်ပစ်လိုက်၏။ လုံးဝ မခံစားရတဲ့ပုံစံ။

"ကောင်းပါတယ် အစ်ကို ... ရံက ဘာမှမဖြစ်ပါဘူး၊ ယုန်ဖြူကို နားလည်ပေးတော့မယ်လို့ ညက အစ်ကို့ကိုပြောတယ်လေ၊ ဘာလဲ အရက်တွေမူးပြီး ကျွန်တော့်စကားတွေကို မေ့သွားတာလားဗျာ ... ထပ်ပြီး ပြောပြရမှာပေါ့လေ"

ရံ မင်းတကယ်ပဲ မခံစားရဘူးလားကွာ၊ ယုန်ဖြူက မင်း အရူးအမူးချစ်တဲ့ မိန်းကလေးပါ၊ မင်းနှစ်လောင်းပြိုင် သတ်ပစ်မယ်ဆို။

"မင်း အစ်ကို့ကို စိတ်မဆိုးဘူးလား၊ ဒေါသရော မထွက်ဘူးလား ... ရံ မင်းဘာဖြစ်လို့ ပြောင်းလဲသွားရတာလဲ"

"အဟက် ... ကျွန်တော်သေသေချာချာ စဉ်းစားမိတာပါ၊ ကိုယ့်ချစ်သူ ကောင်းစားဖို့ စွန့်လွှတ်အနစ်နာခံပေးမှ အချစ်က သက်သေပြနိုင်မှာလေ"

အစ်ကိုရာ ဖြစ်နိုင်ရင် ရံ ဒီနေရာကနေ ထွက်ပြေးချင်တယ်။ ရံ့ဘဝတစ်လျှောက်လုံး ကံဆိုးခြင်းလက်ဆောင်တွေပဲ ရနေတယ်။

"ထားလိုက်ပါတော့ဗျာ ... ကျွန်တော် အမိကထားရမှာက မိသားစုလေ၊ ယုန်ဖြူနဲ့ကျွန်တော်တို့ လုံးဝမတန်ပါဘူး၊ ကျွန်တော် စိတ်ကူးယဉ်တာပါ ... အရူးထတာလေ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မင်းဟန်ဆောင်နေတယ်ဆိုတာ အစ်ကိုသိပါတယ်ကွာ။ မင်းမျက်ဝန်းတွေက လိမ်ညာလို့မှမရတာဘဲ။ မျက်ရည်တွေနဲ့လေ။

"ရဲ"

"ဗျာ"

"ယုန်ဖြူကို အစ်ကိုလက်မထပ်ပါဘူး"

"ဟာ ... အစ်ကိုကလည်း ဘာလဲ ... ရဲ့ချစ်သူကို မလုချင်လို့လား၊ ရဲတို့က မိန်းကလေးချင်းပါ၊ မဖြစ်ပါဘူး ... ယုန်ဖြူက အစ်ကိုနဲ့လိုက်ဖက်ပါတယ်"

"ဘာပြောတယ်ရဲ ... မင်းက မိန်းကလေး ဟုတ်လား"

"ဗျာ ... အဲ ... ဟိုလေ"

"မင်း ... မင်း ... မိန်းကလေးဆိုတဲ့အသိတွေ ဝင်လာပြီလား မင်း ... ဒါကြောင့် ယုန်ဖြူကို နားလည်ပေးလိုက်တာလား"

အစ်ကို့စကားတွေကို ရဲဘယ်လိုမှ တုန့်ပြန်ငြင်းဆန်နိုင်ခြင်း မရှိပေ။ အကြည့်ချင်း ဆုံမိစဉ် ရဲ့မျက်တောင်လေးတွေ တဖျတ်ဖျတ် လှုပ်ခတ်သွားသည်။ ရှက်သွားတဲ့ မျက်ဝန်းတွေ။

"ထားလိုက်ပါတော့ အစ်ကိုရာ ... ဒါက ရဲ့ကိစ္စပါ၊ အစ်ကို အနေနဲ့ ရဲချစ်သူဆိုပြီး လုမယူချင်တာလား၊ ယုန်ဖြူက ကျွန်တော့် သူငယ်ချင်းပါ၊ အစ်ကို့လက်ထဲ ကြည်ကြည်ဖြူဖြူ အပ်မှာပါ"

"ရဲ"





"ဗျာ"

"ယုန်ဖြူကို အစ်ကို မချစ်နိုင်လို့ပါ"

ရဲ့မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီး သူ့ခြေလှမ်းတွေက ရဲ့အနား တိုးကပ်သွားကာ ဖက်ထားမိသည်။

"အစ်ကိုသိဒ္ဓိ ... ခင်ဗျား ဘာလုပ်တာလဲ၊ အဲဒါမျိုး ရဲ လုံးဝ မကြိုက်ဘူးဗျာ ... လွှတ်ပါ ... "

"အစ်ကို့ရင်ခွင်ထဲကနေ ရုန်းမထွက်ပါနဲ့ရဲ ... အစ်ကိုချစ်တဲ့ မိန်းကလေးက ချစ်ဝန်းရဲပါ ... မင်းကိုပါရဲ"

"ဟာ ... "

အစ်ကိုချစ်တာ ချစ်ဝန်းရဲတဲ့ မဖြစ်နိုင်တာဘဲ။ အစ်ကို့ရင်ခွင်ထဲမှာ ခဏခဏလေး တွေတွေဝေဝေ ငြိမ်သက်သွားပြီးမှ သူ့အသိ ဝင်လာရကာ အတင်းအကြပ် ရုန်းပစ်သည်။

"ခင်ဗျား ဘာလုပ်တာလဲ ... ရဲက ယောကျ်ားလေးဗျ၊ ခင်ဗျား မယုတ်မာနဲ့နော် ... ဥာဏ်ထွန်းအဆင့်လား၊ ကျွန်တော့်ကို အဲဒီလိုလာလုပ်တာ လုံးဝမကြိုက်ဘူး ကိုမင်းသိဒ္ဓိ"

"မင်း သတ်ပြစ်လိုက်ပါရဲ ... မင်းက မိန်းကလေးပါ ... ယောကျ်ားလေး မဟုတ်တော့ဘူး၊ အစ်ကိုလေ မင်းကိုစတွေ့ထဲက ချစ်မိတာပါ၊ မင်းက မိန်းမလို့ ဥာဏ်ထွန်းအော်တာ အစ်ကိုကြား လိုက်ပါတယ်၊ မင်းကို အဲဒီထဲက ချစ်သွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိဒ္ဓိ ဘာကိုမှတွေဝေမနေချင်တော့။ ရုံကိုချစ်သည်ဟု သူအမြဲတမ်း ပြောချင်နေခဲ့တဲ့စကားတွေက ရင်ထဲမှာ ပြည့်ကြပ်နေခဲ့၏။

သူ့ရုံးခန်းထဲမှာက နှစ်ယောက်ထဲ။ သူ့ရဲ့ခွင့်ပြုချက်မရဘဲ ဝင်ခွင့်မရှိတဲ့နေရာ။ ချစ်ဝန်းရုံရဲ့ နှုတ်ခမ်းလေးကို အပြင်းအထန် ငြင်းဆန်ရုန်းဖယ်နေသည့်ကြားမှ နမ်းပစ်မိသည်။

"လွှတ်နော် ... ခင်ဗျား လူယုတ်မာပဲ၊ ဥဒဏ်ထွန်းလို ကောင်မျိုး"

"မင်း ထင်ချင်သလိုထင်၊ လုပ်ချင်တာလုပ်ပါ၊ မင်းအခု တိုင် လေ ... အစ်ကို အဖမ်းခံမယ်"

"တောက် ... "

ရုံ မလုပ်ရက်။ ကိုမင်းသိဒ္ဓိက သူ့စားပွဲမှာ ပြန်ထိုင်နေသည်။ ရဲစခန်းကို တိုင်လိုက်တဲ့။ ရုံ့နှုတ်ခမ်းသားတွေက နာကျင်ပြီး သွေး ချေပင်ဥသွားပြီလားမသိတော့။

တခြားယောက်ျားလေးတစ်ယောက်သာဆို ရုံ တွေ့ရာတ ခုနှင့် ကောက်ပေါက်ပစ်လိုက်သည်။

"ချစ်ဝန်းရုံ ... မင်းကို နမ်းပစ်လိုက်လို့ ရဲစခန်းကိုတိုင် မတိုင်ဘူးဆိုရင်တော့ ကိုယ့်ကို ကော်ဖီတစ်ခွက် ဖျော်ပေးပါလား"

ရုံ ဘာလုပ်ရမလဲ။ ရဲစခန်းကိုလည်း မတိုင်ရက်။ ကိုမင်းသိဒ္ဓိ





ဂုဏ်သိက္ခာမဲ့အောင် ရုံဘယ်လိုမှ မလုပ်နိုင်။ အသားလေး နံ့နံ့ထိ တာနှင့် ဒေါသတကြီး၊ တုန့်ပြန်တတ်တဲ့ရုံက ဒေါသတွေ ဘယ် ရောက်ကုန်ပြီလဲ။ ရင်တွေ တဆတ်ဆတ်တုန်ယင် လှိုက်ခါနေသည်။

"မင်းက ကိုယ့်ဝန်ထမ်းလေ ချစ်ဝန်းရုံ ... လုပ်လေ၊ အစ်ကို ဘာမှမစားရသေးဘူး၊ ညက မူးသွားလို့ ခေါင်းကိုက်နေတယ်၊ အစ်ကို ဆေးသောက်ချင်တယ်ကွာ"

ရုံ ဘာမှတုန့်ပြန်ပြောမနေတော့ ကော်ဖီ ထဖျော်ပေးသည်။

"မင်းက ရဲစခန်းကို မတိုင်ဘူးဆိုတဲ့သဘောလား ချစ်ဝန်းရုံ"

"အပိုစကားတွေ ပြောမနေပါနဲ့တော့ ကိုမင်းသိဒ္ဓိ၊ ရုံက ခင်ဗျားကျေးဇူး မကင်းခဲ့ဘူးလေ၊ ပေးဆပ်လိုက်ပါတယ် ... ခင်ဗျား အထောက်အပံ့တွေ ယူထားမိတာပဲ၊ ခင်ဗျားဂုဏ်သိက္ခာမဲ့အောင် မလုပ်ပါဘူး"

သိဒ္ဓိ နှလုံးသားတွေကို ခါးသွားထက် အဆပေါင်းများစွာ ထက်တဲ့စကားလုံးတွေနှင့် သူ့ရင်ကို ချစ်ဝန်းရုံက မွှန်းလိုက်တာပဲ။ ဒါပေမဲ့ ... သိဒ္ဓိ နောင်တမရခဲ့။ မင်းကိုချစ်တယ်။ မင်းကိုပဲ ကိုယ် လက်ထပ်မှာ။ ကိုယ့်ဘဝ လက်တွဲဖော်က ကိုယ်ချစ်မြတ်နိုးတဲ့ မိန်း ကလေးပဲဖြစ်စေရမယ်။ အဲဒါက ချစ်ဝန်းရုံပဲလေ။

"ဆေးရော"

"ခင်ဗျား ဝန်ထမ်းတွေရှိတာပဲ ... ကျွန်တော်က ဆရာဇော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ဘူး၊ မနက်ဖြန်ကစပြီး ကျွန်တော် အလုပ်ထွက်မယ်"

"မင်း သတ္တိကြောင်တာပဲရဲ့ ... မင်းနှလုံးသားထဲမှာလဲ ကိုယ့်ကိုချစ်နေတာ မဟုတ်လား၊ ဒါကြောင့် ... မင်း ရင်ဆိုင်ရဲတာ"

"ယုန်ဖြူက ကျွန်တော် သံယောဇဉ်ကြီးရတဲ့ မိန်းကလေး။ ယုန်ဖြူလက်ထပ်မယ့်ယောကျ်ားကို ကျွန်တော် မလုဘူး၊ ခင်ဗျား ဘာကြီးပဲဖြစ်နေ ဖြစ်နေဗျာ ခင်ဗျားကိုမရလို့ အသည်းကွဲပြီး သေရမယ်ဆိုရင်တောင် ကျွန်တော် အသေပဲခံမယ်ဗျာ ... မှတ်ထားပါ"

ရဲ့စကားလုံးတွေထဲမှာ သူ့ကိုချစ်နေပြီဆိုတဲ့ သင်္ကေတတွေလည်း အထင်အရှားပါဝင်နေသည်။ သိဒ္ဓိ ရယ်ချင်နေ၏။ မင်း မိန်းကလေးတစ်ယောက် ဖြစ်သွားခဲ့ပြီပဲ။ အကျင့်ပါနေလို့ ယောကျ်ားလေးတစ်ယောက်လို ပြောဆိုနေပေမယ့် သူမက ချစ်ဝန်းရံဖြစ်နေသည်။ ချစ်ဝန်းရံက ခပ်ဆတ်ဆတ်လေး ပြောပြီး သူ့အနားကနေ လှည့်ထွက်မည်ပြုစဉ် သူမ လက်လေးကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဘာလုပ်တာလဲဗျ ... လွှတ်စမ်းပါ"

"ရဲ"

"ဘာလဲဗျာ"

"အစ်ကိုနဲ့ဝေးရလို့ ရဲ အသည်းကွဲပြီး သေသွားမှာ စိတ်ပူတယ်"





"ဘာဆိုင်လဲ ... ကျွန်တော်က ဥပမာပြောတာပါ၊ ကျွန်တော်ချစ်တာ ခင်ဗျားလည်း မဟုတ်ဘူး"

ရဲ လှည့်မထွက်မိ။ အစ်ကိုက ရဲလက်လေးကို လွှတ်လိုက်မှာပင် စိုးရိမ်သွားသည်။ တစ်ယောက်မျက်နှာကိုတစ်ယောက်က စူးစိုက်ကြည့်မိသွားသည်။ ရဲ ကျောက်ရုပ်လေးတစ်ရုပ် ဖြစ်သွားသည်။

"ရဲ့ကိုချစ်တယ်၊ အစ်ကိုစတွေ့ထဲက ချစ်မိတာပါ၊ မင်းကလွဲပြီး အစ်ကို ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်မထပ်ဘူး၊ ယုန်ဖြူ့ကို ပြောထားပြီးသားပါ"

"ဘာပြောတယ်"

"ရဲ ဟန်ဆောင်မနေပါနဲ့တော့၊ မင်းနှလုံးသားက အစ်ကို့ကိုချစ်နေပါတယ်ကွာ ... မင်းမျက်ဝန်းလေးတွေက သက်သေလေ၊ မင်းအရမ်းကြေကွဲဆို့နစ်နေတယ် ... အစ်ကို့ကိုချစ်တဲ့အချစ်တွေကြောင့် မင်းမိန်းကလေးအဖြစ် မင်းကိုယ်မင်း သတိထားမိပြီး လက်ခံခဲ့တာပါရဲ"

ရဲ မငြင်းချင်တော့။ တခါတလေ ကိုမင်းသိဒ္ဓိကိုချစ်တယ်ဟု အော်ဟစ်ပြောပြချင်သည်။ ရဲ့ကြောင့် အစ်ကိုသိဒ္ဓိ ဂုဏ်သိက္ခာတွေကျစေမယ့် အမဲစက်တွေ စွန်းထင်းရလိမ့်မယ်။ ပြီးတော့ ယုန်ဖြူ အစ်ကိုနဲ့တရားဝင် စေ့စပ်ထားပြီးပြီလေ။ ရဲ့အချစ်တွေကို ထုတ်ဖော်ပြမနေချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူကို အစ်ကိုမချစ်နိုင်ဘူးရဲ ... မင်းက အစ်ကို့ကို လက်မခံနိုင်ဘူးဆိုရင်တောင် အစ်ကို ဘယ်လိုအကြောင်းနဲ့မှ ယုန်ဖြူကို လက်မထပ်ဘူး"

"ကျွန်တော်လည်း ခင်ဗျားကို လက်မခံဘူးဗျာ၊ ကျွန်တော် စိတ်တွေ ဘယ်လိုအကြောင်းတွေနဲ့ ပြောင်းလွဲသွားပါစေ ယုန်ဖြူ ထိခိုက်နစ်နာအောင် ကျွန်တော် မလုပ်နိုင်ဘူး ... ကျွန်တော် ယောက်ျားလေးအဖြစ်ပဲ ဆက်နေမယ်"

ရဲ့လက်လေးကို ရှန်းပစ်သည်။ ရဲ့ အသည်းနှလုံးတွေ ကွဲအက်ကြေမွစွာ ရင်ထဲမှ လွင့်စင်ထွက်ကျကုန်ပြီထင်သည်။ ရဲ့စားပွဲမှာ ပြန်ထိုင်လိုက်၏။ ကိုမင်းသိဒ္ဓိ ဂုဏ်သိက္ခာအတွက်ပါ ရဲပြန်ဖို့ စိတ်ကူးရှိနေပေမယ့် ကုမ္ပဏီဝန်ထမ်းတွေ အထင်လွဲစေမည့် ကိစ္စဖြစ်နေ၍ ရဲ့စားပွဲလေးမှာပဲ ဆက်ထိုင်နေခဲ့၏။ ကိုမင်းသိဒ္ဓိကလည်း သူ့ စားပွဲမှာပဲ ဆက်ထိုင်သည်။ ရဲ အသည်းတွေကွဲနေပြီ။ ယုန်ဖြူကို ချစ်ရတဲ့အချစ်တွေနှင့် မတူဘဲ လုံးဝဆန့်ကျင်ဘက် မခံစားနိုင်လောက်အောင် စူးရှနာကျင်နေ၏။ ရဲ့မျက်ဝန်းတွေထဲကနေ မျက်ရည်တွေက ဘယ်လိုမှ ထိန်းချုပ်ထားလို့မရတော့ဘဲ တလိမ့်လိမ့်စီးကျလာနေသည်။ မင်း ယောက်ျားလေးတစ်ယောက် မဟုတ်ဘူးလား ချစ်ဝန်းရဲ ... ပျော့ညံ့လိုက်တာ။

## အခန်း ( ၂၃ )

"ကျွန်တော် ယုန်ဖြူကိုလက်မထပ်နိုင်ဘူး ဒက်ဒီ ... ကျွန်တော့်ကို အသိမပေးဘဲ ဘာဖြစ်လို့ သတင်းစာကြော်ငြာ ထည့်လိုက်ရတာလဲ၊ ကျွန်တော့်မှာ ချစ်သူရှိပါတယ် ... ယုန်ဖြူလည်း သိပါတယ်"

"ဘာပြောတယ် သား ... "

သား စကားကြောင့် ယုန်ဖြူဖြူ့အား ဦးမင်းမောင် ဆတ်ခနဲ လှမ်းကြည့်မိသည်။

"ဘယ်လိုဖြစ်တာလဲ သမီးယုန်ဖြူ ... သားမှာ ချစ်သူရှိနေတာ မှန်းသိတယ်ဆို ဟုတ်လား ... "

ယုန်ဖြူ မဖြေတတ်တော့ မျက်ရည်တွေကပဲ သူမပါးပြင်လေးပေါ် စီးဆင်းကျလာသည်။ ရဲနှင့်ယုန်ဖြူ့အကြောင်းတွေကို အစ်ကိုက လူကြီးတွေကို အသိပေးလိုက်မှာ ရှက်ရွံ့နေရ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် ယုန်ဖြူ နှုတ်ဆိတ်နေပစ်လိုက်သည်။

"ပြောလေ တူမလေး ... မောင်မင်းသိဒ္ဓိမှာ ချစ်သူရှိတယ်ဆို တူမလေး သိနေတာလား ... ဘယ်သူလဲ ပြောလေ"

"ချစ်ဝန်းရံပါ"

"ဘာပြောတယ် ... အန်တီနှင်းတို့ တစ်ရပ်ကွက်ထဲနေတဲ့ ယောက်ျားလျှာလေး ... ရံလား ..."

"ဟုတ်ပါတယ်"

"မင်း ... မင်းနဲ့ဘယ်လိုတွေ့ကြတာလဲ မောင်မင်းသိဒ္ဓိ၊ ဒီကောင်မလေးက ယောက်ျားလေးလိုနေတာလေ၊ ယုန်ဖြူ့ကိုတောင် တွယ်ကပ်နေလို့ မပေါင်းသင်းဖို့ တားထားတာ၊ သူတို့မိသားစုက အဆင့်မရှိဘူး"

အဖေကစပြီး အရက်သမားတွေပါ။

"ဟုတ်လား သား ... ဘယ်လိုဖြစ်ရတာလဲကွာ၊ မင်းက လိမ္မာပြီး ထူးချွန်ထက်မြက်သူလေ ... ပြီးတော့ အောင်မြင်နေတဲ့ လုပ်ငန်းရှင် လူကြီးလူကောင်းကွ၊ ဘယ်လိုအဆင့်က မိန်းကလေးလဲ ... ပြီးတော့လည်း ယောက်ျားလျှာလေ"

"အဲဒါက ရံနဲ့သားကိစ္စပါ ဒက်ဒီ ... မထင်မှတ်ဘဲ ဆုံမိပြီး ချစ်မိသွားတာပါ၊ ချစ်ဝန်းရံက စိတ်ဓာတ်အောက်တန်းမကျပါဘူး ရံ လုံးဝဖြောင့်တာပါ"





"မဖြစ်နိုင်ဘူး ... မင်းစွန့်လွှတ်ရမယ်၊ ယုန်ဖြူနဲ့ပဲ လက်ထပ်ရမယ် ... ဒက်ဒီ့ကျေးဇူးရှင်ရဲ့သမီးက ငယ်ငယ်လေးထဲကလူကြီးချင်း ကတိပေးထားကြတာ၊ မင်းက မဟုတ်တဲ့မိန်းကလေးတစ်ယောက်အတွက်နဲ့ အဖေ့ကို ကတိမတည်တဲ့ကောင် အဖြစ်ခံတော့မလို့လား မင်းသိဒ္ဓိ"

"ချစ်ဝန်းရံကို လက်ထပ်ခွင့် မရှိရင်တောင် ယုန်ဖြူဖြူ့ကို သားငြင်းပယ်ပါရစေ ... စေ့စပ်ကြောင်းလမ်းခြင်းကို ယုန်ဖြူဖြူ့ဘက်က စတင်ဖျက်သိမ်းပေးပါ"

ယုန်ဖြူကတော့ မျက်နှာလေးကို လက်ဝါးနှင့်အုပ်၍ ထပြေးသည်။ မတတ်နိုင်တော့။ ယုန်ဖြူ့ကို သိဒ္ဓိ လက်မထပ်နိုင်တာပဲ အစောကြီးထဲကနေ ယုန်ဖြူ့အား ပြောထားပြီးသားဖြစ်၏။ ဒက်ဒီကတော့ အကြီးအကျယ် ဒေါသထွက်နေသည်။

"မင်း ယုန်ဖြူ့ကို ငြင်းပယ်မယ်ဆိုရင်တော့ မင်းဒက်ဒီ့သားအဖြစ်ကနေ အမွေပြတ် ကြေညာရလိမ့်မယ်"

"ကျွန်တော် လက်ခံပါတယ်ဒက်ဒီ ... ချစ်ဝန်းရံကလွဲပြီး ကျွန်တော် ဘယ်အရာမှမလိုချင်ပါဘူး၊ ကျွန်တော့်ကုမ္ပဏီရော ဒက်ဒီ့အမွေတွေပါ ယုန်ဖြူ့နာမည်နဲ့ လွှဲပေးပါ့မယ်"

"မင်းသိဒ္ဓိ ... အဖေကိုတောင် မင်းကစွန့်လွှတ်နိုင်တယ်ပေါ့လေ၊ ကောင်းပြီ ... မင်းဒီကနေ ထွက်သွားတော့၊ မနက်ဖြန် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



သားအဖြစ်ကနေ စွန့်လွှတ်ကြောင်း သတင်းစာထဲ ထည့်ရလိမ့်မယ်"

သား ထသွားတော့မှ ဦးမင်းမောင် ရင်ကျိုးရသည်။ လိမ္မာလွန်းတဲ့သားပါ။ သား ဒီအရွယ်အထိ မိန်းကလေးတွေနှင့်ဆက်ဆံပတ်သက်တာမရှိခဲ့ပေ။ ဖခင်ဆန္ဒပဲ သားဆန္ဒဖြစ်ရ၏။ အချစ်အတွက်ဆိုတော့လည်း ဦးမင်းမောင် နားလည်ခွင့်လွှတ်နိုင်ပေမယ့် ယုန်ဖြူဖြူ့ကို ဘယ်လိုနစ်နာကြေးပေးလိုက်ရမလဲ။ တကယ်တော့ သားကို မိမိ မစွန့်လွှတ်နိုင်။

"ကိုမင်းမောင် ... ကျွန်မတူမလေးကြောင့်တော့ ရှင့်သားကို အမွေပြတ် မစွန့်လွှတ်လိုက်ပါနဲ့"

"မဟုတ်ဘူး မသက်နှင်း ... သားလို ယောကျ်ားတစ်ယောက်က ဒီလိုမိန်းကလေးမျိုးကို ယူစရာလားဗျာ၊ ဘယ်လောက်ဝဋ်သိက္ခာမဲ့လိုက်မလဲ ... အဆင့်အတန်းမရှိတဲ့ မိသားစုဝင်တွေနဲ့တော့ အစ်ကိုကြီး ဆွေမျိုးမတော်နိုင်ဘူး"

ယုန်ဖြူဖြူလေးအတွက် အကောင်းဆုံးတော့ လုပ်ဆောင်ပေးရမည်ဖြစ်သည်။ သူငယ်ချင်းမျက်နှာနှင့် သမီးအဖြစ် မိမိစောင့်ရှောင်ပေးရတော့မည်ဖြစ်၏။ သားကြောင့် မျက်နှာပူရသည်။

"သားမှာ စည်းစိမ်ဥစ္စာတွေ မရှိတော့ရင် ဘယ်သူကလက်ခံမှာလဲ အစ်ကိုမင်းမောင်ကတော့ ပြတ်ပြတ်သားသားပဲ လုပ်ရမယ်၊ ကိုယ့်မှာ ယုန်ဖြူဖြူ သမီးလေးရှိပါတယ်"





တော်သေးတာက ယုန်ဖြူလေးနှင့်သား စေ့စပ်ထားတာပဲဖြစ်သည်။

"နှင်းတို့ကို ထည့်ပြီးမတွက်ပါနဲ့ ကိုမင်းမောင် ... တူမလေးနဲ့ဆွေးနွေးပြောဆိုကြည့်ပြီးရင် မောင်မင်းသိဒ္ဓိဆန္ဒအတိုင်း လုပ်ပေးပါ့မယ်"

ဒေါ်သက်နှင်း ထွက်လာခဲ့သည်။ အခန်းထဲမှာ တူမလေးက တသိမ့်သိမ့် ရှိုက်ငိုနေ၏။ ဒေါ်သက်နှင်း ဘယ်လိုဖြေရှင်းရမှန်းပင်မသိ။

"ယုန်ဖြူ တူမလေး ဘယ်လိုလုပ်ချင်လဲ ... ငိုမနေပါနဲ့ကွယ် အန်တီနှင်း ဆန္ဒလွန်ကဲတာပါ"

"အန်တီနှင်းရယ် ... ယုန်ဖြူလေ အစ်ကို့ကိုချစ်တယ်၊ မစွန့်လွှတ်နိုင်ဘူး ... ယုန်ဖြူ ဘယ်လိုလုပ်ရမလဲဟင်"

ယုန်ဖြူ မျက်ရည်တွေ တလိမ့်လိမ့်ကျဆင်းနေရင်း အစ်ကို့ကို ချစ်မိသွားတဲ့ သူမနှလုံးသားက အစ်ကို့ကို မစွန့်လွှတ်နိုင်ကြောင်း သိနေသည်။ ချစ်ဝန်းရံကို ဝံ့တောင်းပန်မယ်။ ယုန်ဖြူ့ဆီက နေ့ လုမယူဖို့ပါ။

"သမီးရယ် ... မောင်မင်းသိဒ္ဓိကမှ မချစ်တာဘဲ၊ ယုန်ဖြူလေးဘဝအတွက် အကောင်းဆုံးဖွေ ရွေးချယ်ခွင့်ရှိလာမှာပါ၊ သမီးလေးယုန်ဖြူအတွက် ရမယ့်အမွေတွေက ဘဝတစ်သက်စာလုံး



www.burmeseclassic.com

www.burmeseclassic.com



ချမ်းချမ်းသာသာ နေထိုင်နိုင်မှာပါ”

ယုန်ဖြူ မက်မောတာက အစ်ကိုပဲ။ စည်းစိမ်ဥစ္စာတွေ ယုန်ဖြူဘာလုပ်ရမှာလဲ။ ရှင့်ကို တောင်းပန်မယ်။ အစ်ကို့ကို ယုန်ဖြူ့ဆီကနေ လုမယူဖို့ပါ။ ရှံ့ဆီ ဖုန်းဆက်ပြီး ချိန်းလိုက်သည်။

“ဘာလဲ ယုန်ဖြူ ... အစ်ကိုသိဒ္ဓိကြောင့်လား”

“ဟုတ်တယ် ရှံ ... ရှင့်ကို တောင်းပန်ပါတယ်၊ အစ်ကို့ကို ယုန်ဖြူဆီကနေ လုမယူပါနဲ့”

“မင်း ဘာတွေစိုးရိမ်ကြောင့်ကြပြီး ကယောင်ကတမ်းတွေ လာပြောနေတာလဲ ယုန်ဖြူ ... ရူးနေပြီလား။ ကိုမင်းသိဒ္ဓိကို ဘယ်သူ့ဆီကနေ ဘယ်သူက လုယူလိုက်တာလဲ၊ အစ်ကိုနဲ့ရှံက အရင်ဆုံးတွေ့ပြီး မိတ်ဆွေဖြစ်ကြတာလေ”

“ဘာပဲဖြစ်ဖြစ်လေရှံ ... လောလောဆယ်မှာတော့ အစ်ကိုနဲ့ယုန်ဖြူက စေ့စပ်ထားကြတယ်လေဟာ၊ လူသိရှင်ကြားပဲ၊ ရှင်သိပါတယ် ... ယုန်ဖြူ တောင်းပန်ပါတယ်နော်၊ အစ်ကို့ကို ပြင်းပေးပါ၊ ယုန်ဖြူ လုံးဝမစွန့်လွှတ်နိုင်ဘူး၊ ရှင် လုယူမသွားပါနဲ့ရှံရယ်”

“အဟက် ... မင်းတကယ်ရယ်ရတာပဲ ယုန်ဖြူဖြူ ... ကိုယ်က မင်းလက်ထပ်သွားရင်တောင် နှစ်လောင်းပြိုင်သတ်ဖြစ်ချင်နေတာလေ၊ အစ်ကို့ကြောင့် ခွင့်လွှတ်ပေးတာပါ၊ အစ်ကိုက ရှံ့ရဲ့ကျေးဇူးရှင်ဖြစ်နေလို့ မင်းသက်သာသွားတာနော် ယုန်ဖြူ ... ”





ရှံက ယောက်ျားလေးစိတ်ပဲလား။ အစ်ကိုမင်းသိဒ္ဓိက တစ်ဖက်သတ်ချစ်နေတာလည်း ဖြစ်နိုင်သည်။

“ကိုမင်းသိဒ္ဓိကို ရှံ ချစ်လည်းမချစ်ဘူး၊ ချစ်သူအဖြစ် သတ်မှတ်ဖို့လည်း စိတ်ကူးမရှိဘူး ယုန်ဖြူဖြူ ... မင်းကို အပြတ်သားဆုံးပြောပြထားတာ”

ရှံ ဖုန်းပိတ်ပြစ်လိုက်သည်။ ယုန်ဖြူဖြူ မင်းတော်တော်လေးအတ္တကြီးတာပဲ။ မင်းလုံခြုံမှုအတွက် ချစ်ဝန်းရှံကို အသုံးချလာခဲ့တာလေ။ ကိုမင်းသိဒ္ဓိကိုမှ ချစ်တယ်တဲ့လား။ ယုန်ဖြူ့အသံကိုကြားရတော့လည်း ရှံ အရှုံးပေးလိုက်ဖို့ပဲ ဆုံးဖြတ်သည်။ ကိုမင်းသိဒ္ဓိကိုလုယူဖို့ဆိုတာ မဖြစ်နိုင်ပေ။ ယုန်ဖြူ ပျော်ရွှင်ပါစေ။ အစ်ကိုမင်းသိဒ္ဓိကုမ္ပဏီကပင် ရှံ အလုပ်ထွက်လိုက်ပြီဖြစ်သည်။

“အဖေရော အစ်ကိုတွေရော အားလုံးအလုပ်ဝင်နေပြီ၊ ရှံ ဘာမှအားငယ်စရာမလိုဘူး ... သူဌေးနဲ့လည်း ဂုဏ်သိက္ခာအပွန်းခံပြီး မပတ်သက်နဲ့တော့၊ ကျေးဇူးရှိတာက ကျေးဇူးရှိတာပဲလေ”

အဖေက အစ်ကိုသိဒ္ဓိနှင့်ယုန်ဖြူတို့ စေ့စပ်ကြောင်းလမ်းခဲ့တာကို သတင်းစာမှာဖတ်ရပြီး ရှံ့ကို မာနနှင့်နေထိုင်ဖို့ ဆုံးမသည်။

“အဖေ တာဝန်ယူတယ် သမီးရှံ ... အဖေက ပညာတတ်တစ်ယောက်ပါ၊ အဖေ ကြိုးစားမယ်၊ အစ်ကိုတွေကလည်း တာဝန်ယူရမယ်၊ သမီးရှံ ဝါသနာပါတဲ့ ဒီဇိုင်နာသင်တန်းကိုသာ ဂရုစိုက်



www.burmeseclassic.com

www.burmeseclassic.com



သင်ပါ"

အဖေနှင့်အစ်ကိုတွေရှာတဲ့ ဝင်ငွေနှင့် ရှဲသင်တန်းတက်နိုင်သည်။ ကိုမင်းသိဒ္ဓိဝယ်ပေးထားတဲ့ မော်တာစက်လေးကိုပင် ပြန်ပေးနိုင်းတာ ရှဲ အလွမ်းပြေ သိမ်းထားခဲ့သည်။ အဖေက အိမ်ရောင်းပြီး ပြောင်းရန်ပင် စီစဉ်နေသည်။

"အဖေတို့ အိမ်ပြောင်းနိုင်ရင် ပြီးပြီ သမီးရှဲ ... မိန်းကလေးတစ်ယောက်လိုပဲ နေထိုင်ရတော့မယ်၊ အဖေ စောင့်ရှောက်ပေးမယ်ကွယ်"

ယုန်ဖြူ့ဆီက ဖုန်းကို ချပစ်လိုက်ပြီး ရှဲ့ခန္ဓာကိုယ်လေး နုံးခွေ ပျော့ကျသွားသည်။ ရှဲကိုယ်တိုင်ပင် အစ်ကိုသိဒ္ဓိအား ချစ်မိနေ၏။ ရှဲ မစွန့်လွှတ်နိုင်ဘူး။ ရှဲ့ကြောင့် အစ်ကိုဂုဏ်သိက္ခာ မဲ့သွားနိုင်လို့ပါ ယုန်ဖြူ။

"ရှဲရေ ... သင့်တန်းသွားရမယ်လေ၊ ကိုကြီးလိုက်ပို့ပေးရမလား"

"မပို့ပါနဲ့ ကိုကြီး ... ရှဲ မကြောက်ပါဘူး၊ စိတ်ဓာတ်ကတော့ မာကြောပြီးသားနော်"

"ရှဲလေး ... ကိုကြီးညီမ လမ်းမှန်ပေါ် လျှောက်မိသွားလို့ စိတ်ချမ်းသာရတယ်ကွာ"

ကိုကြီးရှေ့ကနေ ဘာမှမခံစားရသလိုလို ယခင်ကအတိုင်းပဲ





ယောကျ်ားလေးတစ်ယောက်ပုံစံဖြင့် ပြေးထွက်လာခဲ့သည်။ အစ်ကို သိဒ္ဓိနှင့်ရှဲ ရိုးသားစွာပတ်သက်ခဲ့ကြတာဟု မိဘတွေကို သိစေ၏။ ရှဲ ဟန်ဆောင်နေရတာ စိတ်ပင်ပန်းနေပါပြီ။ ရှဲ နုံးချိအားအင်မဲ့နေတဲ့ခြေလှမ်းတွေနှင့် ခန္ဓာကိုယ်လေးအား အနိုင်နိုင်သယ်ဆောင်၍ ဘတ်စ်ကားဂိတ်ဆီ လျှောက်လာခဲ့သည်။

"ရှဲ ဘယ်လဲကွ"

"သင်တန်း"

"မင်းတို့မိသားစုအားလုံး ပြောင်းလဲသွားတယ်နော်၊ ဝမ်းသာတယ်ရှဲရာ"

ရှဲနှင့်လက်ဖက်ရည် ထိုင်နေကျကောင်တွေကတော့ ရှဲ့ကို ယောကျ်ားလေးတစ်ယောက်လိုပဲ ပြောဆိုနှုတ်ဆက်ကြ၏။ ရှဲ ယောကျ်ားလေးတွေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခဲ့တာတွေကို ပြန်စဉ်းစားမိတိုင်း ရှက်နေသည်။

"ရှဲ လက်ဖက်ရည်ဆိုင် ထိုင်ရအောင်ကွာ"

"သင်တန်းနောက်ကျနေလို့ကွာ၊ နောက်မှပဲ ထိုင်မယ်"

ရှဲ ဘတ်စ်ကားဂိတ်ကို အမြန်ဆုံးရောက်ရန် လျှောက်လာခဲ့သည်။ သူငယ်ချင်းယောကျ်ားလေးတွေရှေ့မှာ ရှဲရှက်တတ်လာ၏။ ဘတ်စ်ကားဂိတ်ရောက်မှ စိတ်သက်သာသွားသည်။

"ရှဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သင်တန်းသွားမလို့လား၊ အစ်ကို ကားပေါ်တက်လေ"

"ဒီမှာ ကိုမင်းသိဒ္ဓိ ... ကျေးဇူးပြုပြီး ကျွန်တော့်ကို မနှောက်ယှက်ဖို့ တောင်းပန်ပါတယ်၊ ခင်ဗျားအဆင့်နဲ့ ခင်ဗျားနေပါ။ ကျွန်တော် ရဲစခန်းဖုန်းဆက်လိုက်မှာနော် ... ကျွန်တော့်ကို ဘာထင်နေလဲ"

အစ်ကိုသိဒ္ဓိကို မျက်နှာချင်းမဆိုင်ဘဲ ရဲ မာမာထန်ထန် ပြောမိသည်။ ရဲ အနားကိုမလာပါနဲ့ အစ်ကိုရာ ... ရဲ့နှလုံးသားတွေ ပျော့ညံ့နေလို့ပါ။ ချစ်ဝန်းရံအနားကို ကပ်မလာပါနဲ့။

"အစ်ကို ... ဒက်ဒီရဲ့အမွေပြတ် စွန့်လွှတ်တာကို ခံမယ်ရုံ အစ်ကို မချစ်တဲ့မိန်းကလေးတစ်ယောက်ကိုတော့ လက်မထပ်ဘူး"

"အဲဒါ ခင်ဗျားကိစ္စပဲ ... ရဲနဲ့ဘာမှမဆိုင်ဘူး၊ စိတ်လည်း မဝင်စားဘူး။ ယုန်ဖြူနဲ့လက်ထပ်တဲ့ယောကျ်ားကို ကျွန်တော်အမုန်းဆုံးပဲ ... လူသတ်ဖို့ စိတ်ကူးမရှိခင် ထွက်သွားပေးပါ"

ရဲအသံတွေ တုန်ယင်လှုပ်ခါနေသည်။ မင်း ငိုတော့မယ်မဟုတ်လား ချစ်ဝန်းရံ။

မင်းကိုယ်မင်း ယောကျ်ားလေးတစ်ယောက်လိုဟန်ဆောင်မနေစမ်းပါနဲ့။

"ယုန်ဖြူ့ကို ကိုယ်လက်မထပ်ဘူးဆိုတာ လာပြောပြတာ





ပါ။ အစ်ကိုဆုံးဖြတ်ထားတယ် ... ရဲ့ကိုပဲ အစ်ကို့အတွက် အလိုအပ်ဆုံးမို့ ကျန်တဲ့ပိုင်ဆိုင်မှုတွေအားလုံး အစ်ကိုစွန့်လွှတ်မယ်"

"မသိဘူးဗျာ ... ကျွန်တော် သင်တန်းသွားရမယ်၊ အချိန်မပေးနိုင်ဘူး၊ ကိုမင်းသိဒ္ဓိက ကျွန်တော့်မိတ်ဆွေ၊ ကျွန်တော့်ကို ကူညီစောင့်ရှောက်ထားခဲ့ဖူးလို့ ကျွန်တော့်ဒေါသတွေကို ထိန်းချုပ်လိုက်တာပဲ ... သွားပြီ"

ရဲက ဘတ်စ်ကားပေါ် ပြေးတက်သွား၍ သိဒ္ဓိကျန်ရစ်ခဲ့သည်။ ရဲ့ကို နားလည်ပါတယ်။ ယုန်ဖြူဆီကနေ ယောကျ်ားတစ်ယောက်ကို လုယူဖို့ ဘယ်တော့မှ လုပ်မှာမဟုတ်။ သိဒ္ဓိတစ်ယောက်ထဲ ရဲ့ကို မစွန့်လွှတ်ဖို့ ဆုံးဖြတ်ထားသည်။

"အစ်ကို မနက်ဖြန်ကစပြီး ချစ်ဝန်းရံကို ရယူဖို့ ကြိုးစားရလိမ့်မယ် ... မင်းကို ဘယ်တော့မှ မစွန့်လွှတ်ဘူး"

ယုန်ဖြူဖြူက သူ့ကိုတောင်းပန်ခဲ့ပေမယ့် သူကတော့ လက်မခံနိုင်။ ချစ်ဝန်းရံနှင့် ဝေးရမယ့်အဖြစ်တွေ မလုပ်နိုင်ဘူး။ သူ မောင်းလာတဲ့ကားကို ဒက်ဒီ ခြံဝမှာ ရပ်ထားခဲ့ပြီး သူပိုင်ဆိုင်သမျှအားလုံး စွန့်လွှတ်လိုက်ဖို့ပဲ ဆုံးဖြတ်သည်။

"သားကို ခွင့်လွှတ်ပေးပါဒက်ဒီ ... ဘယ်လိုအကြောင်းမျိုးနဲ့မှ ယုန်ဖြူဖြူကိုတော့ လက်မထပ်နိုင်ပါဘူး၊ ချစ်ဝန်းရံကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိ လှည့်ထွက်လာခဲ့သည်။ သူမှာ အသိုင်းအဝိုင်းရှိနေ၍ သူလုပ်ချင်တဲ့ဆန္ဒအတွက် အများအမှန်ကို စဉ်းစားမနေတော့ဘဲ အကူအညီတောင်းလိုက်သည်။ နောက်နေ့တွင် ယုန်ဖြူဖြူဘက်က နေ ကိုမင်းသိဒ္ဓိအား စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ ဇာစပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းကြောင်းပါလာ၏။ ဒက်ဒီ ထည့်လိုက်တာပဲ ဖြစ်သည်။

❀

အခန်း ( ၂၄ )

သိဒ္ဓိ ချိန်းလိုက်တဲ့အချိန်တွင် ချစ်ဝန်းရံ ရောက်လာသဖြင့် ပျော်ရွှင်သွားရသည်။ သူ့အတွက် စိုးရိမ်ပူပန်မှုတွေ ပြည့်နေတဲ့ မျက်ဝန်းလေးတွေ။

"ချစ်ဝန်းရံ ... မင်းရောက်လာသားပဲ၊ ကိုယ့်အခုချိန်မှာ အထီးကျန်ဖြစ်နေတာလေ၊ ကိုယ့်ဆီမှာ ပိုင်ဆိုင်မှုဆိုတာလည်း ဘာမှမရှိတော့ဘူး၊ မိတ်ဆွေအစစ်ဆိုတာလဲ တစ်ယောက်မှမရှိတော့ဘူးထင်ထားတာပါ ... မင်းရောက်လာတော့ ကျေးဇူးတင်ပါတယ်ရံ"

"ခင်ဗျား ... ဘာတွေလျှောက်လုပ်နေတာလဲ ကိုသိဒ္ဓိ ... အဓိပ္ပာယ် မရှိဘူးဗျာ၊ မလုပ်သင့်ဘူးလို့ထင်တယ်"

"မသိဘူးကွာ ... ကိုယ့်နှလုံးသားက ဒီအတိုင်းပဲ ဆုံးဖြတ်တယ် ချစ်ဝန်းရံ ... ကိုယ်မချစ်နိုင်တဲ့မိန်းမတစ်ယောက်နဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘယ်လိုစည်းစိမ်ဥစ္စာတွေပဲရှိနေပါစေ ကိုယ်မနေနိုင်ဘူး"

"ဒုက္ခပါပဲဗျာ"

ချစ်ဝန်းရံက ယောကျ်ားလေးတစ်ယောက်လို ဟန်ပန်လေသံတွေအပြည့်နှင့် သူ့ကိုစိတ်မဝင်စားသလို ပြောနေသည်။ အခုချိန်မှာ မင်းရောက်လာတာကို အလွန်အမင်း ကျေးဇူးတင်နေတယ် ရံ။

"ကျေးဇူးပြုပြီး ကိုယ့်အဖော်အဖြစ် ကိုယ့်အနားမှာနေပေးစမ်းပါ ချစ်ဝန်းရံ"

"ဒါကတော့ ဖြစ်ပါတယ်၊ ကျွန်တော်က ယောကျ်ားလေးနော် ... ခင်ဗျားထင်သလို ဖြစ်လာမှာ မဟုတ်ဘူးနော်"

ချစ်ဝန်းရံရဲ့ မျက်ဝန်းလေးကို သူစိုက်ကြည့်လိုက်တော့ အကြည့်ကို လွှဲပစ်သည်။ မင်းမိန်းကလေးတစ်ယောက်ပါ ချစ်ဝန်းရံရယ်။ ကိုယ်သိတာပေါ့ ... မင်းမျက်ဝန်းတွေထဲမှာ အချစ်တွေရှိနေတယ်။

"ကားပေါ်တက်ပါ ရံ ... "

"ဗျာ ... ဘယ်သွားမလို့လဲ၊ ကျွန်တော့်အဖေက အမြန်ပြန်လာလို့ ပြောလိုက်တယ်ဗျ"

"တက်ပါကွာ ... ကိုယ်နဲ့ကသွားလာနေကျပဲဟာ ... တက်လေ ခဏပဲ"





"ခင်ဗျားကလည်းဗျာ ... ကိုယ့်နေရာမှာကိုယ်နေတာမဟုတ်ဘူး၊ ဂုဏ်သိက္ခာမဲ့တဲ့အလုပ်တွေကို ဘာဖြစ်လို့လုပ်ရတာလဲ"

"မင်းကို ချစ်မိသွားလို့"

"ဘာပြောတယ်ဗျ"

ရံ ရင်တွေတုန်လာသည်။ ကိုသိဒ္ဓိကိုလည်း သနားလာသည်။ အစ်ကို့ကိုချစ်တယ်ဟု ပြောပြီး အစ်ကို့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်ထားချင်နေ၏။ မဖြစ်သေးပါဘူး ... အစ်ကိုသိဒ္ဓိဘဝ နစ်မွန်းသွားမယ်။ ရံ ယောကျ်ားလေးအသွင်ပဲ အပီအပြင် ဟန်ဆောင်ထားလိုက်သည်။

"အစ်ကိုသိဒ္ဓိ ... ကားကို အရှိန်လျှော့စမ်းပါဗျ၊ ဒုက္ခပါပဲဗျာ၊ အခု ဘယ်ကိုသွားနေတာလဲ"

ကိုသိဒ္ဓိ ကားမောင်းတာ မြန်လွန်းနေ၍ ရံ ကြောက်လာသည်။ ကိုယ့်ကိုယ်ကို သတ်သေဖို့များ ကြံစည်နေတာလား။ ရံ သေရတာအကြောင်းမဟုတ်ပါဘူး။ အစ်ကို့အတွက်ပဲ စိတ်ပူမိသည်။

"ဟေ့လူ ... ကိုသိဒ္ဓိ ... ခင်ဗျား ဘာတွေဖြစ်နေတာလဲ၊ ကားအရှိန်ကို လျှော့စမ်းပါ ... သေချင်လို့လားဗျ"

သူ့မျက်နှာက တည်တည်ပဲ။ ချစ်ဝန်းရံကို လှည့်မကြည့်တော့။ ကားလေးက အရှိန်ပြင်းစွာ ဆက်မောင်းရင်း ခြံကြီးတစ်ခြံထဲ ဝင်လာသည်။

"ဆင်းတော့ ရံ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်နေရာလဲဗျ"

"ကိုယ့်သူငယ်ချင်းခြံပါ"

ရုံ ကားပေါ်ကနေ ဆင်းလာတော့ ရုံလက်လေးကိုဆွဲပြီး တိုက်ကြီးထဲဝင်လာခဲ့သည်။ လူရှိမနေတဲ့ တိုက်ကြီးတစ်လုံးပါ။ သူ့ သူငယ်ချင်းက အကူအညီပေးလိုက်တာ။ ကားရော ခြံရော ပိုက်ဆံ ရော။ မင်းတို့စုံတွဲ ကြိုက်သလောက်နေကြတဲ့။

"ကိုသိဒ္ဓိ ... ဘာလုပ်တာလဲ၊ လူလည်း မရှိပါလားဗျ"

"ချစ်ဝန်းရံ"

"ဗျာ"

"မင်းကို နိုးပြေးလာတာ"

"ဘာဗျ"

"ကိုယ်စည်းစိမ်ဥစ္စာတွေ စွန့်လွှတ်ခဲ့ပြီလေ၊ ကိုယ်ချစ်မြတ် နိုးတဲ့ မိန်းကလေးကိုတော့ ပိုင်ဆိုင်ထားသင့်တယ် မဟုတ်လား"

"မဟုတ်တာဘဲ ... အဲဒီလို မလုပ်ပါနဲ့ကိုသိဒ္ဓိ ... ကျွန်တော့် ကိုပြန်ပို့ပေးပါ၊ အဖေက ရုံစခန်းတွေ ဘာတွေတိုင်ရင် ခင်ဗျား ထောင်ကျမှာနော်၊ ကျွန်တော်က အသက်နှစ်ဆယ် မပြည့်သေးဘူး မိဘအုပ်ထိန်းသူလက်က မလွတ်သေးဘူးနော်"

အဖေနှင့်အစ်ကိုတွေက မလွယ်ဘူးဆိုတာ ရုံသိနေသည်။ ရုံစခန်းတွေ ဘာတွေတိုင်ရင် အစ်ကိုထောင်ကျသွားနိုင်၏။ အစ်ကို ကို ဘယ်လိုဖြောင်းဖျရမလဲဆိုတာပဲ ရုံစဉ်းစားနေမိ၏။ အစ်ကိုသိဒ္ဓိ





ကတော့ ရုံပြောနေတာတွေကို လက်မခံဘဲ တံခါးတွေကို ပိတ်ပြစ် သည်။

"ကိုသိဒ္ဓိ ... ခင်ဗျားဘာတွေလုပ်နေတာလဲ၊ ကျွန်တော်တို့ က ငွေကြေးမချမ်းသာပေမယ့် မာနတော့ရှိတယ်၊ ခင်ဗျားလုပ်ချင် တိုင်းလုပ်လို့ရမယ် ထင်နေလား"

မျက်ဝန်း ဝိုင်းဝိုင်းစက်စက်လေးများဖြင့် ရုံက ကြောက်လန့် တကြား ကြည့်သည်။ ရှက်သွေးဖြာနေတဲ့ ပန်းနုရောင်မျက်နှာပြင် လေးပေါ်မှ ဖွဲ့မက်စရာကောင်းတဲ့ နှုတ်ခမ်းဖူးဖူးလေး တဆတ် ဆတ် တုန်ရင်နေ၏။ သူ ရယ်ပစ်သည်။

"ချစ်ဝန်းရံ ... ကိုယ်လေ မင်းကို ဘယ်လိုအကြောင်းပြချက် နဲ့မှ အဆုံးရှုံးမခံနိုင်ဘူးကွ သိလား ... မင်းကို အရယူမှာပဲ"

"ခင်ဗျား ဆင်ခြင်တုံတရား ရှိစမ်းပါ ကိုသိဒ္ဓိ ... ဒီလိုလုပ်တာ ခင်ဗျားဘဝမှာ အမဲစက်တစ်ခု စွန်းထင်းသွားနိုင်တယ်နော်၊ ခင်ဗျား ထောင်ကျမှာ သေချာတယ်"

"ကိုယ့်အတွက်ကတော့ ကျစရာထောင် နှစ်ခုပဲရှိတယ် ချစ် ဝန်းရုံ ... ထောင်တစ်ခုက မင်းတို့မိဘတွေက မကျေနပ်လို့ ရဲစခန်း ကိုတိုင်ရင် ကိုယ်အဖမ်းခံရမယ်၊ ထောင်ကျမယ်ကွာ ... ဘာဖြစ်လဲ ကိုယ်ပျော်ပျော်ကြီးခံမယ်၊ ထောင်နောက်ထပ်တစ်ခုက မင်းနဲ့အိမ် ထောင်ကျမယ် ... ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘဝ တစ်သက်လုံး အတူတူနေရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရှူးနေလား ကိုသိဒ္ဓိ ... အဖေက ရဲစခန်းကိုတိုင်မှာနော်၊ ခင်ဗျား ထောင်ကျမှာတော့ အသေအချာပဲ ... အိမ်ထောင်ကျဖို့တော့ စိတ်ကူးယဉ်မနေနဲ့၊ ကျွန်တော်က ခင်ဗျားကိုမချစ်ဘူး။ ခင်ဗျားနဲ့ အိမ်ထောင်ကျဖို့ လုံးဝမဖြစ်နိုင်ဘူး"

မင်းလိမ်ညာဟန်ဆောင်နေတာပါ ချစ်ဝန်းရဲ၊ အမှန်တကယ်က မင်းကိုယ့်ကိုချစ်နေပါတယ်။ မင်းမျက်ဝန်းတွေထဲမှာ အချစ်တွေရှိနေတယ်။

"မင်းအဖေ တိုင်ချင်ရာတိုင်ကွာ၊ ကိုယ်ထောင်ထဲမှာပဲ သွားနေမယ်၊ ကိုယ့်မှာ နေစရာအိမ်တောင် မရှိတော့ဘူး"

အဖေက ချစ်ဝန်းရဲပျောက်လို့ ရဲစခန်းကိုတိုင်မှာတော့ သေချာသည်။ ရဲ့စိတ်တွေ သူ့အတွက် ပူလောင်သောကတွေ ခံစားလာရ၏။ ရဲ ဘာဆက်လုပ်ရမလဲ။ အဖေ့ဆီ ဖုန်းဆက်ပြီး ရဲနဲ့အစ်ကို့ချစ်ခြင်းကို မခွဲပါနဲ့တော့လို့ ပြောရမလား။

"ရတ်တရက်ကြီးတော့ မင်းအဖေ ကိုယ်တို့ကိုရှာမတွေ့နိုင်ပါဘူး၊ ကိုယ်ချစ်ရတဲ့ မိန်းကလေးနဲ့ တစ်ညပဲအတူတူနေရ နေရကွာ မနက်ဖြန် မိုးလင်းတာနဲ့ မင်းကို ဖုန်းပေးမယ်၊ ကိုယ်ရှိနေတဲ့နေရာကို မင်းလှမ်းအကြောင်းကြားလိုက်ပါ"

ချစ်ဝန်းရဲ အထိတ်တလန့်နှင့် ပြေးပေါက်ပိတ်နေပြီး သူကတော့ သဘောကျစွာ ရယ်မောရင်း ချစ်ဝန်းရဲ ခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ထားသည်။





"ကိုသိဒ္ဓိ ... ခင်ဗျား ဘာလုပ်မလို့လဲ၊ ကျွန်တော် လုံးဝမကြိုက်ဘူးနော်၊ ခင်ဗျား အပြုအမူတွေက ရာဇဝတ်မှုနဲ့လည်းမကင်းဘူး၊ အောက်တန်းလည်းကျတယ်ဗျ"

ရဲ့အသံတွေက ထိန်းချုပ်ထားသည့်ကြားမှပင် တုန်ယင်နေသည်။ ရဲ ရှက်လို့သေတော့မယ်။ အစ်ကိုသိဒ္ဓိ လွန်တယ်ဗျာ။ ရဲ့အချစ်တွေကို အကြမ်းနည်းနဲ့ အရယူဖို့ ဘာဖြစ်လို့ကြံစည်ရတာလဲ။ အဖေ့ဆီ ဖုန်းဆက်တောင်းပန်ချင်သည်။

"ရဲက ချစ်လို့ အစ်ကို့ကိုခိုးပြေးခဲ့တာပါအဖေ၊ ရဲတို့ချစ်ခြင်းကို မခွဲပါနဲ့ ... အစ်ကို့ကိုလည်း ရဲ လုံးဝ မခွဲနိုင်တော့လို့ပါ"

အဖေ့ဆီ ဖုန်းဆက်ဖို့က ရဲဆီမှာ ဖုန်းမရှိပေ။ အိမ်မှာကျန်ခဲ့သည်။ ရဲ့ကို မိန်းကလေးအဖြစ် အသိအမှတ်ပြုထားပြီးထဲက ကိုယ်ကျင့်တရားကို ထိန်းသိမ်းဖို့ ယောကျ်ားလေးတစ်ယောက်ဆီကနေ ချူစား မြူစားတာတွေမလုပ်ဖို့ ပတ်ဝန်းကျင်က ကွဲ့ရဲ့ရှုပ်ချအတင်းပြောစရာမဖြစ်အောင် နေထိုင်ပါလို့ အဖေ ဆုံးမနေတတ်သည်။

"ရဲ"

"ဟို ... ဟို"

"ချစ်တယ်"

"ဟင်"

"အစ်ကို အရမ်းချစ်မြတ်နိုးမိလို့ပါ ရဲရယ် ... အစ်ကို့အချစ်တွေကို လက်ခံပေးပါ၊ မင်းကို ပိုင်ဆိုင်ခွင့်ရမှဖြစ်မယ်လေ ... အချစ်

www.burmeseclassic.com



အတွက် အစ်ကို့မှာ ဆင်ခြင်တုံတရားတွေ ပျောက်ကွယ်သွားရပြီ ထင်တယ် ရုံရယ် ...”

“အို”

အစ်ကို့အနမ်းတွေ ရုံ ထိတ်လန့်တကြား ငြင်းဆန်ရုန်းဖယ်ဖြစ်ဖို့ ကြိုးစားပေမယ့် ရုံ့နှလုံးသားကလည်း အစ်ကိုသိဒ္ဓိနှင့် ထပ်တူထပ်မျှ အချစ်တွေ တိုးဝင်နေရာယူထား၍လားမသိတော့။ အစ်ကိုသိဒ္ဓိ ပြုသမျှ ငြိမ်သက်စွာ ခံယူမိသွားရသည်။

“အစ်ကို့အပြစ်ဒဏ်အတွက် ထောင်ဘယ်နှစ်နှစ်ပဲကျကျ ပျော်ပျော်ကြီးခံယူမယ်ကွာ ရုံရယ် ... အပြစ်ဒဏ်က လွတ်လာရင်တော့ ရုံနဲ့တစ်သက်လုံး အတူတူနေထိုင်ခွင့် ရနိုင်တယ်လေ၊ အိမ်ထောင်ထပ်ကျချင်တယ်”

“ဟာဗျာ ... အစ်ကိုသိဒ္ဓိ ဘာတွေပြောနေတာလဲ၊ ရုံ ရှက်တယ်”

“အစ်ကို့ကိုချစ်တယ် မဟုတ်လား ရုံ ... ပြောစမ်းပါ၊ ကိုယ်က ရုံ့ထက် ဘယ်အရာကိုမှ တန်ဖိုးမထားဘူး”

“အစ်ကိုရယ်”

ရုံ ညည်းညည်းညူညူလေးပြောပြီး အစ်ကို့ရင်ခွင်ထဲ မှီတွယ်နားခိုလိုက်မိသွားလေသည်။ ရုံလည်း ဟန်ဆောင်ပြီး အစ်ကို့နဲ့ဝေးရာကို ထွက်ခွာမသွားနိုင်တော့ပါဘူး။

“အစ်ကို”





“ဟင် ... ပြောလေ ရုံ”

“ရုံအဖေဆီကို ဖုန်းဆက်လိုက်မယ်၊ ရဲစခန်းတွေ ဘာတွေ မတိုင်ဖို့လေ ... ရုံ တောင်းပန်လိုက်ရင် အဖေ လက်ခံမှာပါ၊ အစ်ကို ထောင်ကျလို့မဖြစ်ဘူး။ ရုံကြောင့် အစ်ကိုဘာတစ်ခုမှ အစွန်းအထေး မဖြစ်စေရဘူး ... ရုံလည်း အစ်ကို့ကို ချစ်မိနေပါပြီ”

“ရုံလေးရယ်”

သိဒ္ဓိကတော့ ရုံ့အဖေဆီ ဖုန်းဆက်တောင်းပန်ဖို့ဆိုတာ လောလောဆယ်တော့ ခွင့်မပြုနိုင်ပေ။ ရုံခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲသို့ တင်းတင်းလေးဖက်ထားရင်း ချစ်သူနှင့်တစ်ညတာလေး ဖြတ်သန်းနေလိုသေးသည်။

“မနက်ဖြန်မှ ဆက်ပါရုံ ... ဒီတစ်ညတော့ အစ်ကို့နဲ့ရုံ အတူတူအချိန်တွေကို ဖြတ်သန်းကြရအောင်ပါ”

“ဟို ... ဟိုလေ ... ရုံပြန်မလာတာနဲ့ အဖေက ရဲစခန်းတိုင်မှာပဲ ... အစ်ကို အဖမ်းခံရလိမ့်မယ်”

ရုံ့ကို စကားပြောခွင့်မပေးတော့ နှုတ်ခမ်းလေးတွေကို ပိတ်ပစ်လိုက်သည်။ သေချာတာက သိဒ္ဓိ နောက်နေ့ အဖမ်းခံသွားရနိုင်၏။ အခုလောက်ဆိုရင်တောင် ရဲစခန်းမှာ ရုံအဖေက တိုင်ချက်ဖွင့်နေလောက်ပြီ။

“ရုံ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ရုံ့ကို အစ်ကိုဘာမှအလွန်အကျူး စော်ကားတာမျိုးတွေ မလုပ်ပါဘူး ... ရုံ့ကို တန်ဖိုးထားမှာပါ၊ အစ်ကို အဲဒီလောက်အထိ အောက်တန်းမကျပါဘူး ... ဒီအခန်းထဲမှာ ရုံတစ်ယောက်ထဲ အိပ်တော့ အစ်ကိုဧည့်ခန်းမှာပဲ အိပ်မယ်"

"အစ်ကို"

"အစ်ကို့မှာ ကျစရာထောင် နှစ်ထောင်ပဲရှိပါတယ်ကွာ၊ မှု မနေပါနဲ့ရုံရယ်"

"အစ်ကိုရယ်"

ရုံ့ကို အစ်ကိုက တကိုယ်ပဲ တစ်ယောက်ထဲ အိပ်စေသည်။ ရုံ့ကို ပူပန်မနေဖို့ဘဲ အစ်ကိုက အနမ်းလေးဖွဖွပေးရင်း အားပေးနှစ်သိမ့်ထားခဲ့၏။ အစ်ကိုသိဒ္ဓိ ထောင်ကျမယ့်အရေးကို ရုံကမပူဘဲ နေနိုင်မလား။ တစ်ညလုံး အိပ်မရ၊ အစ်ကိုနှင့်အတူတူနေနိုင်ခွင့်လေး ရပါစေဟု ရုံ ဆုတောင်းနေမိသည်။ ရုံ ညဥ့်နက်မှ အိပ်ပျော်သွားပြီး နေမြင့်မှ အစ်ကိုလာနှိုး၍ နိုးသွားရ၏။ အစ်ကို့ကိုတွေ့တော့မှ ရုံ အထိတ်တလန့် ဖက်တွယ်ထားမိသည်။

"ရုံ"

"အစ်ကို"

"ရေချိုး ... ဖုန်း ..."

"အစ်ကိုရယ် ... ရုံမဆက်ပါဘူး၊ အစ်ကို့ကို ထောင်ကျအောင် ဘယ်လိုလုပ်ပြီး ရုံလုပ်ရက်မှာလဲ ... အဖေတို့ဆီပဲ





ရုံဆက်မယ်၊ ရုံ တို့ချစ်ခြင်းကို မခွဲပါနဲ့လို့ပေါ့"

ရုံက အဖေ့ဆီကိုဖုန်းဆက်တော့ သမီးရုံတို့ ဘယ်မှာရှိလဲတဲ့။

"အဖေတို့ သက်ဆိုင်ရာတွေနဲ့ လိုက်ခဲ့မယ်၊ ဘယ်မှပြေးလို့မရဘူး သမီးရုံ ... ဒီကောင်က သမီးကို အတင်းအကြပ်ခိုးပြေးတာ မဟုတ်လား၊ သူခွေးသားဆိုပြီး ဒီလိုလုပ်ချင်တိုင်း လုပ်လို့ဘယ်ရမလဲ"

"မဟုတ်ဘူး ဖေဖေ ... အစ်ကိုက ရုံ့ကို အတင်းအကြပ်ခိုးပြေးတာ မဟုတ်ပါဘူး၊ ရုံက ချစ်လို့ အစ်ကိုနောက်လိုက်လာခဲ့တာပါ၊ ရုံတို့ချစ်ခြင်းကို မခွဲပါနဲ့တော့ တောင်းပန်ပါတယ် ဖေဖေရယ် နော် ..."

"ဘာပြောတယ် သမီး"

"အစ်ကို့ကို သမီးက အတင်းအကြပ် ခိုးခိုင်းခဲ့တာပါ"

မင်းသမီးက ခိုးခိုင်းတာတဲ့ မသစ္စာဆိုတော့ အမေက ဒါဆိုလည်း ရှင် ပြဿနာမရှာတော့ဘဲ ထားလိုက်တော့တဲ့။ ဖုန်းထဲက နေ ရုံ ကြားရသည်။

"ကောင်းပြီလေ ... သူက သူခွေးသားမဟုတ်တော့ရင် အဖေ သဘောတူတယ်၊ သမီးတို့ ပြန်လာခဲ့ကြပါ"

"ဟုတ်ကဲ့"

ရုံ ဖုန်းပိတ်လိုက်တော့ အစ်ကိုက ရုံခန္ဓာကိုယ်လေးကို သိုင်းဖက်သည်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



“အဖေက လက်ခံတယ်တဲ့၊ ရုံတို့ပြန်လာခဲ့ကြတဲ့ ... အစ်ကို ထောင်မကျတော့ဘူးပေါ့”

“အမလေးရုံရာ ... အစ်ကိုက ရုံနဲ့တစ်နာရီ တစ်စက္ကန့်တောင် ခွဲနိုင်တာမှ မဟုတ်တာ၊ ဒါဆိုရင် အစ်ကိုအိမ်ထောင်ပဲကျတော့မှာပေါ့”

“အင်း”

သိဒ္ဓိကတော့ သူ့အကြံအစည် အောင်မြင်သွား၍ ချစ်ရတဲ့ ချစ်ဝန်းရုံအား ရင်ခွင်ထဲ ပွေ့ဖက်ထားကာ အနမ်းမိုးလေး ရွာပစ်သည်။

သူငယ်ချင်းအိမ်ကနေ ပြန်လာကြပြီး တရားရုံးမှာ တရားဝင် လက်မှတ်ရေးထိုးကြတော့ ရုံ့မိဘတွေက သက်သေဖြစ်သည်။

“မင်းမှာ စည်းစိမ်ချမ်းသာတွေ ရှိစရာမလိုပါဘူး မောင်သိဒ္ဓိ အဓိက သမီးလေးရုံ့ကိုပဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်းပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဦးရဲ့တာဝန်မဲ့မှုကြောင့် ယောကျ်ားလေးတစ်ယောက်လို တစ်သက်လုံးနေထိုင်လာရတော့ မိန်းကလေး မပီသတဲ့အကြောင်းတွေ ရှိလာနိုင်တယ်လေ ... ဒါကြောင့် ... ဦးက စိတ်ပူပင်ရတာပါ”

“ရုံ့အတွက်တော့ စိတ်ချပါ အဖေ ... ကျွန်တော် ပျော်ရွှင်အောင်ထားမှာပါ၊ ရုံက ကျွန်တော်ကိုယ်တိုင် ချစ်မြတ်နိုးပြီး ရွေးချယ်ခဲ့တာပဲလေ”





ရုံတို့ အိမ်လေးကလည်း ရောင်းဖို့ဈေးတည့်သွားသည်။ တိုက်ခန်းလေးတစ်ခန်းငှားနေကြဖို့ အဖေက စီစဉ်နေ၏။ စီးပွားရေးတွေ ကြိုးစားလုပ်ကြပြီး ကိုယ်ပိုင်ဝယ်နိုင်အောင် လုပ်ကြမယ်တဲ့။ ဘာမှ အားငယ်စရာမလိုဘူးတဲ့။ ရုံလည်း ကိုယ်တိုင်အပ်ချုပ်ဆိုင်လေး စတင် ထူထောင်ဖို့ စီစဉ်သည်။

“ရုံ”

“ဟင် ... ယုန်ဖြူ ... မင်း ဘာလာလုပ်တာလဲ”

“ဘာလာလုပ်ရမှာလဲ ရုံ ... ယုန်ဖြူ့သူငယ်ချင်း မင်္ဂလာပွဲကိုလာပြီး ဂုဏ်ပြုတာလေ ... မင်္ဂလာလက်ဖွဲ့လာပေးတာပါ”

“ဟင်”

ယုန်ဖြူ့အပြုံးကိုမြင်ရတော့လည်း ရုံစိတ်က လုံခြုံသွားရသည်။

“အစ်ကိုက ... အစ်ကိုက ရုံ့ကိုလေ အတင်းအကြပ်ခိုးခဲ့တာပါ၊ မင်းဆီက လုယူလိုက်တာ မဟုတ်ဘူးနော်ယုန်ဖြူ ... မင်း ပြန်ယူချင်ပြန်ယူသွားပါ”

“ဟော့ကောင်ရုံ ... အစ်ကိုက တန်ဖိုးမရှိတဲ့ ဟင်းရွက်ကစွန်းရွက်လား၊ မင်းပေးချင်တိုင်း ပေးနေရအောင်”

အစ်ကိုက ဝင်ပြောသည်။ ယုန်ဖြူက ပြန်မယူတော့ပါဘူးဟာ ယုန်ဖြူပဲ အသည်းကွဲခံပါတော့မယ်တဲ့။ အစ်ကိုသိဒ္ဓိရဲ့အမေနှင့် အန်တီသက်နှင်းတို့လည်း ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလို လိမ္မာတဲ့ ထူးချွန်ထက်မြက်တဲ့သားတစ်ယောက်ကို ဒက်ဒီ ဘယ်လိုလုပ် သားအဖြစ်ကနေ စွန့်လွှတ်နိုင်ပါ့မလဲ၊ ယုန်ဖြူ မသိစေချင်လို့ပါ ... အခြေအနေတွေအားလုံးကို ဒက်ဒီ သိရပါပြီ၊ သားဆန္ဒအတိုင်းဖြစ်စေရပါ့မယ်ကွယ် ... သားရဲ့ကုမ္ပဏီကိုလည်း ပြန်ပေးပါတယ်၊ ယုန်ဖြူလည်း နိုင်ငံခြားမှာ ကျောင်းသွားတက်နိုင်အောင် ဒက်ဒီ စီစဉ်ပေးထားတယ်"

မမျှော်လင့်ဘဲ ပြဿနာတွေအားလုံးက အေးချမ်းသွားသည်။ မိဘချင်းတွေလည်း တရင်းတနှီးပြောဆိုဆက်ဆံနေကြ၏။ မင်္ဂလာပွဲအတွက်လည်း အခမ်းနားဆုံးဖြစ်ရန် လူကြီးတွေက စီစဉ်နေကြသည်။ မင်းသီဒ္ဓိနှင့်ချစ်ဝန်းရံတို့ နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ပီတိတွေဝေဆာစွာဖြင့် ကြည့်မိကြရင်း ပျော်ရွှင်ကြည်နူး၍ မဆုံးတော့။

ရွှင်မြတ်နိုး

BURMESE CLASSIC

www.burmeseclassic.com